www.burmeseclassic.com

# မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# သူ့ဇာတိလုံးဝမပြန်တဲ့ရကွာစိုး

အပါအဝင်

ဂန္တီရဝတ္ထုတိုများ

မောင်ညိုမှိုင်း(သန်လျင်)
ထောင်မှူးကြီးသိန်းဝင်း
ပီတာမြဦး
ကျော်မင်းနိုင်
စိုးဝေ
မင်းအောင်ကျော်
ဩမိသ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၇၃၀၁၁၂
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၇၉၀၃၁၂

စီစဉ်သူ – ကိုတင်ထွန်း

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – ၂၀၁၂၊ ဧပြီလ
အုပ်ရေ – ၅၀၀
မျက်နှာဖုံး – မြတ်မင်းဟန်
ကွန်ပျူတာစာစီ – *MawMaw*
အတွင်းဖလင် – *Quality*

**ပုံနှိပ်သူ**

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁၃)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

ဧ၉၁ . ၈၃

ကလောင်စုံ
မောင်ညိုမှိုင်း(သန်လျင်)စီစဉ်သော သူ့ဇာတိလုံးဝမပြန်တဲ့ရကွဲမိုး
အပါအဝင် ဂန္ထဝင်ဝတ္ထုတိုများ / ကလောင်စုံ– ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၂၉၃–စာ ၊ ၁၂စင်တီ× ၁၈စင်တီ။
(၁)မောင်ညိုမှိုင်း(သန်လျင်) စီစဉ်သော သူ့ဇာတိလုံးဝမပြန်တဲ့ရကွဲမိုး
အပါအဝင် ဂန္ထဝင်ဝတ္ထုတိုများ

BURMESE CLASSIC .com

# မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သူ့ဇာတိ လုံးဝမပြန်တဲ့ ရကွဲမိုး<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | မာယာရှင်နှင့် လွမ်းဝေဇီ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၅၅ |
| ၃။ | တမလွန်မှ ပေးစာများ<br>*ဗိတာမြဦး* | ၉၃ |
| ၄။ | ဧကဘိုးတော်<br>*ကျော်မင်းနိုင်* | ၁၄၅ |
| ၅။ | မိုင်းကုဏမိုးတာ<br>*မိုးဝေ* | ၁၆၉ |
| ၆။ | အိပ်မက်မာယာ ဝက်ပါ<br>*မင်းအောင်ကျော်* | ၂၀၁ |
| ၇။ | လိမ်ပြာလှသူ<br>*ဩဇိသ* | ၂၆၉ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ပဲခူးအပိုင် ကျွဲကြီးကုန်းမှာ (          )လရောက်လျှင် ရက္ခစိုးနတ်ကြီးပူဇော်ပွဲကို ခြိမ့်ခြိမ့်သဲသဲ လုပ်ကြသည်။ ၎င်းရက္ခစိုးနတ်ကြီးပူဇော်ပွဲသည် ရှေးယခင်နှစ်ပေါင်းများစွာကတည်းက နှစ်စဉ်ကျင်းပခဲ့သည်ဟုသိရ၏။

တောင်ပြုန်းမင်းညီနောင်ပွဲကို ကျင်းပသကဲ့သို့ ...

ပခန်းကိုကြီးကျော်ဇာတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသကဲ့သို့ ...

ပန်းပဲမောင်တင့်တယ်နတ်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပသကဲ့သို့ ...





ခရီးသွားနှစ်များသို့ ရောက်သောအခါ ကျွဲကြီးကုန်း ရက္ခစိုးနတ်ကြီးပွဲ တစ်နည်း (အသည်းတင်) ဘိုးဘိုးကြီးနတ်ပွဲဟု တင်စားခေါ်ဝေါ်သည့် ရက္ခစိုးနတ်ကြီးပွဲကို သို့နည်းတူနှယ် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြသည်။

ခုလည်းကြည့် ...

ခရီးသွားများ ဝလိနတ်စာကျွေးသူ၊ ဆက်သူများဖြင့် ကွင်းပြင်တစ်ခုလုံး ပြည့်နေ၊ စည်းကားနေ၏။

ဒီအရပ်မှာ တန်ခူးလရောက်လျှင် ပီလခတ်ကုလားဘုရားပူဇော်ပွဲရှိသေး၏။

လူသည် ကမ္ဘာဦးအခါကတည်းက ကိုးကွယ်ရာ၊ အားထားရာ၊ မှီခိုရာကို ရှာဖွေခဲ့ကြသည်။

မုန်တိုင်းများရဲ့ဒဏ်ကို ခါးသီးစွာခံစားရတော့ လေနတ်သားတန်ခိုးရှင်ကြောင့်ဟု ယုံမှတ်ကာ ကြောက်ရွံ့ကြီးစွာ အလုံးအထည်ရုပ်အဂါကို မမြင်ရသည့် လေနတ်သားအား ပူဇော်ပ.သတောင်းပန်ကြ၏။

မိုးကြိုးလျှပ်စစ်နှင့် သည်းထန်ရေကြီးသည့် မိုးကိုကြုံရတော့ဒါ ကောင်းကင်က မိုးနတ်မင်းကြီး စိတ်ဆိုးလို့ ဒဏ်ခတ်တာဟု ယူစွဲမှတ်ယူပြီး မိုးဒေဝါနတ်မင်းကြီးကို စားဖွယ်အစုံအလင်နှင့် ပူဇော်ပသကြပြန်၏။

သို့နှင့် အသိဉာဏ်ပညာဖွံ့ဖြိုးမှုနှုန်း နည်းသည့်ကာလမှာ ...

မိုးနတ်၊ လေနတ်၊ မြေနတ်၊ လယ်နတ်တို့ကို (အထင်မှတ်အမြင်မှတ်ပြီး)ဗလိနတ်စာနှင့် ပူဇော်ခဲ့ကြသည့်ဓလေ့ ထွန်းကားခဲ့သည်။ ၎င်းဓလေ့ဝါဒကို တန္တရဝါဒခေတ်ဟု မျက်မှောက်ခေတ် တွေးခေါ်ပညာရှင်တို့က ဆိုမှတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ခေတ်ဟုလည်း အချို့ခေါ်ကြသည်။

သည့်နောက် ...

'ဘုရား'ဟုအမည်တပ်သူများ အသီးသီးပေါ်လာကြပြန်၏။ လူသားတို့၏ ဒုက္ခများ၊ ဝေဒနာများကို ကယ်တင်စောင်မနိုင်သည်ဟု ကြွေးကြော်ရင်း ထင်ရှားလာ၍ ၎င်းဘုရားဆိုသူများကို အားကိုးကြီးစွာ ကိုးကွယ်ရာအဖြစ် အားထားခဲ့ကြရပြန်၏။

သို့နှင့် တန္တရခေတ်မှ မန္တရခေတ်ခေါ် မန္တန်အတတ်ပညာ အတတ်၊ ဂမ္ဘီရဆေးဝါးအတတ်တို့နှင့် ဖွံ့ဖြိုး၍ ကိုးကွယ်အားထားမှုခိုရန် တစ်စခန်းဖြစ်ခဲ့ပြန်၏။

သည့်နောက် ...

မဇ္ဈိမအရပ်မှ ရှင်တော်ဂေါတမအမည်ရှိ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူပြီး ရုပ်နာမ်နှစ်ပါးရဲ့ ဖြစ်ခြင်းပျက်ခြင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို သက်သေသက္ကာရအထောက်အထား ခိုင်ခိုင်မာမာနှင့် ဟောခဲ့သည့်တရားသည် နေလိုလလို ထွန်းပေါ်လာ၏။

သည့်နောက် ...

ကံ,ကံ၏ အကျိုးအပြစ်အကြောင်းကို သိလာရ၏။

ကုသိုလ်နှင့် အကုသိုလ်တို့အကြောင်းကို သိလာရ၏။

အတိတ် ဘဝကံ၊ ပစ္စုပ္ပန်ကံ၊ အနာဂါတ်ကံ ကံသုံးပါး ဆက်စပ်ရာမှ (၃၁)ဘုံဝါဒအကြောင်းကို ထပ်ဆင့်သိရပြီး ပစ္စုပ္ပန်ကံ အကျိုးပေးကလည်း အတိတ်ဘဝကံကို အခြေပြု၍ အားကောင်း အားနည်းပေါ်မူတည်ပြီး ဆင်းရဲချမ်းသာဖြစ်ရပုံ၊ ချောခြင်း၊ အရုပ်ဆိုးခြင်း၊ ပညာမဲ့ခြင်း၊ ပညာရှိခြင်းဖြစ်ရပုံအား ဂေါတမဘုရားရှင်ကဟော၏။





ပြဟ္မာဘုံ၊ နတ်ဘုံ၊ လူ့ဘုံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံသားဘဝသို့ ရောက်ကြရသည်။ ပစ္စုပ္ပန်ကံရဲ့ နောင်သံသရာအကျိုးပေး၊ အကောင်းအဆိုးအကြောင်းကို အကျယ်ဟောခဲ့၏။

သို့နှင့် လူသည် ....

ရှိုင်းရာမှယဉ်လာ၏ ...

သာမန်ယဉ်ကျေးခြင်းမှ ပို၍ယဉ်ကျေးပြီး သိမ်မွေ့လာ၏။ ကိုးကွယ်အားထားရာ အစစ်အမှန်ဖြစ်သော ...

ဘုရား၊ တရား၊ သံဃာကို နားလည်သလိုရှိခဲ့၏။

ဒါနှင့်အတူ ...

ဒါန၊ သီလ၊ ဘာဝနာရဲ့အကျိုးကို မြတ်နိုးလာကြ၏။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝကိုရောက်မှာ စိုးရွံ့လာကြ၏။

ဆိုရလျှင် ...

ကျွန်တော်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပြဟ္မာ့ဘုံရှိသည်ကို ဟော၏။

ပြဟ္မာ့ဘုံက (၂၀)တဲ့။ နတ်ပြည်(၆)ထပ် ရှိသည်ကို ဟော၏။

လူ့ပြည်ရှိသည်မှာ ကျွန်တော်တို့ကိုယ်တွေ့။

ငရဲပြည်ရှိသည်ကို ဆိုက်ဘေးရီးယားဒေသမှာ မြေတိုင်းဆိုက် စမ်းတူးဖော်ရင်း ဟိုးမြေအောက်အနက်ရှိ ငရဲခံရသူတို့ အော်ဟစ်သံ၊ ငိုကြွေးသံများအား မြေအောက်သံပိုက်လိုင်းမှတစ်ဆင့် အသံဖမ်းယူရရှိပြီး နော်ဝေနိုင်ငံသား အင်ဂျင်နီယာများနှင့် ရုရှားအင်ဂျင်နီယာများ ထိတ်လန့်အံ့သြကြခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြေအောက်ငရဲပြည်က ဒုက္ခဆင်းရဲခံစားနေရသူတို့ရဲ့ အသံများအကြောင်းကို ရုရှား (ဆိုဗီယက်)အစိုးရတို့က လျှို့ဝှက်ထားၿ၏။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားတော့မှ နော်ဝေးနိုင်ငံသား အင်ဂျင်နီယာများက ရေးသားဖော်ထုတ်ခဲ့သည်။ ငရဲရှိသည်တဲ့။

ပြီး . . . တိရစ္ဆာန်ဘုံဘဝရှိသည်ကို ကျွန်တော်တို့သိရ၏။ ရှေ့မှာမြင် နေရသည်ကိုး . . . .။

ပြီး . . .

ပြိတ္တာ၊ တစ္ဆေ၊ သရဲ၊ ကျတ်၊ ဖုတ်၊ အောက်နတ်များရှိသည်ဟု ဘုရားရှင်က အကျိုးအကြောင်းနှင့် ဟောခဲ့၏။

ပေတဝတ္ထုများကို ဟောခဲ့၏။ ဆုံးမသွန်သင်ခဲ့၏။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနှင့် နေ့စံညခံ၊ ညစံနေ့ခံ အသူရကာယ်ဘဝမရောက်ဖို့ အသေလုရမည့်တရား၊ အသေတတ်ရမည့်တရားကို ဟောခဲ့၏။

ဆိုရလျှင် ပရဝိညာဉ်လောကသား ဘဝရှိကြောင်းကို အတိအလင်း ဖွင့်ဆိုခဲ့သည်။

အခုပြောချင်သည်က နတ်အကြောင်း . . .

သာသနာတော်စောင့်၊ ကမ္ဘာစောင့်နတ်မင်းကြီးများမှသည် အောက်နတ်ခေါ် ပြိတ္တာနတ်ဆိုး (အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်း)တို့ အကြောင်းဖြစ်သည်။

အဲဒီမှာ ရုက္ခစိုးနတ်ကြီးများ . . .

ရုက္ခစိုးနတ်ကြီးတို့သည် သစ်ပင်ကို ဘုံဗိမာန်ပြု၍နေ၏။ တန်ခိုးကြီး၏၊ သီလစောင့်၏၊ မကောင်းသူကိုပယ်၍ ကောင်းသူကို ကယ်၏၊ အသက်ရှည်၊ အနာကင်း၏။

---

စိတ်ကူးသစ်စာပေ



နောင်ပွင့်မည့် အရိမေတ္တေယျ ဘုရားရှင်ပွင့်သည်အထိ စောင့်မျှော်ဖူးခွင့်ကြုံရအောင် အသက်ရှည်သည်ဟု ရဟန္တာအရှင်သူမြတ်ကြီးများနှင့် ကျမ်းဂန်တို့က ဆို၏။

လူ့ယောင်ဖန်ဆင်း၍ ရဟန္တာအရှင်သူမြတ်ကြီးများ သီလသမာဓိဂုဏ်နှင့် ပြည့်စုံသည့် ရဟန်းအရှင်သူမြတ်ကြီးများထံ ချဉ်းကပ်တရားနာလေ့ရှိသည်ဟု အဆိုအမိန့်များရှိ၏။

သည်မှာ ကျွန်တော် ထူးဆန်းသော . . .

ရုက္ခစိုးနတ်ကြီးခေါ် ( )ဘိုးဘိုးကြီးခေါ် ထူးဆန်းအံ့ဖွယ် ရုက္ခစိုးနတ်ရုပ်တုတစ်ခုအကြောင်း သိခွင့်ရလာခဲ့သည်။

✿ ✿ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

| ၂ |

ပဲခူးခရိုင်အတွင်းရှိ (အသည်းတင်) ဘိုးဘိုးကြီးခေါ် ကျွဲကြီးကုန်းအဘိုး ပူဇော်ပွဲကို (            )အခါကာလမှာ ခမ်းနားစွာ ကျင်းပပြုလုပ်ကြပါသော်လည်း ...

ကမ္ဘာ့ခရီးသွားနှစ်ကို ရောက်ပြီးသည့်ကာလမှအစပြု၍ ကျွဲကြီးကုန်းဘိုးဘိုးကြီး ကုသိုလ်ပြုပွဲ၊ ဆုတောင်းပွဲ၊ ပူးမျှော်ကြည်ညိုပွဲစသည်တို့သည် (၁၂)လကာလပတ်လုံး ဖြစ်လာပြီး စည်ကားထင်ရှားကျော်ကြားခဲ့၏။

မှတ်ချက် - အမည်၊ နေရပ်၊ လိပ်စာအမှန်ကို ပြောင်းလဲထားပါသည်။

(စာရေးသူ)





ပဲခူးမြို့နယ် သက္ကလမှာ ကျွန်တော့်အသိ စာဖတ်သူကိုမြအေးသစ်ဆိုသူရှိ၏။

ထွက်သမျှ စာအုပ်အကုန်ဖတ်သူဖြစ်၏။

မော်ဒန်တို့၊ ဂန္ထဝင်တို့ ရွေးနေသူမဟုတ်။

ဘဝသရုပ်ဖော်တို့၊ အချစ်တို့၊ ဂမ္ဘီရတို့၊ တက်ကျမ်းတို့၊ ဒဿနတို့၊ ဘာသာရေးတို့ ရွေးနေသူမဟုတ်။

စာအုပ်စာပေ၊ စာစောင်မှန်ရင် ကျွန်တော်က ဆေးလိပ်ဖင်စီခံ သတင်းစာ အပိုင်းမှာပါသည့် စာတိုကလေးကအစ ဖတ်တာဆရာ။ စာမဖတ်ရရင် မနေနိုင်ဘူး။ ရွာစာကြည့်တိုက်က စာအုပ်တွေကုန်ပြီ၊ ဖတ်ပြီးပြီ။ ကျွန်တော့်အိမ်မှာ ကိုယ်ပိုင်စာကြည့်တိုက် လုပ်ထားရတယ်။ ရှိသမျှပိုက်ဆံနဲ့ အကုန်ဝယ်ပြီး စုဆောင်းထားတာ။ စာချစ်မြတ်နိုးသူမှန်ရင် ကျွန်တော့်ကိုယ်ပိုင် စာကြည့်တိုက်ကိုလာခဲ့ ကြိုက်ရာဘာသာရပ်ကို ရှာဖတ်လို့ရတယ်။ လိုအပ်ရင် ဆွေးနွေးလို့ရတယ်။

ဟုတ်လည်းဟုတ်သည်။ သူ့တစ်အိမ်လုံး စာအုပ်ဗီရို၊ စားပွဲ၊ ကပ်စင်များနှင့် ပြည့်နေ၏။ မသိလျှင် သုံးခွမြို့ ဒေါ်မိန်းကလေးစာကြည့်တိုက်နှင့်ပင် တူနေသေး၏။

"ဒါဆို ဆွေးနွေးမေးမြန်းစရာလေးရှိတယ် ကိုမြအေးသစ်ရဲ့"

"ဟုတ်ကဲ့ မေးပါဆရာမှိုင်း"

"စာရော မရေးသေးဘူးလား"

"ကဗျာလေးလောက်တော့ စပ်ဖြစ်တယ်ဆရာ။ ဒါပေမဲ့ မဂ္ဂဇင်းတိုက်ကို မပို့ဖြစ်သေးဘူး"

"အေးဗျာ ... စာများများဖတ်ထားသူရဲ့ ရင်ထဲက စာတွေ၊ ကဗျာ၊ ဝတ္ထုဆောင်းပါးတွေဟာ အဆင့်နိမ့်မယ်မထင်ပါဘူးဗျာ။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမြအေးသစ်ရဲ့ . . .''

''ဟုတ်ကဲ့ . . . ပြောဆရာ''

''ခင်ဗျားတို့ဒေသက ကျွဲကြီးကုန်းဘိုးဘိုးကြီးဆိုတာ အတော့်ကို လူရှိသေရှင်ရိုသေများပြီး တစ်နိုင်ငံလုံးက လာရောက်လေ့လာ ဒါနပြုရသည့် နတ်ပွဲဖြစ်နေတယ်ခင်ဗျ''

''ဟုတ်ကဲ့ ခင်ဗျ''

''ကိုမြအေးသစ်အနေနဲ့ . . . ကျွဲကြီးကုန်းဘိုးဘိုးကြီး နတ်အကြောင်း ထူးခြားချက်ရှိမရှိ သိပါရဲ့လား။ သိရင် ကျွန်တော်တို့ကို ပြောပြပေးပါဗျာ''

ကျွန်တော်တို့က ကိုမြအေးသစ်ကို သို့ကလို မေးသောအခါ စာတိုညျိုတဖြစ်လဲ ကိုမြအေးသစ်နှင့် သူ့ဝန်းကျင်မှ ရှေးမီနောက်မီ သက်ကြီးတစ်ဦးဖြစ်သော ဦးချစ်မြတ်ဆိုသူ အဘတစ်ဦးတို့က ကျွဲကြီးကုန်း(သို့)အသည်းထင်ဘိုးဘိုးကြီးရဲ့ ဖြစ်ရပ်ဆန်းကြယ်ဇာတ်ကြောင်းများမှ အချို့ကို ဤသို့ ပြောပြလေသည်။

✿ ✿ ✿

[ ၃ ]

❑

''ဒီလို စာရေးဆရာရေ . . . အံ့သြဆန်းကြယ်ဖြစ်ရပ်လို့ ဆိုကြပါစို့ဗျာ။ ဆရာတို့လည်း ကြားဖူးမှာ၊ ဖတ်ဖူး၊ နာဖူးမှာပါဗျာ . . .။ (၃၁) ဘုံတဲ့ . . .

ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောခဲ့တာရယ်။

ဗြဟ္မာပြည် (၂၀)၊

နတ်ပြည်(၆)ထပ်၊

လူ့ပြည်(၁)ထပ်

အပါယ်က (၄)ဘုံတဲ့။

''အပါယ်လေးဘုံမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ရှိသေးတယ်တဲ့။ ဆရာတို့ ငရဲကိုယုံသလား''

''ယုံသင့်တာပေါ့ ခင်ဗျာ''

''ဘာကြောင့် ယုံရသလဲဆရာ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငရဲကိုယုံကြည်ရင် ကံငါးပါး ပဉ္စသီလကိုစောင့်ထိန်းလို့ လူကောင်းသူကောင်းဖြစ်ရမှာလေ"

"မယုံရင်ရောဗျာ"

"မယုံလို့ ပဉ္စသီလငါးပါးကံကို ကျူးလွန်ကြည့် အကုန်လူဆိုးလူမိုက်၊ ဗာလန်တွေဖြစ်ကုန်မှာပေါ့ ဘကြီးရဲ့"

"ဟုတ်လိုက်လေဗျာ ... အခု ငရဲပြည်အကြောင်း နိုင်ငံခြားဟောသီသားတွေတောင် လက်ခံနိုင်သည်လို့ ဖွင့်ဟဝန်ခံချက်ရှိသတဲ့။ ဟောသီက မောင်မြအေးသစ်ပြောတာဗျာ။ နောက်တစ်ချက် ဘီရွှောန်၊ ပြိတ္တာအသူရကာယ်၊ ပြိတ္တာကြုံဖူးလား ဆရာမှိုင်း ..."

"ဟင့်အင်း ... ခင်ဗျာ"

"ကျွန်တော်တို့ ကြုံဖူးတယ်။ ပြိတ္တာဆိုတာ သရဲ၊ ကျတ်၊ တစ္ဆေ၊ နတ်ဆိုးနတ်ယုတ်၊ မှင်စာ၊ ဖုတ်၊ ဘီလူး စသည်တို့ကို ခြုံပြီးခေါ်တာ။ နတ်ဆိုးနတ်ကောင်းက အားလုံး ခြောက်လှန့်တတ်လို့ တစ္ဆေချည်းပဲ။ နတ်ဆိုးနတ်ကောင်းက တော့ တစ်မျိုးတစ်ဖုံစီပေါ့ဗျာ။ တစ်နေ့ ကျွန်တော်တို့ရွာကြီး ရေကြီးပါရောခင်ဗျာ။

ရွာတွေရေမြုပ်၊ လယ်ယာတွေရေမြုပ်၊ ချောင်းတွေမြောင်းတွေ ရေလျှံ၊ ကျွဲနွား၊ လူတွေ ဒုက္ခရောက်ပေါ့ဗျာ ...။

မိုးကြီးရေကြီးသည့်ဒုက္ခကို ကျုပ်တို့တစ်နယ်လုံး ခံစားပြီးရေလည်းကျသွားရော ...

ကိုယ့်အိမ်ကိုယ့်ယာ၊ ကိုယ့်လယ်၊ နွားတင်းကုပ်ပါမကျန် အသစ်ပြန်ပြုပြင်ဆောင်ကြော လုပ်ရကိုင်ရတာပေါ့ဗျာ။

အဲဒီမှာ ကျုပ်တို့ရွာသား ကိုချောင်းဦးတဲ့။

သူက တံငါသည် အလုပ်လုပ်တယ်။





ပိုက်ကွန်လေးထမ်းပြီး ရေကျစပြု ချောင်းထဲကွန်ပစ်သွားတယ်။ ကွန်သာပစ်နေရတယ်။ ငါးကမမိဘူး။

ကွန်ပစ်ချက်တိုင်း ငါးကတိုးဆောင့်ထွက်သွားလို့ စိတ်ညစ်ပြီး သစ်ပင်တစ်ပင်ခြေရင်း ထိုင်နေတုန်း ...

'ဝုန်း'ဆို သစ်ပင်ပေါ်ကနေ ပစ္စည်းကြီးတစ်ခု ပေါင်အနီးပြုတ်ကျလို့ လန့်ဖျပ်ထခုန်အော်လိုက်ပါရော ...။

အဲဒီအချိန်တုံးက ရေကြီးတော့ မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ၊ ငန်းပုတ်ကြီးများ သစ်ပင်ပေါ်ရောက်နေကြသကိုး။ သူတို့က လူသံကြားရင် ဆင်းလာတတ်တယ်၊ ခုန်ချတယ်။ ဒါကြောင့် ပေါင်အနီးကျလာတဲ့ပစ္စည်းကို လက်နဲ့အမြန်တွန်းချပြီး ထခုန်လို့ကြည့်လိုက်ရော ...

"ဟင် ..."

"မြွေမဟုတ်ဘူးဟ၊ အရုပ်ကြီးတစ်ရုပ်ပဲ"

ကြည့်လိုက်တော့ သစ်သားရုပ်တုကြီးဗျာ။ ထိုင်နေသည့် အပင်ပေါ်ကနေ ပြုတ်ကျတာ။ မဟုတ်မှလွဲရော ရေကြီးတုန်းက ရေနဲ့မျောပါပြီး ဒီသစ်ပင်ပေါ်တင်ငြိနေရာက လေတိုက်လို့ ပြုတ်ကျလာတာနေမှာပဲ။

ဟူး ... တော်ပါသေးရဲ့ မြွေဆိုး မဟုတ်ပေလို့။

ဒါနဲ့ အရုပ် (ရုပ်ထု)ကြီးကို လှန်ကြည့်ထောင်ကြည့်လိုက်ရော–

"ဟယ် ... ဒါ ... ဒါ ... ရက္ခစိုးနတ်ရုပ်ထုနဲ့တူရဲ့"

ပုဆိုးအကျီမရှိတော့ဘူး။ သို့သော် မျက်နှာဝန်းကျင်မှာ ရွှေချထားသည့် (တနည်း) ရွှေမှင်သုတ်ထားတဲ့ ရွှေကွက်ရွှေပြောက် သဲလွန်စကို တွေ့ရတယ်။ ရွံ့တွေပေကျံပြီး ရက္ခစိုးနတ်ရုပ် (အခြားနတ်၊ ဘိုးဘိုးအောင်တုလည်း ဖြစ်ချင်ဖြစ်မှာပေါ့) ကို သေသေချာချာစစ်ဆေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်၊ အရပ်က လူကြီးလက်နှစ်တောင်ကျော်ခန့် မြင့်တယ်။ အလုံးအထည်နဲ့ လက်ရာကလည်း လူရုပ်ပီပီသသ ထုထားသလိုမျိုးပဲ။ ခန့်ခန့်ညားညားဟန်ပန်ခင်ဗျ။

ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်း သေသေချာချာဆင်ယင်လိုက်ရင် ဦးမင်းကျော်လား၊ ကိုးမြို့ရှင်လား၊ ရေငံပိုင်လား၊ မင်းညီနောင်လား ဒါမှမဟုတ် ရွာတော်ရှင် ရက္ခစိုးအဘိုးပဲလား။ တစ်ခုခုတော့ သေချာမှာပဲ။

နတ်ရုပ်တု၊ အဘိုးရုပ်တုဖြစ်နေရင် မရှိမသေလုပ်လို့မဖြစ်ဘူး။ ရေကြီးသည့်ဒဏ်ကို နတ်ရုပ်တုလည်း ခံရတာပဲ။

နောက်ဆုံး ...

'ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်ပြီး ရောက်စမြဲ' ဆိုသည့်စကားကို သတိရပြီး ရုပ်တုကို မ,ယူလို့ ရေစပ်ကချောင်းရေနဲ့ သန့်စင်သန့်ရှင်းရေး လုပ်ပေးလိုက်တယ်။ ရေချိုးပြီး ရုပ်တုကို သန့်စင်ပေးလိုက်ရော ရုပ်တုရဲ့မျက်နှာသွင်ပြင် ပေါ်လာတယ်။ အဘိုးအိုရုပ်တုဗျ။

ဦးမင်းကျော်လား၊ ရက္ခစိုးဘိုးဘိုးလားပဲ။

ရွာထဲက နတ်ကတော်ကြီး ဒေါ်ဖွားရှင်ဆို ပြန်ပြောနိုင်မှာပဲ။ ဒါနဲ့ ရေချိုးသန့်စင်ပြီး ရုပ်တုကိုနေရောင်မှာပြလို့ အခြောက်လှန်းထားတုန်း ...

ဟင်းစားလေးရအောင် ကွန်တော့ပစ်ဦးမှဆိုပြီး ကွန်ကိုကောက်ကိုင်ရင်းက နေလှန်းထားတဲ့ ရုပ်တုရှေ့ရပ်ပြီး ...

"ကိုင်း ... ဆရာကြီး၊ ခင်ဗျားကို ကျုပ် ရေမိုးချိုးသန့်စင်ပြီး သင့်လျော်ရာနေရာလေးမှာ နေလို့ရအောင် လုပ်ပေးပါ့မယ်ဗျာ။





ကျုပ်ကိုလည်း ဟင်းစားလေးရပြီး အိမ်အပြန်လှအောင် ကူညီပါ ဆရာကြီးရယ်နော်"

အဲဒီလို ပါးစပ်ကပြောပြီး ရေကျချောင်းထဲ ကွန်ပစ်လိုက်တာ ဘုရားရေ ... ဟုတ်မှဟုတ်ရဲ့လား။

ကြည့်စမ်း ... ကျွန်တော် ကွန်တစ်ချက်ဆွဲလိုက်ရင် ငါးခူငါးကောင်၊ ခြောက်ကောင်။

နောက်တစ်ချက်ပစ်ပြီး ဆွဲလိုက်ရင် ငါးရံ့ ငါးကောင်၊ ခြောက်ကောင်။

နောက်တစ်ချက်ပစ်ပြီး ဆွဲလိုက်ရင် ငါးပတ်ကြီး နှစ်ကောင်၊ သုံးကောင်။

အလိုလေးလေးဗျာ လေးငါးခြောက်ချက် ပစ်ရသေးတယ်။ ပလိုင်းတစ်လုံး ပြည့်လျှံသွားရော။ ဒါနဲ့ ဝမ်းသာအားရ ရေမျောရုပ်တု၊ သစ်ပင်ပေါ်က ပြုတ်ကျလာသည့် ဘာအမည်တပ်ရမှန်းမသိသည့် ရုပ်တုကို ပခုံးပေါ်ထမ်းပြီး ငါးတွေကို ပလိုင်းတစ်နင့်တစ်ပိုးလွယ်လို့ အိမ်ပြန်လာလိုက်ရော။ မယားလုပ်သူ မချစ်ပုံက ငါးပလိုင်းအပြည့်နဲ့ သစ်သားရုပ်တုကြီးကြည့်ပြီး အံ့အံ့ဩဩမေးပါရော ...။

"ကိုချောင်းဦး"

"ဘာတုံး ... ချစ်ပုံ"

"ဒါ ... ဒါ ဘာရုပ်တုကြီးတုံး"

"မသိဘူးဟ ..."

"ဘာရုပ်တုမှန်းမသိဘဲနဲ့ ရှင်ဘာလို့ ယူလာတာတုံး။ မတော် အမှောင့်ပယောဂတွေ အမှီအမဲ့တွေပါလာရင် တော်ဘယ်လိုလုပ်မှာတုံး"

ဒါနဲ့ စိတ်ဆေးမေးမြန်းထူလွန်းလှတဲ့ မယားမချစ်ပုံကို ကိုချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးက ဖြစ်ပုံအသေးစိတ် ပြောပြလိုက်ရော ...

"ဟင် ... အဲဒီလို ..."

"ဟုတ်တယ်ဟ ... သူ့ကို ငါက ရေချိုးသန့်စင်ကူညီလို့ ငါ့ကိုများ ပြန်ကူညီရော့သလား မသိဘူး"

"ဒါ ... ဒါဆို ... တော် ... ဒီရုပ်တုကြီးကို ... ဘယ် .. လို ... လုပ် ... မတုံး ဟင် ... ဟင်လို့"

"နတ်ကတော်ကြီး အမေဒေါ်ဖွားရှင်ကို ခေါ်ပြကြည့်ရမှာပဲ"

"ဒါဆို အမေဖွားရှင်ကို ရှင်သွားခေါ်ခဲ့။ ကျွန်မ ဒီငါးတွေ ရွာထဲ လည်ရောင်းလိုက်ဦးမယ်"

ကိုချောင်းဦးက နတ်ကတော်ဒေါ်ဖွားရှင်ကို သွားပြေးခေါ်တယ်။ ဒေါ်ဖွားရှင်က ရိုးရာလည်းလိုက်တင်ပေးသလို နတ်ဟောနတ်ပြောလည်းလုပ်သမို့ ဖျားနာပူးကပ်မှန်သမျှ နတ်ကတော် ဒေါ်ဖွားရှင်ကိုခေါ်ပြီး ပြသမေးမြန်းရတယ်။

နတ်ကတော် အမေဖွားရှင် မနိုင်မှ ရွာမြောက်ကျောင်းဆရာတော် အရှင်ဇဝန (ကော်ချဲ)ရဲ့ကျောင်း သွားပြသကရတယ်။

ကြည့်စမ်းပါဦးဗျာ ...

မချစ်ပုံတို့ ကံကောင်းနေပုံများနှယ်။ ခါတိုင်း ရွာလည်ရောင်းတာ အာပေါက်အောင်အော်ရောင်းရတယ်။ အဲဒါ ရောင်းလို့မကုန်ဘူး။

ခုကြည့်စမ်း ...

ငါးပလိုင်းတစ်လုံး၊ ဗန်းတစ်ဗန်းအလျှံ တစ်နာရီလောက်ပဲရောင်းရတယ် ကုန်ရော။ လက်ထဲ ပိုက်ဆံကိုဖွေးလို့၊ ဝမ်းသာလွန်းလို့။

✿ ✿ ✿

[ ၄ ]

❑

"ချောင်းဦး"

"ဗျာ ... အမေဖွား ..."

"ဒီရုပ်တုက တော်ရုပ်ပုဂ္ဂိုလ်ရုပ်တု မဟုတ်ဘူးဟဲ့"

"ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ အမေ ဟင် ..."

"ဟဲ့ ... ဒါ ရက္ခစိုးရုပ်တုဟဲ့"

"ဗျာ ... ရက္ခစိုးရုပ်တု ဟုတ်လား"

"ကျိန်းသေတာပေါ့ဟယ်။ ငါ့အာရုံမှာ အလ [illegible] ကားမြင်နေရတယ်။ အဘိုးရှင့် ... အဘိုးလည်း သမီးတော်ကြီး [illegible] နေချင်လို့ ရောက်လာမှန်း၊ စောင့်ရှောက်ချင်လို့ ရောက်လာမှ [illegible]ပါတယ် အဘိုးရှင့်။ သမီးတော်ကြီးရဲ့ရွာမှာလည်း ပျော်သလိုနေပါ စောင့်ရှောက်ပါအဘိုး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ချောင်းဦးနဲ့ ချစ်ပုံ"

"ဗျာ . . . အမေ"

"ရှင် . . . အမေ"

"ဒါ . . . ရက္ခစိုးရုပ်တုပဲ့၊ အိမ်မှာ မထားရဘူး။ ရွာထိပ်က ညောင်ပင်မှာ ကပ်စင်လေးရိုက်ပြီး နေရာပေးအပ်ရတယ်။ နင်တို့ကို အခု မ,စနေပြီ။ ရှိရှိသေသေကုသိုလ်ဒါန ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ ပူဇော်ကြ။ ကြားလား . . . ."

"ဟုတ် . . . ဟုတ်ကဲ့အမေ . . . ဟုတ်ကဲ့"

အဲဒါ ငါးရောင်းလို့ရတဲ့ငွေနဲ့ လက်သမားခေါ်ပြီး သွပ်ပြား ဟောင်း အမိုးလေးနဲ့၊ သစ်သားနတ်စင်လေးလုပ်လို့ ညောင်ပင်မှာ အဘိုး နေပါလို့ ပြောအပ်ကြတယ်။

"အဘိုး . . . ဒီညောင်ပင်ကို အဘိုးရဲ့ဘုံဗိမ္မာန်အဖြစ် သတ်မှတ်ပြီး နေတော်မူပါ။ သမီးတော်ကြီးတို့၊ သားတို့သမီးတို့က အဆင်ပြေသလို ပန်း၊ ရေချမ်း၊ ဆီမီး စားဖွယ်များ ကုသိုလ်ပြုပါမယ်။ တစ်ရွာလုံး တစ်ရပ်လုံးကိုလည်း အန္တရာယ်အသွယ်သွယ်ဘေးမှ ကာကွယ်တားဆီးပေးတော်မူပါ အဘိုးရှင့်"

မူလအလှူဒါယကာ ဘယ်သူမှန်းမသိဘူး။

ဘယ်ရွာဘယ်အရပ်က ရေစီးရေတိုက်စားလို့မျောပါလာသလဲ မသိကြဘူး။

ပုဂံခေတ်ဦးတုန်းက ပန်းပဲမောင်တင့်တယ်တို့မောင်နှမ ဖိုကျွင်ထိုး နှောင်တည်းအသတ်ခံရသည့် စကားဝါပင်ကြီးကို သွားသတိရမိတယ်။





ယောက်ဖတော် တကောင်းမင်းရှင်ဘုရင်က အကြံအလှည့်နဲ့ မောင်တင့်တယ်ကိုခေါ်ပြီး ရောက်လည်းရောက်ရော အိမ်ရှေ့အရာမပေးဘဲ လက်ပြန်ကြိုးတုပ် စကားဝါပင်မှာချည်ပြီး အောက်ကနေ မီးပြင်းတိုက် ဖိုကျွင်ထိုးသတ်တယ်။

အစ်မလုပ်သူ ဘုရင့်မိဖုရားကလည်း ငါ့မောင်လေး ငါ့ကြောင့် အသေဆိုးနဲ့ သေရပဟဲ့ဆိုပြီး စိတ်ထိခိုက်လို့ မီးကျွင်းထဲခုန်ချလိုက်တာ မောင်နှမနှစ်ဦးစလုံး မီးစွဲလို့သေရော။ သေတော့ မောင်တင့်တယ်နှင့် အစ်မတော်ရှင်မြတ်လှတို့ အစွဲကြောင့် အယူတိမ်းပြီး နတ်စိမ်းဖြစ်သွားကြတယ်။

အကြံပက်စက်သည့် ရှင်ဘုရင်နှင့် မင်းအမှုထမ်းများကို မကျေနပ်လို့ နတ်စိမ်းမောင်နှမက စကားဝါပင်အောက် ရောက်လာသမျှ ကျွဲ၊ နွား၊ လူသူမှန်သမျှကို ဖမ်းစားနှောင့်ယှက် ခြောက်လှန့်တယ်။

ရှင်ဘုရင်ကိုလည်း အိမ်မက်ဆိုး အမျိုးမျိုးပေးတယ်တဲ့။

အမှန်က ရှင်ဘုရင်က သူ့အကုသိုလ်ဒုစရိုက်အပူနှင့် စိတ်ချောက်ချားပြီး အိပ်မပျော်၊ သွေးလန့်၊ စားမဝင်ဖြစ်တာ။ အဲဒါ သေသူမောင်နှမ အစိမ်းနတ်ကြောင့်ဆိုပြီး အသတ်ခံရသည့် (ခြောက်လှန့်နေသည့်) စကားပင်ကြီးကို မင်းမိန့်နဲ့ခုတ်လှဲပြီး ဧရာဝတီမြစ်ထဲမျှောလိုက်တယ်။

စကားပင်က ဧရာဝတီမြစ်အတိုင်းမျောလာပြီး နောက်ဆုံးပုဂံညောင်ဦးအရပ်ရောက်တော့ သောင်တင်ငြိလို့ တင်နေတယ်။ ရှင်ဘုရင်ကိုရော၊ ရွာအကြီးအကဲများ၊ ရွာသူရွာသားများကို အိပ်မက်ပေးလို့ ဘဝဖြစ်စဉ်ကိုပြောပြလို့ နောက်ဆုံး ပုဂံသေလည်ကြောင်မင်းက စကား



www.burmeseclassic.com

www.burmeseclassic.com



ဝါပင်တုံးကို ပန်းပဲမောင်တင့်တယ်မောင်နှမနတ်ရုပ်တုထုပြီး ကိုးကွယ်ပ,သဒါနပြုကြတယ်။

သည့်နောက် ... ပုဂံပြည့်ရှင်မင်းကိုယ်တိုင် ပူပွားတောင်ကို အပိုင်စားပေး နေရာချထားခဲ့တယ်။ ယနေ့တိုင် ပုပ္ပားအရပ်ဟာ မောင်တင့်တယ်တို့မောင်နှမ နတ်ကွန်းနတ်နန်းနဲ့ အချီးမြှင့်ခံရသည့် အရပ်ဒေသဖြစ်တယ်။

ပုဂံသေလည်ကြောင်မင်းမှသည် မျူးမတ်ပြည်သူများ တစ်နှစ်တစ်ကြိမ် နတ်ပူဇော်ပွဲကို အကြီးအကျယ် ဆင်ယင်ကျင်းပကြတယ်။

အခုလည်း နတ်ကတော် အမေဖွားရှင်က ရက္ခစိုးနတ်ကြီးရုပ်တုတဲ့ ...။

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ရက္ခစိုးဆိုတာ ဘုန်းတန်ခိုးကြီးတယ်လို့ဆိုကိုး။ အဲဒါ ကိုယ်က ဒုတိယတကာလိုဖြစ်နေလို့ ပန်း၊ ရေချမ်း၊ ဆီမီးကလေးပူဇော်ပြီး အဘိုးပျော်သလိုနေပါ စောင့်ရှောင့်ပါ လုပ်ရတာပေါ့။ အဲဒါ ရွာထဲက ကိုထိန်နဲ့ ခေါင်းကြီးတို့ ငမူးသမားနှစ်ဦးက ကိုချောင်းဦး လုပ်ရှားနေတာကိုမြင်ပြီး မူးမူးနဲ့မေးရော ...

"ချောင်းဦး ..."

"ဗျာ ... ကိုထိန်နဲ့ ကိုခေါင်းကြီး"

"အေ့ ... ဂေ့ ... မင်း ဒီညောင်ပင်အောက်မှာ နေ့တိုင်းညတိုင်း ဘာတွေ အေ့ ... ဂေ့ ... လုပ်နေတာတုံး။ ချောင်းဦးရ .. ဟင် ..."

"ဟို ... ဟို ... အဘိုးရက္ခစိုးကြီးကို ပန်း၊ ရေချမ်း ပူဇော်နေတာပါ ကိုကြီးထိန်ရဲ့"

"အဘိုးရက္ခစိုး ... ဟုတ်လား ..."

---

စိတ်ကူးသစ်စာပေ



"ဟုတ်တယ် ခင်ဗျ"

"အရင် ငါတို့မူးပြီး ဒီညောင်ပင်အောက်အိပ်တုန်းက မတွေ့ပါဘူးဟ၊ ဘယ်ကဘယ်လို ရောက်လာသတုံး ချောင်းဦးရ ... ဟေ"

ဒါနဲ့ ကိုချောင်းဦးက ဒီနတ်ကြီးရုပ်တု ရခဲ့တဲ့ပုံကိုပြောရော...

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီ ... ဟီး ..."

"အဟတ် ... အဟတ် ... အဟတ် .. အေ့ ... ဂေ့ ..."

"ချောင်းဦးရ ... အေ့ ..."

"ဗျာ ... ကိုခေါင်းကြီး"

"မင်းရက္ခစိုးက တန်ခိုးမှ ... မ ... မရှိဘဲကိုးဟ။ အဟတ် အဟတ် ..."

"ဗျာ ... ဘာလို့လဲဟင်"

"ဟ ... ငတုံးရ၊ ရက္ခစိုးဆိုတာ ရှိရောရှိလို့လား။ အေ့ .. မြင်ရော မြင်ဖူးလို့လား"

"ရဟန်း အရှင်သူမြတ်ကြီးတွေ ဟောပြော ..."

"ခေါက်ထားလိုက်စမ်းပါ ... ချောင်းဦးရ။ စားကောင်းအောင် လျှောက်ပြောနေဟောနေတဲ့ စကားတွေကို ... အေ့ ... ဂေ့ ... မယုံစမ်းပါနဲ့ကွ။ ဒီမှာ မင်းတို့ရက္ခစိုးကြီး ဘုန်းတန်ခိုးအစွမ်းရှိတာမှန်ရင် လေတိုက်တာနဲ့ လွင့်ရမလားကွ။ ဟင် ..."

"ဒါပေါ့ ပညာရှိ ဆရာခေါင်းကြီးရဲ့။ အဟဲ ... ဟဲ ... ဟဲ"

"မိုးကြီးလို့ရော ပါစရာလားကွ။ ကိုယ့်ဘာသာ လက်ပစ်ကျပြီး ခပ်မြင့်မြင့်ထန်းပင်ပေါ် တက်နေပေါ့။ ခုတော့ ... မင်းကွန်းပစ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကယ်လို့ ငါတို့ရွာရောက်လာတယ်။ မင်းနဲ့ နတ်ကတော် ဒေါ်ဖွားရှင် ကောင်းမှုကြောင့် ငါတို့ကပါ ရေယောင် အရိုအသေပေးရမယ်ပေါ့ ... ဟုတ်လား ...''

''ဒီ ... ဒီလိုမဟုတ်ပါဘူး အစ်ကိုခေါင်းကြီးရယ်။ ရက္ခစိုး ဆိုတာ သူတော်ကောင်းစာရင်းမှာပါတဲ့နတ်လို့ လူကြီးသူမများပြောလို့ နေသင့်တဲ့သစ်ပင်မှာ နေရာပေးရတာပါဗျာ။ ဟို ... ဟို ... လူတိုင်း ကိုးကွယ်ဖို့ ပူဇော်ဖို့ မရည်ရွယ်ပါဘူးဗျား။ ကသိုလ်ဒါန ပြုချင်သူ ပြု နိုင်အောင် ... လုပ် ... လုပ် ...''

''ချောင်း ... ဦး ...''

''ဗျာ ... အစ်ကိုထိန် ...''

''အေ့ ... ဂေ့ ... အဲဒီလိုလုပ်တော့ မင်းလူရက္ခစိုးက ဘာ များ အကျိုးပြုမှာတုံး။ အေ့ ... ဂေ့ ... ရွှေရမှာလား၊ ငွေရမှာလား။ အဲ ... အဲ ... မိန်း ... မိန်း ... မချောချောလေး ရမှာလားပြော ပြော ...''

''အဲ ... အဲ ... ဒါတော့ ...''

''အဲ ... ဒါ ... တော့ ... ဟို ... ဟို ...''

''ဟား ... ဟား ... ဟား ... မင်းနဲ့ နတ်ကတော် အရူး ကြောင့် ငါတို့တစ်ရွာလုံး စိတ်မမှန်တဲ့ အရူးတွေဖြစ်ကုန်ပါဦးမယ် ချောင်း ဦးရာ။ ဟား ... ဟား ... ဟား ...''

''အဟီး ... ဟီး ... ဟီး ... အဟတ် ... အဟတ် ... အဟတ် ... အရက်လေးဘာလေးရော မကပ်ဘူးလားဟ''

''ဗျာ ...''

''ငါတို့ တပည့်ခံပြီး သောက်ချင်လို့။ အဟတ် ... ဟတ်''





''အဲဒါက ကိုကြီးကျော်နတ်မှတင်ရတာလို့ အမေရှင် ...''

''ဟော့ကောင် ... အဲဒါဆို မင်းရဲ့ ရက္ခစိုးရုပ်တုကို ညောင်ပင် ပေါ်ကနေဖယ်ပြီး ကိုကြီးကျော်ရုပ်တုလာတင်။ အရက်နဲ့ ကြက်ကြော် နေ့တိုင်းတင်။ မင်းကို ကိုကြီးကျော်ရော၊ ငါတို့ရော ဝိုင်းမ,မယ်။ ကြား လား ... ဟား ... ဟား ... ဟား ... ဟား''

ကိုထိန်နဲ့ ကိုခေါင်းကြီးတို့ နှစ်ဦးသား ကျောင်းဆောင်လိုစင် ပေါ်က ရက္ခစိုးရုပ်ထုကို လက်ညှိုးထိုးပြီး ပြောလိုရာများကို အားရပါးရ ပြောပြီး ဒယီးဒယိုင်နဲ့ ဆက်သွားကြတယ်။ လူရိုးကြီး ကိုချောင်းဦးက ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းနဲ့ ကြည့်လို့ကောင်းသည့် အဘိုးရက္ခစိုးရုပ်တု ကို ကြည့်ပြီး ရှိုရှိုသေသေ ဦးညွှတ်လို့ ပြန်လာခဲ့လိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၅ |

□

တစ်နေ့လည်းကျရော အံ့ဩစရာကောင်းတဲ့ တိုက်ဆိုင်မှု ဖြစ်ရပ်ဆန်းကို အားလုံးကြုံကြရရော . . . ဆရာမှိုင်းရေ။ ကိုဘကျားကြီးဆိုတာကလည်း လူပေလူရွှတ်ကြီးခင်ဗျ။

သရဲမကြောက်၊ တစ္ဆေမကြောက်ကြီး။

ရွာထဲမှာ လူသေရင် စဏ္ဍာလလိုပဲ လူသေလောင်းကိုစွ၊ ရေချိုး၊ ကတ်ဆင်၊ ခေါင်းသွင်း၊ မြေကြီးကျင်းတူး၊ မြေမြှုပ်ရာအထိ လုပ်လေ့ရှိသူဗျ။

စဏ္ဍာလတော့ မဟုတ်ဘူး။ ဝါသနာပါလို့ကို လူမှုရေးစိတ်နဲ့ ကူညီနေတာ။





အရက်တော့ အားကြီးကြိုက်တယ်။ နာရေးကိစ္စများ ပေါ်လာရင် ကိုဘကျားကြီးကို အရက်နဲ့ထန်းရည်သာပေးလိုက် အုပ်စုံသိမ်းလုပ်ပေးတာ။

သင်္ချိုင်းဇရပ်ထဲလည်း အိပ်ရဲတယ်။

လတ်လတ်ဆတ်ဆတ်မြေပုံပေါ် ပုဆိုးခင်းပြီးလည်း အိပ်ရဲတယ်။ အိုဗျာ . . . အုတ်ဂူလိုပေါ်မပြောပါနဲ့ ခေါင်းထဲအိပ်ဆိုလည်း ခေါင်းထဲဝင်အိပ်ရဲတဲ့လူ။ သူ့အိမ်က အိမ်သာတို့ဘာတို့ဆို ခေါင်းပြင်သစ်သားနဲ့ ကာထားတယ်လို့ အချို့ကပြောကြတယ်။

တစ်ည အရက်ကလည်းမူးလို့ အိမ်မပြန်နိုင်တာနဲ့ သင်္ချိုင်းဇရပ်ထဲ အိပ်နေတုန်း . . .

"ဟော့ကောင် . . . ထစမ်း"

"ဟော့ကောင် . . . ထစမ်းဆို"

"အင်း . . . အင်း . . ."

"ဟော့ကောင် . . . ငမူး . . . မြန်မြန်ထစမ်း"

သူ့ခန္ဓာကိုယ်ကို လှုပ်လှုပ်နှိုး၊ ကန်ကန်နှိုးနေလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ . . .

လရောင်နဲ့မြင်လိုက်ရတာ အသက်(၆၀)ခန့် အဘိုးကြီးတစ်ယောက်။

ပုဆိုးအဖြူအနက်ကွက်တုံးကြားနဲ့ အင်္ကျီအဖြူလက်ရှည်နဲ့ အညာဖျင်ခေါင်းပေါင်းကို ညာလက်ထဲမှာ ဝါးမြစ်တောင်ဝှေးတစ်ချောင်းထောက်လို့။

"ခင်ဗျား . . . ကျုပ်အိပ်နေတာ မမြင်ဘူးလား အဘိုးကြီး"

"မြင်တယ်ကွ အရေးကြီးလို့ပါ ထစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ခင်ဗျားကြီးဗျာ ... သွား ... သွား"

ဒေါပွလို့အော်ငေါက်ပြီး ပြန်လှဲအိပ်ရော သူက တောင်ဇွေးနဲ့ ခါးကိုတို့ပြီး ...

"မြန်မြန်ထပါကွာ အရေးသိပ်ကြီးလို့ပါ"

"အဘိုးကြီး ..."

"ပြော ..."

"ခင်ဗျားကိစ္စ အရေးကြီးရအောင် ကျုပ်ပိုက်ဆံရမှာ မို့လို့လား ပြောဗျာ"

"လိုချင်ရင် ရမှာပေါ့"

"ရမယ်ဆိုပြော ..."

"ဒီမှာ ရွာထိပ်ကတဲပျက်ထဲမှာ လူ(၆)ယောက်အိပ်နေတယ်"

"သူ့ဘာသာသူအိပ်တာ ကျုပ်နဲ့ဘာဆိုင်လို့လဲ"

"အဲဒီ (၆)ယောက်က လူကောင်းတွေမဟုတ်ဘူး။ ဓားပြတွေ"

"ဘာဗျ ... ဓားပြတွေဟုတ်လား။ ဟုတ်ရဲ့လား အဘိုးကြီးရ"

"ဟုတ်တယ်။ အခြားရွာ ဓားပြတိုက်ပြီး ပြန်လာတာ။ အခု မောမောနဲ့ တဲပျက်ထဲမှာ အိပ်နေကြတယ်"

"အဲဒါ ကျုပ်က ဘာလုပ်ရမှာတုံး။ ထမင်းချက်ကျွေးရမှာလားပြော ..."

"မင်း ရွာလူကြီးတွေနှိုး သွားပြော။ ဝိုင်းဖမ်းကြ"

"ခင်ဗျား ... သွားပြောပါလားဗျ"

"ငါက အသက်ကြီးတော့ မျက်စိမကောင်းဘူး။ မင်းက လူငယ် လူလတ် ညရေးညတာ မကြောက်တဲ့ကောင်။ သွား ... မြန်မြန်သွား"





"ဟုတ်ရဲ့လား ... အဘိုးကြီးရာ။ ကျုပ်ကို ဂျောက်ကျအောင်၊ အိပ်ရေးပျက်အောင် လာဒုက္ခပေးနေတာလားဟင်"

"အဘိုးမညာပါဘူးကွာ။ မင်းကိုယုံလို့၊ အားကိုးလို့ မင်းက သတ္တိကောင်းသူမို့ မင်းကိုမှရွေးပြီး လာပြောရတာပါ။ ထ ... ထ .."

"အဘိုးကြီး ..."

"ဟေ ...."

"ခင်ဗျားနာမည် ဘယ်လိုခေါ်တုံး"

"ထားပါကွာ ... နာမည်က အရေးမကြီးပါဘူး။ မြန်မြန်လုပ်ပါ"

"ခင်ဗျားကို ကျုပ်အရင်တုန်းက မမြင်ဖူးပါဘူး"

"အခု မြင်ဖူးပြီဥစ္စာ။ သေသေချာချာကြည့်ထား။ မှတ်ထား"

"အဘိုးကြီး ..."

"ဘာတုံးဟ ... ချီးမှပဲ ... အရေးကြီးပါတယ်ဆို"

"ကျုပ်သွားပြောခ ပိုက်ဆံ"

"သွားသာပြောပါကွာ။ ပြောပြီးရင် ရမှာပါ။ မပူပါနဲ့ ... ထ"

"ကျုပ်ကို မညာနဲ့နော်"

"အေးပါ ..."

"ခင်ဗျားရော ရှိနေမှာလား"

"မင်းအနီးမှာ အဘိုးရှိနေမှာပါ စိတ်ချပါ။ မြန်မြန်သွား"

ဒါနဲ့ အိပ်မှုန်စုန်မွှားနဲ့ ထလိုက်ရော ...

အလို ... ဒါ အိပ်မက်ဖြစ်နေပါလား။ အနီးမှာ အဘိုးကြီး မရှိဘူး။ သို့သော် အိမ်မက်က ထူးဆန်းနေတယ်။ တကယ်နှိုးပြီးလာပြောသလို ခံစားရတာ။ ရွာထိပ်က တဲပျက်ထဲမှာ လူ(၆)ယောက် အိပ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ အဲဒါ ဟိုဘက်ရွာကိုဓားပြတိုက်ပြီး မောမောပန်းပန်းနဲ့ အိပ် ပျော်နေတာ။ ရွာလူကြီး သွားနှိုးပြော။ ပြောပြီးရင် မင်း ပိုက်ဆံရမှာ တဲ့။

အိပ်မက်ထဲလာပြောတဲ့ အဘိုးကြီးက မျက်နှာစိမ်းအဘိုးကြီး။ ဒီရွာမှာသူနေလာတာ အနှစ်ကတည်းက။ သို့သော် အဲဒီအဘိုးကြီးကို မမြင်ဖူး။ သေသွားတဲ့ အဘိုးကျော်ဦးလည်း မဟုတ်ဘူး။

မြွေကိုက်လို့သေသွားတဲ့ ဘကြီးနိုင်ကြည်တင့်လည်း မဟုတ် ဘူး။ သေနတ်မှန်လို့သေသွားတဲ့ ဘကြီးသိန်းဝင်းလည်း မဟုတ်ဘူး။

အိပ်ရာကလန့်နိုးလို့သာ အိပ်မက်လို့ပြောရတာ အမှန်က သူ့ကို အသေအချာအတိအကျ နှိုးပြောသွားတာ။

သူ ဘာလုပ်ရင်ကောင်းမလဲ၊

ပြန်အိပ်ရင်ကောင်းမလား။

သို့သော် ဓားပြတဲ့။ ဟုတ်နေရင် ဘယ်လိုဖြစ်မလဲ။ သူများ ချွေးနည်းစာကို မတရားလုယက်နှိပ်စက်တဲ့ကောင်တွေ လွတ်နေရင် အများရွာသူ ရွာသားတွေပဲ ဒုက္ခဆင်းရဲဖြစ်ရမှာ။

ဒါပေမဲ့ စဉ်းစားစရာက ...

အချိန်မတော်ကြီး အိပ်မက်လား၊ တကယ်လား ဝေခွဲလို့မရ သို့သော် ဟုတ်သော်ရှိ မဟုတ်သော်ရှိ သွားကြည့်လျှင်ကောင်းမယ်။

ဟုတ်ခဲ့ရင် ဘာလုပ်ရမလဲ။

အင်း ... ဟုတ်ခဲ့ရင် ဟိုးအဘိုးကြီးပြောသလို ရွာသူကြီး ကိုသွားနှိုးပြောရမယ်။ ဒါနဲ့ သချိုင်းကုန်းကနေ သန်းခေါင်အကျော် လင်းကြက်အဆော်မှာ ပုန်းလျှိုးကွယ်လျှိုးနဲ့ ရွာပြင်တဲစုတ်ကို ချဉ်းကပ် လာခဲ့လိုက်တယ်။





တော်သေးရဲ့ တဲအနီးဝန်းကျင်မှာ ရွှေဘိုချဉ်ပေါင်ပင်ကြီးတွေ၊ ပေါက်ပန်းဖြူပင်နဲ့ ကိုင်းပင်အချို့ ပေါက်နေကွယ်နေလို့။ အနီးလည်း ရောက်ရော ဟာလာဟင်းလင်းပွင့် တဲစုတ်အတွင်းကိုကြည့်လိုက်တော့–

ဟား ... သောက်ကျိုးနည်း လူ (၆) ယောက်ဗျာ။ ပိုးလိုး ပက်လက် အရက်နံ့တထောင်းထောင်းနဲ့ အိပ်မောကျနေကြတာ ခွေး ခလောင်းနဲ့ ဟောက်များတောင် ဟောက်လို့။

သူတို့အနီးဝန်းကျင်မှာ ဝါးရှည်လည်းတွေ့ရဲ့။ အချို့ ခါးတွေ မှာ ခြောက်လုံးပြူးသေနတ်ကလည်း ထိုးလျှက်တွေ့ရဲ့။ တစ်ယောက်က ဆို ရိုင်ဖယ်လား၊ နှစ်လုံးပြူးသေနတ်လား မပြောတတ်ဘူး။ ခပ်ရှည် ရှည်သေနတ်ကို ကြိုးနဲ့လွယ်ပြီးအိပ်လို့။

ဟုတ်ပြီ။ အိပ်မက်ထဲက အဘိုးကြီးပြောတဲ့အတိုင်း မှန်နေ ပြီ။ အားလုံး (၆) ယောက်။ လက်နက်ကိုယ်စီလည်း ပါတယ်။ ကိုယ့် ရွာသား မဖြစ်နိုင်ဘူး။ အသာ နောက်လှည့်ပြန်ခဲ့ပြီး ရွာထဲပြန်ဝင် သူကြီး ဦးငါးပေကို နှိုးရရော ...

"သူကြီး ... သူကြီး ..."

"ဗျို့ ... သူကြီး ... သူကြီး ..."

"ဟေ့ ... အချိန်မတော် ဘယ်သူလဲ"

"ကျုပ်ပါဗျာ"

"ဘယ်ကကျုပ်လဲ ခွေးမသားရဟင် ..."

"ကျုပ်ပါ ... ဘကျားကြီးပါ။ မြန်မြန်ထပါ"

"စဉ္စာလ ဘကျားလား"

"ဟုတ်တယ်ဗျို့ ... ဟုတ်တယ်။ မြန်မြန်ထ တံခါးဖွင့်ပါဗျ"

"ဘကျား ... ဘယ်သူသေလို့တုံး"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ခင်ဗျားယောက္ခမဗျာ"

"ဟာ ... ငါ့ရိုးမသားနှယ်။ အချိန်မတော်ကြီး လာဒုက္ခပေး နေတယ်။ ငါ့ယောက္ခမကြီး သေလို့ နတ်ပြည်ရောက်နေဉစ္စာကို"

"သူကြီး ..."

"သွား ... သွား ... မိုးလင်းမှ ငါ့အကြောင်းသိရမယ်"

"သူကြီး ... ထပါဗျာ။ ရွာပြင်မှာ ဓားပြတွေ ... ဓားပြ တွေ ..."

"ဘာ ... ဘာပြောတယ် ဘကျား"

"ရွာပြင်တဲပျက်ထဲမှာ ဓားပြ (၆)ယောက် လံက်နက်ကိုယ်စီ နဲ့ အိပ်ပျော်နေလို့ လာပြောတာဗျ"

အထဲက တံခါးဖွင့်သံနှင့်တူ မီးခွက်အလင်းရောင်ပါ မြင်ရပြီး သူကြီးရော၊ သူကြီးကတော် ဒေါ်ချက်ကွဲရော နိုးလာရော။ ဒါနဲ့ ဘကျား ကြီးက ဖြစ်ပုံပျက်ပုံတွေ့ခဲ့ပုံကို ပြောရော ...

"သေချာရဲ့လား"

"သေချာပါတယ်ဗျ"

"မင်းပြောတော့လည်း အိပ်မက်လိုလိုဆို၊ မူးကြောင်ရူးကြောင် နဲ့ မင်းငါ့ကို အိပ်ရေးပျက်အောင်လုပ်တာလား ဘကျား"

"ဘုရားစူး မိုးကြိုးပစ်ရစေ ... သူကြီးရာ။ အိပ်မက်လား တကယ်လားမသိဘူး။ အဲဒီအဘိုးကြီးပြောတဲ့အတိုင်း သွားကြည့်တော့ မယ်ကာစရာလက်နက်နဲ့ လူစိမ်း(၆)ယောက်ကို တဲပျက်ထဲမှာ အိပ်မော ကျုရင်း တွေ့ရလို့ လာပြောတာ။ ယုံတာမယုံတာ သူကြီးအလုပ်။ ကျုပ် တို့တာဝန်ကျေပြီ။ ကျုပ်ပြန်မယ်။ အိပ်မယ်"

"ဟေ့ ... ဟေ့ကောင် ... စဏ္ဍာလ"

---

စိတ်ကူးသစ်စာပေ



"ဘာ ... ဘာစဏ္ဍာလလည်းဗျ၊ ခင်ဗျား သေချင်လို့လား"

"ဘွာ ... ဘွာ ... ဖွ ... ဖွ ... လွဲပါစေဖယ်ပါစေဗျား။ ဘကျားရာ ... ငါ့ရိုးမသားရာ ... နိမိတ်မရှိ နမာမရှိကွာ။ ကိုင်း .. ကိုင်း ... ငါလိုက်မယ်။ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေပါ နိုးမှကွ"

သည့်နောက် ရွာထဲက ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနဲ့ ရဲစွမ်း သတ္တိရှိသူ သိုင်းသမားယောက်ျား လူစွမ်းလူစရှိသူများကိုပါနိုးလို့ ရွာပြင် က တဲပျက်ရှိရာကို တိတ်တိတ်ကလေးဝိုင်းပြီး ချဉ်းကပ်ကြတယ်။ ဟင်း လင်းပြင်ထဲကို ဝိုင်းမိပြီး ... ဘုရား ... ဘုရား ... တော်ပါသေးရဲ့။ အားလုံး အရက်နံ့တထောင်းထောင်းနဲ့ အိပ်မောကျနေလို့။

သည့်နောက် သူကြီးက ခပ်တိုးတိုးပြောလိုက်ရော။

ယောက်ျားကောင်း (၁၀)ယောက် ဓားကိုယ်စီ ကြိုးကိုယ်စီ နဲ့ အိပ်နေသည့် ဓားပြ(၆)ယောက်ပေါ် ခုန်အုပ်ပါရော ...

"ကျား ..."

"ကျား ..."

"မပြေးနဲ့ ..."

"ချုပ်ထား ... ချုပ်ထား"

"ကျား ..."

"ဝုန်း ..."

"ဖုန်း ..."

"ဖောင်း ..."

"သေဟ ... သေဟ ... ကိုင်းကွာ ... ကိုင်းဟာ ..."

ခုန်အုပ်ဖမ်းချိန်မှာ ဓားပြ(၆)ယောက် နိုးလာပြီး ပြန်ခုခံပါ ရော၊ တဲပျက်ပေါ်မှာ ဝုန်းဒိုင်းကျဲပြီး တဲဒေါက်တွေ ယိုင်လဲကုန်ရော။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ..."

"ဒိုင်း ..."

"မလှုပ်နဲ့၊ မပြေးနဲ့ မင်းတို့ကို ငါတို့ဝိုင်းထားလိုက်ပြီ"

သူကြီးက နှစ်လုံးပြူးသေနတ်နဲ့ နှစ်ချက်မိုးပေါ်ထောင်ပစ်လိုက်တယ်။ ဝိုင်းထားတဲ့လူအုပ်ကလည်း ရှေ့နောက်ဝဲယာ ညာသံပေးလိုက်ရော။

ရဲကင်းအဖွဲ့ပါ ဝိုင်းထားတယ်မှတ်ပြီး ဓားပြတွေ ငြိမ်သွားရော။ အဲဒါ (၆)ယောက်စလုံးကို နောက်ပြန်ကြိုးတုပ်ပြီး လက်နက်များသိမ်းလို့ တိုက်ရာပါပစ္စည်းများပါ သိမ်းလာခဲ့ ဖမ်းလာခဲ့ကြတယ်။ အကုန်လုံးကို ထိတ်တုံးခတ်ပြီး စစ်မေးလိုက်တော့ နာမည်ကြီးဓားပြ သုံးထောင်ပြန် ရွှေလက်ဝါးတို့အဖွဲ့ ဖြစ်နေပါရော ... ဆရာမှိုင်းရေ။

"ရွှေလက်ဝါး ..."

"ဗျာ ..."

"မင်းတို့ ဘယ်ရွာကိုတိုက်ခဲ့လဲ"

"မန်ကျည်းကိုးပင် ရွာကိုပါခင်ဗျာ့"

"ဘယ်သူ့အိမ်လဲ"

"သူဌေး ဦးချစ်ကောင်းအိမ်ပါ"

"တိုက်ရာပါ ဒါအကုန်ပဲလား"

"ဟုတ်ပါတယ်"

"နောက်ထပ် ဘယ်သူပါသေးသလဲ မှန်မှန်ပြောနော်"

"ကျွန်တော်တို့ (၆)ယောက်ပါပဲခင်ဗျ။ ခရီးပန်းလွန်းလို့ ခဏနားရင်း အိပ်ပျော်သွားတာပါ"

"ဟုတ်ရဲ့လား ...။ ငါ့ရွာကို တိုက်မလို့မဟုတ်လား"





"မ ... မ ... ဟုတ်ပါဘူး ... သူကြီး။ ပင်ပန်းလို့ ခဏနားရင်း အိပ်မောကျသွားတာပါခင်ဗျား"

ရွှေရောငွေရော မနည်းဘူး။ လွယ်အိတ်နဲ့ နှစ်လုံးအပြည့်။ ..လည်းလင်းရော မြို့ရဲစခန်းက ရဲမှူးနဲ့နယ်ထိန်းတွေ ရောက်လာကြရော။

နာမည်ကြီးဓားပြဂိုဏ်းကို သူကြီးဦးငါးပေနှင့် ရွာသူရွာသားများက အရှင်လက်ရ သက်သေခံပစ္စည်း၊ လက်နက်အစုံနဲ့ ဖမ်းပေးလို့ စခန်းမှူးနဲ့ ဒုရဲအုပ်တွေရော ဝမ်းသာအံ့ဩ ချီးကျူးလို့မဆုံးဘူး။

"စတွေ့စသိတာ ဘယ်သူတုံး သူကြီးမင်း"

"ဟောဒီ ... စလွှာ ..."

"သူကြီး ... ခင်ဗျားနော် ... ကျုပ် ... ကျုပ်ကို ..."

"အဲ ... အဲ ... အဲ ... ဟောဒီကောင် ဘကျားကြီး စတွေ့တာပါခင်ဗျ"

"ကိုဘကျားကြီး"

"ခင်ဗျာ ... မိုလ်ကြီး"

"ဘယ်လို စတွေ့သိရတာလဲ ပြောပြပါဦး"

ဒါနဲ့ ဘကျားကြီးက သချိုင်းကုန်းအုတ်ဂူပေါ် မှူးပြီးအိပ်ပျော်နေတုန်း အသက်(၆၀)ဝန်းကျင်ခန့် ပုဆိုးအဖြူနက်ကွက်၊ အင်္ကျီအဖြူလက်ရှည်၊ ခေါင်းပေါင်း၊ တုတ်ကောက်နဲ့ အဘိုးအိုတစ်ဦး လာနှိုးပြောဆိုသွားပုံကို ပြောပြရော။ သူတို့ အံ့ဩနေကြရောဗျာ။

"အိပ်မက်လား ကိုဘကျားကြီး"

"မပြောတတ်ဘူး မိုလ်ကြီး။ အိပ်မက်လိုလို၊ တကယ်လိုလို ..ုံးတိုးဝါးတားပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီးနာမည်ကရော"

"မေးတယ် မပြောဘူး"

"ဒီရွာသားထဲကပဲလား"

"မဟုတ်ဘူး။ မမြင်ဖူးဘူး"

"သူ့ကိုတွေ့ရင် မှတ်မိမလား"

"မှတ်မိပါတယ် ဗိုလ်ကြီး"

"ကျေးဇူးပါပဲ . . . ကိုဘကျားကြီး။ ဒီလို နာမည်ကျော်ဓားပြအဖွဲ့ကို တိုက်ရာပါလက်နက်နဲ့ရော လက်ရဖမ်းပေးတဲ့ သူကြီးတို့အပါအဝင် သူရဲကောင်းများကို ဂုဏ်ပြုဆုများ အခမ်းအနားနဲ့ ချီးမြှင့်နိုင်အောင် ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်သွားပါ့မယ်။ ကိုင်း . . . တရားခံ (၆)ယောက်ကို ကျွန်တော်တို့ ခေါ်သွားမယ်။ ဓားပြတိုက်ခံရတဲ့ရွာကိုလည်း သွားစုံစမ်းစစ်ဆေးရဦးမှာမို့ သွားကြစို့"

ဒါနဲ့ ဓားပြတရားခံများကို လက်ထိတ်ကိုယ်စီခတ်ပြီး ရွာပြင်အရောက် လိုက်ပို့ကြတယ်။ ရွာပြင်ရောက်တော့ ဆင့်ထားတဲ့လှည်းများရောက်လာလို့ လှည်းနဲ့ခရီးဆက်သွားကြရော။ သူကြီးနဲ့ ရွာသားတွေလည်း ပျော်လို့ပေါ့ဗျာ။

"သူကြီး . . ."

"ဘာတုံးဟ . . . စံရ . . . ရ"

"ကျုပ်တို့အားလုံးကို ဂုဏ်ပြုမယ်ဆိုပဲဗျာ"

"ကောင်းတာပေါ့ကွာ ငါတို့က ဓားပြတွေဖမ်းပေးတာကိုး"

"သူကြီးတော့ နာမည်ပိုကြီးပြီဗျ"

"ဒီတစ်ခါ နှစ်လုံးပြူးသေနတ်မကဘူး အမြောက်ပါ ဆုချမလားမသိဘူးနော်"





"ဟ . . . ကျော်ပြူးရ . . . ခွေးမသားရ . . . ရွာသူကြီးကို အမြောက်ဆုချမလားဟ . . . ငတုံးရ"

"ဆုပေးပွဲကများပြန်လာလို့ ရွာကိုဝင်ရင် သူကြီးက သူကြီးကတော်ရဲ့ပန်းကုံး အစွပ်ခံမှာလား၊ ရွာထဲက ကွမ်းတောင်ကိုင်တွေရဲ့ပန်းကုံး အစွပ်ခံမှာလားဗျ ဟင် . . ."

"ဟာကွာ . . . မင်းတို့ကွာ မှန့်ဆီကြော်က ဘယ်နားနေမှန်း မသိသေးဘူး"

"ဟ . . . သူကြီးပဲကွ . . ."

"အေး . . . လုပ်ပါဦး . . . ရွှေတင်ကြီးရ"

". . . . . . . . . ."

"မင်းတို့ကွာ . . . လူကြီးကို နားရှက်စရာကောင်းလိုက်တာ"

"အဲဒီလိုသာလုပ်ခဲ့ရင် သူကြီးကတော်က သူကြီးကို ဆန်ဖွပ်မောင်းထဲ ထည့်ထောင်းမှာဗျ"

"တို့သူကြီး ပိုဖွေးသွားတာပေါ့။ ဟား . . . ဟား . . . ဟား"

"အဟီး . . . ဟီး . . . ဟီး . . ."

ဒီလိုနဲ့ ရွာလယ်ညောင်ပင်ကြီးအောက်ရောက်လို့ ခဏနားတုန်း ရှိသေးတယ် စဏ္ဍာလဘကျားကြီးရဲ့ အော်သံကို ကြားရပါရောဗျား။

"သူကြီး . . . သူကြီး . . ."

"ဟ . . . ဟ . . . စဏ္ဍာလ . . . အဲ . . . အဲ . . ."

"ဘကျား . . . ဘာဖြစ်ပြန်သတုံးဟ။ သောက်ကျိုးနည်း . . အလန့်ထန်းလျက်ကွာ"

"စဏ္ဍာလ မြွေကိုက်ပြီနဲ့တူတယ် သူကြီးရေ"

"သူကြီး . . . သူကြီး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် … ဘကျား … ဘာတုံး … ဘာတုံး …"

"တွေ့ပြီဗျ … တွေ့ပြီ …"

"မင်းနှမလင်ကို တွေ့တာလားကွ"

"ကျုပ်နှမလင် မဟုတ်ဘူးဗျ။ ကျုပ်ကို ညတုန်းက သချိုင်းမှာ လာနှိုးပြီးပြောသွားတဲ့ အဘိုးကြီးကိုတွေ့လို့ဗျ … တွေ့လို့"

"ဟေ … ဟုတ်လားဟ"

"ဟန်ကျပြီဟေ့ … ဒါဆို အဓိကမျက်မြင်သက်သေ သတင်းပေး ရပြီပေါ့ကွာ။ ဘယ်မလဲဟ … ဘကျားရ … မင်းပထွေး"

"ဟောဟို အဘိုးကြီးပဲဗျ"

"ဟေ …"

"ဘာ … ဘာ …"

"ဟ … ဟ … ဘကျားရ … ဒါ … ဒါနောက်စရာမဟုတ်ဘူးဟ"

အားလုံး အံ့သြကုန်ကြတယ်လေ။

အံ့သြမှာပေါ့ … ဘကျားလက်ညှိုးထိုးပြတဲ့ အဘိုးကြီးက ဘယ်သူမှတ်လို့တုံး။

ညောင်ပင်မှာကပ်ရိုက်ထားတဲ့ သွပ်မိုးနတ်စင်ပေါ်က ရကွှဆိုးကြီးရုပ်တု ဖြစ်နေလို့ပဲဗျို့။

"ဘကျား …"

"ဗျ …"

"မင်း … မင်း … ငါ့ကို ပြောင်ချော်ချော် နောက်တောက်တောက်လုပ်နေတာလား။ ဟုတ်လား။ ဘာလဲ … မင်း ဆုတော်ငွေနဲ့ လွှဲချင်လို့လား"

စိတ်ကူးသစ်စာပေ



"ဘုရားစူး မိုးကြိုးပစ်ရစေရဲ့ သူကြီးရာ။ ကျုပ် မညာမလိမ် မနောက်မပြောင်ပါဘူးဗျာ။ ကျုပ်ကို ညတုန်းက ဓားပြ(ဖ)ယောက် တဲဖျက်မှာအိပ်နေတယ် သူကြီးကိုသွားပြောပြီးဖမ်းလို့ လာပြောတာ အဲဒီ အဘိုးကြီးပဲ။ မျက်နှာရော၊ ပုဆိုးအကွက်ကြားရော၊ အင်္ကျီအဖြူလက်ရှည်နဲ့ ခေါင်းပေါင်းရော တစ်ထေရာတည်းပဲ။ တောင်ဝှေးကလည်းပါရဲ့။ သူမှသူပါဗျာ"

"ဟော …"

"ဗုဒ္ဓေါ … မြတ်စွာဘုရား"

"ကျားသားမိုးကြိုး။ ဟုတ်ရဲ့လား စဉ်းစားလေ … ဟင်"

"ဒီရုပ်တုက မင်းကိုဘယ်လိုပြောမှာတုံး ဘကျားရဲ့"

"သူလို့ ကျုပ်ပြောရတာက သူနဲ့ ချွတ်စွပ်တူနေလို့ပဲ"

"အခြားလူတူ စဉ်းစားပါဦး ဘကျားရ"

"ဒီရုပ်တုမျက်နှာနဲ့ အဘိုးအိုကြီးပဲ"

"ငါ ဘယ်လိုပြောရမှာတုံး … ဘကျားရာ။ တရားသူကြီးရှေ့မှာ ဒီလိုပြောရင် ငါ့ကို ဦးနှောက်မမှန်တဲ့ သူကြီးလို့ပြောပြီး ရာထူးနဲ့ အာဏာကို ရုပ်သိမ်းလိုက်မှာပေါ့ … မအေရိုးရ … ဟင်"

"ဒါဆိုလည်း မတတ်နိုင်ဘူးဗျာ။ ယုံချင်ယုံ၊ မယုံချင်နေ။ ကျုပ်ကျင်းတူးစရာရှိတယ် သွားပြီဗျို့"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၆ |

❑

ဘာကြာလည်းဗျာ ...

နတ်ကတော် ဒေါ်ဖွားရှင်ကောင်းမှုနဲ့ ရပ်ရိုးရွာရိုးသာမကာ ဟိုရွာဒီရွာပါ ဟိုးဟိုးကျော်ပါရောဗျာ။

ကျွဲကြီးကုန်းရွာညောင်ပင်က ရက္ခစိုးနတ်ရုပ်ကြီးက မန်ကျည်းကိုးပင်ရွာကိုတိုက်တဲ့ ဓားပြ(၆)ယောက်ကို လက်ရဖမ်းမိအောင် ကူညီသတဲ့တော့ ဆိုသည့်သတင်း။ ဟိုတစ်ယောက်ကနေ လူတစ်ရာနားပေါက်ရော။ နတ်ကတော် ဒေါ်ဖွားရှင်ကနေ စဏ္ဍာလဘကျားကြီးကို မေးပြ။ ဘကျားကြီးကလည်း ဟုတ်တယ်ဗျလို့ ပြောရော။

မူလတုန်းက ချောင်းဦးပဲ ရှိရှိသေသေ လေးလေးစားစား ကိုးကွယ်မှုဖော် ဒါနပြုခဲ့သည့် ဘယ်ရွာသားမှန်းမသိ ဘယ်ဇာတိမှန်းမသိ





သည့် ရေမျောကမ်းတင် ရက္ခစိုးဘိုးဘိုးကြီးဟာ ခုတော့ ကျွဲကြီးကုန်းရွာတစ်ရွာလုံးသာမကာ ဓားပြတိုက်ခံရတဲ့ မန်ကျည်းကိုးပင်ရွာက သူဌေးဦးချစ်ကောင်းရော၊ သူတို့အမျိုးအဆွေများရော ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ သစ်သီးဝလံများကို နေ့ရောညပါ လာရောက်ကသိုလ်ပြုပူဇော်ကြတာ။

နေ့ချင်းညချင်း နတ်နန်းနဲ့ကို ဖြစ်သွားရော။ လွတ်လပ်ရေးခေတ်ဦး သိန်းငါးဆယ်ဖိုး အတိုက်ခံရာက ပြန်ရတဲ့ သူဌေးဦးချစ်ကောင်းရဲ့ ကောင်းမှုပေါ့။ ကျွဲကြီးကုန်းရွာက နတ်ကတော် ဒေါ်ဖွားရှင်လည်း ရက္ခစိုးနတ်ကွန်းထိန်းရာထူး ရပေါ့ဗျာ။ မူလကသိုလ်ရှင် ချောင်းဦးက မူလ ဒါယကာအမည်ခံပေါ့ဗျာ။

အများက ရက္ခစိုးကြီးကို ရှိသေလေးစား အလေးထားချိန်မှာ ကိုးယိုးကားယား မဖွယ်မရာလုပ်နေတာက ခေါင်းကြီးနဲ့ ငထိန်ပဲ။ ခုလည်း ဘုံဆိုင်မှာ မူးပြီးယစ်နေကြရဲ့။

"မင်းစဉ်းစား ခေါင်းကြီး၊ ဓားမြ(၆)ယောက်ကိုမိတာ ရက္ခစိုးအဘိုးကြီးရုပ်တုကြောင့်လို့ ပြောနေတာ အဓိပ္ပာယ်ရှိရဲ့လား"

"အေ့ ...ဂေ့ ...ဗွီ ...ဒီလိုသာ ခွေးစကား မျောက်ယုံရင် ကြာရင် ကျားသေလိမ့်မယ်။ ဒါ စဏ္ဍာလရယ်၊ ချောင်းဦးရယ်၊ နတ်ကတော် အိုနာမကြီးရယ်ပေါင်းပြီး စားပေါက်ထွင်တာပဲနေမှာ"

"အခု ရွာမှာလူရှုပ်နေပြီ ...အေ့ ..."

"ကြာရင် ငါတို့ရွာသူတွေပါ ...အေ့ ...ဂေ့ ...အခြားရွာသားနောက် ပါသွားမယ်"

"ဒါဆို မင်းဘယ်လို ...အေ့ ...အေ့ ...လုပ်ချင်လဲ ...ငထိန်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မင်းနဲ့ငါ ရက္ခစိုးရုပ်တုကို သူမျောလာတဲ့ချောင်းအတိုင်း ချောင်းအောက်မှာပြန်မျှောလိုက်ရင် မူလနေရာအရပ်ကို ပြန်ရောက်သွားနိုင်တယ်။ ဒီလိုလုပ်လိုက်ရင် ဟိုအချောင်သမားသုံးယောက်လည်း စားခွင့်ပိတ်၊ ငါတို့ရွာသူတွေလည်း ငါတို့ဖာသာ စိတ်ကြိုက်ပိုးလို့ ပန်းလို့ရရော။ မဟုတ်လား ...အေ့ ...ဟေ့ ..."

"ဥပ် ...ဥပ် ...တယ်ကွာ။ ဘယ်နေ့လုပ်မလဲပြော"

"ဒီနေ့ည ..."

"စိန်လိုက်စမ်းကွာ။ မင်းတို့ရက္ခစိုးကြီး ဘယ်လောက် ဘုန်းတန်ခိုးရှိလဲ သိရသေးတာပေါ့။ ချောင်းဦးတို့ရာ ...ဟား ...ဟား ဟား ..."

ဒီလိုနဲ့ ည(၇)နာရီထိုးလည်းရောက်ရော လူရွှတ်လူပေနှစ်ဦးဟာ အရက်ပုလင်း ခါးကြားထိုးပြီး လရောင်ကိုအဖော်ပြုလို့ ရက္ခစိုးနတ်ကွန်းရှိရာကို ခြေလှမ်းကျဲနဲ့ လာကြတယ်။ ဒီပတ်ဝန်းကျင်မှာ ညဘက်ရောက်ရင် လူသူမရှိဘူး။ ခွေးဟောင်သံ ခွေးအူသံပဲ ကြားရတယ်။ သူတို့နှစ်ဦး အရက်ပုလင်းကို တစ်ငုံစီမော့ပြီးနောက် ရက္ခစိုးရုပ်တုကို ခါးထောက်ကြည့်ပြီး ပြောလိုက်တယ်။

"ရက္ခစိုးဆိုတာ ခင်ဗျားလား။ ဟား ...ဟား ...ဟား"

"ဘယ်ရွာသားတုံး ဘယ်အရပ်သားတုံးဗျ"

"အေ့ ...ဂေ့ ...အမည်အရင်းကရော ...ရက္ခစိုးရ အဟတ်"

"မောင်ပိန်လား၊ နှောင်ကျိန်လား ...ပြော ...အဟတ်"

"အသက် ..."





"(၁၆)နှစ်လောက်ရှိရောပေါ့ ...ငထိန်ရ ...ဟား ...ဟား ... ဟား ..."

"ကိုင်း ...ရက္ခစိုးကြီး ကူလီကူမာ လုပ်မနေနဲ့။ သူဟာသူ ဖြစ်လာတဲ့ အခြေအနေကိုဖမ်းပြီး ရက္ခစိုးကြီးရော၊ နတ်ကတော်ကြီးတို့ရော၊ ဟိုစဏ္ဍာလကောင်ရော ထင်ပေါ်ကျော်ကြား လုပ်စားရိုက်စား လုပ်မနေနဲ့တော့။ အားလုံး နေဝင်ချိန်ရောက်ပြီ။ ကိုင်း ...ခင်ဗျားရဲ့ မူလဇာတိကို လေဟုန်စီး ရေကြိုခရီးနဲ့ပြန်ရအောင် အသာတကြည် ကြွတော်မူပါတော့ ...အမှတ်မရှိ၊ လမ်းမရှိ၊ ကီလီဘောတံတား ရက္ခစိုးကြီးခင်ဗျား"

"ဟား ...ဟား ...ဟား ..."

"ဟီး ...ဟီး ...ဟီး ..."

"အဟတ် ...အဟတ် ...အဟတ် ..."

သည့်နောက် ရက္ခစိုးရုပ်တုက ခေါင်းပေါင်းအင်္ကျီ၊ ပုဆိုးများကို ဆွဲချွတ် ဆုတ်ဖြဲပြီး လွှင့်ပစ်ကြတယ်။ သည့်နောက် ရက္ခစိုးရုပ်တုကို မ,ကြတယ်။

"အလို ..."

"ဘာတုံးဟ ...ငထိန်ရ"

"မ,လို့ မရဘူးဟ ...ခေါင်းကြီးရ"

"မင်းကလည်း ချာပါကွာ။ ဖယ် ...ကိုင်း ...ကြွ"

"ဟင် ..."

"ဘယ့်နှယ် ...ကြွရဲ့လား ခေါင်းကြီး"

"ကိုင်း ...ကိုင်း ...အလို မ,လို့မရဘူး၊ မကြွပါလား... ခြေထောက်များ သံမှိုစွဲထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“နှဲ့ချိုးကွာ”

“အင်း ... ဟင်း ... ဟင်း ...”

“အင်း ... ဟင်း ... ဟင်း ...”

“ငထိန်”

“ဘာတုံးခေါင်းကြီး”

“လူညည်းသံကြားတယ်။ ဒီနားမှာ လူရှိနေလားမသိဘူး”

“ဟုတ်ရဲ့လား။ နှဲ့ချိုးပါဟ မြန်မြန်လုပ်ပါ”

“အင်း ... ဟင်း ... ဟင်း ...”

“ဟာ ... ဟုတ်တယ် ငထိန်။ နေဦး ... ငါသွားကြည့်ဦးမယ်”

ခေါင်းကြီး အုတ်ခဲတစ်လုံးကိုင်ပြီး မှောင်ထဲက အသံလာရာကို ဝင်သွားတုန်းမှာပဲ ...

“ဘုန်း ...”

“အား ... မလေးဗျ”

“ဖောင်း ...”

“အား ... သေပါပြီဗျ”

ခေါင်းကြီးအော်သံနဲ့အတူ ကျောကော့ပြီး လဲကျသွားပါရော။ ဒါနဲ့ ငထိန်က ဘာဖြစ်လို့လဲသိချင်လို့ ခေါင်းကြီးရှိရာကိုအသွား ...

“ခေါင်း ... ကြီး ... ခေါင်းကြီး ...”

“ဟော့ကောင် ... ဘာဖြစ်လို့လဲ”

“င ... ထိန် ... ငါ့ ... ကျောကုန်းကို ... နောက်ကနေ ... ရိုက် ... ရိုက် ...”





“ဖောင်း ...”

“အားမလေး ...”

“ဘုန်း ...”

“အား ... သေပါပြီဗျ ... အား ...”

ငထိန့်ကျောကုန်းကိုလည်း နှစ်ချက်ဆင့်အရိုက်ခံရပြီး ငထိန် ခေါင်းကြီးရဲ့ကိုယ်ပေါ် မှောက်လျက်လဲလို့ လန့်ပြီး သတိလစ်သွားပါ ရော။ အဲဒါ မိုးလင်းလို့ ရွာသူရွာသားများ လုပ်ငန်းခွင်သွား၊ မြို့သွား သို့လုပ်ရော ပျက်စီးယိုယွင်းနေတဲ့ ရက္ခစိုးရုပ်တုနှင့် မှောက်ခုံကြီး သတိလစ်နေတဲ့ သူတို့နှစ်ဦးကိုမြင်ရော ...

“ငထိန် ...”

“ခေါင်းကြီး ... ဟဲ့ကောင် ... ငထိန်နဲ့ခေါင်းကြီး”

“အား ... အား ... မ ... မ ... ရိုက်ပါနဲ့ဗျ။ နောင် ... ... လုပ် ... တော့ပါဘူး ... ဗျ ... အား ... အား ...”

“ဟော့ကောင်တွေ ...”

“အမလေး ... ကြောက်ပါပြီဗျ ... မ ... ရိုက် ... ပါနဲ့ ဗျ”

အဲဒါ နတ်ကတော် အမေဖွားရှင်တို့ရော ရွာသူကြီးရော ရောက် လာပြီး မေးမြန်းမှ သူတို့နှစ်ဦးက သူတို့ညတုန်းက ကျူးလွန်ခဲ့သည့် အဖြစ်ကို ပြောပြပါရော။ အားလုံး ကြားရချက်ကို လန့်ဖျပ်ခေါင်းနားပန်း ကြီး ကြက်သီးမွေးညင်း ထကုန်ရောဗျို့။

နှစ်ယောက်စလုံးရဲ့ကျောကုန်းမှာ လက်ဝါးရာနှစ်ချက်စီ ရဲ ညီးလို့ ...။

“မင်းတို့ကို ဘယ်သူရိုက်တာတုံး”



www.burmeseclassic.com

www.burmeseclassic.com



"မ . . . မသိဘူးဗျ၊ မှောင်ထဲကနေ ချလိုက်တာပဲ"

"လူလား၊ သရဲတစ္ဆေလား မေးတော့ . . ."

"မသိဘူး၊ ညည်းသံတော့ ကြားရတယ်"

ကိုင်း . . . နောက်ဆုံး သက်သေနဲ့သဲလွန်စက ရှိနေပြီဗျာ။ ရက္ခစိုးကြီးရဲ့ ပုဆိုး၊ အင်္ကျီ၊ ခေါင်းပေါင်းများကို ဆွဲချွတ်စုတ်ဖြဲလွှင့်ပစ်တာ သူတို့လေ။

အဲဒီတော့ အားလုံး သဘောပေါက်ကြပြီ။

ဟုတ်သော်ရှိ မဟုတ်သော်ရှိ တွေးဆကြတယ်။

ရက္ခစိုးကြီးများ ဆုံးမရော့သလား။

အဘိုးရက္ခစိုးကြီးက ခွင့်လွှတ်လို့မလုပ်တော် သူ့တပည့်သားများက သင်းတို့ကို ပညာပေးရော့သလား။

နောက်ဆုံး ကိုချောင်းဦးတို့ကပဲ ရက္ခစိုးအဘိုးကို ကန်တော့ပွဲပြင် ပုဆိုး၊ အင်္ကျီ ဝတ်လဲအသစ်လဲပြီး အမွှေးနံ့သာများပက်ဖြန်းလို့ လူမိုက်နှစ်ယောက်ကိုယ်စားရော သူတို့ပါ ပါဝင်လို့ရောတောင်းပန်လိုက်ရတယ်။

ထူးဆန်းလိုက်တာဗျာ အဲဒီလို ပွဲပြင်လို့ တောင်းပန်ကန်တော့မှ ဟိုနှစ်ကောင် ကျော်အောင့်ပြီး အသက်ရှူရခက်နေတဲ့ဝေဒနာ ချက်ချင်း သက်သာသွားကြပါရောဗျ။ နောက်ကို ငထိန်နဲ့ခေါင်းကြီးသာမက ဘူး ခပ်စွာစွာ ခပ်ကျယ်ကျယ်လူ ဘယ်သူမှ ရက္ခစိုးနတ်ကွန်းကို မခန့်လေးစား မထီမဲ့မြင် မလုပ်ရဲကြတော့ဘူး။ ရွာဝင်ရွာထွက် နေ့နေ့ညည လေးလေးစားစား ဂါရဝပြု ဆုတောင်းမေတ္တာပို့ပြီးမှ သွားကြလာကြတယ်။

---

စိတ်ကူးသစ်စာပေ



အဲဒီအချိန်ကစပြီး ကျွဲကြီးကုန်းရွာမှာ အပ်တိုတစ်ချောင်း မပျောက်ဘူး။ ကြက်တစ်ကောင် အခိုးမခံရဘူး။

ကျွဲနွားများပျောက်လို့ ရှာမရရင် အဘိုးရက္ခစိုးကြီးနတ်နန်းမှာ သွားပြောလိုက်၊ မကြာဘူး ပျောက်နေတဲ့ကျွဲနွား အိမ်ကိုပြန်ရောက်လာရော။

ဒါကြောင့် တစ်ရွာလုံးက ရက္ခစိုးအဘိုးကို ဘုရား၊ တရား၊ သံဃာ ပြီးရင် အားကိုးအားထားပြုကြတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

❑

တစ်နေ့လည်းကျရော အကြီးအကျယ် ပြဿနာတက်ပါရော ခင်ဗျား။ ဖြစ်ပုံက ဒီလိုဆရာမှိုင်းရေ ...။

တစ်နေ့လည်းကျရော ဟို ပိတောက်ချောင်းဆိုတဲ့ရွာက လူအုပ်တစ်စု ရောက်လာပါရော။ သူတို့က ပထမဦးဆုံး နတ်ကတော် ဒေါ်ဖွားရှင်နဲ့ စကားများတာခင်ဗျ။ သူတို့ထဲက ဗလကောင်းကောင်း နှုတ်ခမ်းမွေးကားကားနဲ့ လူမိုက်ပုံပေါက်နေသူက ပြောတယ်။

"အမေကြီးက နတ်ကွန်းထိန်းလား"

"ဟုတ်ပါတယ်ကွယ်"

"ဒီရုက္ခစိုးရုပ်တုကို ဘယ်တုံးကရသလဲ ရှိသလဲဗျ"

"သိတင်းကျွတ်လ ရေကြီးပြီးနောက် ရောက်လာတာပဲကွယ့်"





"ဘယ်လို ရောက်လာတာတုံး"

ဒါနဲ့ ဒေါ်ဖွားရှင်က မောင်ချောင်းဦး ဒီရုပ်တုရခဲ့တဲ့ပုံကို ပြောရော။

"ဒီမှာ အမေကြီး"

"ပြောပါရှင် ... ပြောကြပါ"

"အဲဒီ ရုက္ခစိုးရုပ်တုက ကျွန်တော်တို့ ပိတောက်ချောင်းရွာက နတ်ရုပ်တုပဲဗျ"

"ဟုတ်လား ..."

"လေကြီးမိုးကြီးကျပြီး သစ်ပင်ကျိုးရာက နတ်စင်ပါ လေနဲ့လွင့်ပြီး ရုက္ခစိုးရုပ်တု လေနဲ့ရေနဲ့မျောပါပြီး ဒီရွာမှာ သောင်တင်နေတာ။ အခု ကျုပ်တို့ရုပ်တုကို ကျုပ်တို့ပြန်လိုချင်တယ်"

"အလို ... မဖြစ်နိုင်တော့တာကွယ်"

"ဘာလို့ မဖြစ်ရမှာလဲဗျ။ ကျုပ်တို့ရွာက မူလပိုင်ရှင်လေဗျာ။ ခင်ဗျားတို့ ကောက်ရသည့်ပစ္စည်း ပိုင်ရှင်ပေါ်ရင်ပြန်ပေးရမှာ မဟုတ်ဘူးလား။ ပေးရမယ်"

"မပေးနိုင်ဘူး"

"ကျုပ်တို့ ဖြုတ်ယူမှာပဲ"

"ဟော့ ... ဖြုတ်ရဲရင် ဖြုတ်ကြည့်ကြကွ"

နောက်ဆုံး ကျွဲကြီးကုန်းရွာသားများနဲ့ ညီသည့်ပိတောက်ချောင်းရွာသားတို့ တုတ်တစ်ပျက်ဓားတစ်ပျက် ချမယ်ရိုက်မယ်ခုတ်မယ် ဖြစ်ရာ ရွာသူကြီးဦးငါးပေ ဝင်ပါရပါရော။

"မောင်ရင်တို့ ပိတောက်ချောင်းရွာက ရုက္ခစိုးရုပ်တုဆိုတာ အမှန်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အခုပါလာတဲ့ လူအားလုံးမေးကြည့်ပါ သူကြီး"

"ဟုတ်တယ်။ ကျုပ်တို့ရွာက နတ်ရုပ်တု"

"ဟုတ်တယ်ဗျို့ . . ."

"ဒါဆိုမေးမယ်။ မင်းတို့ရွာက ရက္ခစိုးရုပ်တုကို ငါတို့ရွာသားတွေ အခမ့်လာယူသလား"

"မယူပါဘူး"

"လာခိုးတာလား"

"မခိုးပါဘူး"

"ပိုက်ဆံနဲ့ ဝယ်ယူခဲ့လား"

"မဝယ်ကြပါဘူး"

"လေတိုက်၊ ရေကြီးလို့ လွင့်စင်မျောပါပြီး ငါတို့ရွာကို မခေါ်မပင့်ဘဲ ရောက်လာတာကွယ့်။ ငါ့တူတို့ ရာဇဝင်ထဲမှာ တကောင်းအရပ်ကနေ ဧရာဝတီမြစ်ထဲမျောပါလာတဲ့ ပန်းပဲမောင်တင့်တယ်မောင်နှမတို့အသတ်ခံရရာ စကားဝါပင်ကြီးကို နတ်ဖမ်းစားတယ်ဆိုပြီး တကောင်းမင်းက ရေထဲခုတ်မျှောပစ်တယ်။

အဲဒီစကားပင် ပုဂံညောင်ဦးဆိပ်ကမ်းကိုရောက်လာတော့၊ ကပ်လာတင်တော့ သေလည်ကြောင်မင်းကို အိပ်မက်ပေးလို့ ပုပ္ပားတောင်မှာ နတ်မောင်နှမအရုပ်တု,ထု နေရာထိုင်ခင်းရခဲ့တယ်။ ကျေးဇူးသိတဲ့ နတ်မောင်နှမဟာလည်း မင်းကြီးနဲ့တကွ ကိုးကွယ်ပ,သသူအားလုံးကို ကူညီစောင့်ရှောက်ခဲ့တယ်။ အဲဒီလို သတင်းကောင်းကိုကြားတော့ တကောင်းမင်းရော သူတို့မြို့သူမြို့သားရော ဒါ ငါတို့ပစ္စည်းရယ်လို့ လာတောင်းခဲ့သလား"

အားလုံး နှုတ်ဆိတ်နေတယ်။





"ပြောလေ"

"ကျုပ်တို့က တကောင်းဘုရင်လို နှင်ထုတ်လွှင့်ပစ်တာမဟုတ်ဘူး"

"ဟုတ်ပါတယ်။ ငါတို့ဘက်က ပြောရရင်လည်း မင်းတို့ရက္ခစိုးနတ်ရုပ်တုကြီးသည် မင်းတို့အရပ်မှာမပျော်ပိုက်လို့ ငါတို့ရွာမှာ လာနေတယ်။ ငါတို့က ကောင်းမွန်စွာ နေရာထိုင်ခင်းပေးပြီး ပန်း၊ ရေချမ်း၊ သစ်သီးများနဲ့ ကုသိုလ်ဒါနပြုခဲ့လို့ ဒီရွာမှာ ပျော်နေပါပြီလို့ပြောရင် ဘယ့်နှယ်လဲ"

"ကျုပ်တို့ လုံးဝလက်မခံနိုင်ပါဘူး ပြန်ယူရမှာပဲ"

"ပိုင်ရှင် အစစ်ပေါ်နေပြီပဲဗျာ"

"ကိုင်း . . . ဒါဆိုလည်း ငါတို့ နတ်ရုပ်တုသူခိုး အစွပ်စွဲမခံနိုင်ဘူး။ ဒီရုပ်တုတစ်ခုကို ဗဟိုပြုပြီး ရွာကြီးနှစ်ရွာ ရန်မီးရန်စ မပွားချင် မဖြစ်ချင်ဘူး။ မင်းတို့ကလည်း မင်းတို့ရုပ်တုအစစ်ပါလို့ ပြောမှတော့ . . . ကိုင်း . . . မင်းတို့ရုပ်တု မင်းတို့ ပြန်ပင့်ခေါ်ယူသွားတော့။ ဒါ . . . ဆုံးဖြတ်ချက်ပဲ"

"ဝေးဟေးဟေး . . . ဝေးဟေးဟေး"

"ဒါမှ သူကြီးကွ"

"ငါတို့ရုပ်တု ငါတို့ရွာကို ပြန်ခေါ်ပင့်ကြစို့ဟေ့"

ဝိတောက်ချောင်းရွာသားတွေ သူတို့ရက္ခစိုးရုပ်ကို ပြန်ရမှာမို့ အရမ်းကို ပျော်မြူးနေချိန်မှာ . . .

ကျွဲကြီးကုန်းရွာသားများကတော့ စိတ်မကောင်းကြ။ တောက်ခတ်ကြပေါ့။

သို့သော် . . .



www.burmeseclassic.com

www.burmeseclassic.com



ရွာသူကြီးကိုယ်တိုင် ဆုံးဖြတ်သည့်ကိစ္စမို့ လက်လျှော့လိုက် ရတယ်။ ချောင်းဦးရော၊ နတ်ကတော်အမေရှင်ရော မျက်ရည်စို့လို့။

ဒီမှာ သူတို့ ပိတောက်ချောင်းရွာသားထဲက ခေါင်းဆော လုပ်သူ နှုတ်ခမ်းမွေးကားကား လူမိုက်ပုံပေါက်နေသူနဲ့အဖွဲ့က ရက္ခ ရုပ်တုရှေ့မှာရပ်ပြီး ...

“အဘိုး ... ကျွန်တော်တို့ ပိတောက်ချောင်းရွာက အဘိုး မူလဇာတိပါ။ ရေဘေးလေဘေးကြောင့် အဘိုးပျောက်သွားတာ အခု စုံစမ်းသိရှိလို့ ပြန်လာခေါ်ပင့်ပါတယ်။ မူလဇာတိရပ်ရွာကို ပြန်လို ခဲ့ပါ အဘိုး”

အဲဒီလိုပြောပြီး ရက္ခစိုးရုပ်တုကို ဝိုင်းမရော။

“ဝေါ ... ဝေါ ...”

“ဝေါ ... ဝေါ ...”

“ဖရှူး ... ဖရှူး ...”

“ဟာ ... ဟာ ... ဘာတုံးဟာ”

“ဘာသံကြီးတုံးဟေ ... ဟင်”

“လေဗျ ... လေ ... လေဆင်နှာမောင်း”

“ဟော ...”

“အမှိုက်တွေ လွင့်လာပြီ၊ ဖုန်တွေလွင့်လာပြီ ဝပ်နေကြ”

“ဝေါ ... ဝေါ ...”

“ဟူး ... ဟူး ...”

“ဝုန်း ...”

“ဖြောင်း .... ဖြောင်း ...”

လေပြင်းနှင့်အတူဖုန်တွေ၊ အမှိုက်တွေ သစ်ရွက်သစ်ကိုင်း လူ

စိတ်ကူးသစ်စာပေ



ခတ်ကျိုးကျလို့ အားလုံး ဝပ်သူဝပ်၊ ပြေးသူပြေး။

တော်သေးတယ်။ လေဆင်နှာမောင်းက အသေးစားမို့။

လေလည်းငြိမ်သွားရော ပိတောက်ချောင်းရွာခေါင်းဆောင်က ရက္ခစိုးရုပ်တုကိုအမ ...

“ဝေါ ...”

“ဖျော ... ဖျော ...”

“ဟာ ... ဟာ ...”

“ဟာ ... ခါချဉ်တွေပြုတ်ကျသဟ ...”

“ပသန်တွေရောဗျ ...။ အား ... ကိုက်ပဟော့ ... ကိုက်ပဟ ....”

ညောင်ပင်အောက်က ပိတောက်ချောင်းရွာသားအုပ်ပေါ်ကို အပေါ်ညောင်ပင်ကိုင်းက ခါချဉ်တွေထုပ်တွေရော၊ ပသန်ကောင်တွေရော ပြုတ်ကျပြီး ဝိုင်းကိုက်တော့ ပိတောက်ချောင်းရွာသားတွေ အော်ဟစ်ကုတ်ဖဲ့ပွတ်ရင်း လူးလွန့်နေရှာတယ်။ ကျွဲကြီးကုန်းသူကြီးနဲ့ ရွာသားရွာသူများက ညောင်ပင်ရဲ့အရိပ်အပြင်မှာ ရှိနေကြလို့ အကိုက်မခံရဘူး။ ကုတ်လို့ဖဲ့လို့ ရောင်ကိုင်းနေကြပြီ။

အချို့ မျက်စိတွေပိတ်၊ နှာခေါင်းကြီးတွေ ရောင်ကိုင်းဘုသီးထလို့၊ နှုတ်ခမ်းတွေ ထူပိန်းသီးပြီး ဟ,လို့မဖြစ်ကြ။

ဒီမှာ ဖွဲကြီးလှတဲ့ နှုတ်ခမ်းမွေးနဲ့ ရွာသားအချို့က ရက္ခစိုးရုပ်တုကို မ,တယ်။ မ,လို့မရဘူး။ အံ့သြနေရော။ ဒါနဲ့ နှံ့ချီးရော ...

“ဝိ ... ဝိ ... ဝိ ...”

“ရှိ ... ရှိ ... ရှိ ...”

“ရှို ... ရှို ... ရှို ...”

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဖူး ... ဖူး ... ဖူး ..."

"ဖူး ..."

"ဟာ ... ဟာ ..."

"အမလေး ... မြွေဟောက်ကြီးဗျ"

"ပျားတွေ ... ပျားတွေ ... ဝိုင်းတုပ်ကုန်ပြီ ... ပြေး ..."

"ရှီ ..."

"ဖူး ..."

"မြွေဟောက်ကြီးလိုက်လာပြီ။ ကိုကံရာဇာ ... ပြေး ... ပြေး ... ရုပ်တုကိုထားခဲ့။ ငကျိုင်းတို့၊ ပြဿဒါးတို့ ... ပြေး ... အား ..."

အကောင်ပေါင်း သောင်းနဲ့ချီနေတဲ့ပျားအုပ်ဟာ ဘယ်ကနေ ဘယ်လိုရောက်လာမှန်း မသိဘူး။ ရုပ်တုမ,ယူမည့် ပိတောက်ချောင်း ရွာသားတွေကို အုပ်ဖွဲ့လိုက်တုပ်တာ။

ဒါ့အပြင် ရက္ခစိုးရုပ်တု အနောက်ကျောဘက် သစ်ခေါင်းထဲ က လက်မောင်းလုံးမက ကြီးမားရှည်လျားနက်မှောင်နေတဲ့ မြွေဟောက် ကြီးနှစ်ကောင်(အဖိုအမ)ထွက်လာပြီး လိုက်ပေါက်တာ။

ခင်းတို့ ...

အမလေး၊ အဘလေး၊ အမေရေ ကြောက်ပါပြီဗျ အော်ရင်း ပြေးလိုက်တာများ အချို့များ ခါးကပုဆိုး ကျွတ်ကျန်ခဲ့ရော။

ထူးဆန်းလိုက်တာရယ်။

ခင်းတို့ရွာပြင်ကိုရောက်သွားမှ ပျားအုပ်ကြီးက ဟိုညောင်ပင် အဖျားကို ပြန်နားသလို ကြေးလင်ပန်းမျှ ပါးပျဉ်းရှိတဲ့ မြွေဟောက်ကြီး နှစ်ကောင်ကလည်း ပါးပျဉ်းတပြင်ပြင်နဲ့ ရွာစည်ရိုးဝကနေ သင်းတို့ကို





ရင်ကော့ကြည့်နေတာကို အံ့ဖွယ်တစ်ရွာလုံး မြင်ရပါရောဗျို့။

ပိတောက်ချောင်းသားတွေလည်း ကွင်းပြင်မှာ မောပြီးလဲသူ လဲ၊ ဆို့သူဆို့၊ ဟိုက်သူဟိုက်ပေါ့။ မြွေနှစ်ကောင်ကြည့်ပြီး လန့်သူက လန့်။

အတန်ကြာမှ စိတ်ချရတယ်လို့ ယူဆလို့လားမသိ မြွေဟောက် ကြီး လင်မယားနဲ့တွဲရဲ့ ညောင်ပင်သစ်ခေါင်းထဲကို ပြန်ဝင်သွားတော့ တယ်။ ကျွဲကြီးကုန်းသူကြီးနဲ့ ရွာသားများလည်း ထူးဆန်းအံ့ဖွယ် ဖြစ် ရပ်မြင်ကွင်းကိုကြည့်ပြီး ဗုဒ္ဓဘာသာဝင်တွေပဲ။

နားလည်သဘောပေါက်လိုက်ပြီ။

သည့်နောက် သူကြီးဦးငါးပေက ရွာပြင်ကိုထွက်ပြီး သူတို့ အုပ်စုကို မေးရော ...

"မင်းတို့ ရက္ခစိုးရုပ်တုကို ပင့်ယူဦးမှာလား"

" ...."

"ဟေ့ ... မေးနေတယ်။ ယူချင် ဒီနေ့အခုချက်ချင်း ယူ သွား။ နောက်နေ့မလာခဲ့နဲ့။ လာခဲ့ရင် ငါ့ရွာသားတွေနဲ့ အတွေ့ပဲ။ ပြော ရက္ခစိုးရုပ်တု ယူသွားမှာလား"

"မ ... မယူ ... တော့ ... ပါဘူး ... သူကြီးခင်ဗျား"

"တကယ်ပဲလား ..."

"တကယ်ပါပဲ ခင်ဗျာ။ ကြောက်စရာကောင်းလိုက်တာ။ ကျုပ် တို့နဲ့မထိုက်တန်မှန်း၊ ကျုပ်တို့အရပ်မှာ ရက္ခစိုးကြီးမနေချင်မှန်း သဘော ပေါက်ပါပြီ ... သူကြီးရယ်။ ကျုပ်တို့ ပြန်ပါတော့မယ်။ အဘိုးရက္ခစိုး ကြီးခင်ဗျာ ကျွန်တော်တို့မှာ အပြစ်များရှိရင် သည်းခံခွင့်လွှတ်ပါ အဘိုး ခင်ဗျာ ...."



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ရွာကွင်းထဲကနေ အဘိုးရက္ခစိုးကြီးရှိရာကို လက်အုပ်ချီဦးတိုက်ပြီး အားလုံး ပြန်သွားကြလေရဲ့ဗျာ။

အဲဒီအချိန်ကစပြီး ...

ရက္ခစိုးအဘိုးကြီးရုပ်တုရဲ့ စိတ်နယ်လွန် ဖြစ်ရပ်ဆန်းကြယ်များစွာကို ကျူပ်တို့နယ်သားတွေ ကြုံတွေ့ရပါတယ် ... ဆရာမှိုင်း။

အဲဒီလို ဖြစ်ရပ် ဆန်းကြယ်များကို ဟိုး ... ကျွန်တော်တို့အဘိုးအဘွား ဘိုးဘေးများလက်ထက်မှသည် ကျွန်တော်တို့သားမြေးများရဲ့ မျက်မှောက်ခေတ်တိုင်အောင် ကြုံတွေ့မြင်နေကြရတယ်။

အချို့ တရားသဖြင့်ကိစ္စများအတွက် ရက္ခစိုးအဘိုးထံမှာ ပွဲထိုးဆုတောင်းပေးရင် အဆင်ပြေကြတယ်။ သားသမီးလိုချင်လို့ ဆုပန်လျှင်လည်း သားသမီးရကြတာ များတယ်။ ရပ်ရွာကို စောင့်ရှောက်တာကတော့ ဘယ်ဓားပြမှ ရွာကိုဝင်တိုက်လုလို့မရဘူး။ လုယက်တိုက်ခဲ့ရင်လည်း ညတွင်းချင်းမိပြီး ပြစ်ဒဏ်ခံရကုန်တာချည်းပဲ။

ကိုင်း ... ဒါလောက်ဆိုရင် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် စာရေးဆရာကြီး ကျူပ်တို့နယ်က ရက္ခစိုးဘိုးဘိုးကြီး ပူဇော်ပွဲအကြောင်း ဝတ္ထုရေးလို့ ရရောပေါ့ခင်ဗျား ...။

(မှတ်ချက်– ခမည်းပြင်(ခမည်းပင်) ဘိုးဘိုးကြီးအကြောင်း ပြောပြလေ့ရှိသော စာရေးဆရာ မောင်စိန်လှိုင်(ဥဿာ)ကို အမှတ်တရကျေးဇူးတင်စွာဖြင့် ...)

မောင်ညီမှိုင်း(သန်လျင်)


www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

၁၉၇၂ ခုနှစ်က ဖြစ်သည်။ တစ်ပြည်လုံး စာမတတ်သူပပျောက်ရေး လှုပ်ရှားမှုအဖြစ် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားများ မန္တလေးမြို့ကို စုရပ်လုပ်ပြီး တာဝန်ကျရာရွာအသီးသီးသို့ ကွင်းဆင်းကြရသည်။ ကျွန်တော်တို့ တာဝန်ကျသည်မှာ အမရပူရမြို့နယ်၊ ကြွက်နဖားတောင်ခြေ၊ စောမွန်လှ၏ ရွှေစာရံဘုရားအနီးမှ ရှမ်းရွာကြီး။

မန္တလေးဘက်မှလာလျှင် ဦးပိန်တံတား (တောင်သမန်အင်း)၊ ကုလားကျွန်း၊ စာမုဆိုးရွာများကို ဖြတ်ကျော်ပြီးနောက် ကန်ဘဲ့ရွာသို့ ရောက်သည်။ ကန်ဘဲ့–မန္တလေး လှူစီးကုန်တင်လိုင်းကားရှိသော (ဂိတ်ဆုံး) လမ်းဆုံရွာကြီးဖြစ်သည်။

လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ အကြော်ဆိုင်များနှင့် နွားနို့၊ မလိုင်ခဲအရောင်းအဝယ်လုပ်သော ဒိုင်များရှိသဖြင့် အလွန်စည်





ကားသည်။ ထိုရွာကြီးမှတစ်ဆင့် လှည်း (သို့မဟုတ်) ကုန်းကြောင်းခရီးဖြင့် (၃၂)မိုင်ပျော့ပျော့ ခန့်သွားပါမှ ရေပုပ်ရွာကြီးသို့ရောက်သည်။

ရေပုပ်ရွာတွင် မူလတန်းကျောင်းရှိသည်။ ကျောင်းအုပ်ဆရာကြီးက ဦးတင်မောင်။ လက်ထောက် ကျောင်းဆရာများကတော့ ဆရာဦးထွန်းနှင့် ဆရာဦးခင်မောင်ဝင်း။ မန္တလေးသားများဖြစ်ကြ၍ နယ်ခံများလည်းဖြစ်ကြသည်။

မန္တလေး–မေမြို့ (ပြင်ဦးလွင်) လမ်းဘက်ကလာလျှင်တော့ အောင်ပင်လယ်ကိုကျော်ပြီး ကျောက်မီးရွာလမ်းဆုံ၊ ဆည်တော်ကြီးရေပေးမြောင်းဘောင်ပေါ်မှ မြေလမ်းအတိုင်း၊ ကျောက်မီးရွာ၊ တံတိုင်းရှည်ရွာ၊ ဇီးတောရွာကိုကျော်တော့ မိုင်လေးဆယ်ရွာကို ရောက်သည်။

ရေပေးမြောင်းကြီးဘောင်ပေါ်၌ နှစ်ချို့ခရေပင်၊ မန်ကျည်းပင်၊ လက်ပံပင်၊ ထနောင်းပင်၊ ယူကလစ်ပင်ကြီးများ တန်းစီစိုက်ပျိုးထားသဖြင့် ရေမောတ်သစ်ပင်ကြီးများ အရိပ်ဖြင့် အလွန်အေးမြသည်။ မိုင်လေးဆယ်ရွာမှ အနောက်ဘက်သို့ တစ်မိုင်ခန့်ဆက်သွားလျှင် ကျွန်တော်တာဝန်ကျသော ရှမ်းရွာကြီးရှေ့သို့ရောက်သည်။

ရေပေးမြောင်းပေါ်ဖြတ်၍ ထိုးထားသော တံတားကိုကျော်ပြီး တစ်ဖာလုံကျော်ကျော်ခန့် လမ်းလျှောက်ပါမှ ဝါးပင်ထန်းပင်များ ဝိုင်းခုံနေသော ရှမ်းရွာကြီးသို့ ရောက်ပါသည်။ ရှမ်းရွာကြီးမှာ အရှေ့ဘက်နားရှောင်းကျချောင်းအလွန်တွင် ထုံးဖြူဖွေးဖွေးဖြင့် ရွှေစာရံစေတီ (ထိုအချိန်က လုံးတော်ပြည့်ရွှေသင်္ကန်း မကပ်ရသေးပါ) တောင်ဘက်တွင် စိမ်းညို့မဲမှောင်နေသော ကြွက်နဖားတောင်ကြီးနောက်ခံဖြင့် အလွန်သာယာပါသည်။

လယ်ကွင်းများအလယ် မြေနိမ့်ပိုင်း ဒုဋ္ဌဝတီမြစ်ဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



နီးသဖြင့် ရှမ်းရွာကြီးမှာ အမြဲတမ်းစိုစွတ်ပြီး လမ်းများမှာ ဗွက်ထိုးနေသည်။ ကျွန်တော်တည်းခိုရသည်မှာ ရွာသူကြီးဦးသာနီးအိမ်။ အညာအိမ်ကြီးဖြစ်၍ ကျယ်လွန်းသည်။ ကုန်မျိုးစုံဈေးဆိုင်ကလေးလည်းရှိသည်။ ရွာလယ်ပိုင်းတွင် ဇရပ်ရှိသည်။ အဘသာနီးက ရွာလူကြီးဖြစ်သော်လည်း မနက်တိုင်း ကန်ဘဲ့ရွာသို့ ခြံထွက်နွားနို့များကို စက်ဘီးဖြင့်သွားပို့ရသည်။ ဒေသအခေါ် နို့ဘီးဆွဲသည်ဟု ခေါ်သည်။

ကျွန်တော် ရှမ်းရွာကြီးတွင် တာဝန်ကျသောနေ့၌ပင် ရေပုပ်ရွာမှ ကျောင်းဆရာဦးထွန်းနှင့် ဦးခင်မောင်ဝင်းတို့က လာရောက်ကြိုဆိုနှုတ်ဆက်ပြီး ညတွင် အ,သုံးလုံး စာသင်ဝိုင်းဖွင့်ပွဲ၌ ကျွန်တော့်အားရပ်ရွာလူထုနှင့် မိတ်ဆက်ပေးပါသည်။ ညရောက်တော့လည်း ရေပုပ်ရွာသို့မပြန်တော့ဘဲ ကျွန်တော် ရပ်ရွာနှင့် မယဉ်ပါးသေး၍ အဖော်ပြုပြီး အတူအိပ်ပေးပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် အတော်ခင်မင်သွားသည်။

နောက်တစ်နေ့မနက်၌လည်း မနက်စာ ထမင်းကြော်နှင့် နွားနို့သောက်ပြီးသည်နှင့် သူတို့တာဝန်ကျရာ ရေပုပ်ရွာကျောင်းသို့ အလည်ခေါ်သည်။ ရေပုပ်ရွာကြီးမှာ ရှမ်းရွာကြီးထက်ကြီးသည်။ ရှမ်းရွာကြီးနှင့် တစ်မိုင်ကျော် နှစ်မိုင်ခန့်ဝေးသည်။

ရေပေးမြောင်းဘောင်အတိုင်း လမ်းလျှောက်သော် မြွေဘုရားနှင့် ဘုရားနီကြီးတို့အနီးရောက်သည်နှင့် အရှေ့ဘက်မန်းကျည်းတန်းများကို ဖြတ်ကျော်ပြီး ရေပုပ်ရွာအတွင်းဝင်သည့် လမ်းအတိုင်းသွားရသည်။ မန်ကျည်းတန်းဆုံးတော့ မူလတန်းကျောင်းကလေးနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ရောက်သည်။

ထိုနေ့က ဆရာအင်အားနည်းသောကျောင်းကလေး၌ ကျွန်တော်က စေတနာဆရာအဖြစ် ဝင်ရောက်ကူညီသင်ပြရာ ကျောင်းသားကျောင်းသူကလေးများအပြင် ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်ကလည်း လွန်စွာသဘောကျသည်။ နေ့လယ်စာကို ကျောင်း၌ပင်ကျွေးသည်။ ကျောင်းသားကျောင်းသူ အင်အားမှာလည်း (၁၀၀)ခန့်သာရှိပါသည်။

ရေပုပ်ရွာမှာ အစဉ်အဆက် မူလတန်းကျောင်းရှိသဖြင့် အ,သုံးလုံးဆရာ မရှိပါ။ ထို့ကြောင့်လည်း ကျောင်းဆရာများဖြစ်ကြသော ဆရာဦးထွန်းနှင့် ဆရာဦးခင်မောင်ဝင်းတို့က ကျွန်တော့်အားခင်ကြခြင်းဖြစ်သည်။ ကျောင်းဆင်းတော့ ကျွန်တော့်အား ရွာတွင်းလိုက်ပြပြီး အိမ်လည်ကြသည်။ လက်ဖက်စုံသုပ်၊ အကြော်မျိုးစုံဖြင့် အိမ်တိုင်းက ဧည့်ခံသည်။ ရွာကြီးဖြစ်၍ လက်ဖက်ရည်ဆိုင်များလည်းရှိသည်။

နွားနို့ထွက်သောရွာဖြစ်၍ မလိုင်ပါသော လက်ဖက်ရည်မှာ လွန်စွာဆိမ့်လှသည်။ နွေရာသီတွင် ကန်ဘဲ့ရွာမှ ဘတ်စ်ကားကြီး များ ရေပုပ်ရွာအထိဆင်းလာနိုင်သဖြင့် နွေရာသီ ကားဂိတ်ရွာလည်းဖြစ် သဖြင့် စည်ကားခြင်းဖြစ်သည်။

ရွာပတ်ဝန်းကျင်၌ လယ်ယာနှင့် ကိုင်းစိုက်သဖြင့် ဆန်စပါးအမျိုးမျိုးနှင့် နှမ်း၊ ဝါ၊ မြေပဲ၊ နွားနို့၊ ဒိန်ခဲများထွက်သည်။ ချမ်းသာသော လူတန်းစားများသည် အချို့ ဘတ်စ်ကားထောင်သူများပင်ရှိသည်ဟု သိရသည်။ ရှေးဟောင်းရွာကြီးများလည်းဖြစ်ကြသည်။

ရေပုပ်ရွာတောင်ဘက် ရေပေးမြောင်းကြီးအကျော်၌ ဘုရားနီကြီးနှင့် ရှင်မတောင်သနပ်ခါးများ ပေါက်ရောက်နေသော လွန်စွာကြီးသည့် ရွှေနတ်တောင်ကြီးရှိသည်။ သာယာလှပသော ရှေးဟောင်းရွာအနှစ် နေရာတစ်ခုလည်းဖြစ်သည်။

✿ ✿ ✿





www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

ညနေစောင်းတော့ ကျွန်တော်တာဝန်ကျရာ ရှမ်းရွာကြီးသို့ ပြန်ရသည်။ ဆရာထွန်းနှင့် ဆရာဦးခင်မောင်ဝင်းတို့က လိုက်ပို့ပြ သည်။ ရွာတွင် ညနေစာ အဆင်သင့်ပြင်ထားသည်။

သို့သော် ကျွန်တော်တို့ ရေပုပ်ရွာ၌ အစားမျိုးစုံစားလာ၍ ညနေ စာ စောစောမစားနိုင်။ ရေမိုးချိုး၊ အဝတ်အစားလဲလှယ်ပြီး စာသင်ဝိုင် စရသည်။ အရေးအဖတ်၊ အတွက်အချက်၊ အ,သုံးလုံးဖြတ်လမ်း စာသ နည်းအတိုင်း ‘ဝ ထ က လ သ’ ကို စ၍သင်ရသည်။ စိတ်ဝင်စားကြ သည်။

ည(၉)နာရီ စာသင်ဝိုင်းပြီးမှ ကျွန်တော်တို့ ညစာစားရန်ပြ ဆင်ကြရာ ရွာကာလသားအဖွဲ့ရောက်လာပြီး ညစာစားရန် ဖိတ်တေ





သည်။ ထို့ကြောင့် ကျွန်တော်တို့လိုက်သွားကြရာ ရွာတောင်ဘက်အဖျား ခန့်ရှိ အိမ်ခြံဝင်းကြီးအတွင်း၌ ကာလသားတစ်စု ချက်ပြုတ်နေကြ သည်။

နွားရာသီဖြစ်သော်လည်း တွင်းပေါင်းဖားယာင်း၊ လိပ်သား တင်းနှင့် ကြက်သားဘူးသီးကာလသားဟင်း၊ ငါးဟင်းများလည်း ပါသေး သည်။ ရွာတောင်ဘက် ဒုတ္တဝတီမြစ်မှရသည်ဟု သိရသည်။ အရက် နှင့်ထန်းရည်ပါသော်လည်း ကျွန်တော်တို့ ကျောင်းဆရာများဖြစ်ကြ၍ သောက်ကြပါ။ ထမင်းဆာနေပြီဖြစ်၍ ညစာ အလွန်စားကောင်းသည်။

လိပ်သားနှင့် ဖားသားကိုလည်း စားဖူးသည်ဖြစ်အောင် စား ကြည့်ပါသည်။ လွန်စွာချို၍ စားကောင်းပါသည်။ စကားပြောရင်း မိတ် ဆက်ရင်း စားကြသောက်ကြရာ ညဉ့်သန်းခေါင် (၁၂)နာရီထိုးမှ ဝိုင်း သိမ်းနိုင်တော့သည်။ ကျွန်တော်တို့ သူကြီးဦးသာနိုးအိမ်သို့ ပြန်အိပ်ကြ သည်။

ရှမ်းရွာကြီးမှာ ပုဂံခေတ်က ရှမ်းလူမျိုးများ၊ မိဖုရားစောမွန်လှ နှင့်အတူပါလာပြီး ရွှေစာရံစေတီအားတည်ဆောက်စဉ် နေထိုင်ခဲ့ကြသော ရွာဖြစ်သဖြင့် ရှမ်းရွာကြီးဟု ခေါ်တွင်ခဲ့ကြောင်းသိရသည်။ ရေပုပ်ရွာ ဘက် ချမ်းသာသူမများ။ နှစ်ထပ်အိမ်ဆို၍ တစ်ရွာလုံးမှ နှစ်အိမ်၊ သုံးအိမ်သာရှိသည်။

ကျွန်တော်တို့ ရွာတောင်ဘက်အစွန်းမှ ပြန်လာတော့ ရွာ အနောက်ဘက်အစွန်းရှိ နှစ်ထပ်အိမ်ကြီးမှာ မီးလင်းနေသည်။ အိမ်ကြီး အရှေ့တွင် လသာဆောင် ဆင်ဝင်ထုတ်ထားရာအပေါ်၌ အမျိုးသမီး တစ်ဦး ဆံပင်ကိုဖားလျားချပြီး ကျွန်တော်တို့အား ရပ်ကြည့်နေသည်။ မျက်နှာကို လရောင်ဖြင့်သာမြင်ရသဖြင့် မသဲကွဲ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အသားအရေဖြူစင်ပြီး ချောမောလှပသူတစ်ဦးဖြ
မှန်းတော့ ခန့်မှန်းမိပါသည်။ သူမအဆင်အပြင်မှာ ကျေးရွာသူဖြ
တော့ မတူပါ။ တမူကွဲပြားနေသည်။ ကျွန်တော် မော့ကြည့်နေမှန်း
တော့ သူမက လက်ပြနှုတ်ဆက်သည်။ အသံတော့ မထွက်။ ထို့ကြော
ကျွန်တော်ကလည်း လက်ထောင်ပြ၍ နှုတ်ဆက်လိုက်ရသည်။ ကျွ
တော်တို့ သူကြီးအိမ်ပြန်ရောက်မှ ကျောင်းဆရာဦးထွန်းအား မေး
တော့သည်။

"ဆရာထွန်း ... အစောက နှစ်ထပ်အိမ်ကြီးပေါ်က လက်
နှုတ်ဆက်တဲ့အမျိုးသမီးက ဘယ်သူလဲဗျ"

"ဟဲ ... ဟဲ ... ကိုယ့်ဆရာ စိတ်ဝင်စားသွားပြီထင်တယ်
အဲဒါ ဖိုးသီးခြံနဲ့ လယ်ယာတွေ အများကြီးပိုင်တဲ့ မန္တလေးက မမကြီ
တဲ့ဗျ။ သူက ရှမ်းမျိုးနွယ်တဲ့။ အဲဒီအိမ်ကြီးမှာ တစ်ဦးတည်းနေတာ
သူ့ခြံဝင်းကြီးအထဲမှာတော့ အလုပ်သမားတွေ အများကြီးရှိတာပေါ့ဗျာ
ကျွန်တော်တို့သိရသလောက်တော့ မန္တလေးမှာလည်း အိမ်ရှိတယ်။ ရာသ
ချိန် အခုလို စပါးပေါ်ချိန်မှ လာနေတတ်တာ။ မိုးတွင်းမှာတော့ လ
မနေဘူး။ အလုပ်ကိစ္စရှိမှသာ တစ်ခါတစ်ရံလာတတ်တယ်"

ထိုစဉ် ကျောင်းဆရာ ဦးခင်မောင်ဝင်းက ...

"မမကြီးက အပျိုကြီးလို့ သိရသဗျ။ ရပ်ရွာနဲ့ အဆက်အဆ
နည်းတယ်။ အစောက ဆရာလေးကို လက်ပြနှုတ်ဆက်တော့ ကျွန်တေ
အတော်အံ့ဩသွားမိတယ်"

သူကြီး အဘဦးသာနိုးက ဝင်ပြောလာပြန်သည်။

"ဆရာလေး ... မမကြီးက မာနအလွန်ကြီးတယ်။ ဒီရွာ
လူတွေကို အဖက်လုပ်တာမဟုတ်ဘူး။ သတိတော့ထားပါ။ ဒီရွာက ရ





သူရွာသားတွေကလည်း သူမကို ရှိန်ကြတယ်။ စုန်းမလို့တောင် စွပ်စွဲ
နေကြတာ"

"အဘရယ် ... ဒီခေတ်ကြီးထဲမှာ ဒါမျိုးတွေ ရှိသေးလို့လား"

"သဘောပြောတာပါ ဆရာလေး။ ကျွန်တော်တို့လည်း လက်
တွေ့မကြုံဖူးပါဘူး။ သူက ညတိုင်းဆို လသာဆောင်မှာ ဆံပင်ဖားလျား
ချပြီး အမြဲတမ်းထိုင်နေတတ်လို့ ပြောကြဟန်တူပါတယ်"

"ရာသီဥတုပူလို့ လေညှင်းခံနေတာ ဖြစ်ပါလိမ့်မယ် ....
အဘရယ်"

"ဟော ... ဆရာလေးတောင် မမကြီး လက်ကလေးပြတာနဲ့
ပါသွားပြီ။ သတိထားနော် ... ဆရာလေး။ ဟား ... ဟား ... ဟား"

ဆရာထွန်းက ဝင်ဖောက်သဖြင့် အားလုံး ဝိုင်းရယ်ကြသည်။
ကျွန်တော်တို့ နောက်ကျစွာ အိပ်ရာဝင်ခဲ့ကြသော်လည်း ကျွန်တော်
အတော်နှင့် အိပ်မပျော်ပါ။ တဒင်္ဂလက်ပြနှုတ်ဆက်သော မမကြီးကို
မျက်စိထဲ၌ မြင်ယောင်နေမိသည်။ ညည့် ( )နာရီကျော်မှ မေးခနဲအိပ်
ပျော်သွားသည်။ အိပ်ပျော်ပြန်တော့လည်း မမကြီးက အိပ်မက်ထဲ၌ ပါ
လာပြန်ပါသည်။

နောက်တစ်နေ့မနက်တွင် ကျွန်တော် နေမြင့်မှနိုးသဖြင့် ကျောင်း
ဆရာကိုထွန်းနှင့် ဦးခင်မောင်ဝင်းတို့ စာသင်ရန် ရေပုပ်ရွာသို့ပြန်သွား
ကြပြီဖြစ်သည်။ အဘဦးသာနိုးလည်း နို့ပုံးပို့ သွားချေပြီ။ ကျွန်တော်
မျက်နှာသစ်ပြီးတော့ အဘဦးသာနိုးညီမ ဒေါ်နက်က မနက်စာနွားနို့နှင့်
ထမင်းကြော်ကို ပြင်ဆင်ပေးပြီး ...

"ဆရာလေး ... မနက်စာ နည်းနည်းပဲစားနော်။ မမကြီးတို့
အိမ်က နေ့လယ်စာစားဖို့ စောစောကတင် လာဖိတ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ဗျာ . . . ကျွန်တော်တစ်ယောက်တည်းကိုလား၊ ဆရာ
ထွန်းတို့၊ ဆရာဦးခင်မောင်ဝင်းတို့ရော မပါဘူးလား"

"ဒီနေ့ ဆရာလေးတစ်ယောက်တည်းပဲ ကျန်ခဲ့တာ၊ ဆရာ
လေးကိုပဲ ဖိတ်ကျွေးမှာပေါ့၊ ဆရာထွန်းတို့က နေ့လယ်မှ ကျောင်းဆင်
မှာ၊ လာနိုင်မှာမဟုတ်ဘူး။ ညနေမှလာကြမှာ"

"ညနေစာကော ဘယ်သူ့အိမ်လဲ ဒေါ်နက်"

"ညနေကျတော့ ဘုန်းကြီးကျောင်းနားက ဦးလေးတင်တို့အိမ်
ဆရာလေးမသွားချင်ရင်လည်း ဒီမှာပဲစားပေါ့"

"မဟုတ်တာ ဒေါ်နက်ကလဲ၊ ကျွန်တော်က ဧည့်သည်ပဲ၊ အိမ်
ရှင်တွေ၊ စေတနာနဲ့ဖိတ်ကျွေးတာ သွားရမှာပေါ့၊ နို့မို့ . . . ဧည့်သည်က
အိမ်ရှင်ကိုစော်ကားသလို ဖြစ်နေမှာပေါ့"

"မကြီးတို့အိမ်ကဖိတ်တာတော့ သွားမယ်မဟုတ်လား ဆရာ
လေး"

"ဟုတ်ကဲ့ သွားရမှာပေါ့"

"ဒါဆို ဆရာလေး ရေချိုးတော့၊ အခု (၉) နာရီထိုးတော့
မယ်။ (၁၀)နာရီလောက် လာခေါ်မယ်ထင်တယ်"

ကျွန်တော် ရေမိုးချိုးသည်၊ ပြီးနောက် အဝတ်အစားလဲပြ
စောင့်နေစဉ် အမျိုးသမီးလေးတစ်ဦး ထမင်းစားလာဖိတ်သည်၊ မကြ
တော့မဟုတ်၊ မကြီးအိမ်မှ အိမ်ဖော်အမျိုးသမီးလေးတစ်ဦး ဖြစ်ဟ
တူသည်။ ကျွန်တော် သူမနှင့်အတူ လိုက်ပါလာခဲ့ပါသည်၊ လမ်းတွ
အမျိုးသမီးလေးက ဘာမျှမပြောသဖြင့် ကျွန်တော်လည်း စကားမ
သာပါ၊

---

**ဖိတ်ကျူးသစ်စာပေ**



မကြီးတို့အိမ်ကြီးမှာလည်း ရွာအနောက်စွန်းတွင်ရှိသဖြင့် ရွာ
လယ်သူကြီးအိမ်နှင့် မဝေးလှပါ၊ မကြီးတို့အိမ်ဝရောက်တော့ လှပ
ချောမောသော အသက် (၂၅)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးက ထွက်၍
ဖိတ်ခေါ်ကြိုဆိုပါသည်၊ မကြီးပဲ ဖြစ်ပါလိမ့်မည်၊

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၃ |

"လာ . . . မောင်မောင်။ အိမ်ပေါ်ကိုကြွပါ"

မောင်မောင်တဲ့လေ။ သူတို့ အညာကျေးလက်အခေါ်အဝေါ်ပဲ ဖြစ်ပါလိမ့်မည်။ ဆည်းလည်းသံလေးလို လွန်စွာ နားဝင်ချိုလှသည်။ ကျွန်တော်လည်း ပြုံး၍ခေါင်းညိတ်ပြပြီး အိမ်ပေါ်သို့တက်သည်။

အများအားဖြင့် အညာအိမ်ပုံစံများမှာ မြေစိုက်ဖြစ်ပြီး အောက်ထပ်တွင် ခုံတန်းလျားရှည်ကြီးဖြင့် လေးထောင့်စားပွဲကြီး ခင်းထားတတ်ပြီး အတွင်း၌ ဧည့်သည်များအတွက် ကွပ်ပျစ်ကြီးများ၊ ခင်းထားသော ဧည့်ခန်းဖြစ်သည်။ အပေါ်ထပ်တွင် အခန်းမဖွဲ့ဘဲ အိမ်ရှင်များ အိပ်တတ်ကြသည်။





ယခု မမကြီးတို့အိမ်ကတော့ မြို့ဆန်သည်။ အောက်ထပ်တွင် ဧည့်ခန်းပြုလုပ်ထားပြီး ဘေးတစ်ခြမ်းမှာ အိပ်ခန်းများ၊ အနောက်ဘက်တွင် မီးဖိုခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်းနှင့် အိမ်သာများရှိသည်။ အိမ်ကြီးမှာ ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ အိမ်ကြီးပေါ်သို့ရောက်တော့လည်း မမကြီးက စောင့်ခေါ်ပြန်သည်။

"အိမ်အပေါ်ထပ်ကို သွားကြမယ်မောင်မောင်။ အိမ်အောက်ထပ်က အလင်းရောင်နည်းတယ်။ လေမဝင်ဘူး"

"ဟုတ်ကဲ့ . . . မမကြီး"

ကျွန်တော်က သူမကို အစ်မအရွယ်မို့ 'မမကြီး'ဟု ခေါ်သလို၊ သူမကလည်း ကျွန်တော့်အား မောင်အရွယ်မို့ 'မောင်မောင်'ဟု ခေါ်ဟန်တူပါသည်။ အိမ်အပေါ်ထပ်၌ ထမင်းစား စားပွဲဝိုင်းကို ကုလားထိုင် (၃)လုံး ဝိုင်း၍ချထားသည်။

စားပွဲပေါ်၌ အငွေ့တထောင်းထောင်းထ—သော ထမင်းနှင့် ဟင်းများ၊ ငါးဟင်း၊ ကြက်သားဟင်း၊ ဝက်သားဟင်းအပြင် ပဲနှပ်၊ သရက်သီးသုပ်၊ ပုစွန်ခြောက်ထောင်းကြော်၊ အသီးအရွက်စုံကြော်၊ အညာမဲဇလီဖူးဟင်းချိုတို့ ဖြစ်ကြသည်။ ထမင်းနှစ်ပွဲပြင်ထားရာ ပန်းကန်များအနီး၌ လက်သုတ်ပဝါကလေးများချထားပြီး ဖွန်းနှင့်ခရင်းကို တင်ထားသည်။

"ထိုင် . . . မောင်မောင်၊ မမလည်း မောင်မောင်နဲ့အတူ ထမင်းစားမှာ"

ထိုစဉ် ကျွန်တော့်အား ထမင်းစားလာခေါ်သော အမျိုးသမီးကလေးက ရေနွေးလင်ဗန်းဖြင့်တက်လာပြီး ထမင်းစားပွဲအနီးရှိ စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပုကလေးပေါ်သို့ တင်သည်။ စားပွဲပုကလေးပေါ်၌ လက်ဖက်စုံသုပ်၊ ဇီးပန်းသီးနှင့် မလိုင်လုံး၊ ထန်းလျက်ဖြူခဲပန်းကန်ကလေးများကို ပြင်ဆင်ထားသဖြင့် ထမင်းစားပြီးစားရန် အချိုပွဲဖြစ်ပါသည်။ ထမင်းစ,စားတော့လည်း မမကြီးက ကျွန်တော့်ထမင်းပန်းကန်ထဲသို့ ကြက်အသည်းအမြစ်များ ဦးချသလို ထည့်ပေးသည်။ ကျွန်တော်ကလည်း တစ်ဝက်ခွဲပြီး သူမပန်းကန်ထဲထည့်ပေးတော့ ပြုံးပြီး ကြည့်နေသည်။

"မောင်မောင် ... အလှမစားနဲ့၊ အဝစားနော်"

"ဟုတ်ကဲ့ပါ ... မမကြီး"

အိမ်ဖော်မကလေးက အနီးတွင်ရပ်၍ ယပ်ခတ်ပေးနေသည်။ ကြက်သားဟင်းမှာ အာလူးဖြင့်ရောထားသော ဆီပြန်ဟင်း၊ ဝက်သားဟင်းကတော့ အလှူချက် နူးအိနေသည်။ သရက်ချဉ်သုပ်က အအီပြေစေသည်။ ဟင်းရွက်စုံအကြော်က ခွေးတောက်ရွက်၊ သနပ်ရွက်၊ ကင်းပုံရွက်၊ ဆူးပုပ်ရွက်များပါ၍ အရသာစုံသည်။ မဲဇလီဖူးဟင်းချိုကတော့ ဆိမ့်ဆိမ့်သက်သက်ကလေးမို့ ခံတွင်းရှင်းသည်။

ထမင်းစားပြီးတော့လည်း အချိုပွဲဆက်ရပြန်သည်။ ဇီးပန်းသီးက ချိုချဉ်၊ အရည်ရွှမ်း၍ အသားများသည်။ ထန်းဖိုဦးထန်းလျက်က ညိုတိုတို။ ရပ်ရွာထွက် မလိုင်ခဲများက ဖြူဖွေးပြီး နို့နံ့သင်းနေ၍ ဆိမ့်လှသည်။

"မောင်မောင် ... ဇီးပန်းသီးက မမတို့ခြံထွက်၊ မလိုင်ခဲတွေကလည်း ခြံထွက်ပဲ။ ထန်းဖိုဦးထန်းလျက်ကတော့ ခြံထွက်မဟုတ်ဘူး။ သင့်တင့်အောင် အစာစားပြီးတိုင်း စားပါ။ အစာကို ကြေလွယ်စေတယ်။ မောင်မောင် အပြန် လက်ဆောင်ပေးလိုက်ဦးမယ်။





ဒီရွာမှာနေသရွေ့ အဲ့မြဲတမ်းစားရအောင် မမ နေ့စဉ်ပို့နိုင်းပေးမယ်။ ဟင်းထမင်း စားမကောင်းရင်လည်း မမတို့အိမ်မှာ အချိန်မရွေး လာစားပါ။ မောင်မောင့်အတွက် အမြဲတမ်း တံခါးဖွင့်ထားမယ်။ အားမနာနဲ့နော်။ မောင်မောင်တို့က ဒီရွာမှာ ဘယ်လောက်ကြာကြာတာဝန်ထမ်းဆောင်ရမှာလဲ"

"(၄၅) ရက်ထဲပါ မမ။ နောင်လည်း မန္တလေးဘက်ကြုံတိုင်း ဒီရွာတွေဘက်ကို လာလည်မှာပါ"

"လာခဲ့ပါ။ မမကြိုနေပါ့မယ်။ ဒါပေမဲ့ မမအလုပ်က မန္တလေးမှာလည်းရှိတော့ ဒီရွာနဲ့ သွားလိုက်ပြန်လိုက်ပဲ။ နောက်တစ်ခါ မောင်မောင် မန္တလေးရောက်ရင် ဝင်ရအောင် မန္တလေးအိမ်လိပ်စာလည်း ပေးထားမယ်။

နောက်ပြီး မောင်မောင် ဒီရွာရောက်တုန်းရောက်ခိုက် မမတို့ ခွေစည်မျိုးဆက်ဘုရား ရွှေစာရံနဲ့ နားရှောင်းကျချောင်း၊ ဒွတ္တဝတီမြစ်နဲ့ ကြွက်နဖားတောင်ခြေကိုလည်း လိုက်ပို့ချင်ပါသေးတယ်။ မောင်မောင် အားတဲ့နေ့ကို ပြောပါ"

"ညနေပိုင်းမှ စာသင်ရတော့ နေ့တိုင်း အားနေပါတယ်မမ။ အားနေလို့ ရေပုပ်ရွာက ဆရာတွန်းတို့ မူလတန်းကျောင်းမှာ စာသွားသင်ပေးပါတယ်။ ခရီးကနည်းနည်းလှမ်းတော့ နေ့တိုင်းမသင်နိုင်ပါဘူး မမ"

"ဒါဆို မနက်ဖြန်မနက်စောစော လေးနာရီကို အခေါ်လွှတ်လိုက်မယ်။ မောင်မောင် အိပ်ရာကစောစောထပြီး အသင့်ပြင်ထားနော်"

"ဟုတ်ကဲ့ပါ မမ။ ကျွန်တော် အသင့်ပြင်ပြီး စောင့်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ပြောဖို့ကျန်သေးတယ် မောင်မောင်။ မနက်ဖြန် နေ့လယ်စာကို ရွှေစာရံဘုရားမှာ နားနားနေနေ ဘုရားဖူးရင်း စားကြမှာ။ မမတို့ ထမင်းချိုင့်တွေ ထည့်လာမှာ။ သူကြီးဦးသာနိုးကို ကြိုပြောထားဦး။ တခြားအိမ်တွေက ဖိတ်ထားရင် မမကြီးမကောင်းဘဲ ဖြစ်နေမယ်။ မမ ဒီရွာကလူတွေနဲ့ ကင်းကင်းနေတာ"

"ဟုတ်ကဲ့ပါ မမ"

ကျွန်တော်ပြန်တော့ အိမ်ဖော်မလေး မလေးနွယ်က လိုက်ပို့ရင်း ဖီးပန်းသီး၊ ထန်းဖိုဦးထန်းလျက်၊ မလိုင်လုံးနှင့် ရွှေဖီဦးလက်ဖက်ခြောက်များကို လက်ဆောင်ပေးလိုက်သေးသည်။ ကျွန်တော် သူကြီးအိမ်ပြန်ရောက်တော့ အဘဦးသာနိုးပြန်ရောက်၍ နေ့လယ်စာ စားနေသည်။

"ဆရာလေးကတော့ တယ်ဟုတ်ပါလား။ လူချစ်လူခင် အတော်များတာပဲ။ အခုပဲ ရွာအရှေ့ပိုင်း ဆယ်အိမ်ခေါင်းအိမ်က လက်ဖက်ရည်သောက်ကြဖို့ လာဖိတ်ထားတယ်။ ရေပုပ်ရွာက ကျောင်းဆရာတွေကလည်း သူတို့ရွာမှာ နတ်ပွဲရှိလို့ ညလာအိပ်ပါတဲ့"

"ဘယ်အိမ်မှာ နတ်ပွဲလုပ်မှာလဲအဘ"

"သူကြီးဦးအုန်းမောင်အိမ်မှာလေ ဆရာလေးသိပါတယ်"

"ဪ ... ဟုတ်ကဲ့။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ ဆရာလေး"

"မနက်ဖြန် မမကြီးက ရွှေစာရံဘုရားလိုက်ပို့ပေးမယ် ပြောထားလို့ပါ။ နေ့လယ်စာလည်း ဘုရားဖူးရင်း ကျွေးမှာတဲ့။ အဲဒါကြောင့် မနက်ဖြန်နေ့လယ်စာကိုလည်း ရွာထဲကအိမ်တွေဖိတ်ထားရင် ရွှေဆိုင်းပေးပါလို့ အဘကို ကြိုပြောခိုင်းလိုက်ပါတယ်"

---

စိတ်ကူးသစ်စာပေ



"ဪ ... အေး ... အေး ... အဲ့ချက်ပဲ။ မမကြီးက ရွာနဲ့ကင်းကင်းနေတာ။ ဆရာလေးနဲ့တွေ့မှ ကျတော့တာပဲ"

"ဘယ်လိုကျတာလဲ အဘ"

"ရက်ရက်ရောရော ကျွေးမွေးဖိတ်ခေါ်တာကို ပြောတာ"

"အဘ ... မမကြီးတို့က ရှမ်းမျိုးနွယ်တွေလား။ နောက်ပြီးတော့ ရွှေစာရံဘုရားက မမကြီးတို့ရဲ့ ဆွေစဉ်မျိုးဆက်ဘုရားလို့လည်း ဆိုသေးတယ်။ ဒါကြောင့် မမကြီးတို့က ရှမ်းမိဖုရား စောလှမွန်တို့ရဲ့ အနွယ်တော်တွေလား"

"ဟုတ်ပါ့ ... ဆရာလေးရယ်။ အဘတို့ရှမ်းရွာကြီးဆိုတာက မိဖုရားစောလှမွန်ရဲ့ အနွယ်တော်တွေတည်ခဲ့လို့ အမည်တွင်တာ။ အဘ အစောက ပြောခဲ့ပြီးပါပြီ။ မမကြီးတို့က အဲ့ဒီအနွယ်တော် လက်ကျန်ထဲကပဲ။

ဒီရွာမှာတော့ ရှမ်းအနွယ်တော်လက်ကျန်ဆိုလို့ သူတို့ပဲရှိတော့တာ။ ရှမ်းပြည်ဘက်မှာတော့ သူတို့အမျိုးတွေရှိမှာပေါ့။ မန္တလေးမှာလည်း ရှိတယ်။ မမကြီးက တစ်ဦးတည်းသောသမီး။ မိဘတွေက ဒီရွာကပြောင်းသွားပြီး မန္တလေး(၃၅)လမ်းထဲမှာ နေကြသတဲ့။ အသက်အရွယ်လည်း ကြီးကြပြီလေ။ မမကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားအရှာကောင်းတယ်။ သူမနဲ့ဘက်တူ ကြိုက်တာမရသေးတော့ အပျိုကြီးဖြစ်နေတာပေါ့"

"အဘရယ် ... ကျွန်တော်တို့ဆီမှာတော့ အသက်(၃၀)ကျော်မှ အပျိုကြီးလို့ခေါ်တာ။ မမကြီးက အခုမှ အသက် (၂၀) ကျော်ပဲရှိဦးမှာ။ အပျိုကြီး မဟုတ်သေးပါဘူး"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးကလည်း ကျွန်တော်တို့ဆီမှာတော့ ၁၃-၁၄ နှစ် ဆံတောက်သိမ်းတာနဲ့ အပျိုဖြစ်ပြီး လင်ယူသားမွေးလုပ်ကြတာ။ အသက် (၂၀)ကျော်ရင် အပျိုကြီးပေါ့။ အင်း ...ဆရာလေးပြောမှပဲ သတိပြု မိတော့တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုကြလို့လား မသိဘူး သားသမီးတွေရတော့ ညှက်ကုန်ကြတယ်။ အဘတို့ရွာထဲမှာ ကြည့်ပါ လား။ ကလေးငယ်တွေဟာ အလွန်သေးကွေး ပိန်လှီကြတာ။ နောက် ပြီး ဆွေမျိုးနီးစပ်သူတွေ အချင်းချင်းယူကြတာလည်း ပါပေလိမ့်မယ်"

"အဲဒါ အမှန်ပဲအဘ။ ကျွန်တော်လည်း နိုင်ငံခြားမဂ္ဂဇင်း တွေဖတ်ဖူးလို့ သိနေတယ်။ အမျိုးနီးစပ်သူချင်းယူရင် ညဏ်ရည်နိမ့်ပါး ပြီး ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နည်းပါးသတဲ့။ ဒါကြောင့် ဂျာမဏီမှာ ထူးချွန်ထက်မြက်တဲ့ သိပ္ပံပညာရှင်တွေပေါ်ထွန်းအောင် ပညာတော်တဲ့ ဆရာဝန်နဲ့ အင်ဂျင်နီယာတွေကို ရွေးချယ်ပေးစားကြသတဲ့။ ဒါနဲ့ အဘ က ဒီအကြောင်းတွေကို ဘယ်ကသိလာတာလဲ"

"ရေပုပ်ရွာက ကျောင်းဆရာဦးထွန်းနဲ့ ဆရာဦးခင်မောင်ဝင်း တို့ပြောလို့ ကြားဖူးတာပါ။ ဒါကြောင့် အဘလည်း ရွာက လက်တွေ့ ဘဝတွေနဲ့ နှိုင်းယှဉ်ပြီး ကြည့်နေတာ၊ အမှန်ပဲပေါ့ ...ဆရာလေးနော်။ ဒါကြောင့်လားမသိ အဲဒီလိုပြောတဲ့ ကျောင်းဆရာ ဆရာထွန်းနဲ့ ဦးခင် မောင်ဝင်းတို့ဟာ အခုဆို အသက် (၃၀) ကျော်နေကြပြီ။ ဆရာလေး ပြောတဲ့ လူပျိုသိုး စာရင်းဝင်တွေပေါ့နော်"

"ဟုတ်ကဲ့ ...။ သူတို့လည်း ပညာတတ်တွေပဲ အကြိုက် မတွေ့သေးလို့ဖြစ်မှာပါ"

"ဒါနဲ့ ဆရာလေးကရော"





"ဟဲ ...ဟဲ ...ကျွန်တော်က ငယ်ပါသေးတယ်။ အခုမှ အသက် (၂၀)ဝန်းကျင်ဆိုတော့ လူပျိုသိုးစာရင်း မဝင်သေးပါဘူး။ ဘွဲ့ရ ပြီးရင် အလုပ်ကောင်းကောင်းရအောင် ရှာဦးမှာ။ ကျွန်တော်က ကျောင်း ဆရာအလုပ်ကို ဝါသနာပါပေမဲ့ အသက်မွေးဝမ်းကျောင်းမှုအတွက် ကျောင်းဆရာတော့ လုပ်မစားပါဘူး။ ကျွန်တော်က ယူနီဖောင်းဝတ်၊ အရာရှိကြီး လုပ်ချင်တာ"

"ကောင်းပါလေ့ ...ဆရာလေးရယ်၊ ကြိုးစားပါ။ မိန်းမ ယူလည်း မမကြီးတို့လို ရုပ်ချော၊ ဥစ္စာပေါကို ယူပေါ့"

"အနေဝေးပါတယ် အဘရာ။ သူ့အကြောင်းကိုယ်မသိ၊ ကိုယ့် အကြောင်းသူမသိနဲ့ မဖြစ်နိုင်ပါဘူး"

"ဆရာလေး ...မဖြစ်သေးတာဘဲရှိတယ်နော်။ မဖြစ်နိုင်တာ မရှိဘူး"

"အဲဗျ ...အဘကလည်း စာတွေဖတ်ဟန်တူပါရဲ့။ အတော် လာတာပဲ"

"ဟဲ ...ဟဲ ...အဘက ခေတ်လူကြီးပါ။ စာစောင်တွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေ၊ အကုန်ဖတ်တယ်။ ခေတ်နောက်ကျ မကျန် ခဲ့အောင်ပါ"

"ကောင်းပါ့ဗျာ ...။ ခေတ်မီလူကြီးတွေရှိနေတော့ နောင် မျိုးဆက်သစ်တွေအတွက် အလားအလာကောင်းတာပေါ့"

"ဒါနဲ့ ဆရာထွန်းတို့က ရေပုပ်ရွာနတ်ပွဲဖိတ်ထားတော့ လာ ခဲဦးမှာလား။ ကျွန်တော်က ညစာသင်ဝိုင်းရှိတယ်လေ။ ညဦးနက်မှ ပြီးမှာဆိုတော့ သွားလို့မကောင်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါ ဆရာလေးရယ်။ ဗုဒ္ဓဘာသာနဲ့ နတ်ပွဲဆိုတာလည်း တခြားစီပါ။ အပျော်လုပ်ကြတာပါ။ ကျုပ်တို့အိမ်မှာ ကြည့်ပါလား။ ဘုရားကလွဲလို့ ဘာနတ်မှ မကိုးကွယ်ဘူး။ အဲဒီကိစ္စကိုလည်း ကျုပ်အတော်ကြိုးစားပြီး လုပ်ထားရတာ။ ကျုပ်ဇနီးက ရိုးရာအစွဲအလမ်း အတော်ကြီးလို့ နှိပ်ကွပ်ထားရတာ။ အခုတော့လည်း ပ,ပျောက်သွားပါပြီ။

ကဲ ... ဆရာလေး၊ ရွာအရှေ့ပိုင်းက ဆယ်အိမ်မှူးအိမ် လက်ဖက်ရည်သောက်ဖိတ်ထားတာ သွားလိုက်ကြဦးစို့။ စကားပြောရအောင် ကျုပ်ပါလိုက်ခဲ့မယ်"

ကျွန်တော်နှင့် အဘဦးသာနိုးတို့ ရွာအရှေ့ဖျားသို့ထွက်ခဲ့ကြသည်။ လမ်းတစ်လျှောက်လုံး ကလေးနှင့်လူကြီးများက ကျွန်တော့်အား နှုတ်ဆက်ကြသည်။ ဆယ်အိမ်ခေါင်းဦးရွှေက ကျွန်တော်တို့အား မြင်သည်နှင့် အိမ်ပေါက်ဝထွက်ပြီး ကြိုဆိုပါသည်။

"ကြွပါ ... သူကြီးနဲ့ ဆရာလေး။ ကျွန်တော် မျှော်နေတာကြာပြီကော"

"ဟုတ်ပဲ့ ... ကိုရွှေရယ်။ ကျုပ်နဲ့ဆရာလေး စကားကောင်းနေတာနဲ့ အတော်ကလေး ကြာသွားတယ်"

"ထိုင်ကြပါ သူကြီးနဲ့ဆရာလေး။ အမြည်းကတော့ ရွာထုံးစံ ပဲပေါ့"

"ကောင်းပါတယ် ဦးလေးရယ်။ ပဲမျိုးစုံကို ပဲဆီသန့်သန့်နဲ့ ကြော်လှော်တော့ အလွန်အရသာရှိပါတယ်။ ကျွန်တော်တို့ရန်ကုန်မှာတော့ ဟင်းရွက်ဆီ၊ စားအုန်းဆီ၊ ပဲဆီ၊ နှမ်းဆီစုံနေတာဘဲ။ ဒါပေမဲ့ အစစ်က ရှားတယ်။ အရောအနှောချည်းပဲ။ ပဲဆီဆိုရင် မွှေးနေတာပဲ။ အနံ့ပဲထည့်ထားတာ။ အရသာက ဒီမှာလိုမကောင်းဘူး"





"အင်း ... ဒါကြောင့်လည်း ဆရာလေးတို့မြို့မှာ ရောဂါဆန်း[illegible] ဖြစ်ကြတာထင်ပါရဲ့။ ကျုပ်တို့ဆီမှာတော့ ကျန်းမာရေးအသိနည်း[illegible] ဖြစ်သလိုနေကြပေမဲ့ ရောဂါဖြစ်တာနည်းပါတယ်"

"ဟုတ်ပဲ့ ... သူကြီးရယ်။ အဲဒါလည်း ကျုပ်အမြင်ပြောရ[illegible] ရေကို ကျိုချက်သောက်လို့ထင်ပါရဲ့။ ကျွန်တော်တို့ဆီမှာ ရေစိမ်း[illegible]သောက်ကြဘူး ဆရာလေးရဲ့။ ဆရာလေးတို့ သွားသွားချိုးနေတဲ့ ဘုန်း[illegible]ကျောင်း ရေတွင်းရေက အလွန်ပေါ့တယ်။ ဒါကြောင့် လေးလေး[illegible]င်ရှိတဲ့ ရွာထိပ်က ရေနီမြောင်းရေကိုပဲ ကြိုချက်သောက်ကြရတာ"

"ဪ ... ဒါကြောင့်ထင်ပါရဲ့ ... ဦးလေးရွှေရယ်။ ရေနွေး[illegible]မ်းမှာ လက်ဖက်ခြောက်အရောင်ကြောင့် နီရဲနေတာလို့ ကျွန်တော်[illegible]င်နေတာ"

"ကျန်းမာရေး မထိခိုက်ဘူးဆရာလေး။ ရွာရှေ့ရေနီမြောင်း[illegible] ဆည်တော်ကြီးကလာတာ။ ကျောက်ဆည်တစ်မြို့လုံးလည်း ရေနီ[illegible]င်းကရေပဲ သောက်သုံးကြတာကြပေါ့"

"အဲဒီရေနီမြောင်းရေနဲ့ဖျော်တဲ့ ကျောက်ဆည်လက်ဖက်ရည်[illegible]ဘာ နာမည်ကြီးပေါ့ ... ဆရာလေးရယ်။ ဂျော်နီဝေါ်ကားစကော့စ်–[illegible]ကီအရက်တောင်မှ မြစ်ရေနဲ့ပေါင်းခံချက်လို့ ကမ္ဘာကျော်တာလေ။ [illegible]သမှာတော့ တစ်နှစ်တစ်ခါ ဂင်္ဂါမြစ်ရေနဲ့ရေချိုးရင် သက်ရှည်ကျန်းမာ[illegible]တဲ့။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်နှစ်တစ်ခါ နှစ်သစ်ကူး[illegible]ကြန်ပွဲမှာ သင်္ကြန်ရေပက်ခံရင် ကျန်းမာရေးကောင်းတယ်လို့ အယူရှိ[illegible]တယ်မဟုတ်လား ဆရာလေးရဲ့"

"ဟုတ်ပဲ့ ဦးလေးရွှေရယ်။ ဦးလေးရွှေနဲ့ အဘဦးသာနိုးတို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ စာဖတ်ကြတယ်ထင်ပါရဲ့။ ခေတ်အမြင် အတော်ရှိကြတယ် နော်''

''ဟုတ်တယ် ဆရာလေး။ ကျွန်တော်တို့က ခေတ်အမြင်ရှိ အောင် လေ့လာကြပါတယ်။ ခက်တာက အခုရွာက ခေတ်လူငယ်တွေ ပဲ။ ဟိုမမီ ဒီမမီနဲ့ အလယ်အလတ်နေကြတယ်။ အခုခေတ်ကလေးတွေ ကတော့ ရေပုပ်ရွာမှာ မူလတန်းကျောင်းရှိလို့ အားကိုးရပါတယ်။ ဆရာ လေးအမြင်ပဲလေ။ ရွာကာလသားတွေလုပ်ပြီး အခုမှ စာတတ်ချင်ကြ လို့ ဆရာလေးဆီမှာ လူကြီးတွေနဲ့ရောပြီး အ,သုံးလုံးသင်နေကြတာ''

✿ ✿ ✿

# | ၄ |

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော်(၆)နာရီခန့်ကတည်းက အိပ်ရာကထပြီး မျက်နှာသစ်၍ ဘုရားဝတ်ပြုသည်။ ဒေါ်နက်က မနက်စာ ကျွေးသည်။ ဦးလေးသာနိုးကတော့ စက်ဘီးတစ်စီးဖြင့် နှိုပ်သွားပြီ ဖြစ်သည်။

ကျွန်တော် မနက်စာစားပြီးချိန်၌ မမကြီးအိမ်မှ အိမ်ဖော်မ ကလေးက လာခေါ်သည်။ မမကြီးတို့အိမ်ရောက်တော့ မနက်စာ (Break-fast) ကို ကျွေးပြန်သည်။ ကျွန်တော် ထမင်းကြော်စားလာပြီဖြစ်သဖြင့် ကော်ဖီတစ်ခွက်ကိုသာ သောက်နိုင်တော့သည်။

ကျွန်တော် မမကြီးနှင့်, အိမ်ဖော်မကလေးပါ ရွာတောင်ဖျား ဘုန်းကြီးကျောင်းက အနောက်ဘက်၊ ဒုတ္တဝတီမြစ်ကမ်းအနီးမှ ထယ်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းများကိုဖြတ်၍ ရွှေစာရံဘုရားဘက်သို့ လှမ်းခဲ့ကြသည်။ ရိတ်သိမ်းပြီးစ လယ်ကွင်းများအတွင်းမှ ရိုးပြတ်နံ့မှာ သင်းပျံ့လှသည်။

လယ်ကွင်းများအတွင်း၌ စာကလေး၊ ချိုး၊ ခို၊ ဗွက်တမဲ့နှင့် ဗီးတောင်ဘို့ခေါ် တောင်မီးရှူးငှက်ကလေးများ စပါးရိတ်သိမ်းစဉ်က ကျကျန်ခဲ့သော စပါးစေ့ကလေးများကို ကောက်စားရင်း ပျော်မြူးနေကြသည်။ လယ်ကွင်းကိုဖြတ်နေစဉ် ထုံးဖြူဖြူဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသော ရွှေစာရံစေတီကို အဝေးက ဖူးမြော်ရသည်။

အနောက်ဘက်တွင် စိမ်းစိုအုပ်ဆိုင်းနေသော ကြွက်နဖားတောင်ကြီးက စီးမိုးထားသည်။ အရှေ့ဘက်၌ ရှမ်းတောင်တန်းကြီးများဖြင့် တောင်ပေါ်တက် လွန်းထိုးရထားလမ်းကြီးကို လှမ်းမြင်နေရသည်။ ရှေးခေတ်အခါက မိဖုရားစောမွန်လှမင်းသမီးသည် ရုံရွှေတော်အစေအပါးများဖြင့် ရှမ်းပြည်ပြန်ရန် ကုန်းကြောင်းခရီး ကြွချီလာရပေလိမ့်မည်။ ပုဂံမှ ဤရှမ်းတောင်ခြေအထိခရီးမှာ မနီးလှ။

ရှေ့ခရီး တောင်ဆင်းတောင်တက်လမ်းများကလည်း ကြမ်းလှပေလိမ့်မည်။ တောလမ်း၊ တောင်လမ်း ခရီးကကြမ်း။ စိတ်ကလည်း နွမ်း၊ အတော်ခံစားရပေလိမ့်မည်။ ကျွန်တော် တောင်စဉ်ရေမရ လမ်းလျှောက်ရင်း တွေးတောငေးမောနေမိစဉ် မမကြီးက . . .

"မောင်မောင် . . . ဘာတွေငေးပြီး ဆွေးနေတာလဲ။ ရန်ကုန်မှာကျန်ခဲ့တဲ့ရည်းစားကို သတိရလို့လားဟင် မောင်မောင်"

"မဟုတ်ပါဘူး . . . မမရယ်။ ရည်းစားလည်း မရှိသေးပါဘူး။ ပုဂံနန်းက စွန့်ခွာလာပြီး ဒီမှာ ရွှေစာရံဘုရားတည်ခဲ့တဲ့ ရှမ်းမိဖုရားစောမွန်လှအကြောင်း တွေးမိလို့ ရွှေစာရံဘုရားနဲ့ ရှမ်းတောင်တန်းကြီးကို ငေးမျှော်ရင်း စိတ်မကောင်းဖြစ်နေမိတာပါ"





"ဪ . . . မောင်မောင်လည်း ဒီရာဇဝင်အကြောင်းကို သိနေတာကိုး။ မမက မိဖုရားစောမွန်လှအကြောင်းကို ရှင်းပြမလို့ လုပ်နေတာ"

"မမတို့က ဒေသတော်မျိုးတော်တွေဆို။ မမကရှင်းပြရင် ပိုသဘာဝကျတာပေါ့၊ ကျွန်တော် နားထောင်ချင်ပါတယ်"

"မောင်မောင်က ရာဇဝင်တွေကို သိပြီးသားဆိုတော့ မသိသေးတာတွေကိုပဲ မမရှင်းပြတော့မယ်။ ဟောဟိုရှေ့က ချောင်းကလေးက နားရှောင်းကျချောင်းလို့ ခေါ်တယ်။ ဒီဘက်ကမ်းက မိဖုရားစောမွန်လှရုပ်ထု။ ဟိုဘက်ကမ်းက လက်လှမ်းနေတာက ရုံရွှေတော်ရုပ်ထု။ မန္တလေးက ရသေ့ကြီးဦးခန္တီ ထုလုပ်လှူဒါန်းထားတဲ့ သံရုပ်တုတွေပဲ"

ချောင်းကလေးမှာ (၅)ပေခန့်သာ ကျယ်ဝန်းပါလိမ့်မည်။ ရေစီးရေအလျဉ်မှာ ကြည်လင်နေသော်လည်း နွေရာသီဖြစ်၍ ချောင်းရေမှာ ခြေမျက်စိမြုပ်ရုံသာ။ ရုပ်တုများမှာ ရာသီဥတုဒဏ်ကြောင့် ဆေးရောင်များမရှိတော့။ မဲနက်နေသော်လည်း ပီပြင်မှုတော့ရှိပါသေးသည်။ မိဖုရားစောမွန်လှ နားရှောင်းကျသွား၍ ရှာဖွေနေဟန်ပေလော။

ကျွန်တော် အလျင်ချောင်းကလေးထဲဆင်း၍ မမကြီးကို လက်တမ်းပေးရသည်။ တစ်ဖက်ကမ်းသို့ တင်ပေးပြီးနောက် ထမင်းချိုင့်ဆွဲခြင်းဖြင့် မနိုင်မနင်းဖြစ်နေရှာသော အိမ်ဖော်မကလေးကိုလည်း ဆွဲခေါ်ရပြန်သည်။

ချောင်းတစ်ဖက်ရောက်တော့ ရွှေစာရံဘုရား၏ ပရဝုဏ်မြေအတွင်းသို့ ရောက်လာသည်။ ဘုရားမှာ အနောက်ဘက်၌ တန်ဆောင်းတစ်ခုသာရှိသည်။ မုခ်ပေါက်ဝကတော့ လေးခုရှိသည်။ ဘုရားပရဝုဏ်အတွင်း၌ ဇီးသီးပင်ရိုင်းများပေါက်ပြီး ကြွေကျသော ဇီးသီးအမှည့်များ



www.burmeseclassic.com

www.burmeseclassic.com



အား နွားများက ကောက်စားနေကြသည်။ ဘုရားဖူးလည်း မရှိပါ။

မုခ်ဝလေးခုရှိ ဘုရားပန်းအိုးများ၌ ဘုရားအနီးတွင်ပေါက်နေကြသော တောပန်း၊ တောင်ပန်း၊ ထားဝယ်မှိုင်းပန်းကလေးများကို ထိုး၍ ပူဇော်ထားသည်။ တောဘုရား၊ တောင်ဘုရား မျက်နှာတော်ငယ်လှသည်။ တော်ပါသေးသည်။ မမကြီးက ဆွဲခြင်းထဲတွင် ဆွမ်းမွှေးပင်နှင်းဆီပန်းများ ယူလာသည်။ ထို့ကြောင့် ကျွန်တော် ပန်းအိုးများကို ချပေးပြီး မုခ်ပေါက်လေးပေါက်ကို သန့်ရှင်းရေးလုပ်သည်။

ပန်းဟောင်းများကို အဝေးတွင်စွန့်ပြီး ပန်းအိုးများကိုး နားမှောင်းကျချောင်းတွင်း ဆင်း၍ အခေါက်ခေါက်အခါခါ ဆေးကြောရသည်။ ရေလဲပြီး မမကြီးက ကိုယ်တိုင် ပန်းထိုးသည်။ အိမ်ဖော်မကလေးက ဆွမ်းပွဲ၊ သောက်တော်ရေနှင့် သစ်သီးအချိုပွဲကို ပြင်ဆင်ပေးသည်။ ပြီးတော့မှ ကျွန်တော်တို့ ဘုရားအားကပ်လှူ ပူဇော်ကြသည်။

အမွှေးတိုင်၊ ဖယောင်းတိုင်များလည်း ပူဇော်ကြသည်။ အတူဘုရားဝတ်ပြုပြီးတော့ မမကြီးက ဘာဆုတောင်းသည်မသိ။ ကျွန်တော်ကတော့ ဘုရားဒါယိကာမ မိဖုရားစောမွန်လှ ကောင်းရာအဝရောက်စေရန်ဆုတောင်းပါသည်။ ထိုခေတ်ထိုအခါက ဘုန်းတန်ခိုးကြီးသော စစ်ဘုရင်တို့၏ တစ်သွေးတစ်သံတစ်မိန့်မှာ လွန်စွာ ရက်စက်လွန်းလှသည်။ ဘုရားဝတ်ပြုပြီးတော့ မမကြီးက ...

"စောမွန်လှမိဖုရားဟာ ဘုရင်ကိုစိတ်နာလွန်းလို့ ပထမ ပုဂံပြည်ဘက်လှည့်ထားတဲ့ ဘုရားမုခ်ပေါက်ဝကို မိဋ္ဌာန်ပြီး မြတောဘက်နဲ့ ရှမ်းပြည်ဘက် ဆွဲလှည့်တယ်လို့ အဆိုရှိတယ် မောင်မောင်။ ရွှေစာရံဘုရားပွဲတော်က တပေါင်းလပြည့်နေ့ကစပြီး လုပ်မှာဆိုတော့ မောင်မောင် မီလောက်ပါတယ်။





မမကတော့ လက်ဝတ်ရတနာကလေးတွေ ထုခွဲရောင်းချပြီး ရွှေစာရံဘုရားကို ပွဲတော်အမီ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ဖို့ ကြံရွယ်ထားတယ်။ ပိုမိုပြည့်စုံအောင် မမလုပ်နေတဲ့ ရတနာအရောင်းအဝယ်လုပ်ငန်းကလည်း ဝင်ငွေရဖို့ရှိတော့ မနက်ဖြန် မမ မန္တလေးခဏတက်ဖို့ ရှိသေးတယ်"

"ဝမ်းသာဂုဏ်ယူပါတယ် မမ။ ကျွန်တော်လည်း ကုသိုလ်ရအောင် တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းချင်ပါတယ်"

"သာဓုပါကွယ် ... သာဓုပါ။ မောင်မောင့်လိုအင်ဆန္ဒမှန်သမျှ မမက ဖြည့်ဆည်းပေးနိုင်ပါစေ"

"မမ ... ကျွန်တော်က ဘုရားရှင်တော်မြတ်ထံမှာ ဆုတောင်းတာလေ။ မမဆီမှာ ဆုတောင်းမှာမဟုတ်ပါဘူး"

"ဩော် ... မောင်မောင်ကလည်း ဒီရွှေစာရံဘုရားကို မိဖုရားစောမွန်လှက တည်ခဲ့တာလေ။ မမတို့ရဲ့ ဆွေဘုရား၊ မျိုးဘုရား။ ဒါကြောင့် အဘွားစောမွန်လှရဲ့ကိုယ်စား မမက ဖြည့်ဆည်းပေးမှာပေါ့"

"ဩော် ... အဲ့ဒီလိုလား။ ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါခင်ဗျား"

ကျွန်တော့်အပြောကို သဘောကျ၍ မမကြီးက ပြုံးနေပါသည်။

"ကဲ ... မလေးနွယ်ရေ၊ နေ့လယ်စာ စောစောစားလိုက်ကြရအောင် ပြင်တော့ကွယ်။ စားပြီး ခဏနားမယ်။ ပြီးတာနဲ့ ကြွက်သားတောင်ကမ်းဘက် လှေငှားပြီးကူးမယ်။ ဒုဋ္ဌဝတီမြစ်တစ်ဘက်ကမ်းပေါ့။ မောင်မောင် ရောက်ဖူးတယ်ရှိအောင်ပါ"

ကျွန်တော်နှင့်မမကြီး၊ အိမ်ဖော်မလေး မလေးနွယ်ပြင်ဆင်ထားသော နေ့လယ်စာကို လက်ဆုံစားကြသည်။ ထုံးစံအတိုင်း မမကြီးက ကြက်အသည်းဖတ်များကို ကျွန်တော့်ထမင်းပန်းကန်ထဲ ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်တော်က တစ်ဝက်ခွဲပြီး ပြန်ထည့်ပေးတော့ မမကြီး ပြုံး၍ကျေနပ်နေဟန်ပြသည်။

ကျွန်တော်တို့ နေ့လယ်စာစားအပြီး ရေနွေးကြမ်းနှင့် လက်ဖက် သုပ်စားနေကြစဉ် အိမ်ဖော်မကလေး မလေးနွယ်က သိမ်းဆည်း နေ့လယ်စာစားနေသည်။ သူမ စားသောက်သိမ်းဆည်းပြီးသည်နှင့်

"ကဲ ... မလေးနွယ်၊ မမတို့ ဒုဋ္ဌဝတီလှေဆိပ် ဆင်း မယ်။ မလေးနွယ်က ပစ္စည်းတွေနဲ့ဆိုတော့ ဒီဘက်ကမ်းမှာပဲစောင့် မမတို့ မြန်မြန်ပြန်လာမှာပါ။ တောင်ပေါ်ကို မတက်ပါဘူး"

"ဟုတ်ကဲ့ပါ မမကြီး"

ဒုဋ္ဌဝတီမြစ်လှေဆိပ်မှာ ရွှေစာရံဘုရားနှင့် မဝေးလှပါ။ ခေါ်လောက်သာဝေးပြီး လှမ်းမြင်နေရသည်။ လှေဆိပ်တွင် လှေက နှစ်စီးသုံးစီး ဆိုက်ကပ်ထားသည်။ ငှက်သမ္ဗန်ကလေးများဖြစ်ကြသည် ကမ်းပေါ်တွင်တော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ မန်ကျည်း အရိပ်ကြီးက ကောင်းလှသည်။ သစ်ရိပ်ဝါးရိပ်နှင့် မြစ်ရေအအေးဓာ ကြောင့် လွန်စွာအေးချမ်းသာယာလှသည်။

လက်ဖက်ရည်ဆိုင်တွင် သမ္ဗန်သမားနှင့် ဝါးဖောင်သမား နှင့် လူအချို့ ထိုင်နေကြသည်။ ကျွန်တော်တို့ လွတ်သောစားပွဲတစ် တွင် ဝင်ထိုင်ရင်း မမကြီးက ကော်ဖီသုံးခွက်မှာသည်။ စားပွဲထိုးက က ကော်ဖီနှင့်အတူ မုန့်များပါ လာချပေးသည်။

ကော်ဖီသောက်ပြီးသည်နှင့် မမကြီးက ဟိုဘက်ကမ်းကူ ငှက်သမ္ဗန်ငှားသည်။ ကျွန်တော်တို့ လှေပေါ်သို့ဆင်းတော့ မမကြီး ကျွန်တော့်လက်ကိုကိုင်ဆွဲ၍ ဆင်းသည်။ ဒုဋ္ဌဝတီမြစ်ရေမှာ တငြိမ် စီးဆင်းနေသည်။ ရေမှာ နက်ဟန်တူသည်။





မြစ်ရေမှာ စိမ်းပြာရောင်သမ်းနေသည်။ မြစ်အကျယ်မှာ ပေ (၁၀၀)ခန့်တော့ ရှိဟန်တူသည်။ သမ္ဗန်ကို နောက်ဆုတ်ဦးလှည့်ပြီး ရေလယ်သို့အရောက်တွင် အထက်မှလျှောချလာသော ဝါးဖောင်တစ်ခုကို ကျွန်တော်ကမြင်သဖြင့် ...

"သမ္ဗန်ဆရာကြီး ... ဝါးဖောင် ... ဝါးဖောင်"

ကျွန်တော် အထိတ်တလန့်အော်ပြီး ကျွန်တော်၏လက်ဝဲဘက်တွင် ထိုင်နေသော မမကြီးကိုဆွဲ၍ ရေထဲသို့ ခုန်ချလိုက်ရတော့သည်။

"ဒုန်း ... ဝုန်း ... ဝုန်း ... ဗွမ်း"

လှေပဲ့ပိုင်းကို ဝါးဖောင်ဝင်တိုက်သဖြင့် လှေဦးမှာ လကျာ်ဘက်သို့ရမ်းပြီး မှောက်ကာ ဝါးဖောင်နှင့်အတူ ပါသွားတော့သည်။ ကမ်းစပ်လက်ဖက်ရည်ဆိုင်မှ လူအများလည်း 'ဟာ ... ဟန် ... ဟင်' ခနဲ အလန့်တကြား အော်ဟစ်ကြသည်။ တော်ပါသေးသည်။ ကျွန်တော်တို့က ဝါးဖောင်နှင့်လွတ်ပြီး ကျွန်တော်က ရေကူးကျွမ်းကျင်သဖြင့် တစ်ဘက်ကမ်းစပ်သို့ ချောမောစွာ ကူးခပ်ရောက်ရှိသည်။

မမကြီးမှာ ရေမွန်းနေသဖြင့် ကျွန်တော့်အား အတင်းဖက်တွယ်ထားသည်။ တစ်ဘက်ကမ်းပေါ်သို့ရောက်၍ ကျွန်တော် မမကြီးကို အနီးကပ်ကြည့်မိတော့မှ ရေစိုရွှဲနေသောအဝတ်အစားများ အသားနှင့်ကပ်နေသော မမကြီးခန္ဓာကိုယ်မှာ ပြကတေ့ ပင်ကိုအလှကိုမြင်ရတော့သည်။

ကျွန်တော် သတိလက်လွတ် ငေးစိုက်ကြည့်နေမိစဉ် မမကြီး၏ ကော့ပျံနေသော မျက်တောင်များ၊ လိပ်ပြာတောင်ပခတ်သလို လှုပ်ရှားလာသည်။ နှင်းဆီနီရောင် သန္တာနှုတ်ခမ်းမှာလည်း ပွင့်ဖူးများ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်အာလာသလို ပွင့်ဟလာပြီး ကျွန်တော့်အားသိုင်းဖက်ထားသောလက်ကို မလျှော့ဘဲ တိုးဖက်ပြီး . . .

"မောင်မောင် . . . မမအသက်ကို ကယ်လိုက်တာနော်"

"ဟုတ်ပါတယ် မမ။ ကျွန်တော် လှေထဲဆင်းကတည်းက တစ်ခုခု အန္တရာယ်ဖြစ်တော့မယ်ဆိုတာ သိနေသလိုပဲ။ ဒါကြောင့် သတိထားနေတုန်း ဝါးဖောင်ကြီးစုန်ဆင်းလာတာကို ကြိုတင်မြင်လို့ ကျွန်တော် မမကြီးကို ရုတ်တရက်ဆွဲခေါ်ပြီး ရေထဲခုန်ချလိုက်ရတာပါ။ ခုန်ဆင်းတာတောင် ညာဘက်ဆင်းရင် လှေပဲ့ပိုင်းကို ဖောင်ကြီးကတိုက်တာမို့ ကျွန်တော်တို့ လှေဦးနဲ့ဖောင်ကြား ညှပ်သွားနိုင်တယ်၊ အတွက်မှန်လို့ ချမ်းသာရရတာပေါ့ မမရယ်"

"ဒါမှ မမချစ်ရတဲ့မောင်မောင် . . . အသက်သခင်ကျေးဇူးရှင်ရယ်"

မမကြီးက ကျွန်တော့်ပါးပြင်နှစ်ဘက်ကို ပန်းပွင့်ပေါ်လိပ်ပြာနားသလို ရှူရှူကလေး မွှေးမွှေးပေးပါသည်။ ထိုအခြင်းအရာကိုမြင်တော့ တစ်ဘက်ကမ်းမှ လက်ဖက်ရည်ဆိုင်ပရိတ်သတ်များက လက်ခုပ်လက်ဝါးတီးပြီး အော်ဟစ်အားပေးကြသည်။

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ရှီ . . . ရှီ . . . ရှီ"

"ဟီးရိုးကွ . . . ဟီးရိုး . . . ဒါမှ တကယ့်ဇာတ်လိုက် ပီပြင်တာကွ"

"ဝေးဟေး . . . ဟေး . . . ဟေး"

မကြာမီ ငှက်သမ္ဗန်တစ်စီး လှော်ခတ်လာပြီး ကျွန်တော်တို့စုံတွဲအား လာကြိုပါသည်။ ကျွန်တော်တို့စီးလာသော ငှက်သမ္ဗန်ဆရာကတော့ ဖောင်ကြီးနှင့်အတူ မျောပါသွားသဖြင့် ဘယ်ရောက်လို့ဘယ်





ပေါက်မှန်းပင် မသိတော့။ ကျွန်တော်တို့ ကံကောင်းလေစွ။ တစ်ဘက်ကမ်းရောက်တော့ ပရိတ်သတ်က ကျွန်တော့်အား . . .

"ဆရာလေး . . . ဒီကြွက်နဖားတောင်ခြေမှာ ကျောက်ဘီလူးနဲ့ ပဟဝင်းထင်ပါရဲ့။ ရုပ်ရှင်ကားကြီး လာရိုက်ဖူးတယ်။ တကယ်မဟုတ်ဘဲ သရုပ်ဆောင်ရတာဆိုတော့ အခုလောက်မပီပြင်ဘူး။ ဆရာလေးတို့စုံတွဲကမှ တကယ်ပီပြင်တာ"

ကျွန်တော်တို့ ဘာမျှပြန်မပြောနိုင် ပြုံးနေမိပါသည်။ အိမ်ဖော်မလေး မလေးနွယ်က တဘက်ကြီးတစ်ထည်ကိုယူလာပြီး မမကြီးအား ခြုံပေးသည်။ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်ချိုချို ပူပူကလေးမှာလည်း အလွန်အရသာရှိလှသည်။ ကျွန်တော်တို့မှာ မျက်နှာစိမ်းများဖြစ်ကြ၍ တော်ပါသေးသည်။ လက်ဖက်ရည်သောက်ပြီး အားလုံးကိုနှုတ်ဆက်ကာ ရွှေစာရံဘုရားအား ဝင်ဝတ်ပြု၍ ပြန်ခဲ့ကြပါသည်။

မွန်းတည့်ချိန်ဖြစ်၍ အညာနေမှာ ပူပြင်းလှသည်။ ထို့ကြောင့် ကျွန်တော်တို့ အပြန်ခရီး လယ်ကွင်းများကိုဖြတ်ရင်း အဝတ်အစားများခြောက်သွားသည်။ မမကြီးအား အိမ်ပြန်ပို့ပြီး ကျွန်တော်တည်းခိုအိမ်ပြန်ရောက်တော့ အဘဦးသာနီးတို့အိမ်တွင် ကျောင်းဆရာ ဦးခင်မောင်ဝင်းနှင့် ဦးထွန်းတို့ စောင့်နေကြသည်ကို တွေ့ရသည်။

"ဘယ့်နှယ့် . . . ဆရာလေး၊ အတော်ပျော်ခဲ့ရဲ့လား။ ကျွန်တော်တို့သတင်းတွေ စုံနေအောင် ကြားပြီးပါပြီ"

"ဟုတ်ကဲ့ ကြားတဲ့အတိုင်းပါပဲ"

ထိုစဉ် အဘဦးသာနီးက . . .

"ဆရာလေး . . . ဘာဖြစ်လာတာလဲ။ ဆံပင်တွေလည်း စုတ်ဖွားနဲ့ နေပူမိလာတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြတော့ အားလုံးက တအံ့တသြကြီး ဝိုင်းကြည့်နေကြသည်။ ကျွန်တော် အဝတ်အစား လဲပြီး လက်ဖက်ရည်ဝိုင်းပြန်ထိုင်တော့ ဆရာဦးခင်မောင်ဝင်းက …

"အင်း … အလွန်အင်မတန်မာနကြီးတဲ့ မမကြီး ဆရာလေးနဲ့မှပဲ ပျော့တော့တယ်ထင်ပါရဲ့။ မမကြီးက ဒီနယ်တစ်ကြောမှာ သူနဲ့တန်တဲ့ယောကျ်ား မပေါ်သေးဘူးလို့ အထင်ရှိနေတာဆရာရဲ့။ ကောင်းပါတယ်။ ဆရာလေးနဲ့လည်း လိုက်ပါတယ်။ ဒါမှလည်း ဆရာလေး ကျွန်တော်တို့ ဆီကို မကြာမကြာရောက်ဖြစ်မှာ။ နတ်ရေးတဲ့ ဖူးစာရေးနော် အဘဦးသာနိုး"

"ဟုတ်ပဲ … ကျောင်းဆရာရယ်။ မှန်လိုက်လေဗျာ"

✿ ✿ ✿

| ၅ |

❑

ညနေစောင်းတွင် မမကြီးတို့အိမ်မှ အိမ်ဖော်မလေး မစံပယ် ကျွန်တော့်အား လာခေါ်ပြန်သည်။

"ဆရာလေး မမကြီးက ခေါ်ခိုင်းလိုက်တယ်။ ခဏကြွပါတဲ့"

"အော် … ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ကျွန်တော်လိုက်သွားတော့ မမကြီးက အိမ်အပေါ်ထပ်မှာ သူမအခန်းတွင်းတက်လာရန်ပြောသဖြင့် တက်သွားရသည်။ အခန်းထဲ၌ မမကြီးမှာ နေမကောင်းဟန်ဖြင့် ခုတင်ပေါ်တွင် လှဲနေသည်။

"မမ … နေမကောင်းဘူးလား။ အအေးမိသွားတယ်ထင်တယ်။ ကျွန်တော့်မှာ ဆေးတွေပါလာပါတယ်။ သူကြီးအိမ်ကို ပြန်ယူလိုက်မယ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မလိုတော့ပါဘူးကွယ်။ မမ ဆေးသောက်ပြီးပါပြီ။ မောင်မောင့်မျက်နှာကို မြင်ရတာနဲ့တင် တစ်ဝက်သက်သာသွားပါပြီ။ ခုတင်ပေါ်မှာပဲ ထိုင်ပါမောင်မောင်။ မမ တိုင်ပင်စရာလေးရှိလို့"

"ပြောပါမမ။ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မမ မနက်ဖြန် မန္တလေးကိုသွားရမယ်။ အလုပ်ကိစ္စချိန်းထားတာရယ်၊ ကျန်းမာရေးအတွက် ဆရာဝန်လည်းပြရမယ်။ မောင်မောင်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ် မမ"

"အဲဒါဆို မမကို မနက်ဖြန်မနက်(၈)နာရီလောက် ကျောက်မီးတာဆုံကို မောင်မောင့်စက်ဘီးနဲ့ လိုက်ပို့ပါ။ အလုပ်ကိစ္စပြီးတာနဲ့ ရွှေစာရံဘုရားရွှေချဖို့ ကိစ္စအတွက် ဘုရားဂေါပက အဖွဲ့နဲ့တွေ့ပြီး မမ ကုန်ကျသမျှ လှူလိုက်မယ်။ ပြီးမှ ရွာကိုပြန်လာမယ်။ တစ်ပတ်လောက်တော့ ကြာမယ်ထင်တယ် မောင်မောင်"

"အဲဒါဆို မမရယ် . . . ကျွန်တော်လည်း ကုသိုလ်ရအောင် မမအလှူမှာလည်း ပါဝင်ပါရမိဖြည့်တဲ့အနေနဲ့ ကျွန်တော့် ဒီတစ်ကျပ်သားရှိတဲ့ ရွှေလက်စွပ်ကလေးကို လှူဒါန်းပါရစေ"

"အင်း . . . သာဓုပါ . . . မောင်မောင်ရယ်။ ကုသိုလ်ပါရမီဆက်ကြတာပေါ့။ အင်း . . . ဒါပေမဲ့ မောင်မောင့်လက်မှာ ဗလာဖြစ်နေမှာဆိုတော့ မမရဲ့အသက်သခင်ကျေးဇူးရှင် ချစ်ရတဲ့မောင်မောင်ကို မမကလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ ချစ်သက်လက်ဆောင်တစ်ခု ပြန်ပေးမယ်။ မောင်မောင် မျက်စိမှိတ်ထားပါ"

မမကြီးက ခေါင်းအုံးအောက်မှ အသင့်ထားဟန်တူသော ရတနာကြုတ်ကလေးကို ထုတ်ယူလိုက်သည်။ ကျွန်တော်မျက်စိမှိတ်ထား





တော့မှ လက်သူကြွယ်တွင် စွပ်ပေးသည်။ ရွှေလက်စွပ်တစ်ကွင်းဖြစ်ပါသည်။ ထိုစဉ် မမကြီးက . . .

"မောင်မောင် မျက်စိဖွင့်ကြည့်လို့ရပြီ"

ကျွန်တော် မျက်စိဖွင့်ကြည့်တော့ အလွန်အရည်ကောင်းပြီး ဂေါ်ကြီးများပါသော နီလာကြီးတစ်လုံးအား တစ်ကျပ်သားခန့်ရှိရွှေဖြင့် ကွင်းထားသော ရှေးဟောင်းလက်ရာ လက်စွပ်ကြီးတစ်ကွင်းဖြစ်သည်။

"မောင်မောင်က သောကြာသားဆိုတော့ နီလာနဲ့တည့်တယ်။ ဘုန်းတန်ခိုးကြီးမယ်။ ကျန်းမာရေးကောင်းမယ်။ ဒီလက်စွပ်က မမတို့ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းက အဆင့်ဆင့်အမွေရထားတဲ့ လက်စွပ်ပါ။ မောင်မောင်နဲ့ထိုက်လို့ ရတာပါ။ မမရဲ့ မောင်မောင့်အတွက် ချစ်သက်လက်ဆောင်ပါ။ မပျောက်စေနဲ့နော်"

"စိတ်ချပါ မမ။ ကျွန်တော် အမြဲတမ်းဝတ်ထားပါ့မယ်"

ထိုနေ့က မမကြီး၏အိပ်ခန်းအတွင်းဖြစ်၍ ကျွန်တော်တို့နှစ်ဦး အပြန်အလှန်အနမ်းမိုးများ လှိုင်လှိုင်ရွာသွန်းနေကြစဉ် 'အဟမ်း . . အဟမ်း' ဟူသော အိမ်ဖော်မကလေး မလေးနွယ်၏ သတိပေးချောင်းတန့်သံကြောင့် လူချင်းခွာလိုက်သော်လည်း ဖက်ထားသောလက်များက မပြုတ်သေးပါ။

အကြောင်းသိ၊ အစင်းသိ မလေးနွယ်ကလည်း ကော်ဖီနှင့် မုန့်ပန်းကန်များအား စားပွဲပေါ်၌တင်ခဲ့ပြီး အောက်သို့ပြန်ဆင်းသွားသည်။ ကျွန်တော်တို့ချစ်သူနှစ်ဦး သံသာလေကမ်းတိုင် တူပြိုင်၍တူးကြသည်မှာ မမောနိုင်၊ မပမ်းနိုင်။ ကျွန်တော့်အတွက် မမကြီးမှာ အချစ်ဦးဖြစ်၍ အချစ်ဆုံး့ စုံးပြီး ရူးမိသည်မှာ အပြစ်တော့ မဟုတ်တန်ရာချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မောမောပန်းပန်းဖြင့် ကော်ဖီသောက်တော့ အငွေ့တထောင်းထောင်းထွက်နေသော ကော်ဖီများ အေးစက်ကုန်ပြီဖြစ်သည်။ ကျွန်တော့်တစ်သက်တာအတွင်း သူငယ်ချင်းမိန်းကလေးများ ရှိခဲ့ဘူးသော်လည်း တက္ကသိုလ်ကျောင်းသားကြီးဖြစ်သည်အထိ ရည်းစားသနာ မထားခဲ့ဘူးပါ။ ထို့ကြောင့် အချစ်သည်းခြင်း ဖြစ်ပါလိမ့်မည်။

ကျွန်တော် မမကြီးအိမ်ကပြန်တော့ နေပင်ဝင်လုချေပြီ။ အသုံးလုံးသင်တန်းရှိသေးသဖြင့် အပေါ်ထပ်မှ ကတိုက်ကရိုက်ဆင်းလာရာ အောက်ထပ်တွင် အိမ်ဖော်မကလေးမလေးနွယ်ကို မတွေ့ရပါ။ မျက်နှာပူ၍ ရှောင်နေဟန်ရှိသည်။

တော်ပါသေးသည်။ ကျွန်တော်ကလည်း သူမကိုတွေ့ပါက မျက်နှာထားတတ်မည်မဟုတ်ပါ။ ကျွန်တော် အိမ်ပြန်ရေချိုး အဝတ်အစားလဲပြီး အသုံးလုံးစာသင်ဝိုင်းသို့ ဝင်ရတော့သည်။ ထိုနေ့က ညနေစာထမင်းပင် မစားဖြစ်ပါ။ အချစ်အဆိပ်တက်ပြီး အချစ်ရည်ဝ,နေ၍လား မပြောတတ်ပါ။

နောက်တစ်နေ့မနက်တွင် ကျွန်တော်အိပ်ရာက စောစောထ၍ ဘုရားဝတ်ပြုပြီး မနက်စာစားရင်း အဘဦးသာနိုးကို စောင့်မျှော်နေမိသည်။ ညကတည်းက မမကြီးအား ကျောက်မီးတာဆုံသို့ လိုက်ပို့ရမည်ဖြစ်ကြောင်း ပြောထားသဖြင့် အဘစောစောပြန်လာပါသည်။

မနက် (၅း၃၀)နာရီခန့်တွင် ကျွန်တော် ဝိရိယကျောင်းစွာ ရွာရှေ့ရေပေးမြောင်းကြီးအနီးရှိ မန်ကျည်းပင်ကြီးအောက်တွင် အဘဦးသာနိုး၏ နို့ဘီးဆွဲသော Humber စက်ဘီးကြီးဖြင့် အဆင်သင့်စောင့်ကြိုနေမိပါသည်။ အချိန်လေးစားသော မမကြီးက မနက် (၆) နာရီတိတိတွင် ရောက်လာသည်။





"မောင်မောင် . . . ရောက်တာကြာပြီလား"

"ကျွန်တော်က ဆန္ဒစောနေလို့ စောစောကြိုရောက်နေတာ မမကာ အချိန်မှန်ပါတယ်။ ကဲ . . . စက်ဘီးပေါ်တက် သွားကြစို့"

ရေပေးမြောင်းဘောင်လမ်းကြီးအတိုင်း စက်ဘီးကိုတစ်နာရီခန့် နင်းရသည်။ ကျောက်မီးရွာ တာဆုံရောက်တော့ မနက်(၉)နာရီခန့်ရှိပါ ကျွန်တော်တို့ ပြင်ဦးလွင်မှ ဆင်းလာမည့် ဂျစ်ကားကလေးများကို စောင့်ရင်း အကြော်ဆိုင်၌ထိုင်ပြီး အကြော်စားကြသည်။

စက်ဘီးနင်းလာရပြီး ပင်ပန်းလွန်းသောကြောင့် ဗိုက်ဆာလမ်းဆုံ ကြီးဖြစ်ပြီး အကြော်ကလည်းကောင်းလွန်း၊ ချစ်ရသူနှင့် မျက်နှာ ဆိုင် စားရ၍လားမသိ။ အကြော်မှာ စားလို့အလွန်ကောင်းသည်။

ဂျစ်ကားကလေးဆင်းလာတော့ နေရာရသဖြင့် မမကြီးလိုက် သွားသည်။ ထိုအချိန်က မမကြီးနှင့်ကျွန်တော် နောက်ဆုံးလမ်းခွဲခဲ့ ကျွန်တော် မသိခဲ့ရပါ။ ကျွန်တော်တစ်ဦးတည်း အပြန်လမ်းကို ရင်း ငေးရင်း ပြန်ခဲ့ရပါသည်။

တစ်ပတ်ကျော်သော်လည်း မမကြီးပြန်မလာပါ။ ကျွန်တော် တော့ မမကြီးအားသတိရပြီး အားချိန်ရတိုင်း ရွှေစာရံစေတီဘက် အလွမ်းပြေရောက်ရှိသည်။ အသုံးလုံးသင်တန်း (၄၅)ရက်ပြည့်ခါနီး ကျွန်တော် ရွှေစာရံစေတီဘက်သို့ရောက်ရှိတော့ စေတီအားငြိမ်းဆင် သည်။

ဂေါပကလူကြီးများအား မေးကြည့်တော့ မန္တလေးမြို့မှ မမ ဝိုသူက လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ရန် လှူဒါန်းသဖြင့် ရွှေချရန် ဆင်နေကြောင်း သိရှိရတော့သည်။ မာယာများသော မမကြီးနှင့်



www.burmeseclassic.com


www.burmeseclassic.com



ထပ်မံဆုံတွေ့ရန် ကျွန်တော် လွမ်းစေတီရွှေစာရံဘုရားတွင် နှုတ်ဆက်ကန်တော့ပြီး အကြိမ်ကြိမ် ဆုတောင်းမိပါသည်။ သို့သော် ကျွန်တော့်ဆုတောင်း မပြည့်ခဲ့ပါ။ (၄၅)ရက်ပြည့်ပြီး အသုံးလုံးသင်တန်းများပြီး၍ ကျွန်တော်ပြန်ခဲ့ရသော်လည်း မမကြီးနှင့် အဆက်အသွယ်မရတော့ပါ။

❀

ထောင်မှူးကြီးသိန်းဝင်း




www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... အစက ငါမပြောဘူးလား။ မင်းသမီးတင်တင်ဟာ
ဉာဏ်ရည်မမီပါဘူးလို့"

"အို ... နေပါဦးရှင်။ မနက်စောစောစီးစီး ဘာလို့ ကျွန်
သမီးကို ချီးချီးဖွဲ့ဖွဲ့ လာပြောနေရတာလဲ အဖေကြီးရဲ့"

"ဘာလို့ ဖြစ်ရမှာလဲကွ။ ဒီမနက် ဆယ်တန်းအောင်စာရင်
ထွက်လာပြီလေ"

"ရှင် ... ဟုတ်လား"

"မင်းတို့ပါးစပ်က အမြှုပ်ထွက်မတတ် ပြောပြောနေတဲ့ ဂုဏ
ထူးနားဝေးလို့ (ခ)စာရင်းမှာတောင် ပါတာမဟုတ်ဘူးဟေ့။ သိပြီလား"

"အို ... တကယ်"

"ကဲ ... ဒီလောက်ဆိုရင် မင်းသမီးဟာ သူ့အစ်ကိုနဲ့အစ်
ထက် အိုင်ကျူအများကြီးနိမ့်တယ်ဆိုတာ မင်းလက်ခံဖို့ သင့်နေပြီနော်"

"ဖြစ်ရလေ သမီးလေးရယ်"





ကျွန်မ မနက်စောစော အိပ်ခန်းခုတင်ထက်တွင် ဂုဏ်တော်
...ပင် စိပ်၍ မပြီးတတ်သေး။ မြတ်ဗုဒ္ဓကို အာရုံပြုထားခိုက် ကြည်
...ချမ်းမြနေသည့် ကျွန်မ၏စိတ်စေတသိတ်တို့ ကစဉ့်ကလျားဖြစ်ကုန်
ကြ၏။ ညွှန်းထဲတွင် အပြန်အလှန်ပြောနေကြသော ဖေဖေနှင့်မေမေ
တို့၏ အသံတို့ကလည်း လိုတာထက်ပို၍ ကျယ်လောင်နေလွန်းလှသည်
...။

အထူးသဖြင့် မနက်ဗေလီဝေလင်းထဲက အိပ်ရာမှထ၍ ဆယ်
...န်းအောင်စာရင်းကြည့်ပြီး ပြန်လာသော ဖေဖေ့အသံက ပို၍ပင် ကျယ်
...သေးသည်။ ကျယ်သည်ဆိုသည်ထက် ဖေဖေ့လေသံထဲတွင် ကျွန်မ
...ပေါ် ချိုးနှိမ်လိုသော ဖိနှိပ်ထားလိုသော အသံလှိုင်းက ပို၍ပင် လွှန်ကဲ
...သလို ထင်မိသည်။

အံ့သြစရာကောင်းသည်မှာ 'ဩော် ... ငါ့သမီးထွေးလေးခမျာ
...ယ်တန်းမအောင်ရှာပါလားနော်' ဟူသော ဖခင်တစ်ယောက်၏ သမီး
...ပေါ်ထားရှိအပ်သည့် မေတ္တာရေအလျဉ်စီးဆင်းသံ တစ်စက်ကလေး
... ယိုစိမ့်မလာကြပါပေ။ ပြီးတော့ ပြောပုံကျယ်လောင်သည်သာမက
...သံက မာကြောကြောနှင့် ရန်သူတစ်ယောက်အပေါ် ငြိုးနေသယောင်
...ောင်။

ပြောလို့သာ ပြောရသည်၊ အမှန်တော့ သည်ကိစ္စက ထူး၍
...န်းတော့သော ဖြစ်ရပ်မျိုးသာ။ သားသမီးသုံးယောက် ထွန်းကား
...ည်အနက် ကျွန်မအစ်ကိုကြီးက ဆယ်တန်းတွင် ဂုဏ်ထူးလေးဘာသာ
... အောင်ခဲ့၍ သူဝါသနာပါသော စက်မှုတက္ကသိုလ်သို့ တက်ခွင့်ရခဲ့
...ည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအထက်က အစ်မဖြစ်သူလည်း ခေသူမဟုတ်။ ဆယ်တန်းတွင် အစ်ကိုကြီးနှင့် ရင်ဘောင်တန်းကာ လေးဘာသာဂုဏ်ထူးဖြင့်ပင် အောင်ပန်းဆွတ်ခူးနိုင်ခဲ့ပြန်သည်။ သည်တော့ သူအလွန်အမင်းဖြစ်ချင်သော ဖေဖေကိုယ်တိုင် နေ့တစ်ခုဝ တဖွဖွအားပေးနေခဲ့သော ဆရာဝန်လိုင်းဝင်ကာ ဆေးတက္ကသိုလ် တက်ခွင့်ရခဲ့လေသည်။

တကယ်ဆို အစ်ကိုကြီးနှင့် အစ်မတို့က ဆယ်တန်းရောက်မှ ထူးထူးချွန်ချွန် အောင်မြင်ခဲ့တာမျိုးမဟုတ်။ မူလတန်းမှစ၍ အတန်းတိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယတစ်ခုခု ပုံမှန်ရလာခဲ့သူများဖြစ်၏။

ထိုမှ နဝမတန်း (ဟိုက်စကူးဖိုင်နယ်ခေါ် တန်းမြင့်ကျောင်းထွက်စာမေးပွဲ) အစိုးရစစ်တွင်လည်း သူတို့နှစ်ယောက်လုံး ဘာသာဂုဏ်ထူးအသီးသီးဖြင့် အောင်မြင်ခဲ့ကြသည်။ ယင်းသို့ ငယ်စဉ်ကစ၍ ထူးချွန်ထက်မြက်ခဲ့သော အခြေခံကောင်းများက အစ်ကိုကြီးနှင့် အစ်မတို့အား အခြေခံပညာအထက်တန်း(ဒသမတန်း) တွင် ဂုဏ်ထူးလေးဘာသာစီ ဆွတ်ခူးစေခဲ့ခြင်းပင်။

တစ်အူတုံဆင်း မောင်နှမရင်းချာဖြစ်ပါလျက် ကျွန်မမှာမူ သူတို့နှင့် ဉာဏ်ရည်ဉာဏ်သွေး ကွာလှသည်။ မူလတန်းမှာကတည်းက ဆုရဖို့ဝေးစွ အတန်းစာမေးပွဲတိုင်း အောင်မှတ်ရဖို့ပင် နေ့မအား ညမနား မနည်းကုန်းရုန်းပြီး ကြိုးစားကျက်မှတ်ခဲ့ရသည်။ ဒီလောက် တအားကြီး ကြိုးစားခဲ့သည့်ကြားထဲ နဝမတန်း(ဟိုက်စကူးဖိုင်နယ်) စာမေးပွဲတွင် ကျရှုံးခဲ့ရသေး၏။ တစ်နှစ်ပင်မဟုတ်၊ နှစ်နှစ်၊ နှစ်ကြိမ်တိုင်တိုင်လေ။





မြန်မာစာ၊ အင်္ဂလိပ်စာ စသော ကျက်စာများကို ကျွန်မ ကြောက်သော်လည်း တွက်ရချက်ရသည့်အလုပ်ကို ကျွန်မ အရမ်းမုန်းသည်။ ကျွန်မတွင် သင်္ချာဦးနှောက် ပါမလာ၍လားမသိ၊ သင်္ချာတစ်ပုဒ်တွက်ချက်ပြီးတိုင်း တစ်ရက်အသက်တိုသွားသလို ပင်ပန်းဆင်းရဲလှသည်။

ထို့ကြောင့်လည်း ဟိုက်စကူးဖိုင်နယ် အောင်စာရင်းထွက်သောအခါ ကျန်ဘာသာရပ်များတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ခဲ့သော်လည်း သင်္ချာ၌ကား ဗုန်းဗုန်းကျခဲ့ရတော့၏။

"ညီမလေးကြည့်ရတာ ပညာပါရမီ မပါဘူးထင်ပါရဲ့။ နောင်နှစ်ဆက်ဖြေသင့် မဖြေသင့် စဉ်းစားပေါ့ကွာ"

ဟိုက်စကူးဖိုင်နယ် နှစ်နှစ်ကျသောနေ့တွင် အစ်ကိုကြီးက ကောက်ချက်ချသည်။

"ငါ့စိတ်ကူးပြောရရင် နင် ပညာဆက်သင်နေလို့ အကြောင်းထူးတော့မှာ မဟုတ်ပါဘူး။ အချိန်ကုန်လူပန်းပဲ ဖြစ်လိမ့်မယ်။ ဒါကြောင့် ကျောင်းထွက်ပြီး အရောင်းအဝယ်လေးဘာလေး သင်ထားပေါ့ဟာ"

အစ်မလုပ်သူကိုယ်တိုင်ကလည်း ပညာရေးကို ဆက်အားမပေးချင်တော့။

"အိုကွယ် . . . မဦးမချွတ်နဲ့။ ငါ့သမီးလေးကို ဒီလို မပြောကြပါနဲ့ကွယ်။ စာမေးပွဲလေး နှစ်ခါကျရှုံးရုံနဲ့ သူ့ပညာဉာဏ်မရှိဘူးလို့ ပြောလို့မရဘူးလေ"

ဟုတ်ပါရဲ့။ ဒီမိသားစုထဲတွင် မေမေတစ်ယောက်သာ ကျွန်မရဲ့ ထာဝရဘက်တော်သားဖြစ်၏။ ကျွန်မ ဘာကိုလုပ်လုပ်၊ ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



ပြော၊ ဘာဖြစ်ဖြစ် ကျွန်မဘက်က ရပ်တည်ပေးခဲ့သည်ချည်း။ ကျွန်ကို လင်သားမရှိတဲ့သူတစ်ယောက် မွေးခဲ့သလိုမျိုး။

ဖေဖေကတော့ အစ်ကိုကြီးနှင့် အစ်မတို့ကိုသာ ဖူးဖူးမှုတ်ထားခဲ့သည်။ လိုလေသေးမရှိအောင် ပြုစုပျိုးထောင်ပေးခဲ့သည်။ ကျွန်ကိုတော့ သူ့သမီးရင်းမဟုတ်သလို ဘာမဆို မျက်နှာလွှဲ ခဲပစ်လိုက်ချင်သည်။

ပြောလိုက်ရင်လည်း ပိသာလေးနှင့်ပစ်သလို မဲ့မဲ့ရွဲ့ရွဲ့၊ ချိုးချိုးနှိမ်နှိမ်နှင့်။ ကြည့်လေ . . . ဖေဖေ့မှတ်ချက်က ကျွန်မကို အိုင်ကျူနိမ့်သတဲ့။ အစ်ကိုကြီးကလည်း ပညာပါရမီ မပါဘူးတဲ့လေ။ အစ်မကပိုတောင်မှဆိုးသေး။ ကျောင်းထွက်တော့တဲ့။ သည်ကြားထဲ ကံဇာတ်ဆရာ မျက်စိလည်သွားသည်လားမသိ မနှစ်က ဟိုက်စကူးဖိုင်နယ်စာမေးပွဲကို ကံအားလျော်စွာ အောင်လိုက်သေးသည်။

"ဟော . . . မေမေမပြောလား။ ငါ့သမီးမှာ ကိုယ်ပိုင်အရည်အချင်း ရှိပါတယ်လို့"

မေမေတစ်ယောက်သာ ဝမ်းသာအားရ ကောင်းချီးပေးဖော်ရသည်။ ကျန်သုံးယောက်ကတော့ ကဲ့ရဲ့နေကျဖြစ်နေ၍ ချီးကျူးဖို့ကကိုယ်နှင့်မဆိုင်သလို တုံဏှိဘာဝေ နှုတ်ဆိတ်နေကြသည်။ ဘာမှမပြောရရင် အိပ်မပျော်၊ စားမဝင်သော အစ်မကမူ တစ်ခွန်းတော့ ချီးမွမ်းခြေကျောက်ခွပ်လိုက်သေးသည်။

"ငါကြားတာတော့ ဒီနှစ်က ဟိုက်စကူးဖိုင်နယ် နောက်ဆုံးနှစ်အစိုးရစစ်တာဆိုတော့ ဖြေသမျှကို မအောင် အောင်အောင် မော်ဒရေးရှင်း (ပျမ်းမျှအောင်မှတ်)ပေးပြီး လုပ်ပေးတာဆိုပဲဟ"





ဘာပဲပြောပြော ကျွန်မအနေနှင့်ကတော့ စာမေးပွဲအောင်တာကို ကြံဖန်ပြီး အသိအမှတ်ပြုပေးတာကိုပဲ ကျေးဇူးတင်ရမှာပါ။ သည်နှစ် ဆယ်တန်းစာမေးပွဲဖြေဖို့ စာကျက်တုန်းကလည်း မေမေတစ်ယောက်ပဲ ညမအိပ်နိုင်ဘဲ ကျွန်မအနားမှာနေပြီး စားစရာသောက်စရာလေးတွေ လုပ်ပေးနေခဲ့တာလေ။ ကျန်တဲ့လူတွေမှာ ကျွန်မကို အားပေးဖို့နေနေသာသာ ဘယ်နေ့ ဘာ့,ဘာသာဖြေရမှန်းတောင် သိကြတာမဟုတ်ဘူး။

သူတို့စိတ်ထဲ ကျွန်မလိုလူမျိုးကို ဘယ်လိုမှ ဆယ်တန်းမှာထူးထူးချွန်ချွန် မအောင်မြင်နိုင်ဘူးလို့ ယတိပြတ် တွေးဆထားကြတာပဲလေ။ ဟုတ်ပါရဲ့။ တကယ်တမ်း အောင်စာရင်းထွက်လာတော့လည်း ဖေဖေပြောသလို အိုင်ကျူနိမ့်တဲ့ ကျွန်မဟာ ဂုဏ်ထူးဝေးလို့ (ခ)စာရင်းမှာတောင် ကပ်မပါလာနိုင်ခဲ့ဘူး မဟုတ်လား။

ကျွန်မကလည်း ကောင်းစွာ ကြိုသိနေပါသည်။ ဖေဖေတို့က ဆရာဝန်လိုင်းဝင်နိုင်စေရန် အတင်းအဓမ္မယူခိုင်းခဲ့သော ကျွန်မ၏လုံးဝဝါသနာမပါသည့် သိပ္ပံဘာသာတွဲကြောင့် စာမေးပွဲကျတော့မည်ဆိုတာကိုလေ။ သို့မို့ကြောင့်လည်း ကျွန်မ သူငယ်ချင်းတွေ အရုဏ်မတက်မီကတည်းက အောင်စာရင်း သွားကြည့်နေကြသည့်အချိန်တွင် ကျွန်မက အိပ်ခန်းထဲမှာ ငုတ်တုတ်။

"ဒေါက် . . . ဒေါက် . . . သမီးလေး"

တစ်အောင့်လောက်အကြာ အိပ်ခန်းတံခါးခေါက်သံနှင့်အတူမေမေ၏ခေါ်သံ သဲ့သဲ့ကြားရသည်။

"ဟုတ်ကဲ့ မေမေ"

ကျွန်မ တံခါးနားကပ်လျက် တိုးညှင်းစွာ ထူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီနဲ့မုန့် ယူလာတယ်သမီး"

"သမီး ဘာမှစားချင်စိတ် မရှိလို့ပါမေမေ"

"အိုကွယ် ... မိုးလင်းကကတည်းက သမီးဘာမှ မစားရသေးဘဲဟာ။ ရော့ ... ယူထားလိုက်။ စားချင်စိတ်ပေါ်လာမှ စားလေ"

ကျွန်မ သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်မိသည်။ တစ်လောကလုံးနှင့် မဆက်ဆံချင်သာနေရမည် ကျွန်မကိုအချစ်ဆုံး မေမေ့စကားကိုတော့ သွန်ဆန်၍မသင့်။ ကျွန်မ တံခါးဟပေးလိုက်တော့ မေမေက နံနက်စာစားနှံးကို လက်ထဲထိုးပေးရင်းက ကျွန်မမျက်နှာကို စူးစမ်းသလို အကဲခတ်နေသေးသည်။ ပြီးမှ ...

"စိတ်ဓာတ်လုံးဝကျနဲ့နော် သမီး။ ကြိုးစားဖို့အချိန်တွေ အများကြီး ကျန်ပါသေးတယ်။ အားတင်းထားနော် သမီးလေး"

"ဟုတ်"

ဝေ့ဝဲလာသော မျက်ရည်စများကို မျက်တောင်တဖျတ်ဖျတ်ခတ်ထိန်းကာခြေရင်း အခန်းတံခါးကို ပြန်ပိတ်ထားလိုက်ရသည်။ ထိုအခါမှ မျက်ရည်ဥများမှာ တာတမံကျိုးသည့်အလား ပါးပြင်တစ်လျှောက်ဒလဟော စီးဆင်းလာပါတော့သည်။ တစ်ဆက်တည်းမှာပင် ရင်ထဲတလှိုက်လှိုက်ဆို့တက်လာပြီး ဝမ်းနည်းပက်လက် ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိပါသည်။

အဘယ့်ကြောင့်ဆိုသော် မေမေ၏ 'အားတင်းထား' စကားသည် လွန်စွာနောက်ကျသွား၍ ဖြစ်သည်။ မနက်စောစော ကျွန်မစာမေးပွဲကျခြင်းနှင့် ပတ်သက်၍ မှိုချိုးမျှစ်ချိုး ဟိန်းဟောက်သံကြားကတည်းက ကျွန်မ အဓိုင်အမာဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်နေသည်။





ကျွန်မသည် အိမ်တွင် ဆက်လက်၍ မနေသင့်တော့ပါ။ သည်အိမ်မှသာမက သည်လောကကြီးထဲက ပျောက်ကွယ်သွားနိုင်လျှင် ပိုကောင်းမည်ပါ။

ထိုနေ့တစ်ရက်လုံး ဘယ်သူနှင့်မျှ မတွေ့နိုင်အောင် အခန်းအောင်းနေခဲ့သည်။ ကိုယ့်အကြံနှင့်ကိုယ်မို့ မေမေလာပို့ပေးသော နေ့လယ်စာနှင့် ညနေစာကိုတော့ သတိထားပြီး ကုန်အောင်စားထားရသည်။

ညဉ့်နက်မှ ခရီးဆောင်အိတ်တစ်လုံးတွင် အဝတ်အစားနှင့် လိုအပ်သော အသုံးအဆောင်များ ထည့်ရသည်။ ပြီးသည်နှင့် ဘုရားရှိခိုးပြီး အိပ်ရာဝင်ခဲ့သည်။ တစ်နေကုန် စိတ်ဆင်းရဲနေ၍ထင့် ခေါင်းချလိုက်သည်နှင့် အိပ်မောကျသွားတော့၏။

မနက်(၄)နာရီ နှိုးစက်မြည်သည်နှင့် အိပ်ရာမှ ကမန်းကတန်းထကာ ကိုယ်လက်သုတ်သင်ပြီး ဘုရားဝတ်ပြုသည်။ ပြီးမှ အဝတ်အစားလဲ၍ ခရီးဆောင်အိတ်ကိုဆွဲကာ နောက်ဆုံးအနေနှင့် ကိုယ်နေခဲ့သော အခန်းကို ဆွေးဆွေးမြည့်မြည့် ဝေ့ဝဲကြည့်မိသည်။

"ဂုဏ်ထူးငါးဘာသာ ထွက်ရမည်"

စာကြည့်စားပွဲဘေး နံရံတွင် ကျွန်မကိုယ်တိုင်ရေး၍ ကပ်ထားသော အဓိဋ္ဌာန်စာတန်းက ခုတော့ ကျွန်မကို မျက်စပစ်ကာ ပြောင်လှောင်နေသလိုပါပင်။

"သွားဟာ"

ကျွန်မ ဒေါသဖြင့် ထိုစာတန်းကို ဆွဲဆုတ်ကာ တစ်စစီဖြစ်အောင် နင်းခြေပစ်လိုက်မိသည်။ ခဏနေမှ အိပ်ခန်းထဲမှ အသံမကြားအောင် အသာအယာ ထွက်လာသည်။ တစ်အိမ်လုံး အဝိကျသံကြားတော့ အိပ်မောကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လက်အုပ်ချီကာ အပေါ်ထပ်အိပ်ခန်းထဲရှိ မေမေ့အား ရည်စူးကာ ကန်တော့လိုက်သည်။ ပြီးသည်နှင့် အိမ်တံခါးမကြီးကို ဖွင့်၍ ထွက်လိုက်သည်။ ခြံတံခါးကို သေချာပြန်ပိတ်ထားခဲ့ကာ မိသားစုနှင့် အနှစ်နှစ်ဆယ်ခန့်နေလာခဲ့သော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို ငေးမျှော်ကြည့်ခဲ့သေးသည်။

ဖိုင်းကနိုင်းရပ် လမ်းထိပ်ရောက်တော့ ဆိုက်ကားဆရာအား ဘူတာဆီသို့ အမြန်နှင်းခိုင်းလိုက်ရသည်။ မန္တလေးမှ ညနေ(၆)နာရီတွင် ထွက်လာသော မန္တလေး–ရန်ကုန် အစုန်အမြန်ရထားကြီးသည် ကျွန်မတို့ ပဲခူးဘူတာသို့ နံနက် (၅)နာရီ (၁၅)မိနစ်တွင် ဆိုက်ရောက်မည် မဟုတ်ပါလား။

"ငါ့တစ်သက်မှာ ဒီလောက်အံ့ဩဖို့ကောင်းတာ၊ ဒီလောက်ဝမ်းသာစရာကောင်းတာ တစ်ခါမှ မကြုံသေးဘူးကွ . . . စံမတူရ"

"ဟ . . . ဘကြီးနှယ်၊ ဒီလောက်တောင် အံ့ဩပြီးဝမ်းသာရအောင် ဘယ်လိုအဖြစ်မျိုးနဲ့ ကြုံလို့လဲဗျ"

"မင်း . . . စဉ်းစားကြည့် စံမတူ။ ငါ့မှာ သားသမီးငါးယောက်ထွန်းကားခဲ့တာမှာ သားလေးယောက်လုံး တစ်ယောက်မှ ပညာကံမပါလို့ အချိန်တန်အရွယ်ရောက်ရင် ငါ့လို နွားနဲ့ဖက်ရုန်းပြီး လယ်ထဲဆင်းခဲ့ကြရတာချည်းပဲ မဟုတ်လား။ အေး . . . အထွေးဆုံး သမီးလေးကျမှ မူလတန်းကတည်းက စာတော်ပြီး အလယ်တန်းမှာပါ တစ်နှစ်တစ်တန်း မှန်မှန်အောင်လို့ အထက်တန်းဆက်တက်ဖို့ မြို့ကျောင်းပို့ထားခဲ့ရပါပကောလားကွယ့်"

"ဟုတ်တယ်လေ . . . ဘကြီးရဲ့၊ အဲဒီမထွေးလေးက ဒီနှစ်ဆယ်တန်းတောင် ဖြေရပြီမဟုတ်လား"





"ဟား . . . ဟား . . . ဟား . . . ဟုတ်ပါ့ စံမတူရာ။ အဲဒါမနေ့က ဆယ်တန်းအောင်စာရင်းထွက်တော့ တို့မထွေးလေးက (၈)စာခိုင်းက အောင်ရုံတင်မကဘူး ဂုဏ်ထူးလေးဘာသာကြီးများတောင် ပါသတဲ့ကွ"

"အိုး . . . တကယ့်ကို ဝမ်းသာလုံးဆို့စရာပါလား . . . ဘကြီးရဲ့၊ ဟ . . . ဒါဆို မထွေးလေးက ကျုပ်တို့ ညောင်ပင်သာတစ်ရွာလုံးမှာ အတော်ဆုံးပေါ့နော်"

"အောင်မယ် . . . တို့တစ်ရွာလုံးတင် ဘယ်ကမလဲကွာ။ တို့ကျေးရွာအုပ်စုံ တစ်ခုလုံးမှာ လေးဘာသာဂုဏ်ထူးနဲ့အောင်ထာ တို့မထွေးလေးတစ်ယောက်တည်း ရှိသတဲ့ဟေ့"

"ကောင်းလိုက်တာ ဘကြီးရယ်"

ကျွန်မမှာ စာမေးပွဲကျ၍ စိတ်ညစ်ညစ်နှင့် ခြေဦးတည့်ရာထွက်လာကာမှ ရထားပေါ်တွင် တည့်တည့်ကြီး တိုးပါတော့၏။ ရန်ကုန်သို့ တစ်ဘူတာသာလိုတော့၍ ရိုးရိုးတန်းမှ လိုက်ပါလာခဲ့မိသော ကျွန်မမှာ မျက်နှာချင်းဆိုင်ထိုင်ခုံမှ အသက်ကြီးကြီး ကျေးရွာသားကြီးနှစ်ယောက်၏ အချီအချပြောစကားများကို မရှောင်သာ မတိမ်းသာ နားဆင်နေရပါတော့၏။

နားမခံသာသည့်အဆုံး နေရာမှထကာ အတက်အဆင်း တံခါးပေါက်အနီး သွားရပ်နေရသည်။ ရင်ထဲမှ တလိပ်လိပ်လှိုက်တက်လာသော ဝေဒနာဆိုးကြောင့် မျက်ရည်ကျမလာအောင် မနည်းကြီး ထိန်းချုပ်ထားလိုက်ရသည်။

ရန်ကုန်ဘူတာကြီးတွင် ရထားဆိုက်တော့ မိုးစင်စင်လင်းနေပြီ။ လေးဘီးတစ်စီးငှားကာ ကမာရွတ်လှည်းတန်းသို့ မောင်းခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည်းတန်းရောက်တော့ တက္ကသိုလ်ရိပ်သာ လမ်းမကြီးအတိုင်း တရွေ့ရွေ့ လျှောက်ဝင်လာခဲ့သည်။

'ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်'

တက္ကသိုလ် ဓမ္မာရုံကိုလွန်သည်နှင့် အပြာခံပေါ်တွင် ဆေးဖြူဖြင့် ရေးခြယ်ထားသော ဆိုင်းဘုတ်ကို အုတ်နံရံပေါ်၌ တွေ့လိုက်ရ၏။ ကျွန်မ လမ်းတစ်ဖက်ရှိ တက္ကသိုလ်ဆေးရုံဆီသို့ ငေးမျှော်ကြည့်နေပြီးမှ အဓိပတိလမ်းမကြီးအတိုင်း လျှောက်ဝင်လာခဲ့၏။

နွေဦး၏ လေရူးတစ်ချက်က ဝေ့ဝဲလာကာ ကျွန်မအား နွေးထွေးစွာ ကြိုဆိုလိုက်ပါသည်။ လမ်းမတစ်လျှောက် ဝါကြန့်ကြန့်သစ်ရွက်ကြွေများမှာ လေအဝှေ့ဝယ် လူးလိမ့်ဝဲပျံနေကြသည်။ ဖူးစပြုနေပြီဖြစ်သော ကံ့ကော်ပင်ဖျားပေါ်မှ ချစ်သူပျောက်ရှာနေသော နွေဥသြငှက်၏ ဆွတ်ပျံ့သောတွန်ကျူးသံကို တစ်ချက်တစ်ချက် ကြားရပါလေပြီ။

သြော် . . . ကျွန်မ လူမှန်းသိတတ်စ အရွယ်ကတည်းက တမ်းတမ်းတတဖြင့် ရူးသွပ်နေခဲ့သော တက္ကသိုလ်နယ်မြေထဲသို့ ချဉ်းနင်းဝင်ရောက်လာနေမိပါပကောလား။ ကျွန်မ၏ ပင်ကိုဓာတ်ခံက ကဗျာ စာပေ ဂီတ စသောအနုအလှတို့၌သာ မွေ့လျော်တတ်ပေရာ အလှရှုန်းစိုသော မြကျွန်းညို၏အရိပ်အောက်ဝယ် ကွန်းခို၍ ပညာသင်လိုသည့် ဆန္ဒများက ကြာလေပြင်းပြလာလေ ဖြစ်ခဲ့သည်။

ကျွန်မ၏ စိတ်ကူးအိပ်မက်မှာ ဆယ်တန်းအောင်လျှင် ဤကံ့ကော်တောဝယ် မြန်မာစာမေဂျာဖြင့် လာတက်မည်။ ဘွဲ့ရလျှင် မြန်မာစာဌာနတွင် ကျူတာလုပ်ကာ မဟာဝိဇ္ဇာဆက်တက်မည်။ ထိုအတော





အတွင်း တက္ကသိုလ်နောက်ခံ ဝတ္ထု၊ ကဗျာစာပေများရေးသားရင်း ကထိက ပါမောက္ခဖြစ်သည်အထိ ကြိုးစားမည်။

သို့တစ်စေ ဉာဏ်ရည်မမှီ အိုင်ကျူနိမ့်လှသော ကျွန်မ၏ ဦးနှောက်က ထိုမဟာစီမံကိန်းကို အမြစ်မှလှန်၍ တစ်စစီ ချေမွဖျက်ဆီးပစ်လိုက်ပါလေပြီ။ ကျွန်မဖေဖေနှင့် အစ်ကိုအစ်မများက ကျွန်မအား ရာရာစစ ညည်းလို ပညာပါရမီနတ္ထိ၊ ဉာဏ်ရည်မရှိသူက တက္ကသိုလ်ကို မှန်းရဲသေးသလားဟု မြကျွန်းညိုနှင့် မဟာတံတိုင်း ခြားလိုက်ကြသည်။

ကျွန်မဘက်က မေမေ့တစ်မဲသာရှိပြီး ကျန်သုံးယောက်က ပယ်ခဲ့ဖြစ်သွားသောအခါ အသက်နှစ်ဆယ်ပင် မပြည့်တတ်သေးသော ကျွန်မ၏ နှလုံးသားမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေရပါလေပြီ။

ထိုတာဒင်္ဂဝယ် ကျွန်မ၏စိတ်ဓာတ်တို့ မြေသို့ ပုန်းပုန်းကျပြိုလဲကာ ဆယ်တန်းဆိုသည်ကိုလည်း မကြားလို။ မိသားစုဆိုသူတို့ကိုလည်း မမြင်လိုတော့သည်သာမက ဆက်လက်အသက်ရှင် နေထိုင်လိုသော ဆန္ဒများပင် ပျောက်ကွယ်ကုန်ခမ်းသွားပါလေပြီ။

သို့ပင်လည်း နှစ်ပေါင်းများစွာက စိတ်ကူးယဉ်နေခဲ့သော အဓိ တက္ကသိုလ်နယ်မြေကိုတော့ နောက်ဆုံးအနေနှင့် ခြေချကြည့်ရှုခဲ့ချင်သေးသည်။ အဓိပတိလမ်းမကြီး၊ သစ်ပုတ်ပင်၊ ခုံတန်းလျား၊ ဘွဲ့နှင်းသဘင်၊ အင်းလျားကန် စသော ကံ့ကော်တော၏ ရင်ငွေ့ဝယ် နိုလှုံခဲ့ချင်သေးသည်။

ထိုအငွေ့ပုံရိပ်များဖြင့်သာ ဘဝကူးခဲ့ရပါက နောင်ဘဝဘဝများတွင် ကျွန်မ တက္ကသိုလ်ကျောင်းတော်သူကြီး ဖြစ်မည်ကတော့ မသွဲ



www.burmeseclassic.com

www.burmeseclassic.com



မသေ့ မုချပါလေ။ သည်အတွက် ကျွန်မအား တမလွန်သို့ အချိန်တိုတိုဖြင့် အမြန်ဆုံး ပို့ဆောင်ပေးနိုင်မည့်နေရာကို စွေးကြည့်လိုက်တော့ တမလွန်ကို ချက်ချင်းလက်ငင်း ရောက်သွားနိုင်တာက အင်းလျားကန်ရေပြင်ကြီးပဲဆိုတာကို ပြေးမြင်လိုက်မိပါသည်။

သည်တော့မှပဲ စောစောကလေရှူးအငေ့မှာ တွဲဆိုင်းဆိုင်းဖြစ်သွားသော ခြေလှမ်းများ ပြန်သွက်လက်လာပါတော့သည်။ အဝီပတိလမ်းမကြီးရဲ့ ဝဲဘက်မှာ မန္တလေးဆောင်၊ တောင်ငူဆောင်၊ ဒဂုံဆောင်နှင့် ရွှေဘိုဆောင်တို့ကို အစီအရီတွေ့ရပြီး လက်ယာဘက်မှာတော့ သထုံဆောင်၊ ပဲခူးဆောင်နဲ့ ပင်းယဆောင်တို့က တရိပ်ရိပ်နဲ့ ကျန်ခဲ့ကြတာ လှမ်းမြင်ရပါသည်။

နွေရာသီကျောင်းပိတ်ရက်မို့ အဆောင်တွေမှာ လူသူကင်းမဲ့နေသလို တက္ကသိုလ်စာကြည့်တိုက်နှင့် အာရုံစိုက်သည်လည်း တိတ်ဆိတ်ငြိမ်သက်နေကြပါသည်။ လမ်းမကြီး၏အဆုံးမှာ ထီးထီးကြီး ရပ်စောင့်နေသော ဘွဲ့နှင်းသဘင် ခန်းမကြီးက ခန့်ငြားထည်ဝါလှပါပေသည်။

ကျွန်မ ခန်းမရှေ့ မလှမ်းမကမ်းမှာရှိသော သစ်ပုတ်ပင်ကြီးအောက်က ခုံတန်းလျားမှာ အသာအယာ ဝင်ထိုင်လိုက်မိပါသည်။ ထိုအခါမှ မနက် ၄ နာရီကတည်းက ပဲခူးအိမ်မှထလာခဲ့သော ကျွန်မသည် မောရမှန်းပန်းရမှန်း သတိရမိပါတော့၏။

ပဲခူး ဖိုင်းကနိုင်းရပ်က နှစ်ထပ်အိမ်ကြီးတွင် ဖေဖေ၊ မေမေ၊ အစ်ကို၊ အစ်မတို့နှင့် သိုက်သိုက်ဝန်းဝန်း နေထိုင်ခဲ့ကြပုံများ၊ ပညာအဆင့်ဆင့် သင်ယူခဲ့ရသော ကျောင်းများ၊ ဆရာ၊ ဆရာမများ၊ အတန်းဖော် သူငယ်ချင်းတို့၏ ပုံရိပ်များကို တဖျတ်ဖျတ် မြင်ယောင်လာသည်။





နံနက်နေအတက်တွင် ရွှေရောင်တဝင်းဝင်းနှင့် ကြည်ညိုသပ္ပာယ်မွယ် ရွှေမောဓောစေတီတော်ကြီး မျက်စိထဲ ရုတ်တရက်ပေါ်လာ၍ စေတီတော်ရှိရာဘက်သို့ လက်အုပ်ချီရော်ရမ်း၍ ဦးချကန်တော့လိုက်မိပါသည်။ တစ်ဆက်တည်းမှာပင် ရွှေသာလျောင်းဘုရားကြီးကိုပါ လက်စုံမိုး၍ ရှိခိုးလိုက်ပါသည်။

သည် ဥသာပဲခူးသည် ကျွန်မ၏ မွေးရပ်မြေဖြစ်သကဲ့သို့ ကြီးပြင်း လူလားမြောက်ခဲ့ရာ အရပ်လည်းဖြစ်၏။ လူတို့သည် ဘဝနေဝင်ချိန်ရောက်လျှင် ဇာတိမြေနှင့် အချစ်ဆုံးသူများကို သတိရတတ်သည် ဆိုပေရာ တမလွန်သို့ ကူးပြောင်းတော့မည့် ကျွန်မသည်လည်း ပဲခူးမြို့နှင့် မိသားစုကို တမ်းတနေမိခြင်းပေလား။

"ဥသြ . . . ဥသြ . . ."

ကဲ့ကော်ပင်ထက်မှ ဆွဲဆွဲငင်ငင်မြည်လိုက်သော ဥသြ၏တွန်သံကြားလိုက်မှ ကျွန်မအာရုံဝယ် ဥသာမြေပျောက်၍ မိမိ မြကျွန်းညို့ ဥက္ကာသိုလ်မြေသို့ ရောက်နေသည်ကို ပြန်သတိရသည်။ ကျွန်မ သစ်ပုပ်ပင်အောက်မှထကာ ဘွဲ့နှင်းသဘင်ဆီသို့ တရွေ့ရွေ့ လျှောက်လာမိသည်။

ခန်းမရှေ့တွင်ရပ်ကာ ဝမ်းနည်းပက်လက် မော့ကြည့်လိုက်သည်။ စိတ်ထဲကမှ 'ခွင့်လွှတ်တော်မူပါ ခန်းမကြီးရှင့်။ သမီး ဥဩဆော်ရည်နိုင်လို့ ဒီဘဝမှာတော့ ဘွဲ့တက်ယူနိုင်မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် နောင်ဘဝကျမှပဲ ဘွဲ့တွေတသီကြီး တက်ယူခွင့်ပြုတော့ရှင့်' ဟု အရူးတစ်ယောက်လို ရေရွတ်နေမိသည်။

ခဏနေမှ ပါးပြင်တစ်လျှောက် တသွင်သွင် စီးကျလာသော မျက်ရည်များကိုသုတ်ရင်း ခန်းမရှေ့ လှေခါးထစ်ဝယ် အရုပ်ကြီးမြတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ချလိုက်မိသည်။ မိမိတွင် အိုင်ကျူနိမ့်၍ သည်ဘဝအဖို့ ဘွဲ့မရနိုင်တော့သည်ကိုလည်း ယူကြုံးမရ ခံစားနေရမိသည်။ မိမိဘဝတွင် ကူမည် ကယ်မည့်သူ ပေးခံစေသည့် ကံဇာတ်ဆရာကိုလည်း နာကြည်းမုန်းတီးနေမိသည်။

ခုနေ ဘွဲ့နှင်းသဘင်ခန်းမထဲမှ တန်ခိုးရှင်တစ်ဦး ပေါ်ထွက်လာကာ ကျွန်မကို ကယ်မည်မ,မည် ဆိုစေဦးတော့ မွေးကတည်းက ပညာပါရမီပါမလာသော ကျွန်မအား နောက်ဆုံးတွင် စိတ်ပျက်လက်လျှော့သွားရမည်သာ။

သည်တော့ ကျွန်မလို လူရာမဝင်သည့် မိန်းမတစ်ယောက်ကို ထမ်းပိုးထားရရှာသော ဤပထဝီမြေကြီးပင် ဆန်ကုန်မြေလေးဖြစ်ရော့မည်။ အကောင်းဆုံးက သည်လောကနှင့် မပက်သက်တော့သော ၃၁ ဘုံထဲက ဘုံတစ်ဘုံဘုံတွင် ခိုနားနေခြင်းပင် မဟုတ်ပါလား။

ကျွန်မ ဘွဲ့နှင်းသဘင်လှေခါးထစ်တွင် အချိန်အတော်ကြာအောင် တမေ့တမောထိုင်နေပြီးမှ နေရာမှထရပ်ကာ ကျွန်မ နှစ်ပေါင်းများစွာ တမ်းတမျှော်လင့်နေခဲ့ရသော အိပ်မက်ထဲမှ တက္ကသိုလ်နယ်မြေကို နောက်ဆုံးအနေနှင့် ဆွေးဆွေးမြေ့မြေ့ ငေးမောကြည့်နေမိသည်။

ဤဘဝ၌ ကျွန်မအလိုချင်၊ အတမ်းတဆုံးအရာကို ဆုံးရှုံးရတော့မည်မှန်း သိ၍ထင့် မျက်ရည်ဥများသည် ပါးပြင်တစ်လျှောက် အတားအဆီးမဲ့ တသွင်သွင်စီးကျလာပါတော့၏။ ကျွန်မ ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း မျက်လုံးစုံမှိတ်ကာ အဓိပတိလမ်းမကြီးကို ကျောခိုင်းလိုက်ပြီး ဘွဲ့နှင်းသဘင် အနောက်ဘက်ဆီသို့ တရွေ့ရွေ့ လျှောက်လာမိသည်။

"အို . . ."





ရုတ်တရက် မျက်နှာတစ်ပြင်လုံး စိမ့်ခနဲ အေးခနဲ ခံစားလိုက်ရ၍ ကျွန်မမျက်လုံးများ ဖွင့်ကြည့်လျက်သား ဖြစ်သွားသည်။ နေရောင်အောက်ဝယ် အရောင်တလက်လက် တောက်ပနေသော အင်းလျားကန်ရေပြင်ကို ဖြတ်တိုက်လာသော လေနုအေးပါတကား။

လှိုင်းကလေးများ ဖွေးဖွေးထနေသော အင်းလျားရေပြင်ကကျွန်မကို ဖိတ်ခေါ်နေပါလေပြီ။ ကျွန်မ ဘာကိုမှ အာရုံမထားတော့ဘဲ [illegible]ဆီသို့ အသာအယာလှမ်း လာခဲ့တော့၏။ အင်းလျားရေပြင်နှင့် [illegible]ထောက်တို့ ထိတွေ့လိုက်သည်နှင့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားကာ ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထသွားမိ၏။

ကျွန်မ ရေထဲသို့ ခြေသလုံးထက်ဝက် မြုပ်သည်အထိဆင်း[illegible]ကာ မြောက်ဘက်သို့ လက်အုပ်ချီထားလိုက်မိသည်။ စိတ်ထဲတွင် [illegible]ဘော်စေတီ ပေါ်လာသည်။

"အရှင်ဘုရား . . . ဘုရားတပည့်တော်မ ရောက်လေရာဘဝ[illegible] ဉာဏ်ပညာအရာတွင် ထူးချွန်ထက်မြက်သော ပညာပါရမီ လုံးဝ[illegible]ပြည့်စုံသော မဟာဦးနှောက်ပိုင်ရှင် ဖြစ်ရပါလို၏ဘုရား။ ဖေဖေ၊ [illegible] အစ်ကို၊ အစ်မတို့ သာဓုခေါ်ကြပါလေကုန်။ ကျွန်မ အမိုက်မ[illegible]တင်သော် အမျှ . . . အမျှ . . . အမျှ ပေးဝေခဲ့ပါတယ်ရှင် . . . အီး [illegible] . . . ဟီး . . ."

ကျွန်မသည် ရင်မှလှိုက်တက်လာသော အပူမီးကြောင့် မထိန်း[illegible]တော့ဘဲ ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိသည်။ ပြီးသည်နှင့် မျက်စိ[illegible]ကာ ရေနက်ပိုင်းဆီသို့ တဖြည်းဖြည်း တိုးဝင်လာခဲ့သည်။ ရေပြင်မှာ [illegible]လာလေလေ ရွှေ့လျားရခက်လေလေပင်။

"ဟော့ . . . ဇော်ပြီ . . . မိန်းကလေး၊ ဒီလောက်ဆိုရပြီ။ အဲဒီ[illegible]က ရှေ့ဆက်မတိုးနဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်ကမ်းစပ်မှ တစ်စုံတစ်ယောက်၏ အော်ဟစ်ခေါ် ဆိုလိုက်သံကြောင့် ကျွန်မ ရုတ်တရက် လှည့်ကြည့်လိုက်မိသည်။ အသံ အရွယ်ကို ခန့်မှန်းရခက်စေအောင် ဆံပင်ဘုတ်သိုက်နှင့် မုတ်ဆိတ် မွေး၊ ပါးမြိုင်းမွေးများနှင့် မျက်နှာပိုင်ရှင်တစ်ယောက်ကို လှမ်းမြင်ရ

သူ့ကိုယ်ပေါ်တွင် စိမ်းဖန့်ဖန့်ဂျာကင်တစ်ထည် ဝတ်ထား လက်ထဲတွင် စုတ်တံတစ်ချောင်း ကိုင်ထားလျက် သူ့ရှေ့က ဒေါက် ပေါ်တွင် ပန်းချီဆွဲရာ၌ အသုံးပြုသော ကင်းပတ်ဖြူပြားတစ်ချပ် တ ထားသည်။

"ဟုတ်ပြီ ... မိန်းကလေး။ ခု ကိုယ်တစ်စောင်း လှည့်ကြည့် လိုက်တဲ့ဟန်ချက်ဟာ နောက်ခံငွေမင်ရောင်ရေပြင်ရယ်၊ ဟိုး .. အဝေး ဆီက မိုးကုပ်စက်ဝိုင်းရဲ့ အနားသတ်မှုန်း အပြာရောင်မိုးကောင်းကင် ပေါင်းစပ်ရင်လိုက်ရင် ကမ္ဘာပေါ်မှာ အကောင်းဆုံး ပန်းချီကားတ ချပ်ပဲ မိန်းကလေး။ ဒါကြောင့် လုံးဝမလှုပ်နဲ့နော်"

ထိုလူက လှမ်းအော်ပြောပြီးသည်နှင့် လက်ထဲမှစုတ်တံ ကင်းပတ်ပြားပေါ်ဝယ် တလှုပ်လှုပ်ဖြင့် ရေးဆွဲနေပါတော့သည်။ ကျွန် ပထမတွင် ထိုသူ၏ အမိန့်ပေးသံလိုလိုကြောင့် မှင်သက်မိသလို ဖြ နေမိသေး၏။ ပြီးမှ မိမိရည်မှန်းချက်ကို သတိရသွားကာ ရေနက်ပို ဘက်သို့ ပြန်လျှောက်ရန် လှည့်လိုက်သည်။

"အာ ... မိန်းကလေးနယ်၊ ဘာလို့ ကိုယ်အနေအထား ပြောင်းပစ်လိုက်ရတာလဲဗျ။ ဒီမှာ ဆွဲနေတဲ့ပုံကြမ်း ဟန်ချက်မျက်အော ခုနအတိုင်း ဒီဘက်ပြန်လှည့်လိုက်ပါလား မိန်းကလေး"

သူ့စကားကြောင့် ကျွန်မ ထောင်းခနဲ ဒေါသထွက်သွားက ထိုလူအား စူးစူးရဲရဲ လှမ်းကြည့်လိုက်သည်။





"ဟာ ... ဟုတ်ပြီ ... ဟုတ်ပြီ။ အဲဒီအနေအထားအတိုင်း ကောင်းတယ်။ လုံးဝ မလှုပ်နဲ့တော့နော်"

ကျွန်မ ဒေါသတို့ ငယ်ထိပ်တက်လေပြီ။

"ဒီမှာရှင့် ... ကျွန်မက ရေထဲဆင်းပြီး ရှင့်မော်ဒယ်လုပ် နေတာ မဟုတ်ဘူး။ တမလွန်ကို သွားနေတာရှင့်။ သိပြီလား"

ကျွန်မစကားကြောင့် ထိုလူ ပါးစပ်ဟောင်းလောင်းပွင့် ဟ သွားပြီး ...

"ဗျာ ... ဘယ်လိုဗျ။ တမလွန်ကိုသွားနေတယ် ဟုတ်လား"

"ဟုတ်ကဲ့ရှင့် ... ဒါကြောင့် ရှင်မနှောက်ယှက်ပါနဲ့"

ထိုလူ မျက်လုံးဝိုင်းသွားပြီး ...

"ဟာဗျာ ... ကြံကြံဖန်ဖန်၊ ဒီလောက်ချောမောလှပပြီး ကျန်း မာနေတဲ့ မိန်းကလေးကများ"

"ကျွန်မက ရောဂါသည်ရှင့် ..."

"ဟုတ်လား ... ဘာရောဂါဖြစ်နေလို့လဲ"

"ကျွန်မက ဦးနှောက်ကင်ဆာ ဖြစ်နေတာလေ"

"ဗျာ ... ဟင် ... ဘယ် ... ဘယ်လို ..."

ထိုလူ အံ့အားသင့်သွားဟန် နောက်သို့ယိမ်းထိုးကာ ခြေတစ် လှမ်းမျှ ဆုတ်သွားသည်။ ဆံပင်ဘုတ်သိုက်နှင့် နှုတ်ခမ်းမွေး၊ ပါးမြိုင်း များဖြင့် ညှင်းသိုးသိုးဖြစ်နေသော သူ့မျက်နှာမှာ ရုတ်ခြည်း ဖြူ ဖြူလျော် ဖြစ်သွားပုံပင်။

"ဘာလဲ ... ရှင်က ကျွန်မပြောတာ မယုံလို့လား"

ထိုလူက အားယူ၍ ခပ်ယဲ့ယဲ့ပြုံးကာ လက်ကာပြလျက် ...

"မဟုတ်ပါဘူး။ ယုံ ... ယုံပါတယ်။ ဒါနဲ့ ... ဟိုလေ ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ပြောရင်း အနောက်မိုးကုပ်စက်ဝိုင်းဆီသို့ လက်ညှိုး
ထိုးပြသည်။ တောင်စွယ်တွင် နေကွယ်လုပေပြီ။

"ဘာဖြစ်လို့လဲရှင့်"

"နေဝင်တော့မယ် မိန်းကလေး"

ကျွန်မက ဟာသပြက်လုံးတစ်ခု ကြားလိုက်ရသလို ဟက်ဟက်
ရယ်လိုက်ပြီး ...

"ဒီမှာရှင့် ... ကျွန်မ ပျော်ပွဲစားသွားနေတာ မဟုတ်ဘူး
တမလွန်ကို သွားမှာလေ။ နေဝင်တော့ ဘာဖြစ်သလဲရှင့် ဟင်း ...
ဟင်း ..."

ကျွန်မက ခပ်ရွတ်ရွတ် လှမ်းမေးလိုက်သည်။

"မိန်းကလေး အမှောင်မကြောက်ဘူးလား"

"အမှောင် ... ဟုတ်လား"

"တမလွန်ဆိုတာ ဘာတစ်ခုမှမမြင်ရတဲ့ ပိန်းပိတ်အောင် မှောင်
နေသတဲ့ဗျ။ ပြီးတော့လေ ..."

"အင်း ..."

"တမလွန်မှာ ထဘီရေစိုကြီးနဲ့ရောက်သွားရင် အမြဲတမ်း ရေ
စိုကြီးနဲ့ နေ့,နေရမှာတဲ့"

"အို ... ရှင့်ကို ဘယ်သူပြောလဲ"

"ကျမ်းဂန်တွေထဲ ဖတ်ဖူးလို့ပါ။ ဒါကြောင့် ခဏဖြစ်ဖြစ် ကမ်း
ပေါ်တက်ပါဦးလား။ တော်ကြာ အအေးမိနေပါဦးမယ်"

ထိုအခိုက် ကျွန်မတစ်ကိုယ်လုံး သိမ့်သိမ့်တုန်လာသလို ခံစား
မိသည်။

စိတ်ကူးသစ်စာပေ



"အိုရှင့် ... သေပဲသေတော့မယ့်ဟာ ... အအေးမိမှာ
ကြောက်နေရဦးမလား"

"အဲ ... အအေးမိပြီးသေရင် တမလွန်ကျရင်လည်း တစ်
သက်လုံး အအေးမိနေမှာတဲ့ဗျ"

"အို ..."

ထိုစဉ် ကျွန်မခြေထောက်အား ပျော့စိစိအကောင်တစ်ကောင်
လာတိုးသဖြင့် ကြောက်ကြောက်နှင့် ခုန်လိုက်မိသည်။ ပြီးနောက် ကမ်း
စပ်ဆီသို့ အလန့်တကြား တက်ပြေးမိပါလေတော့၏။

"အို ... ဖြည်းဖြည်းလာမှပေါ့ မိန်းကလေးရာ"

ထိုလူ့ထံမှ စိုးရိမ်တကြီး လှမ်းမေးသံကြားလိုက်ရသည်။

"ဘာလဲ ... ရှင် ကျွန်မကို လှောင်တာလား"

"မဟုတ်ပါဘူးဗျာ ... ဒါနဲ့ မိန်းကလေး ဗိုက်ဆာရောပေါ့"

"ဟင်"

အံ့ဩစရာကောင်းသည်မှာ ထိုလူမေးလိုက်မှ ကျွန်မဗိုက်ထဲ
မှ အိခြွေမဆယ်နိုင်အောင် တကြုတ်ကြုတ်အသံ မြည်လာသည်။ မြည်
လာမှာပေါ့ တစ်နေကုန် ဘာမှမစားရသေးဘဲလေ။

"ပြီးတော့ ဒီထဘီရေစိုကြီးလည်း လဲရဦးမယ်။ ဟော ...
မှောင်လာတော့မယ် မိန်းကလေး၊ ကဲ ... ဒီတော့ သွားရအောင်"

ထိုလူက ပန်းချီကားချပ်နှင့် ပစ္စည်းများသိမ်းရင်း ပြောသည်။
ကျွန်မက ထဘီအောက်ပိုင်းကို ရေညှစ်နေရာမှ ...

"ဘယ် ... ဘယ်ကိုသွားမှာလဲ"

"အိမ်ကိုပေါ့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ရှင့်အိမ်က ...”

“မဝေးပါဘူး။ ဒီကနေ နှစ်ဖာလုံလောက်ဆို ရောက်ပါပြီ”

“ဟင် ... နှစ်ဖာလုံ”

“မပူပါနဲ့ ကားပါပါတယ် ... လာ”

ထိုလူက ပြောပြောဆိုဆို ကျွန်မခရီးဆောင်အိတ်ကို ဆတ်ခနဲ ကောက်ဆွဲကာ ရှေ့မှထွက်သွားသည်။ အချိန်မှာ ညီအစ်မ မသိတသိ အချိန်မို့ ကျွန်မမှာ အိပ်မက်မက်နေသူလို သူ့နောက်မှ ဝိုးတဝါးမှန်း ဆ၍ လိုက်သွားမိသည်။

ထိုလူက လမ်းတစ်ဖက် စိန်ပန်းပင်ရင်းတွင် ရပ်ထားခဲ့သော ရှုပါရှစ်ကားဖြူလေးဆီ ခပ်သွက်သွက်လျှောက်သွားပြီး ကားနောက်ဘက် အဖုံးကိုဖွင့်ကာ ပန်းချီပစ္စည်းများကို စနစ်တကျထည့်သည်။ ပြီးသည်နှင့် ကျွန်မခရီးဆောင်အိတ်ကို ကားနောက်ခန်းထဲသွင်းသည်။ ထို့နောက် ကားရှေ့ခန်းတံခါးကို ကျွန်မဝင်သာအောင် ဖွင့်ပေးထားသည်။

“တက်ပါ မိန်းကလေး”

ပတ်ဝန်းကျင်မှာ ရုတ်ခြည်းဆိုသလို အမှောင်ရိပ်လွှမ်းလာသည်။ ပုရစ် စသော ညသတ္တဝါငယ်များ၏ အသံမျိုးစုံ ကြားလာရ၏။ ကျွန်မက ထိုလူ့မျက်နှာကို ခပ်တွေတွေလှမ်းကြည့်ပြီး သံပတ်ပေးခံထားရသော စက်ရုပ်တစ်ရုပ်ပမာ ကားရှေ့ခန်းတွင် ဝင်ထိုင်လိုက်မိသည်။

ထိုလူ တစ်ဖက်မောင်းသူနေရာတွင် နေရာယူကာ ကားရှေ့မီးလုံးကြီးနှစ်လုံးဖွင့်၍ မောင်းလိုက်ချိန်တွင် ကားလမ်းမီးတိုင်များပင် လင်းထိန်နေပါလေပြီ။ ကျွန်မမှာ တမလွန်သို့မရောက်နိုင်သေးဘဲ ခုန





လေးမှတွေ့ခဲ့သော သူစိမ်းယောကျ်ားလေးတစ်ဦး၏ ကားပေါ်တွင် မထင်မှတ်ဘဲ စီးနင်းလိုက်ပါနေသည်ကို တွေးမိကာ ကြောက်သလိုရှိသလို ခံစားမိလာသည်။

ထိုလူက ဘာမှမဖြစ်သလို ကားမောင်းနေရာမှ အတန်ငယ်အကြာတွင် ခြံဝင်းကြီးတစ်ခုထဲ ချိုးကွေ့ဝင်ကာ နှစ်ထပ်တိုက်ဖြူတစ်လုံးရှေ့တွင် ထိုးရပ်လိုက်သည်။

“ဆင်းပါ မိန်းကလေး”

အံ့ဩစရာကောင်းသည်မှာ ကျွန်မကားထဲမှ လှမ်းထွက်စဉ် ကိုယ့်ကိုယ်ကို မသယ်နိုင်ဘဲ ဆိုဖာပေါ်ထိုင်လျက်သား ပြန်ကျသွားခြင်းဖြစ်၏။

“လာပါ မိန်းကလေး”

ထိုလူက လက်ကမ်းပေးသည်။ ကျွန်မက နေရာမှထမရသည်ကို ရှက်စိတ်ဝင်ကာ လက်ကမ်းပေးရန်းဖြင့် တွေဝေနေစဉ် ...

“ဟင် ... သား ... ဧည့်သည်ပါလာတာလားကွယ့်”

ကားဘေးသို့ ရုတ်တရက်ပေါ်လာသော ဖြူဖြူဝဝ အမျိုးသမီးကြီးက ကျွန်မကိုငုံ့ကြည့်ရင်း မေးလိုက်သည်။

“ဟာ ... မေမေရောက်လာတာ အတော်ပဲ ဝိုင်းကူပေးပါဦး။ သူ့တစ်ကိုယ်လုံးလည်း ရေတွေစိုနေလို့ပါ မေမေ”

“ဟုတ်လား ...။ ဒါဆို မြန်မြန်လဲမှ ဖြစ်မှာပေါ့။ လာ ... သမီး”

အမျိုးသမီးကြီးက ပြောပြောဆိုဆို လက်ကမ်းပေးသည်။ ကျွန်မ ကမ်းပေးလိုက်သည့်တိုင် တော်တော်နှင့် အပြင်မရောက်နိုင်။ ကျန်လက်တစ်ဖက်ကို ထိုလူပါ ဝိုင်းဆွဲပေးမှ ထွက်နိုင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝင်ပါ၊ သမီး"

အမျိုးသမီးကြီးက ကျွန်မကို အကဲခတ်ရင်းက ယိုင်တိုင်တိုင်ဖြစ်နေသော ကျွန်မကိုလဲကျမသွားစေရန် ဂရုတစိုက်ပွေ့ဖက်ပြီး တိုက်ခန်းတွင်းသို့ ခေါ်သွားသည်။ ထိုအခါမှ ကျွန်မတစ်ကိုယ်လုံး အေးစက်တောင့်တင်းနေကာ ခြေထောက်များကို အလွန်လေးလံစွာ လှမ်းနေရသည်ကို သတိပြုမိပါတော့သည်။

ကျွန်မမှာ စိတ်တခြား၊ ကိုယ်တခြား ဖြစ်နေသလိုထင်မိသည်။ ခေါင်းထဲမှာလည်း မှုန်နောက်နောက်ဖြစ်လာကာ မြင်ကွင်းများပါ ဝေဝါးလာသည်ကို နောက်ဆုံး သတိထားလိုက်မိလိုက်သည်။ အခန်းတစ်ခန်းထဲသို့ ဝင်ရောက်လာပြီး ကျွန်မမျက်စိရှေ့ဝယ် အလွန်ကြီးမားသည့် မဟူရာကတ္တီပါကားလိပ်ကြီးတစ်ခု ရုတ်တရက်ပြုတ်ကျလာကာ တစ်လောကလုံးမှောင်အတိ ဖုံးလွှမ်းသွားခြင်းပါလေ။

ခဏနေတော့ ကျွန်မ လှသူကင်းမဲ့သော သဲကန္တာရကြီးထဲရောက်နေသည်။ ကောင်းကင်ကိုမော့ကြည့်တော့ နေခြည်တစ်ထောင်အလင်းဆောင်သော ဖန်နေဝန်းက ကျွန်မအပေါ်သို့ အပူရှိန်များ ဒလစပ် လွှတ်နေသည်။

ကျွန်မ အပူဒဏ်မခံနိုင်၍ သဲကန္တာရပေါ်စွင် အရူးတစ်ယောက်လို ခြေဦးတည့်ရာ ပြေးလွှားနေရသည်။ ပြေးလေရာသို့ နေမင်းက မလွှတ်တမ်းကပ်လိုက်လာကာ အပူငွေ့များ မညှာမတာလွှတ်နေသည်။ နောက်ဆုံးတွင် ကျွန်မမှာ တစ်ကိုယ်လုံး ချွေးဒီးဒီးကျကာ သဲပြင်ပေါ်ဝယ် အမောဆို့ပြီး ပစ်လဲကျသွားပါတော့၏။

"ရေ ... ရေ ..."





"ဟော ... မိန်းကလေး ... သတိရလာပြီလား။ ရော့ ... အင့်"

ကျွန်မ မျက်လုံးဖွင့်ကြည့်တော့ စိုးရိမ်စိတ်ဖြင့် မိုးကြည့်နေသော ထိုလူကို တွေ့ရ၏။ သူက ကျွန်မကို အသာအယာထူကာ လက်ထဲမှဖန်ခွက်ကို နှုတ်ခမ်းမှာ တေ့ပေးသည်။ ရေငတ်နေသော ကျွန်မကနွားငတ်ရေကျ အငမ်းမရ သောက်မိသည်။

"ဖြည်းဖြည်းသောက်ပါ မိန်းကလေး"

ကျွန်မရင်ထဲ ကျောက်စက်ရေ သောက်လိုက်ရသလို အေးမြလှပါဘိ။ ကျွန်မ သူ့မျက်နှာကို မော့ကြည့်တော့ ဝေသွားလိုက်၊ နီးလာလိုက်ဖြစ်နေသည်။ ထို့နောက် တစ်လောကလုံး မှောင်ကျသွားပြန်သည်။ နောက်တစ်ကြိမ် ကျွန်မသတိရတော့ ထိုလူကို စားပွဲပေါ်ခေါင်းတင်၍ အိပ်ပျော်နေတာ တွေ့ရ၏။

လေးဆယ်ဝပ်အား မီးရောင်အောက်ရှိ သူ့မျက်နှာပေါ်က မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့် ဆံရှည်တို့ကို ဖယ်ကြည့်မိသည်။ ထိုအခါ သူ့အသက်က ညနေက ပထမဆုံးမြင်ရသည်ထက် နုပျိုနေသည်ဟု ထင်မိ၏။

သို့တစေ လေးထောင့်စပ်စပ် မျက်နှာပြင်ပေါ်က အသားအရောင်မှာမူ သာမာန်ဖြူဝင်းနေသင့်သည်ထက် ဖြူရော်ရော်ဖြစ်နေသယောင်ယောင်။ ရှိသင့်အစ်သည့် သွေးရောင်တို့ ချို့တဲ့နေသလိုလို။ နဖူးပေါ်တွင် အေးစက်ခံစားနေရ၍ စမ်းကြည့်တော့ ရေပတ်ဝတ်ဖြစ်နေသည်။

ကြည့်ရတာ ကျွန်မ တစ်နေကုန် ခရီးပန်းခဲ့တာရော၊ ထော်ရေစိုကြီးနှင့် ကြာခဲ့တာပါ။ ပေါင်းစပ်ပြီး အတော်အဖျားကြီးခဲ့ပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



မည်သူမည်ဝါမှန်းမသိရသော ကျွန်မ၏အသက်သခင် ကျေးဇူးရှင် သားအမိကို မေတ္တာပို့နေမိသည်။

သို့ပင်လည်း ကျွန်မ၏ မူလရည်မှန်းထားသော တမလွန်ခရီးမှ ချော်တောငေါ်အောင် ပြုလုပ်ခဲ့သော ထိုလူကိုတော့ စိတ်ထဲက ခွင့်လွှတ်၍မရ။ သေခါနီးဆဲဆဲလူကိုမှ မော်ဒယ်လာလုပ်နိုင်းရတယ်လို့။ တကယ်ဆို လောကကြီးအတွက် ဘာမှအသုံးမကျတော့သော ကျွန်မလို ဆန်ကုန်မြေလေးတစ်ယောက် ခုလောက်ဆို နောက်ဘဝတစ်ခုဝယ် မွေးလျော်ပျော်နေပြီ မဟုတ်ပါလား။

"ဒါနဲ့ မတင်တင်သော်က ပဲခူးက ဆယ်တန်းကျောင်းသူဆို"

"ရှင် . . . ဒါကို ရှင်ကဘယ်လို . . ."

နောက်တစ်နေ့နံနက် ဆရာဝန်က ဆေးတစ်လုံးထိုးပေးပြီးဖြစ်သွားချိန်တွင် ထိုလူက ကောက်ကာငင်ကာ မေးလိုက်ခြင်းဖြစ်ရာ ကျွန်မက တအံ့တသြ မေးလိုက်မိ၏။

"အစ်ကိုကြီးနဲ့အစ်မက ဆယ်တန်းမှာ ဂုဏ်ထူးလေးဘာသာစီနဲ့ အောင်မြင်ခဲ့ပေမယ့် မတင်တင်သော်ကျတော့ ဂုဏ်ထူးဝေးလို့ (ခ) စာရင်းတောင် မဝင်ခဲ့ဘူး။ အဲဒါကြောင့် အစ်ကိုနဲ့အစ်မက ဦးနှောက်မကောင်းဘူး၊ ပညာပါရမီမပါဘူးလို့ ယူဆကြသလို ဖခင်ဖြစ်သူကလည်း ပညာဉာဏ် အိုင်ကျူနိမ့်တယ်လို့ စွပ်စွဲလာတယ်။ အဲဒီအတွက်ကြောင့် မတင်တင်သော် စိတ်ဓာတ်ကျလို့ အိမ်ကထွက်လာပြီး အင်းလျားကန်မှာ ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ လုပ်ခဲ့တာဆိုဗျ"

"အို . . . ကြည့်စမ်း။ ဒါ . . . ဒါတွေကို ရှင် ဘယ်လိုလုပ် သိတာလဲ။ ဘယ်သူပြောတာလဲ ဟင်"





"ဘယ်သူမှ မပြောဘူး။ မတင်တင်သော်ကိုယ်တိုင် ပြောပြတာပဲလေဗျာ"

"ရှင် . . . ကျွန်မက . . ."

ထိုအချိန်တွင် ကျွန်မ ပါးစပ်ဟောင်းလောင်း ပွင့်နေမည်ထင်၏။

"ဟုတ်တယ်လေ . . . ညက အဖျားကြီးလို့ နဖူးပေါ် အဝတ်တစ်ထည်ပြီးတစ်ထည် တင်ပေးနေတုန်း မတင်တင်သော် ပါးစပ်ကနေ ဦးကို တဖွဖွ ပြောနေခဲ့တာလေ"

"ဟင် . . . ဟုတ်လား . . . ဒါနဲ့ ဦးဆိုတာက . . ."

"သြော် . . . ဦးနာမည်က မောင်မောင်ဦးပါ။ ကိုယ့်ကိုယ်ကို ဦးဦးနဲ့ ပြောကျင့်ပါနေလို့ပါ"

"ဟုတ်လား . . . ဒါဆို ကျွန်မအကြောင်းတွေသိတော့ ကိုမောင်မောင်ဦး . . . အဲ . . . ကိုဦးစိတ်ထဲ ဘယ်လိုခံစားရလဲဟင်"

ကျွန်မ ကိုယ့်အကြောင်းကို မအောင့်အီးနိုင်ဘဲ သူစိမ်းယောက်ျား၏ ထင်မြင်ချက်ကို တောင်းမိပါလေပြီ။

"ဦးစိတ်ထဲ ပထမတော့ ကြားကြားချင်း အံ့အားသင့်သွားတယ်။ နောက်တော့ တဖြည်းဖြည်း သနားလာမိတယ်"

"အို . . . တင်တင့်ကို ဘာလို့သနားရတာလဲ ကိုဦးရဲ့"

"မတင်တင်မှာ ပညာပါရမီ မပါဘူးလို့ ပြောခဲ့တယ်မဟုတ်လား"

"အင်းလေ"

"အမှန်တော့ ပါရမီဆိုတာ ဘယ်သူ့မှာမှ မွေးကတည်းက ပါလာတာ မဟုတ်ဘူး မတင်တင်။ ဦးနားလည်သလောက် ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ပါရမီဆိုတာ အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ခြင်းပဲ။ အဲဒါကြောင့် မြတ်စွာဘုရားတောင်မှ ပါရမီဆယ်ပါးကို ဘဝပေါင်း ရှစ်သိန်းပါး အကြိမ်ကြိမ် အထပ်ထပ် ကျင့်ကြံအားထုတ်ခဲ့ရတာကိုသာ ကြည့်တော့"

"သြော် ..."

"မတင်တင် နားလည်အောင် လွယ်လွယ်ပြောရရင် ဦးမှာ ပန်းချီကားတစ်ချပ်ကို တစ်ကြိမ်တည်းနဲ့ ဆွဲပြီးတာ တစ်ခါမှ မရှိခဲ့ဖူးဘူး။ စိတ်ကြိုက်ပန်းချီကား တစ်ချပ်ရအောင် လေးငါးဆယ်ကြိမ်မက ဆွဲခဲ့ရတာချည်းပဲ။ အဲဒါကို မသိတဲ့လူတွေက ဦးကို ပန်းချီပါရမီပါတယ်လို့ ပြောကြတယ်လေ"

ကျွန်မက အခန်းနံရံပတ်လည်တွင် ချိတ်ဆွဲထားသော ပန်းချီကားများကို ဝေ့ဝဲကြည့်ကာ ...

"အင်းလေ ... ပြောလည်း ပြောစရာပဲ၊ ကိုဦးဆွဲထားတဲ့ ပန်းချီကားတွေက ပြောင်မြောက်ပြီး တယ်လည်း အသက်ဝင်နေတာကိုး။ ကဲ ... ပါရမီကတော့ ကိုဦးပြောသလိုပဲ ထားပါတော့။ တင်တင် သိချင်တာက ဉာဏ်ကောင်းတဲ့လူတွေမှာ ဦးနှောက်အကြီးကြီးများ ရှိကြသလားလို့"

"ဒီလိုမဟုတ်ပါဘူး။ လူ့ခန္ဓာကိုယ် ဖွဲ့စည်းပုံအရ ဦးနှောက်တွေကလည်း အားလုံး မတိမ်းမယိမ်းပါပဲ။ ဦးနှောက်ထဲမှာ ဆဲလ်တွေနဲ့ တည်ဆောက်ထားပြီး ဦးနှောက်ဟာ အာရုံကြောအဖွဲ့အစည်းလို့ ခေါ်တဲ့ သတင်းအချက်အလက် ပို့လွှတ်မှုရဲ့ ဌာနချုပ်ဖြစ်တယ်။ လူတစ်ယောက် ဉာဏ်ကောင်းတယ်ဆိုတာ အဲဒီဆဲလ်တွေထဲမှာ အကြောင်းအရာတစ်ခုခုကို ထပ်ကာထပ်ကာ မှတ်မိနေခြင်းမျိုးပဲ။ ဒါဟာ ဦး ခုန ပြောတဲ့ အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်တဲ့သဘောမျိုးပဲ တင်တင်"





"ဒါဖြင့် ဖေဖေပြောတဲ့ အိုင်ကျူနိမ့်တယ် ဆိုတာကရောရှင့်"

"အင်း ... အိုင်ကျူဆိုတာ (I.Q = Intelligence Quoient) ရဲ့ အတိုကောက်ကို ခေါ်တာပဲတင်တင်။ အဓိပ္ပာယ်ကတော့ လူတစ်ယောက်ရဲ့ ဉာဏ်ရည်ပမာဏကို ချိန်ဆတိုင်းတာခြင်းဆိုပါတော့။ ဉာဏ်ရည်နိမ့်တာမြင့်တာကို ဆိုလိုတာမဟုတ်ဘူး။ အိုင်ကျူနိမ့်တာမြင့်တာက ခုနပြောတဲ့ ဦးနှောက်ဆဲလ်တွေရဲ့ ထပ်တလဲလဲ မှတ်မိနိုင်မှုနဲ့ပဲ ဆိုင်တယ်လေ တင်တင်ရဲ့"

"အင်း ... ကိုဦးရှင်းပြမှပဲ တင်တင်ပျောက်ဆုံးနေတဲ့ ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာ ထင်းခနဲ လင်းခနဲ မြင်လိုက်ရသလိုပါပဲ၊ အဲဒီအတွက် အရမ်းကို ကျေးဇူးတင်ပါတယ် ကိုဦး။ ဟင့် ... ဟင့် ..."

"ဟင် ... ကြည့် ... တင်တင် ငိုနေတာလား"

"ဝမ်းသာလွန်းလို့ပါရှင်"

"ဖြစ်ရလေဗျာ ... ဦးဖြင့် လန့်သွားတာပဲ"

"ဒါနဲ့ ကိုဦးရဲ့ ပန်းချီကားတွေအားလုံး ရှုမျှော်ခင်းပုံတွေချည်းပဲတာ။ ဘာလို့ တင်တင့်ကိုကျမှ မော်ဒယ်လုပ်ခိုင်းပြီး လူပုံဆွဲရတာလဲ"

"သြော် ... ဒီလောက်လှတဲ့ တင်တင့်ပုံကိုမှ မနေ့က မဆွဲလိုက်ရရင် နောက်တစ်ကြိမ်ဆွဲရဖို့ မဖြစ်နိုင်တော့ဘူး မဟုတ်လား"

"ဟင် ... ဘာဖြစ်လို့လဲ ကိုဦး"

"တင်တင်ပဲ ပြောခဲ့တယ်လေ၊ တမလွန်ကို သွားတော့မယ်လို့"

"ကြည့် ... သူတော်တော်နောက်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကိုဦး၏လက်မောင်းကို မနာအောင် ဖွဖွလေးရိုက်လိုက်မိသည်။ ဘာကြောင့်မှန်းတော့မသိ။ ရင်ထဲမှာ နွေးခနဲ သိမ့်ခနဲခံစားလိုက်ရသည်။ တမလွန်မရောက်စေရန် တားဆီးခဲ့သော ကိုဦးအပေါ်တွင် ကျေးဇူးတင်ချင်လာမိသည်။

တကယ်ဆို လောကကြီးကို စိတ်ကုန်ခမ်းနေသော ကျွန်မအား ပစ္စုပ္ပန်ဘဝအပေါ် ပြန်လည်ခင်တွယ်လာအောင် လမ်းညွှန်မှုပြုခဲ့သူမှာလည်း ကိုဦးဆိုသူပဲ မဟုတ်ပါလား။

"ကျွန်မ မနက်ဖြန် ပဲခူးပြန်တော့မယ် အန်တီ"

ထိုနေ့ညစာ ထမင်းဝိုင်းတွင် ကျွန်မက ပြောလိုက်သည်။

"အို ... ပြန်တော့မလို့လားကွယ်"

အမေက အံ့အားတသင့်မေးသည်။

"ဟုတ်ကဲ့ ... ဆရာဝန်ကလည်း ဒီတစ်ညနားပြီးရင် မနက်ဖြန် ကျန်းမာပြီဆိုတာနဲ့လေ"

"ဩော် ... အင်း ..."

"ကျွန်မအပေါ် သမီးတစ်ယောက်လို ပြုစုပေးခဲ့တဲ့ အန်တီတို့ကျေးဇူးတွေကို ဒီတစ်သက် မေ့နိုင်တော့မှာ မဟုတ်ပါဘူး"

ကျွန်မ ငိုသံပါမသွားအောင် မနည်းထိန်း၍ ပြောရသည်။

"ရပါတယ်ကွယ်။ အန်တီ့အနေနဲ့ကတော့ သမီး ဒီလိုအဖန်ငါးရာ ငါးကမ္ဘာထိုက်မယ့်ကိစ္စမျိုး ထပ်မကျူးလွန်ဖို့ပဲ မျှော်လင့်ပါတယ်"

"စိတ်ချပါ အန်တီ။ သမီး ဒီလိုမိုက်မဲတဲ့အလုပ်တွေ ထပ်မလုပ်တော့ဘူးလို့ ကတိပေးပါတယ်"

"အေး ... သာဓုကွယ် ... သာဓု။ ဒါဆို သားက ဘူတာကြီးအထိ လိုက်ပို့ပေးလိုက်ပါလားကွယ့်"





သူမက ကိုဦးကို လှည့်ပြောသည်။

"ရပါတယ် အန်တီ ဒုက္ခမရှာပါနဲ့။ ကျွန်မ အလာတုန်းက ဒီပဲ အဓိပတိလမ်းပေါ်က ဖြတ်လျှောက်ပြန်ချင်သေးလို့ပါ အန်တီ"

"ဟုတ်လား ... ဒါနဲ့ ပဲခူးရောက်ရင် သမီး ဘာဆက်လုပ်မှာလဲကွယ့်"

"ဒီက ကိုဦးရှင်းပြလို့ ပညာပါရမီတို့၊ အိုင်ကျူဆိုတာ လူကဆယ်ယူရတာလို့ ကောင်းကောင်း သဘောပေါက်သွားပါပြီ အန်တီ။ ဒါကြောင့် ပဲခူးပြန်ရောက်တာနဲ့ ဆယ်တန်းပြန်ဖြေဖို့ ပြင်ဆင်တော့မယ်လေ"

"ကောင်းပါလေ့ကွယ်"

ကိုဦးက ...

"ဒါဆို ဦးတို့ တစ်နေ့ကစ,တွေ့ခဲ့တဲ့ ဘွဲ့နှင်းသဘင်နောက်ဆုံးထိ လိုက်ပို့ပေးမယ်လေ"

"အင်း ... ကောင်းသားပဲ"

နောက်တစ်နေ့ နံနက်စောစော ကျွန်မ ကိုယ့်ကိုယ်ကို အဆုံးစီရင်မည့် အင်းလျားကန်စပ်သို့ ကိုဦးနှင့်အတူ ရောက်လာခဲ့၏။ ကျွန်မက လေအဝှေ့တွင် ဖွေးဖွေးလှုပ်နေသော ရေပြင်ကို လှမ်းကြည့်ရင်း ...

"ဟိုနေ့က ဇောကပ်နေလို့ ဘာမှမသိခဲ့ဘူး။ ခုမှ တွေးကြောက်လာသလိုပဲရှင့်"

"ဟုတ်လား"

"ဟော ... ခုမှသတိရတယ်။ အဲဒီတုန်းက ကိုဦးဆွဲထားတဲ့ ကျွန်မပုံ ပန်းချီကားရော။ ခု ကားထဲ ပါလာတယ်မဟုတ်လား။ ကြည့်ရအောင်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခု မကြည့်ချင်ပါနဲ့ဦး။ ဦးပြောခဲ့တယ်လေ။ ဦးက ပန်းကားတစ်ချပ်ကို အကြိမ်ကြိမ်အခါခါ လုပ်လေ့ရှိတယ်ဆိုတာလေ။ ကြောင့် တင်တင်ရဲ့ပုံကြမ်းကိုလည်း ပုံချောဖြစ်လာအောင် ထပ်တယ်ဆွဲရဦးမယ်ဗျ"

"ဟင် ... ဒါဆို ဘယ်တော့ ကြည့်ရမှာလဲရှင့်"

"နောင်နှစ် ဆယ်တန်းအောင်စာရင်း ထွက်တဲ့နေ့ကျမှ ရာမှာ လာကြည့်ပါလားတင်တင်"

"ရှင်"

"အဲဒီနေ့ကျမှ ဂုဏ်ထူးတွေ တသီကြီးဆွတ်ခူးလာမဲ့ တင်တင်ကို စောင့်ကြိုနေမယ်လေ"

"အို ... ဒါ တကယ်ကော ဖြစ်နိုင်ပါ့မလားရှင်"

"ပါရမီတို့၊ အိုင်ကျူတို့ပြင်ဖို့ဆို ဦးနောက်ထဲက ဆဲလ်များများမှတ်မိလာအောင် ထပ်ခါတလဲလဲ လုပ်ယူရင် သေချာပေါက်ဖြစ်တယ်ဆိုတာ တင်တင်သိနေပြီပဲဟာ။ ဘာကို စိုးရိမ်နေသေးလို့လဲ"

"ကျွန်မစိုးရိမ်တာက ရေထဲဆင်းတုန်း ခဏလေးမြင်လိုက်ရတဲ့ ကျွန်မမျက်နှာကို ပန်းချီကားထဲမှာ တူအောင်မှ ဆွဲနိုင်မလားပါရှင်"

"ဒါများဗျာ ... တင်တင်မျက်နှာကို မျက်စိက ခဏလေး မြင်လိုက်ရပေမယ့် ဦးရဲ့ ဦးနှောက်ဆဲလ်တွေက အကြိမ်ပေါင်းများစွာ ပြီး ဦးရဲ့နှလုံးသားဆီ ပို့ထားပြီးပြီလေ တင်တင်"

"ဟင် ... ဒါက ဘာအဓိပ္ပာယ်လဲ ကိုဦး"

"ဦးက တင်တင်ကို မြင်မြင်ချင်း ချစ်မိလို့ တစ်သက်မမေ့





အောင် နှလုံးသားထဲမှာ ဓာတ်ပုံရိုက်ယူထားလိုက်ပြီဆိုတဲ့ အဓိပ္ပာယ်ပေါ့ တင်တင်"

"အို ... ကိုဦးကလည်း ..."

"အဲလို မြင်မြင်ချင်း အမိအရ ရေးဆွဲယူခဲ့တာကလည်း ဒီပုံဟာ ဦးအတွက် နောက်ဆုံးဖြစ်ချင်ဖြစ်နေမှာ မို့လို့ပဲ"

"ဒါက ဘာစကားလည်း ..."

ကိုဦးက ရုတ်တရက် ပြန်မဖြေနိုင်သေးဘဲ ဆွံ့အသလို ဖြစ်ပြီးမှ တံတွေးတစ်ချက် မျိုချလိုက်ကာ ...

"ဩော် ... ဆိုလိုတာက ဦးရဲ့ဘဝမှာ တင်တင်လို အချောအလှဆုံးနဲ့ တွေ့ရတာ ပထမဆုံးဖြစ်သလို နောက်ဆုံးလည်း ဖြစ်နေမှာမို့ပါ တင်တင်"

"သွား ... ဘာတွေပြောမှန်းလည်း မသိဘူး"

ကျွန်မက ရှက်စနိုးအသံဖြင့် ပြန်ပြောလိုက်သော်လည်း ကိုဦးမျက်နှာဝယ် အပြုံးရိပ်ကို မမြင်ရသည့်သာမက ကြည့်နေရင်းမှာပင် သွေးမရှိတော့သလို ဖြူဖတ်ဖြူလျော်ဖြစ်သွားသည်ကို တအံ့တဩ တွေ့လိုက်ရ၏။

"ကိုဦးကြည့်ရတာ အိပ်ရေးတွေပျက်ပြီး သွေးအားနည်းနေသလိုပဲ။ ဆရာဝန်နဲ့ပြပြီး အားဆေးလေးဘာလေး ထိုးဦး။ ကဲ ... ဒါဆို တင်တင်သွားတော့မယ်နော်"

ထိုအခိုက် ကိုဦးက ဘာမပြောညာမပြော ကျွန်မကို အတင်းဆွဲယူလိုက်ကာ သူ့ရင်ခွင်တွင် ပွေ့ကပ်ထားလိုက်သည်။

"အိုး ... ကိုဦး ... ဒါ ..."

ကျွန်မအသံကြောင့် လူချင်းခွာလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပန်ပါတယ် ...တင်တင်။ ဦး စိတ်တွေ မ
နိုင်မိလို့ပါ"

ပြောရင်း သူ့လက်သူကြွယ်မှ လက်စွပ်ကိုချွတ်ကာ ကျွ
၏ လက်ဝဲလက်သူကြွယ်တွင် စွပ်ပေးလိုက်လေသည်။

"ဒါ ဆရာတော်ကြီးတစ်ပါး စီရင်ပေးတဲ့ စာမေးပွဲအ
အလွန်ကံကောင်းစေတဲ့ အဆောင်လက်စွပ်ပါ။ အမြဲဝတ်ထားပါ
တင်။ ပြီးတော့ ဦး တင်တင့်ဆီကို အားပေးစာ တစ်လတစ်စောင်
မှန်မှန်ပို့ပေးမယ်။ တင်တင် စာပြန်ဖို့မလိုဘူး။ ဒီအတိုင်းလေးဖတ်ပြီး
ကြိုးစားသွားရုံပဲ"

"ဟုတ် ...ဟုတ်ကဲ့ ကိုဦး"

ထိုနေ့က စကားဆက်မပြောနိုင်ကြတော့ တစ်ယောက်ကို
ယောက် ဆို့နင့်စွာငေးကြည့်ရင်း အသံတိတ် ခွဲခွာခဲ့ကြသည်။ အ
လမ်းတွင် အဓိပတိလမ်းမကြီး၏ ငိုကြွေးသံကို ကြားမိသလို ထ
သည်။

'ကျွန်မ ပြန်လာခဲ့ပါမည် အဓိပတိလမ်းကြီး'

ကျွန်မ ကျောင်းပြင်သံတံခါးမကြီးရှေ့ဝယ် အားတင်း၍ သ
ချလိုက်မိသည်။ ကျွန်မတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တ
ဖြန်းထအောင် စွမ်းအင်များဖြင့် ပြည့်နှက်သွားသလို ခံစားလိုက်မိ
ထိုစွမ်းအင်များက ကျွန်မကို ပဲခူးအိမ်သို့ ပြန်ပို့လိုက်တော့၏။
အပြန် ဆီးကြိုလိုက်ပုံများကဖြင့် သင်းပါ့။

"ညည်းအိမ်ကထွက်သွားလို့ ငါ့မှာ သွားနေကျလက်ဖက်
ဆိုင်တောင် မထိုင်ရဲဘူး။ သမီးစာမေးပွဲကျလို့ နိုးရာလိုက်သွားတာ
တဲ့။ မေးလိုက်ကြတာများ အားမနာပါးမနာနဲ့။ ငါ့မှာ လူပုံအလ





နှာဘယ်ထားရမှန်း မသိအောင် ဘယ်လောက်တောင် အရှက်ကွဲ
ယ်မှတ်လဲ။ ဒါ သေသာသေလိုက်ချင်တော့တယ်။ နေပါဦး ...သူ
မေးသလိုများ ဟုတ်နေလို့လား"

မေမေက လက်ညှိုးငေါက်ငေါက်ထိုး၍ မေးသည်။

"မဟုတ်ပါဘူး မေမေ"

အစ်ကိုကြီးကလည်း ဒေါ်နှင့်မောနှင့် ...

"နင်ကသာ မဟုတ်ဘူးလို့ပြောနေတာ ငါ့မှာ မျက်နှာပူလွန်း
တစ်မြို့လုံး ဘယ်သွားနေရမှန်းတောင် မသိဘူး။ နင်လုပ်လိုက်တာ
ဂုဏ်သိက္ခာတွေ ဘယ်လောက်ထိခိုက်ကုန်လဲ သိရဲ့လား ...ဟင်"

"တောင်းပန်ပါတယ် ကိုကို"

အစ်မက မဲ့ကာရွဲ့ကာဖြင့် ...

"ဘာ ...တောင်းပန်ပါတယ် ဟုတ်လား။ ဒီလိုတောင်းပန်
ရုံနဲ့ ဒီပြဿနာပြီးသွားမယ် ထင်နေလား။ ကဲ ...နင် ငါတို့
အိမ်လုံးမသိအောင် ထွက်သွားပြီး ဘယ်တွေ လျှောက်အလေလိုက်
ခဲ့တာလည်း မိတင်တင် ..."

မေမေက မျက်ရည်လည်ရွဲဖြင့် ကျွန်မကိုဖက်ထားရင်း ...

"အိုကွယ် ...တော်ကြပါတော့။ ငါ့သမီးလေး မသေကောင်း
ကောင်း အိမ်ပြန်ရောက်လာပြီပဲကွယ်။ ဘာတွေထပ်ပြီး မေး
လိုသေးလို့လဲ"

"လိုတယ် မေမေ ...လိုတယ်။ သူ ဘယ်လျှောက်သွားပြီး
ဘာတွေလုပ်ခဲ့လည်းဆိုတာ သမီးတို့ သိရမှဖြစ်မှာလေ"

"ကောင်းပြီ ...ဒါဆို မေမေပဲမေးတော့မယ်။ သမီး သုံးရက်
လုံး ဘယ်တွေသွားနေတာလဲ။ မေမေ့ကို ပြောပြစမ်းပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက လေသံအေးအေးဖြင့် မေးသည်။

"သမီး ရန်ကုန်တက္ကသိုလ်နယ်မြေထဲ သွားခဲ့တာပါမေမေ"

အစ်မက ...

"ဘာ ... ဘယ်လို ..."

"အဓိပတိ လမ်းမကြီးရယ်၊ သစ်ပုတ်ပင်တွေရယ်၊ ဘွဲ့နှင်းသဘင်ရယ် ပြီးတော့ အင်းလျားကန်ရယ်ကို သွားကြည့်တာလေ"

"ဟဲ့ ... တင်တင်၊ နင့်စိတ်တွေ ပုံမှန်မှဟုတ်သေးရဲ့လား"

"ဟုတ်တယ်မမ ...။ တင်တင် စိတ်တွေမမှန်တော့လို့ တင်တင် အင်မတန်ရှုးသွပ်ခဲ့တဲ့ တက္ကသိုလ်ထိ သွားခဲ့တာပေါ့"

"အို ... နင့်ဟာက လူကြားရင် ရှက်စရာကြီး။ ဟင်း ... ငါနော် ...။ ဒါဆို ညည်း ဘာလို့ ပြန်လာနေသေးလဲ။ အင်းလျားကန်ထဲ တစ်လက်စထဲ ဆင်းသေခဲ့ရောပေါ့"

မေမေက ...

"ဟဲ့ ... လွဲပါစေ၊ ဖယ်ပါစေ"

"ကျွန်မက ...

"ဟုတ်တယ် ... တင်တင်လည်း စိတ်ညစ်ညစ်နဲ့ အင်းလျားကန်ထဲ ဆင်းသေခဲ့သေးတယ်လေ"

"ဟယ် ..."

"ရေပေါင်လယ်လောက်ရောက်မှ ပန်းချီဆရာတစ်ယောက် ရုတ်တရက်ပေါ်လာပြီး ကယ်လိုက်လို့ သေကံမရောက်ခဲ့တာပေါ့"

မေမေက ...

"ဟော ... ပန်းချီဆရာတဲ့လား သမီး"





"ဟုတ်ကဲ့မေမေ ...။ အဲဒီပန်းချီဆရာအိမ်မှာ နှစ်ရက်လောက် အပြင်းဖျားနေခဲ့သေးတာလေ"

"သူ့အိမ်က ဘယ်မှာလဲ။ အိမ်မှာရော ဘယ်သူတွေရှိလဲသမီး"

"အင်းလျားကန်စပ်က နှစ်ထပ်တိုက်တစ်လုံးပါပဲ။ အိမ်မှာတော့ ပန်းချီဆရာနဲ့ သူ့အမေပဲ တွေ့တယ်။ ဆရာဝန်ပင့်ပြီး သူတို့သားအမိ ဝိုင်းပြုစုလို့ သမီး ပဲခူးကိုပြန်ရောက်လာနိုင်တာပါ မေမေ"

"အိုကွယ် ... ကျေးဇူးကြီးလိုက်တာ"

တဒင်္ဂအားဖြင့်တော့ တစ်အိမ်လုံး ပြောစရာစကားမရှိသလို ငြိမ်ဆိတ်သွားသည်။ အတန်ငယ်ကြာမှ ဖေဖေက ...

"ဒါဆို သမီးခု ဘာဆက်လုပ်မလဲ"

"သမီး ဆယ်တန်းပြန်ဖြေမယ် ဖေဖေ"

အစ်ကိုကြီးက ...

"အာ ... နင့်မှာ ပညာပါရမီမှ မပါဘဲဟာ။ အချိန်ဖြုန်းသလို ဖြစ်နေမှာပေါ့"

"ပါရမီဆိုတာ အထပ်ထပ်အခါခါ လေ့ကျင့်ခြင်းပါ ကိုကို။ ဘုရားတောင် ပါရမီဆယ်ပါးပြည့်ဖို့ ဘဝပေါင်း ငါးရာငါးဆယ်တောင် ကျင့်ကြံအားထုတ်ခဲ့ရတာ မဟုတ်လား"

အစ်မက ...

"အောင်မာ ... မဟာညဏ်ကြီးရှင်ဘုရားနဲ့မှ နှိုင်းယှဉ်ရတယ်လို့။ နင်မှာက ပညာဦးနှောက်မပါတဲ့အပြင် အိုင်ကျူကလည်း နိမ့်သေးတယ်လေ။ ငါအကြံပြုသလို အရောင်းအဝယ်ဘက်သာ လှည့်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"လူဦးနှောက်ဆိုတာ ခန္ဓာကိုယ်ဖွဲ့စည်းမှုအရ တစ်ယောက်နဲ့တစ်ယောက် သိပ်ကွာတာမှမဟုတ်တာ။ ပညာဆိုတာ ဦးနှောက်ထဲ တာမဟုတ်ဘူး။ ကိုယ်ကသာ လေ့လာဆည်းပူးပြီး ထည့်ထားပေးရတာလေ။ လူ့အိုင်ကျူဆိုတာကလည်း ဦးနှောက်ထဲက ဆဲလ်တွေထဲ ပညာတွေ အကြိမ်ကြိမ် အထပ်ထပ်ရောက်လေ မှတ်ဉာဏ်တွေတိုးလာပြီး မြင့်သထက်မြင့်လာတာမျိုး မဟုတ်ဘူးလား မမ"

ကျွန်မစကားကြောင့် ဖေဖေ၊ မေမေ၊ အစ်ကိုကြီးနှင့် အစ်မတို့ မှင်သက်မိနေသလို ကျွန်မအား ပါးစပ်ဟောင်းလောင်းဖြင့် ငိုင်ကြည့်နေကြသည်။ ကျွန်မက ခရီးဆောင်အိတ်ကို ကောက်ကိုင်လိုက်ကာ ...

"ကဲ ... အချိန်နှင့်ဒီရေသည် လူကိုမစောင့်တဲ့။ သမီး စာစကျက်တော့မယ်"

ကျွန်မ သူတို့ရှေ့မှဖြတ်လျှက် အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ကျွန်မ အခန်းထဲရောက်ပြီး အဝတ်အစားလဲပြီးသည်အထိ အပြင်ဘက်တွင် ငြိမ်သက်နေဆဲ။ ကျွန်မ စာကြည့်စားပွဲတွင် ဝင်ထိုင်ကာ စဉ်းစားသည်။ ကိုဦးပြောသလို စာတစ်ပုဒ်ကို အကြိမ်ကြိမ် အထပ်ထပ် လုပ်ရမည်ဆိုလျှင် အခု ကျွန်မကျင့်သုံးနေသည့် အချိန်စာရင်းဖြင့်မရ။ စာကျက်ချိန်များများ၊ အိပ်ချိန်နည်းနည်း ပြန်ဆွဲရမည်။

ပြီးတော့ အစ်ကိုနှင့်အစ်မ အတင်းယူခိုင်းသည့် သိပ္ပံဘာသာတွဲအစား ဝိဇ္ဇာဘာသာတွဲ ပြောင်းပစ်ရမည်။ သို့မှသာ ကျွန်မဝါသနာပါသော အနုစာပေလေ့လာရန်အတွက် အကောင်းဆုံးပင်။ ပြီးတော့ ဆယ်တန်းအောင်ရန်မှာလည်း ရာခိုင်နှုန်း ပိုများလေသည်။

"ဒေါက် ... ဒေါက် ..."





ကျွန်မ အချိန်စာရင်းကို အသစ်ပြင်ဆင်နေစဉ် အခန်းတံခါး ခေါက်သံကြားရသည်။

"ဟုတ်ကဲ့ ..."

မေမေ တစ်ခုခုလာပို့ပြီအထင်နှင့် အသံပြုလိုက်၏။ သို့သော် ဝင်လာသူက ဖေဖေဖြစ်နေသည်။

"သမီး ဘာလုပ်နေတာလဲ"

ဖေဖေက စာကြည့်စားပွဲအနီး ခုံတစ်လုံးတွင် ဝင်ထိုင်ရင်း မေးသည်။

"စာကျက်မလို့ ပြင်ဆင်နေတာပါ ဖေဖေ"

"ဟုတ်လား ... သမီးကို ဖေဖေ့အကြောင်း ပြောပြချင်လို့ ဝင်လာတာ ..."

"ဘာများလည်း ဖေဖေ"

"သမီးသိတဲ့အတိုင်း ဖေဖေက သူများလို ဘွဲ့မရခဲ့ဘူးလေ။ ငယ်ငယ်ကလည်း အတန်းတိုင်းလိုလိုမှာ မနည်းစာမေးပွဲအောင်အောင် ကြိုးစားခဲ့ရတာ။ စာညံ့တယ်ဆိုပါတော့။ ဒါပေမဲ့ ဖေဖေ စီးပွားရေးမှာတော့ အတော်လေး အောင်မြင်ခဲ့တယ်။ ဘွဲ့ရသူငယ်ချင်းတွေ ဖေဖေ့ကို ငွေကြေးကိစ္စနဲ့ပက်သက်ရင် လုံးဝကို မယှဉ်နိုင်ကြဘူး။ ဖေဖေဆိုလိုချင်တာက သမီးလည်း ဖေဖေနဲ့တူလို့ ပညာရေးမှာအားနည်းတာဖြစ်မယ်။ အဲဒါကြောင့် စာမေးပွဲထပ်ဖြေမယ့်အစား ဖေဖေနဲ့လက်တွဲပြီး စီးပွားရေးစ,လုပ်ပါလား"

"ဟင့်အင်း ... ဖေဖေ။ သမီး ဆယ်တန်းကို အောင်အောင်ဖြေမယ်။ အားနည်းတယ်ဆိုပြီး လုံးဝ လက်မလျှော့နိုင်ဘူး။ အားနည်းချက်ကို အကြိမ်ကြိမ်အခါခါ ထပ်ခါထပ်ခါလုပ်လိုက်ရင် အားသာချက် သေချာပေါက်ဖြစ်လာမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါဆိုလည်း ကောင်းပြီလေ"

ဖေဖေ လက်လျှော့ပြီး ပြန်သွားသည်။ ကျွန်မ အချိန်ဖြုန်း မနေဘဲ ပဲခူးမြို့ပေါ်ရှိ ဝိဇ္ဇာဘာသာတွဲယူသော သူငယ်ချင်းများနှင့် ဆက်သွယ်ကာ သိလိုသည်များကို အသေအချာမေးမြန်းသည်။ လိုအပ်သည့် စာအုပ်စာတမ်းများရှာသည်။ အထူးသဖြင့် အစိုးရရုံးတစ်ရုံးတွင် အထက်တန်းစာရေးဖြစ်သည့်အထိ ဆယ်တန်းမအောင်နိုင်သေးသော အစ်မ ၏သူငယ်ချင်းထံ သွားသည်။

"အစ်မ ... ဆယ်တန်းဖြေနေတုန်းပဲလား"

"အေးလေ ..."

"ဘယ်နှစ်နှစ်တောင် ရှိနေပြီလဲ"

"ဒီနှစ်ဆို ငါးကြိမ်ပြည့်တော့မယ်"

"ဝိဇ္ဇာတွဲနော်"

"ဟုတ်တယ် ... ဘာဖြစ်လို့လဲ"

"ကျွန်မလည်း ဝိဇ္ဇာတွဲပြောင်းမလားလို့"

"အို ... ဖြစ်ပါ့မလား။ ကျက်စာများတယ်နော်"

"ရပါတယ်အစ်မ ...။ အစ်မကသာ လိုအပ်တာတွေ ကူညီပေးပါလား ..."

"ရပေါ့ ...။ ကဲ ... ပြော ငါဘာကူညီပေးရမလဲ"

သူမထံမှ စာအုပ်စာတမ်းအချို့ ရခဲ့သည်။ အထူးသဖြင့် ဆယ်နှစ်စာ မေးခွန်းဟောင်းများကို ရခဲ့ခြင်းက ကျွန်မကို ဝါရင့်ဆယ်တန်းကျောင်းသူကြီးအလား ပညာရည် ပြည့်ဝစေခဲ့သည်။

ထိုနှစ် ကျောင်းတွေပြန်ဖွင့်တော့ သိပ္ပံခန်းမှ ဝိဇ္ဇာတန်းသို့ ပြောင်းခဲ့သည်။ နားမလည်တာမှန်သမျှ ဆရာဆရာမများကို မေးသည်။ လိုအပ်က အိမ်တိုင်ရာရောက် လိုက်မေးယူသည်။ ထိုစဉ်က ကျွန်ုရှင်





ဟူ၍ သီးသန့်မရှိသေး၍ ဆရာ ဆရာမများကလည်း မညီးမညူရှင်းပြကြသည်။

အထောက်အကူအများဆုံးရသည်က ဆယ်တန်းကို ငါးနှစ်တိုင်တိုင်ဖြေနေသော အစ်မ၏သူငယ်ချင်း မမနွဲ့ထံမှဖြစ်၏။ မမနွဲ့မှာ ကံမပါ၍ စာမေးပွဲမအောင်နိုင်သေးသော်လည်း အတွေ့အကြုံများခဲ့သူဖြစ်၍ ဘာသာရပ်တိုင်းကို ကျွမ်းကျင်စွာ ရှင်းပြနိုင်သည်။

မမနွဲ့မှာ ရန်ကုန်က စိန့်မေရီကျောင်းထွက်ဖြစ်၍ အင်္ဂလိပ်စာကို အထူးပိုင်နိုင်သည်။ ပြီးတော့ ဘယ်ဘာသာကို ဘယ်လိုကျက်မှတ်ရမည်၊ အောင်မှတ်ရအောင် ဘယ်လိုဖြေရမည်ကို ကောင်းစွာ နားလည်သည်။ ထို့ပြင် ပထဝီဘာသာတွင် အမှတ်ပြည့်ရနိုင်သော ကွန်တိုနှင့် ဂရပ်ဖ်ကို ကျွန်မအား လက်ထပ်သင်ပေးသည်။

ကျွန်မအဖို့ မမနွဲ့နှင့်တွေ့လိုက်ရသည်မှာ ပညာပဒေသာပင်ကြီး နေ့ချင်းညချင်း ပေါက်လာသလိုပါပေ။ ကျွန်မ ညဘက်စာကျက်ပြီဆိုရင် ကိုဦးပေးထားသော မြကျောက်တစ်လုံးပါ အဆောင်လက်စွပ်ကို ဝတ်၍ ကျက်တတ်သည်။ ကျန်အချိန်များမှာတော့ မည်သူမှမမြင်အောင် အံဆွဲထဲ ထည့်သိမ်းထားသည်။ ကျောင်းပြန်ဖွင့်၍ မကြာမီကျွန်မနာမည်ဖြင့် စာအိတ်ပြာတစ်လုံး စာတိုက်မှရောက်လာသည်။

"တင်တင် ...

ခုလောက်ဆို ကျောင်းပြန်တက်နေရောပေါ့။ ဘယ်လိုလဲ သိပ္ပံကနေ ဝိဇ္ဇာသမား ဖြုန်းခနဲဖြစ်သွားတော့ လူနဲ့စိတ်၊ လူနဲ့ပတ်ဝန်းကျင်တို့ အဆင်ပြေရဲ့လား။ ဝိဇ္ဇာဘာသာတွဲက တင်တင်အတွင်းစိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အံဝင်ခွင်ကျဖြစ်လိမ့်မယ်လို့ ဦး ... ယုံကြည်တယ်။ ဦး ... ပူတာ တင်တင်ရဲ့ မိဘဆွေမျိုးနဲ့ သူငယ်ချင်းအသိုင်းအဝိုင်းကိုပဲ။

အဲဒီပတ်ဝန်းကျင်က တင်တင်ရဲ့ ရုတ်တရက်ပြောင်းလဲခြင်းကို လက်ခံနိုင်စွမ်း ရှိချင်မှ ရှိကြလိမ့်မယ်။ တချို့ဆို အဆင့်မြင့်တဲ့ သိပ္ပံပညာကို စွန့်ပယ်ပြီး အဆင့်နိမ့်တဲ့ ဝိဇ္ဇာဘာသာတွဲကို မိုက်မိုက်မဲမဲ ကူးပြောင်းပစ်လိုက်ရမလားလို့တောင် စုတ်တသပ်သပ်နဲ့ အပြစ်တင်ချင် တင်နေကြလိမ့်မယ်။

တကယ်တော့ ... လူတွေမသိဆုံးအရာဟာ လူ့စိတ်ကိုပဲ။ လူတွေ အောင်မြင်မှုနဲ့ တော့လွဲလွဲနေတာက ကိုယ့်စိတ်ခံစားချက်ကို ကိုယ်နားမလည်ကြလို့ပဲ။ တင်တင်ကတော့ ကိုယ့်စိတ်ခြေရာကို အမိအရ ဖမ်းဆုပ်နိုင်ခဲ့ပြီး ကိုယ်ဝါသနာပါရာကို အကောင်းအထည်ဖော်ဖို့ အနိုင်အမာဆုံးဖြတ်ထားခဲ့တာ မဟုတ်လား။

အခု အဲဒီရည်မှန်းချက်အတိုင်း ပုံဖော်နေပြီဆိုရင်တော့ တင်တင်ရဲ့ အနာဂတ်ဘဝခရီးကတော့ အောင်မြင်တဲ့ ပန်းချီကားတစ်ချပ်လို သက်ဝင်လှုပ်ရှားလာတော့မှာပါ။

တင်တင် တစ်ကိုယ်တည်း တိတ်တိတ်ဆိတ်ဆိတ် လျှောက်လှမ်းလာခဲ့တဲ့ အဓိပတိလမ်းမကြီးပေါ်မှာ စိန်ပန်းပွင့်ကလေးတွေ ကျဲပြန့်လို့နေပါပြီ။ ကံ့ကော်ပန်းတွေလည်း ပင်လုံးကျွတ် ပွင့်နေကြပြီပေါ့လေ။ တစ်နွေလုံး တကူးကူးတေးဆိုခဲ့ကြတဲ့ ဥဩလေးတွေတော့ မိုးကြောက်လို့ ပြေးလေကြပြီ ထင်ပါရဲ့။ မြကျွန်းသာမှာတော့ အရောင်အသွေးစုံလှတဲ့ မောင်မယ်သစ်လွင်တွေနဲ့ စည်ကားနေပြီလေ။ အင်း ... နောင်နှစ် ဒီအချိန်ဆိုရင် တင်တင်တစ်ယောက် တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေလောက်ပြီပေါ့ ...။

---

**စိတ်ကူးသစ်စာပေ**



ပြော် ... တစ်နေ့က ကားနဲ့ဖြတ်အသွားမှာ တင်တင်တမလွန်ကို သွားဖို့ဆင်းခဲ့တဲ့ အင်းလျားကမ်းစပ်ကို လှမ်းမြင်ခဲ့မိသေးတယ်။ ဒီမြင်ကွင်းက ဦးရဲ့ရင်ကို နင့်ခနဲ၊ ကျင်ခနဲ ခံစားမိစေပါတယ်။ ရေပြင်ကို သာတွေ့နေရပြီး၊ တင်တင်ကို မမြင်ရတဲ့အတွက် ရင်ထဲမှာ ဟာတာတာကြီးနဲ့ပေါ့လေ။ ဘယ်တော့မှများ ပြန်ဆုံကြရတော့မှာလည်း တင်တင်ရယ် ...

တင်တင်ရဲ့ ထာဝရ ဦး ...''

စာဆုံးသွားတော့ ကျွန်မမျက်စိထဲ အဓိပတိလမ်းမ၊ အင်းလျားကန်စပ်နှင့် ကိုဦးတို့ကို တဖျပ်ဖျပ် ပြန်မြင်ယောင်မိသည်။ ထိုအခါ ရင်ထဲ၌ ဆို့တက်လာကာ မျက်ရည်သွင်သွင်ကျပြီး ဆွေးတမြည့်မြည့် ခံစားလာရ၏။

သို့တစေ ကိုဦးပြောခဲ့သော ပညာပါရမီဆိုတာ အထပ်ထပ် လေ့ကျင့်ခြင်းကြောင့် ဖြစ်ရပုံကို သတိရမိတော့ ရင်ထဲကဆေဒနာကို ကျောင်းစာအုပ်ပုံကြီးထဲနှစ်ကာ မေ့ပစ်လိုက်ရတော့၏။ ကိုဦး၏ ဒုတိယစာက နောက်လ ဒုတိယပတ်ထဲ ရောက်လာသည်။

''တင်တင် ...

မိုးတစိမ့်စိမ့်ထဲ သူများတွေ ကွေးကောင်းနေတဲ့အချိန်မှာ တင်တင်တစ်ယောက်တော့ စာတွေဖိဖတ်နေမယ်ထင်ပါရဲ့။ ဟုတ်တယ် ဆယ်တန်းကျောင်းသား တစ်ယောက်အတွက် မိုးတွင်းဆိုတာ စာပေဘဏ္ဍာတိုက်ထဲ စာတွေသိုလှောင် စုဆောင်းထားဖို့ အကောင်းဆုံးအချိန်ပဲလေ။ စိတ်လည်းငြိမ်ပြီး အာရုံစူးစိုက်မှု ပိုရတယ်မဟုတ်လား။

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နယ်မြေမှာ အဓိပတိလမ်းမကြီးပေါ်မှာ အရင်လို အဖြတ်အသန်း မစိပ်လှတော့ဘူး။ အိပ်ဆောင်ကနေ စာသင်ဆောင် အကူးအသန်းမှာသာ ထီးကလေးကိုယ်စီနဲ့ ခပ်ကျဲကျဲသွက်သွက် ဖြတ်ကြရတာ။ စာသင်ချိန်ကုန်ရင်တော့ အခန်းအောင်းပြီး စာကျက်နေကြလေရဲ့ . . .။

ဦးလည်း အရင်လို အောက်ဒိုးမထွက်နိုင်ဘဲ ကိုယ်ပိုင်ပန်းချီခန်းလေးထဲမှာပဲ ဝဿန်ရဲ့ မိုးသံလေသံတွေကို ခံစားရင်း ပုံဖော်နေမိတယ်လေ။ အဲဒီထဲမှာ အဓိက အချောကိုင်နေတာကတော့ တင်တင်ရဲ့ အင်းလျားကန်ထဲက အလှဆုံးပန်းချီကားပဲပေါ့ . . .။

သက်ရှိလူသားတစ်ယောက်ကို မော်ဒယ်လုပ်နိုင်းပြီး ပုံကြမ်းရေးဆွဲတာဟာ ဦးရဲ့ ပန်းချီသက်တမ်း အနှစ်နှစ်ဆယ်အတွင်းမှာ ပထမဆုံးဖြစ်သလို နောက်ဆုံးလည်း ဖြစ်ကောင်းဖြစ်သွားနိုင်တာပေါ့လေ။ ဦးက လူပုံတူဆွဲလေ့ဆွဲထ မရှိခဲ့ပေမယ့် တင်တင်ပုံတူကိုတော့ တထေရာထဲတူအောင် ဆွဲနိုင်မယ်လို့ ယုံကြည်နေမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ တင်တင်ရဲ့ အချောအလှတွေစုနေတဲ့ ရုပ်သွင်ဟာ ဦးရဲ့နှလုံးသားမှာ ဓာတ်ပုံရိုက်ယူထားသလို ထင်းလင်းနေလို့ပါပဲ . . .။

တင်တင်ရဲ့ ထာဝရ . . . ဦး"

ထူးခြားသည်မှာ ကိုဦး၏စာများသည် လတစ်လ၊ ဒုတိယအပတ်ထဲတွင်ပင် မပျက်မကွက်ပုံမှန် ရောက်လာနေကြခြင်းပါပေ။ ဒုတိယအပတ်ထက်စော၍ ရောက်မလာတတ်သလို နောက်ကျ၍လည်း မလာတတ်ချေ။ ထို့ကြောင့်လည်း ကျွန်မစိတ်ထဲ ကိုဦးအား အလွန်အချိန်တိကျသူအဖြစ် လေးစားချီးကျူးနေမိသည်။

---

စိတ်ကူးသစ်စာပေ



နောက်ပိုင်းစာများတွင် စာမေးပွဲရာသီနှင့် နီးကပ်လာ၍လားမသိ။ သူ့ရင်ထဲမှ ခံစားချက်များ၊ ကျွန်မကို ဝေဒနာဖြစ်စေမည့် သောကခြေရာများကို အတတ်နိုင်ဆုံး ရှောင်ကွင်းကာ ကျွန်မဖြေဆိုရမည့်ဘာသာရပ်များကို ဆရာတပည့်ကို ပို့ချသလို ဦးစားပေးရေးသားလာခဲ့သည်ကို တွေ့ရ၏။

သို့တိုင်အောင် အဓိပတိလမ်းမကြီးက မြူနှင်းတို့ဖြင့် ဝေနေလေပြီ။ အင်းလျားကိုဖြတ်တိုင်း တင်တင်မျက်နှာကို ပြန်မြင်ယောင်လာမိသည်။ ခုတော့လည်း ကံ့ကော်တောမှာ သဇင်ပန်းတို့က နေရာချယ်လှယ်နေပါပကောလားကွယ် စသည့်စာသားတို့ကတော့ ကြားညှက်ပါလာမြဲ။

ဤသို့ဖြင့် ကျောင်းတွေပြန်ဖွင့်သည့် ဖွန်လမှစ၍ လစဉ် ဒုတိယပတ်တွင် မပျက်မကွက်ရောက်လာတတ်သော ကိုဦး၏စာများအနက် မတ်လတွင်မူ ထူးထူးခြားခြား လဆန်းတစ်ရက်နေ့၌ ရောက်လာပါတော့သည်။

"တင်တင်ရေ . . .
စာမေးပွဲဖြေတဲ့ရက်တိုင်း . . .

- အနစ္စော အနန္တငါးပါးကို မမေ့နဲ့။
- အဆောင်လက်စွပ်ကို ဝတ်ဖြေဖို့မမေ့နဲ့။
- ငါ့အောင်ရမယ်ဆိုတဲ့ အဓိဋ္ဌာန်ကို မမေ့နဲ့။

သူ့စာက ဤမျှသာဖြစ်၏။ သို့တစေ ထိုစာသုံးကြောင်းကို ဖတ်ပြီးသည်နှင့် ကျွန်မစိတ်ဓာတ်တို့ တက်ကြွလာသည်။ စာမေးပွဲအောင်ရန် ယုံကြည်ချက် ပိုပြင်းလာသည်။ လောကကြီးကိုရင်ဆိုင်ရန် အားမာန်

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ်တို့ ပြည့်လာသည်။

အိမ်မှာတော့ ကျွန်မစာကျက်သည်ကို စိတ်ရင်းစေတနာမှန်ဖြင့် အားပေးသူမှာ မေမေတစ်ယောက်သာရှိသည်။ ညစဉ် စားစရာများ ပြင်ဆင်ပေးပြီး မလှမ်းမကမ်းမှ ပုတီးထိုင်စိပ်၍ စောင့်သည်။ ကျွန်မ စာမေးပွဲဖြေဆိုနေချိန်များဝယ် အိမ်က ဘုရားစင်ရှေ့ဝယ် အချိန်ပြည့်ထိုင်၍ ပုတီးစိပ် မေတ္တာပို့ပေးနေတတ်သည်။ ဧပြီလတွင် ...

"တင်တင်ရေ ...

ပိတောက်တွေ ရွှေရည်လူးပြီဆိုတော့ အောင်စာရင်းထွက်ရက်နီးကပ်လာသလို ဦးတို့ ပြန်ဆုံတွေ့ကြဖို့လည်း နီးလာပြီပေါ့နော်။ သတိရလိုက်တာ တင်တင်ရယ် ...။ ဪ ... တင်တင်ရဲ့ အင်းလျားကန်က ပန်းချီကားလည်း အဆင်သင့်ဖြစ်ပါပြီ။

နေ့စဉ်ထာဝရမျှော်လျက် ... ဦး ..."

ကျွန်မမှာ စာမေးပွဲကို ဘာသာရပ်တိုင်း ကျေနပ်အားရစွာ ဖြေဆိုနိုင်ခဲ့သူပီပီ ထိုအရာများကိုသာ ပြန်တွေးကာ စိတ်ကြည်နူးရင်း အရာရာကို မေ့မြောနေခဲ့မိသည်။ ယခု ကိုဦးက ကျွန်မပန်းချီကားအဆင်သင့်ဖြစ်ပြီဆိုလိုက်တော့မှ ကျွန်မ စိတ်ရှူးပေါက်ပြီး တမလွန်သို့ကူးနေခိုက် တိုက်တိုက်ဆိုင်ဆိုင် ရေးဆွဲထားသော ပန်းချီကားကို ကြည့်ချင်စိတ်တို့ တဖွားဖွား ပေါ်လာတော့၏။

"အမလေး ... သမီးရယ် ... ဟင့် ... ဟင့် ... ဟီး .."

တစ်နေ့ မနက်လင်းအားကြီးတွင် မေမေ ကျွန်မအခန်းထဲ ပြေးဝင်လာကာ ကျွန်မကို အတင်းဖက်၍ ငိုပါလေတော့၏။





"ဟင် ... မေမေ ... ဘာဖြစ်လို့လဲဟင်"

"အီး ... ဟီး ... ဟီး ... ဟီး ..."

မေမေမှာ မေးကာမှ ဘာမှပြန်မဖြေဘဲ အသံထွက်၍ရှိုက်ကြီးတငင် ငိုပါလေတော့သည်။

"ဟ ... အမေကြီး စောစောစီးစီး ဘာလို့ငိုနေရတာလဲ"

မေမေ့ငိုသံကြောင့် ဖေဖေ အခန်းဝတွင်ရပ်ကာ လှမ်းမေးလိုက်သည်။ သူ့နောက်တွင် အစ်ကိုကြီးနှင့် အစ်မတို့ကို တွေ့ရသည်။ မေမေက ဖေဖေ့ထံထသွားကာ ပြေးဖက်လိုက်သည်။ ပြီးမှ ငိုသံတစ်ဝက်ဖြင့် ...

"ဝမ်းသာလိုက်တာ ... အဖေကြီးရယ်။ ရှင့်သမီး တင်တင်လေ ... ဂုဏ်ထူးငါးဘာသာတောင် ပါတယ်တော့။ ဟီး ... ဟီး .."

"ဟေ ..."

"ဟင် ..."

"အို ..."

ထိုအခါမှ ယနေ့ ဆယ်တန်းအောင်စာရင်းများထွက်သည်ကို မေမေ ကျွန်မကိုမပြောဘဲ စောစောစီးစီးသွားကြည့်မှန်း သိတော့သည်။ ကျွန်မတစ်ကိုယ်လုံး ဝမ်းသာလုံးဆို့ကာ ကြက်သီးမွေးညင်းများ ထသွားကာ ကမန်းကတန်း အဝတ်အစားလဲလိုက်သည်။ ပြီး ... ကိုဦး ပေးထားသော အဆောင်လက်စွပ်ကိုဝတ်ကာ အခန်းထဲမှ ထွက်ခဲ့သည်။

"ဟဲ့ ... ဘယ်လဲသမီး"

"အောင်စာရင်း သွားကြည့်မလို့လေ"

မှန်ပါသည်။ မေမေပြောသလို ကျွန်မ ဝိဇ္ဇာဘာသာတွဲမှာပင် ဂုဏ်ထူးငါးဘာသာဖြင့် အောင်မြင်ပါသည်။ အထက(၁)တွင် အောင်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းလာကြည့်သော သူငယ်ချင်းများကို နှုတ်ဆက်ကာ ဆိုက်ကားဖြင့် အဝေးပြေးကားဂိတ်သို့ လာခဲ့သည်။

ပဲခူး–ရန်ကုန်လိုင်းကားဖြင့် ရန်ကုန်သို့ လိုက်ပါလာခဲ့၏။ လှည်းတန်းရောက်တော့ဆင်းပြီး တက္ကသိုလ်ရိပ်သာလမ်းအတိုင်း လျှောက်လာခဲ့သည်။ ရန်ကုန် ဝိဇ္ဇာသိပ္ပံမှ တက္ကသိုလ်အဝင်ဂိတ် တံခါးရှေ့တွင်ရပ်ကာ ...

"ဒီတစ်ခါတော့ ... ကျွန်မ တကယ်လာပါပြီ အမိတက္ကသိုလ်ကြီးရယ် ..."

ရင်ထဲမှ လှိုက်လှိုက်လှဲလှဲမြည်တမ်းကာ အဓိပတိလမ်းမကြီးအတိုင်း လျှောက်ဝင်ခဲ့သည်။ သည်တစ်ခါတော့ ကျွန်မခြေလှမ်းတို့ကသွက်လက်လှသည်။ ကျောင်းဆောင်များ၊ သစ်ပုတ်ပင်၊ ခုံတန်းလျားဘွဲ့နှင်းသဘင်၊ ကုံကော် တစ်တောလုံး မြင်မြင်သမျှ လှပလို့နေသည်။ ခုတော့လည်း အမိတက္ကသိုလ်က ကျွန်မအား နွေးထွေးစွာ ကြိုဆိုနေပါပကောလား။

"ဟင် ..."

ကျွန်မ ဘွဲ့နှင်းသဘင်နောက်ဘက် ကျွန်မ ရေထဲဆင်းခဲ့သော နေရာသို့အရောက် အစိမ်းနုရောင် ဆေးခြယ်ထားသည့် နှစ်ယောက်ထိုင်ခုံရှည်တစ်ခုကို မြင်လိုက်ရ၍ အံ့အားသင့်သွားမိသည်။

"အရင်က ဒီနေရာမှာ ထိုင်ခုံမရှိပါဘူး။ ဘယ်သူများ လုပ်ထားပါလိမ့် ... ကိုဦးများလား"

ကျွန်မက တွေးရင်းမောမောနှင့် ခုံတန်းရှည်ပေါ်ထိုင်ချလိုက်မိသည်။ အင်းလျားရေပြင်ကို ဖြတ်တိုက်လာသော လေနုအေးက ကျွန်မမျက်နှာကို ကလူကျီစယ်ကြသည်။ ပဲခူးမှ ထွက်လာကတည်းက တစ်ခါမှ နားခဲ့ရသေးသော ကျွန်မမှာ အခုမှ စိတ်အေးလက်အေး အပန်းပြေရပါတော့သည်။





မျက်လုံးအကြည့်ကိုမူ ဦးတို့အိမ်ဘက် သွားရာလမ်းဆီသို့ အာရုံပြုထားမိသည်။ လက်က နာရီကိုမြှောက်ကြည့်မိတော့ နံနက်ကိုးနာရီခွဲ ထိုးလုပေပြီ။ ဒီနေ့ ဆယ်တန်းအောင်စာရင်း ထွက်တာကို ကိုဦးတစ်ယောက် သိမှသိပါလေစ။ သူပဲ စ,ချိန်းခဲ့တာ မဟုတ်ပါလား။ သူသိမှာ သေချာပါတယ်။ ကျွန်မမှာ ဂုဏ်ထူးငါးဘာသာတောင် ရထားသည်ကို ကြွားလုံးထုတ်ရန် လျှာယားနေပေပြီ။

ထိုအခိုက် ကိုဦးတို့ အိမ်ဘက်လောက်ဆီက အနီရောင်လဲ့လဲ့ မြင်လိုက်ရသည်။ ထိုအရာသည် လမ်းတစ်ဖက်တစ်ချက်မှာ အစီအရီပေါက်နေသော သစ်ပင်ကြီးများကြားမှ တရိပ်ရိပ် ရွေ့လျားလာနေသည်။ တာန်ငယ်လှမ်းနေ၍ သဲသဲကွဲကွဲ မမြင်ရသေးသော်လည်း ပြောက်တိပြောက်ကျားနေရောင်ကြောင့် ပန်းနုရောင်တော့ သေချာသွားပြီ။

ဟော ... ဟော ... တဖြည်းဖြည်း နီးသထက်နီးလာမှ ပန်းနုရောင် နွေးထည်ဝတ်ထားသော မိန်းကလေးတစ်ယောက်၏ ပုံရိပ်ထင်ထင်ရှားရှား ပေါ်လာသည်။ သူမ၏လက်တစ်ဖက်တွင် တစ်စုံတစ်ရာကို ဆွဲကိုင်လာသည်။ ထိုပုံရိပ်က လမ်းခုလတ်တွင် တုံ့ခနဲ ရပ်တန့်သွားကာ ကျွန်မထိုင်နေရာဆီသို့ လှမ်းမျှော်ကြည့်သည်။ ပြီးမှ သေချာသွားကာ ကျွန်မရှိရာဆီ ဦးတည်ကာ တည့်တည့်ကြီး လျှောက်လာသည်။

"ဟို ... အစ်မတင်တင်သော် ဆိုတာများလား"

သူမက ကျွန်မရှေ့တွင်ရပ်ကာ ငုံ့ကြည့်ရင်း မေးလိုက်သည်။ ကျွန်မ ကမန်းကတန်းထရပ်မိကာ ...

"ဟုတ် ... ဟုတ်ကဲ့ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



သူမက ခေါင်းတစ်ချက်ဆတ်လိုက်ပြီး လက်ထဲမှအရာကို လှ
ပေးသည်။

"အစ်ကိုက ပေးခိုင်းလိုက်လို့ပါ"

ကျွန်မက ချက်ချင်းလှမ်းမယူသေးဘဲ ...

"ဘယ်က အစ်ကိုလဲဟင်"

"အစ်ကို ကိုမောင်မောင်ဦးကပါ အစ်မ"

"ဟုတ်လား ... ဒါက ဘာလဲဟင်"

"အစ်ကို ဆွဲထားတဲ့ အစ်မရဲ့ ပုံတူပန်းချီကားလေ"

"ဪ ..."

ကျွန်မ တုန်တုန်ရီရီဖြင့် လှမ်းယူရင်း ...

"ဒါနဲ့ ... ကိုဦးရောဟင်"

မိန်းကလေးက ချက်ချင်းမဖြေဘဲ အင်းလျားရေပြင်ဆီ မေ
ကြည့်နေသေးတယ်။ ပြီးမှ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ရင်း ...

"သူ ... သူမရှိတော့ပါဘူး"

"ဟင် ... ဘယ်လိုမရှိတော့တာလဲ"

"သူ ဆုံးသွားပါပြီ"

"အို ..."

ကျွန်မမှာ မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် စကားခ
မပြောနိုင်ဘဲ တဒင်္ဂဆွံ့အသူလို မှင်သက်မိသွားမိသည်။ ခဏနေမှ မိန်
အားယူကာ ...

"ဘယ် ... ဘယ်တုန်းကလဲဟင်"

"မနှစ်က စိန်ပန်းနီတွေ ပွင့်ချိန်လောက်ကဆိုပါတော့။
ဦးနှောက်ကင်ဆာနဲ့ ဆုံးသွားတာပါရှင့်"





ကျွန်မက ခေါင်းကိုတွင်တွင် ခါယမ်းလိုက်သည်။

"အို ... ဒါဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ကိုဦးက အစ်မ
ဆီ စာတွေတစ်လတစ်စောင်နှုန်း မှန်မှန်ရေးပို့နေခဲ့သေးတာပဲ"

မိန်းကလေးက ခေါင်းညိတ်ပြသည်။

"ဒီလိုပါ ... အစ်မ။ အဲဒီစာတွေက အစ်ကို ရောဂါသည်း
နေတဲ့အချိန်မှာ တစ်ညတည်းနဲ့ အပြီးရေးထားခဲ့တာပါ။ ပြီးမှ သူရေး
ထားတဲ့ နေ့စွဲအလိုက် အစ်မဆီ မှန်မှန်ပို့ပေးဖို့ ကျွန်မကို တာဝန်ပေး
တာပါ"

"ဟင် ... တကယ်လားဟင်"

ကျွန်မ မယုံကြည်နိုင်လောက်အောင် အံ့ဩမိသည်။ ထို့နောက်
မိန်းကလေးအား ...

"ညီမက ဘယ်သူလဲဟင်"

"ကျွန်မက အစ်ကို့ညီမ ခင်ခင်ဦးတဲ့။ မနှစ်က သူငယ်ချင်း
တွေနဲ့ ဘုရားဖူးသွားနေလို့ အစ်မအိမ်လာတုန်း မတွေ့လိုက်ရတာလေ"

"ဪ ..."

"ပြီးတော့ ဒီခုံတန်းလေးကိုလည်း အစ်မလာရင် ထိုင်ဖို့ဆို
ပြီး အစ်ကိုကိုယ်တိုင် လုပ်ပေးထားခဲ့တာလေ။ ဒီမှာကြည့်ပါလား ...
အစ်မ စာတန်းလေးတောင် ထိုးထားသေးတယ်"

ကျွန်မက ခုံတန်းရှည်နောက်မှီပေါ်တွင် ခပ်သေးသေးထွင်း
ထားသော စာလုံးကလေးများကို ငုံ့၍ ဖတ်လိုက်မိသည်။

"ကွယ်လွန်သူ မောင်မောင်ဦး ကောင်းမှု"

"အို ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ရင်ထဲမှဝေဒနာအပူမီးတို့ လှိုက်တက်လာကာ မျက်
ရည်ဥများ တသွင်သွင်စီးဆင်း လာပါလေတော့၏။ မည်မျှကြာအောင်
ဝမ်းနည်းပက်လက် ငိုကြွေးနေမိသည်မသိ။ ကျွန်မ သတိရလို့ ‌ေ
ကြည့်တော့ စောစောက မိန်းကလေးကို မတွေ့ရတော့။

ထိုအချိန်တွင် လက်ထဲမှပန်းချီကားကို သတိရသွားကာ အ‌ေ
ကဖုံးအုပ်ထားသော စက္ကူပါးကိုခွာလျက် ကြည့်လိုက်မိသည်။ အ
မှန်းစမ်း ... တူလိုက်တာ။ ကျွန်မကိုယ်ကျွန်မ မှန်ထဲမှာ ပြန်မြင်ရ
ရသလိုပါပဲလား။ ရှင့်နှလုံးသားထဲကဓာတ်ပုံက ဒီလောက်တောင် ကျွ
နဲ့ ချွတ်စွပ်တူအောင် ရိုက်ထားလိုက်နိုင်ခဲ့ပါလားရှင်။

ကျွန်မ ပန်းချီကားအောက်ခြေကို ကြည့်လိုက်တော့ ‘တမလွ
သို့ ကူးခတ်နေသော တင်တင်’ တဲ့။ အို ... ကြည့်စမ်းပါ ... တက
ဆိုတော့လေ တင်တင်ကို ဆယ်တန်းအောင်,အောင် စိတ်ဓာတ်မြ
တင်ပေးခဲ့ပြီး ရှင်ကသာ တမလွန်ရဲ့ တစ်ဖက်ကမ်းရောက်အောင် လ
ပစ်ကူးခတ်သွားခဲ့တာ မဟုတ်ပါလား ကိုဦးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

ဂမ္ဘီရဆန်ဆန် ဓါတ်ပုံတွေ၊ မန္တရားတွေ လိုအပ်လျှင် လိုအပ်သလို သုံးရန်ဆောင်ထားသည်။

ဒုစရိုက်လောကတွင် သူတို့လိုင်းကို ဇိဝကလိုင်းဟု ကင်ပွန်းတပ်ထားကြသည်။

ဘုရားရှင်လက်ထက်မှ သမားတော်ကြီးဇိဝကနှင့်တော့ လားလားမျှမတူသော ဆန့်ကျင်ဘက်အနေအထား။

လူတိုင်းက ဘာသာတရားကို အထွဋ်အမြတ်ထားတတ်ကြသည်။

လူတိုင်း အထွဋ်အမြတ်ထားသောတရားကို ခုတုံးလုပ်၍ လိမ်လည်ခြင်းမှာ အဆိုးဝါးဆုံးပြစ်မှုဖြစ်၏။





ဘာသာရေးကိုခုတုံးလုပ်၍ သူတစ်ပါးအသက်သေအောင်ပင် သတ်ခဲ့ဖူးသောထုံးပမာသာဓကလို မြတ်စွာဘုရား ကိုယ်တော်တိုင်က သောနုတ္တိုရ်မှုဆိုးအကြောင်း ဆဒ္ဒန်ဆင်မင်းဇာတ်တော်တွင် ဟောတော်မူခဲ့ဘူးသည်။

သောနုတ္တိုရ်မှုဆိုးကား မိဖုရားစူဠသုဘဒ္ဒါ၏ စေခိုင်းချက်အရ ဘုရားလောင်းဆဒ္ဒန်ဆင်မင်း၏အစွယ်ကို ဖြတ်ရန်လာသောအခါ သင်္ကန်းဝတ်ပြီး သူတော်ကောင်းရဟန်း အရေခြုံခဲ့သည်။

ဥမင်လိုဏ်ခေါင်းတူး၍ ဆဒ္ဒန်ဆင်မင်း၏ချက်တိုင်ကို လေးနှင့်ခွင်းရာ၌ ဘုရားလောင်း ဆင်မင်းလည်း ရန်သူသည် မိမိချက်တိုင်အောက်မှာရှိသည်ကို ညဏ်မျက်စိဖြင့်သိသည်။ မဟာသုဘဒ္ဒါအပါအဝင် အခြားသောဆင်များကို ရန်သူအဝေးမှာရှိသည်ဟု မိမိအနီးမှ ထွက်ခွာစေသည်။

အခြားသောဆင်များမရှိမှ မိမိချက်အောက်မှ မြေအပြင်ကို နှာမောင်းဖြင့်ဆွဲအလှန် သောနုတ္တိုရ်မှုဆိုးက သင်္ကန်းကို ဆဒ္ဒန်ဆင်မင်း၏နှာမောင်း၌ တင်ပေးလိုက်သည့်အခိုက် ပါရမီရင့်သန်သောဆင်မင်းက သင်္ကန်းကိုမြင်တွေ့ပြီး သူတော်ကောင်းသူမြတ်လောင်းရဟန်းအဖြစ် ရန်တုံ့မမူ ခွင့်လွှတ်ခဲ့လေသည်။

ထိုအခါမှ သောနုတ္တိုရ်မှုဆိုးက ဆဒ္ဒန်ဆင်မင်း၏အစွယ်ကို သွေးစိမ်းရှင်ရှင်ထွက်သည်အထိ ရက်ရက်စက်စက် မညှာမတာ ဖြတ်ယူခဲ့ဘူးလေသည်။

ယခုကာလများတွင်လည်း ဇိဝကလိုင်းဟုခေါ်သော ဆေးခတ်လုယက်အယုံသွင်းခိုးယူသူတို့သည် အသွင်အမျိုးဆောင်ကြသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူတော်ကောင်းသူမြတ်လောင်းအသွင်ဆောင်၍ ရှာဖွေဖမ်းယူတတ်ကြသည်။

ဘာသာတရားကို ရှိသေပြီး သူတစ်မ်းအပေါ် ယုံကြည်လွယ်သူတို့ သတိထားစရာဖြစ်သလို ဘာသာတရားကို အရေခြုံတတ်သူများအား အလွယ်တကူ မစဉ်းစားမဆင်ခြင်ဘဲ အရမ်းကာရော မယုံကြည်ကြဖို့ အယောင်ဆောင်ဗိုလ်ကဘိုးတော်ကိုဖတ်ပြီး သင်ခန်းစာယူနိုင်ကြမည်ဆိုလျှင် ...

✿ ✿ ✿

BURMESE CLASSIC .com

[ ၂ ]

❑

ဒဂုံမန်းရထား အထက်တန်းအိပ်ခန်း ဒီ-၂ တွင် ပိတ်ဖြူစင်ကြယ်ဝတ် အသက် ၇၀ ဝန်းကျင်ရှိ သူတော်စင်ကြီးတစ်ဦးမှာ သူနှင့်အခန်းတူ စီးနင်းလိုက်ပါလာသည့် ခရီးသည်သုံးဦးနှင့် တရားဓမ္မအကြောင်း ဟောပြောရင်း လိုက်ပါလာခဲ့လေသည်။

သူ့အမည်ကိုသိရသည်မှာ ဘိုးတော်အောင်မြင့်ကျော်ဖြစ်ပြီး ဖင်းကျိုက်တောင်တန်းတွင် တရားအားထုတ်နေရာမှ ယခု မဟာမြိုင်တောကြီးသို့ ဂန္ဓာရီခရီး လှည့်လည်မည်ဖြစ်ကြောင်းကို အစကနဦးကတည်းက စကားပုလ္လင်ခံထား၍ အသက်အားဖြင့်လည်း ခုနစ်ဆယ်ခန့်၊ ဥပဓိရုပ်ကလည်းကောင်းကောင်း၊ လေးစားစရာအရွယ်မို့ အခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်းရှိ ခရီးသွားသုံးယောက်မှာ ယုံကြည်လေးစားစွာ ဘိုးတော်အောင်မြင့်ကျော်ဟောပြောသည့် တရားများကို နာယူလိုက်ပါလာလေသည်။

"ဇာတိ ဇရာ ဗျာဓိ မရဏတွဲဗျာ။ အနိစ္စ, ဒုက္ခ, အနတ္တ ဒီလက္ခဏာရေးသုံးပါးကို မြင်တတ်အောင် ရှုတတ်ကြရမယ်"

"အနိစ္စတရားကို ဆင်ခြင်နိုင်သမျှ ဆင်ခြင်သူတွေအတွက် မရဏနုဿတိ ပွားများရာလည်းကျပါတယ်။ လူဟာ သေမျိုးချည်းပဲဆိုတော့ မွေးဖွားခြင်းဇာတိဖြစ်လာရင် သေဆုံးခြင်းမရဏလည်း မုချစင်စစ် ရှိလာပြီပေါ့နော"

"အဲဒီမှာ ငါသည် မုချမသွေသေရမှာပဲဆိုတဲ့ အသိတရားရှိဖို့ တရားသဘော ဆင်ခြင်တတ်လာပြီး မရဏနုဿတိပွားများတတ်လာပြီဆိုရင် သေဖို့ အဆင်သင့်ဖြစ်နေပြီလေ။ သေရမှာကိုလည်း မကြောက်တော့ဘူး။ အဲဒီ မရဏနုဿတိတရားပွားများတတ်ဖို့က ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ အဘိဏှနုသံတိသုတ်တော်မှာ ဟောဒီလိုရှိနေတယ်"

ဘိုးတော်အောင်မြင့်ကျော်က သံမှန်ဖြင့်ပြောနေရာက မွေကထိကတစ်ဦးပမာ အသံကိုပြင်၍ အသံနေအသံထားဖြင့် ရွတ်ဆိုဟောကြားနေပြသည်။

"ဘိက္ခဝေရဟန်းတို့ . . . ပဉ္စငါးပါးကုန်သော ဣမာနိဌာနာနိ- ဤအကြောင်းတရားတို့ကို၊ ဣတ္ထိယာဝါ-မိန်းမသည်လည်းကောင်း၊ **ပုရိသေနဝါ-** ယောကျ်ားသည်လည်းကောင်း၊ **အဘိဏှံ**-နေ့ညမပြတ်၊ **ပစ္စဝေက္ခိ**- ဆင်ခြေအပ်ကုန်၏တဲ့ဗျာ"

ဘိုးတော်အောင်မြင့်ကျော်က အသံနေအသံထားပြီး ရွတ်ဆိုပြနေစဉ် ရထားမှာ ပဲခူးဘူတာကို ကျော်လွန်လာပြီဖြစ်၏။

---





အထူးတန်းအိပ်ခန်းတွင် စီးနင်းလိုက်ပါလာသူများကလည်း တရားနှင့် မစိမ်းသူများ၊ ဘာသာတရားကို ရှိသေကိုင်းရှိုင်းသူများဖြစ်၍ ဘိုးတော်အောင်မြင့်ကျော်ကို ရှိသေလေးစားလျက်ရှိကြသည်။

"**အဟံ**-ငါသည်၊ **မရာစဓမ္မော**-အိုခြင်းသဘောရှိသည်၊ အမှီဖြစ်၏"

"**အဟံ**-ငါသည်၊ **ဗျာဓိစဓမ္မော**-နာခြင်းသဘောရှိသည်၊ အမှီဖြစ်၏"

"**ဇရာဓမ္မော၊ ဗျာဓိစဓမ္မော မရဏစဓမ္မော**- အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတရားကို၊ **အနတီတော**-မလွန်ဆန်နိုင်ကြချေ။ **ဣတိ**-ဤသို့၊ **အဘိဏှံ**-နေ့ညမပြတ်၊ **ပစ္စဝေက္ခိ** **သဗ္ဗံ**-နေ့ညမပြတ်ဆင်ခြင်အပ်၏တဲ့"

အသက်အရွယ်အားဖြင့် ၇၀ ဝန်းကျင်ပို ဝယဂုဒ္ဓိဂုဏ်နှင့်ပြည့်စုံနေသလို ဟောပြောပြသနေသောတရားမှာလည်း ရှိသေထိုက်သော ဂုဏဝုဒ္ဓိဂုဏ်အဆင့်အတန်းနှင့် ပြည့်ဝလျက်ရှိသည်မို့ ကြည်ညိုနေမိကြသည်။

အဲဒီလို ဆင်ခြင်တတ်ကြမယ်ဆိုရင် မလွဲမသေ ဗုဒ္ဓရှင်တော်မြတ်ဘုရားသော်မှ မလွန်ဆန်နိုင်တဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောတွေကိုမြင်ပြီး မအိုခင်၊ မနာခင်၊ မသေခင် ဒါန၊ သီလ၊ ဘာဝနာတရားတွေကို ကျင့်ကြံပွားများအားထုတ်နေကြရင်ဖြင့် အိုရမှာကိုလည်း မကြောက်တော့ဘူး။ နာရမှာကိုလည်း မကြောက်တော့ဘူး။ သေရမှာကိုလည်း မကြောက်တော့ဘဲ အိုဖို့နာဖို့သေဖို့ အလိုလိုပြင်ဆင်ပြီးသားဖြစ်တတ်ပါသတဲ့ခင်ဗျား"

---



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်အောင်မြင့်ကျော်၏ စကားအဆုံးသတ်တွင် ဘာသာတရားကို အထူးမှတ်ယုံကြည်သော တင်မောင်ဌေးမှာ စိတ်ထဲမှ သာဓု သုံးကြိမ်ပင် ခေါ်ဆိုလိုက်မိပါသေးသည်။

"ကဲ . . . ဆရာကြီး၊ ဟောရပြောရတာ အတော်ကလေး ပင်ပန်းနေပါပြီ။ ကျွန်တော်ဝယ်လာတဲ့ ကြက်သားဒန်ပေါက်ကလေး စားလိုက်ပါဦးခင်ဗျာ့"

"အို . . . သည်းခံပါကွယ်၊ သည်းခံပါ။ အဘက သက်သတ်လွတ်စားတာ ဆယ်နှစ်ကျော်သွားပြီကွယ့်။ သက်သတ်လွတ်စားတယ် ဆိုလို့ လုံးဝသူတော်စင်ကြီးလို့ မထင်ကြပါနဲ့ကွယ်။ အရင်ဆယ်နှစ်ကျော်ကဆိုရင် ကြက်တိုက်၊ ဖဲရိုက်၊ အရက်သောက်ပေါ့ကွယ်။

ဒီလို ကြက်သားဟော့ဆိုရင် ကိုကြီးကျော် ကြက်သားကြိုက်တာထက် ဘဘတို့က ပိုကြိုက်သေးတယ်။ ခုတော့ဒါတွေ အာလျာယပြတ်ခဲ့ပါပြီ။ ဘုရားတင်ပြီးစွန့်ယူလာတဲ့ ဟောဒီ ပေါင်မုန့်ယိုသုပ်ကလေးလောက်နဲ့ပဲ ခရီးသွားရင်း တင်းတိမ်နေရတယ်ကွယ့်"

ပြောရင်း ဘိုးအောင်မြင့်ကျော်သည် သူ၏ ယောဂီရောင်လွယ်အိတ်ရှည်ကြီးထဲမှ ပလတ်စတစ်ဗူးဖြင့် အကျအနထည့်ယူလာသော ကရင်မ်သွတ်ထားသည့် ပေါင်မုန့်နှစ်ချပ်ကို ထုတ်၍ တစ်ဖဲ့ချင်းစားနေလိုက်သည်။

"ဒါဆို ဘဘရယ်၊ ဒါနလေးမြောက်သွားအောင် ဟောဒီပုသိမ်ဟာလဝါလေးဘုဉ်းပေးပါဦးခင်ဗျား။ ပုသိမ်ဟာလဝါက အသက်မပါ၊ ပါဘူးခင်ဗျား"

လူ၏စိတ်သဘောမှာ အကြည်ညိုလွန်မိသည်နှင့် အသုံးအနှုန်းဝေါဟာရတွေကအစ ပြောင်းလဲလာသည်။ ဘုန်းကြီးအတွက် သုံးရ





မည့်စကား လူပုဂ္ဂိုလ်အတွက် သုံးရမည့်စကားတွေပင် ရောထွေးယှက်တင် သုံးနှုန်းမိကြသည်။

"အေးကွယ် . . . ဘဘတူသားတွေက စားစေချင်လို့ ကျွေးတော့လည်း စားရမှာပေါ့ကွယ်။ ဒါပေမဲ့ ဘုန်းပေးပါဦးဆိုတဲ့ အသုံးအနှုန်းကို မသုံးနှုန်းပါနဲ့ကွယ်။ ဘဘလို သာမာန်ပုထုဇဉ်နဲ့ ဒီဝေါဟာရ ထိုက်တန်ပါဘူးကွယ်။ ဘုရားဂုဏ်၊ သံဃာဂုဏ် သင့်တတ်လို့ပါ"

ကိုယ့်ကိုယ်ကို နှိမ့်ချပြောဆိုနေလေ တစ်ဖက်လူက ယုံကြည်သဒ္ဓါပွားလေ ဖြစ်တတ်သောသဘောကို အပွဲပွဲနွှဲလာသော ဘိုးတော်အောင်မြင့်ကျော်တစ်ယောက် နောကျေအောင် သိရှိနေပြီးသားဖြစ်၏။

ကိုတင်မောင်ဌေး ရိုသေစွာပွင့်လုစ်ကျွေးသော ပုသိမ်ဟာလဝါနှင့် အခြားခရီးသည်နှစ်ဦးပါလာသော သက်သတ်လွတ် မုန့်အနည်းငယ်စီကို ကျေနပ်စေရန် စတိလောက်စားပြီးလျှင် . . .

"အင်း . . . တစ်ဦးကစေတနာ၊ တစ်ဦးက မေတ္တာဆိုသလို ဘဘကလည်း ငါ့တူငါ့သားတွေကို ပြန်ပြီး စေတနာပြုရဦးမယ်ကွယ့်။ ရော . . . ရော့ . . . ဟောဒီ ကရင်မ်သွတ်ထားတဲ့ပေါင်မုန့်ကို တစ်ယောက် နည်းနည်းစီဖြစ်ဖြစ်၊ စားချင်သလောက်ပဲဖြစ်ဖြစ် စားလိုက်ကြပါဦး။

ဒီပေါင်မုန့်က ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယံတစ်ဝ ပတ္တမြားမျက်ရှင် ဆုတောင်းပြည့်ဘုရားကိုကပ်လှူပြီး ပြန်စွန့်ခဲ့တာပါ။ သိဒ္ဓိတင်ပြီးသားမို့ အန္တရာယ်ကင်းဘေးရှင်းပြီး စီးပွားဥစ္စာလာဘ်လာဘကိုလည်း ပွင့်လန်းတိုးတက် စည်ပင်ထွန်းကားစေမယ်ကွယ့်"

ဘိုးတော်အောင်မြင့်ကျော်က ပေါင်မုန့်တစ်ချပ်မှ အနည်းငယ်ခွဲ၍ ဝေငှကျွေးလိုက်သည်။ အများကြီးကျွေးပါက ဖောဖောသီသီရ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု တန်ဖိုးမထားဘဲရှိမည်စိုး၍ တမင် ဆိုက်ကိုသုံးလိုက်ခြင်းဖြစ်သည်။ ထိုသို့ ဖဲ့ကျွေးရာတွင်လည်း သူ့အမှတ်အသားနှင့်သူ အကျွေးခံရသူတွေ မရိပ်မိအောင် ဝိပိရိရိ လုပ်ထားသည်။

"အင်း . . . ကျန်တာတွေတော့ မန္တလေးကမျှော်နေမဲ့ တပည့်တွေအတွက် ပါအောင် ယူသွားရဦးမယ်ကွယ့်။ ထိုက်သင့်သလောက်ဒီမျှနဲ့ပဲ ကျေနပ်ကြပေတော့ကွယ်နော်"

✿ ✿ ✿

## | ၃ |

❑

ဘိုးတော်စွန့်ကြဲသောမုန့်ကို စားပြီးနောက် တရားဘာဝနာအား ဆက်ပြောကြရင်းကနေ ခရီးသည်သုံးဦးသမ်းဝေကာ တဖြည်းဖြည်းချင်း အိပ်ပျော်သွားခဲ့သည်။

သည်တော့မှ ဘိုးတော်အောင်မြင့်ကျော်သည် ခရီးသည်သုံးဦးထံမှ ရွှေငွေလက်ဝတ်ရတနာများ စိတ်ကြိုက်ချွတ်ယူ၍ ခရီးဆောင်အိတ်တွေထဲမှ ငွေများကိုမချန် အကုန်လုံးရအောင် ယူလေတော့သည်။

ကိုတင်အောင်ငွေ၏ ခါးပတ်အိတ်ထဲမှ ပတ္တမြားတစ်လုံး၊ ရွှေချောင်းငါးကျပ်သား၊ ဟန်းချိန်းနှစ်ကျပ်သား၊ ငွေသားတစ်သိန်းကျော်။ ကျန်ခရီးသည် ဦးမျိုးမြင့်ထံမှ နဝရတ်လက်စွပ်တစ်ကွင်း၊ ငွေသားနှစ်



www.burmeseclassic.com

www.burmeseclassic.com



သိန်း၊ တစ်ကျပ်သားဟန်းချိန်းတစ်ခု၊ နောက်ခရီးသည် ဦးရဲထွန်းထံ
မှ တစ်ကျပ်ငါးမူးသား ရွှေဆွဲကြိုးတစ်ကုံး၊ ငါးမူးသားရွှေလက်စွပ်၊ ငွေ
သား သုံးသိန်းတို့ကို စိမ်ပြေနပြေ ချွတ်ယူပြီးနောက် တောင်ငူဘူတာ
သို့အရောက် အထက်တန်းအထူးအိပ်ခန်းဒီ ၂ ကို အပြင်မှ သော့ခတ်
ပိတ်ခဲ့ပြီး မယောင်မလည် ဆင်းနေခဲ့တော့သည်။

တောင်ငူဘူတာမှ ထွက်လာပြီးနောက် မန္တလေး ရန်ကုန်အမြန်
ပြေးကားကြီးကို ကုန္ဒြေမပျက် တားပြီးမြန်၍ စီးလာခဲ့တော့သည်။ ဘိုး
တော်အသွင်နှင့် သူ့ကို မည်သူမျှ သင်္ကာမကင်း မဖြစ်ခဲ့ကြ။ အရွယ်နှင့်
ဥပဓိရုပ်၊ အသွင်သဏ္ဌာန်ဟန်ပန်တို့ကလည်း အရေးကြီးလေသည်။

အထူးတန်း အထက်တန်းအိပ်ခန်းတွဲထဲမှ ဘိုးတော်အောင်
မြင့်ဇော်၏သားကောင်အဖြစ် ကျရောက်သွားရှာသော ခရီးသည်သုံးဦး
မှာ တစ်ညလုံး ဆေးအရှိန်ဖြင့် အိပ်ပျော်သွားကြပြီး မန္တလေးဘူတာ
သို့ရောက်မှ တွဲစောင့်လာရောက်နှိုးလေမှ နိုးကြကာ မိမိတို့အဖြစ်ကို
သိရှိကြလေတော့သည်။

ကျောချမ်း ဓားပြမှန်းသိရသော ထိုဖြစ်ရပ်ကို မန္တလေးရထား
ရဲစခန်းကို တိုင်တန်းကြသဖြင့် ရဲစခန်းမှပြစ်မှုပုဒ်မ ၃၇၉/၃၂၈ အရ
အမှုဖွင့်ကာ စုံစမ်းစစ်ဆေးနေရတော့သည်။

ထိုစဉ် ဘိုးတော်အောင်မြင့်ကျော်သည် သူ့အရပ်ဒေသဖြစ်
သော ရန်ကုန်ဆင်ခြေဖုန်းအရပ်ဒေသတစ်ခုသို့ ပြန်လည်ရောက်ရှိကာ
ဇနီးမယား၊ သမီးသားတို့ဖြင့် သုံးစားပျော်ရွှင်စွာ နေခဲ့လေပြီ။

✿ ✿ ✿

[ ၄ ]

❑

ဘုန်းကြီးလမ်းဖျားပုံ သဘော်ဆိပ်မှာဖြစ်သည်။

ဘုန်းကြီးလမ်း ဆိပ်ကမ်းမှာ ကုန်သည်ပွဲစားများနှင့် ညနေ
...တွင် အင်မတန်စည်ကား လျက်ရှိ၏။

မြစ်ဝကျွန်းပေါ်သင်္ဘောခရီးလိုင်းမှာ ယခုလို ကားလမ်းပေါက်
...၍ ခရီးသည်များ အစီးအနင်းနည်းသော်လည်း ခင်မောင်တို့ကဲ့သို့
...ကုန်သည်တွေက ယခုတိုင် အားထားနေကြစမြဲပင်။

ဘဲဥကုန်သည်၊ ငါးကုန်သည်၊ ငါးခြောက်၊ ပုစွန်ခြောက်ကုန်
...ည်၊ အုန်းသီးငှက်ပျောသီးကုန်သည်များ အားထားနေရဆဲ။ ရန်ကုန်
...က်ကြီးများမှ ရန်ကုန်ရေခဲသန့်သန့်များကိုပင် ယိုင်ပတ်နှင့်ခွဲထည့်
... တင်ဆောင်ပေးပို့နေရဆဲ ရှိသေးသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကုန်သည် မောင်ခင်ဇော် ဘိုးတော်အောင်မြင့်ကျော်
အတူ သင်္ဘောအပေါ်ထပ်ရှေ့ အထူးခန်းတွင် စကားလက်ဆုံကျလျ
ရှိသည်။ ဆန်ကုန်သည်မောင်ခင်ဇော်မှာ ဂမုန်းပင်များ စုဆောင်းစို
ပျိုးခြင်းကို ဝါသနာပါသူအဖြစ် ဘိုးတော်အောင်မြင့်ကျော်က အချိန်
လေ့လာထားခဲ့ပြီးသား။

ဘိုးတော်အောင်မြင့်ကျော်မှာ ယခုတော့ ဘိုးတော်အောင်မြ
ကျော်အသွင်နှင့် မဟုတ်တော့။ ယောဂီကြီးဦးမြင့်စိုးအဖြစ် ဗိုလ်ကတေ
မြို့၊ ကံ့ကော်တစ်ထောင် ပူဇော်ပွဲသွားရန် အသွင်ပြောင်းထားခဲ့လေ

"ဂမုန်းဆိုတာ လူကိုအကျိုးပေးတဲ့ဂမုန်း၊ အကျိုးမပေးတဲ့ဂ
ရှိတယ်ကွယ့်။ ဥပမာ အိမ်မှာစိုက်ကြတဲ့ ကွင်းထိုးဂမုန်းကိုကြည့်။
ရဲ့ကွင်းပြေတာနဲ့ အိမ်မှာရှိတဲ့ မိသားစုဖြစ်စေ၊ စီးပွားရေးဖြစ်စေ
အစည်းပြေသလိုပြေပြီး ကစဥ့်ကလျား ဖြစ်ပျက်ပြားတတ်တော့တာ

"ဟုတ်တယ် အဘ။ ကျွန်တော်ကလည်း ဂမုန်းဘက်မှာ တေ
တော်ဝါသနာပါတော့ ဂမုန်းပင်တွေ တော်တော်များများ အိမ်မှာ
ဆောင်းစိုက်ထားလေ့ရှိပါတယ်။ ဂမုန်းပင်တွေရဲ့ အကျိုးပြုချက် အ
မပြုချက်တွေကိုလည်း အမြဲလေ့လာနေပါတယ်"

"အကျိုးပြုချက် မပြုချက်ကတော့ စိုက်ပျိုးတဲ့လူရဲ့အပေါ်
လည်း မူတည်တတ်တယ်ကွယ့်။ ဂမုန်းပင်ဟာ အစောင့်အရှောက်
ကြီးလေတော့ တချို့ ပန်းပင်လိုစိုက်ပြီး ဒီအတိုင်းပစ်ထားလို့ကတေ
ဘာအကျိုးမှ ဖြစ်ထွန်းလာမှာမဟုတ်ပါဘူး။ မောင်ရင့်အိမ်မှာ လ
ဂမုန်းတွေ စိုက်ထားတယ်မဟုတ်လား"

"ဟာ . . . ဟုတ်ပါရဲ့ အဘရယ်။ အဘ ကျွန်တော့်အိမ်
မသိဘဲ ဘယ်လိုပြောနိုင်သလဲခင်ဗျာ။ အဲဒီအပင်တွေ ခြံထဲမှာများ





ဲ့ ကျွန်တော့်ကို ကွယ်ရာမှာ ဂမုန်းရူး ရူးနေတယ်လို့တောင် ပြောနေ
ကြသေးတယ်"

ဂမုန်းရူး ခင်ဇော်တစ်ယောက်အဖို့ တကယ်ပင် အံ့သြစရာ
သွားသည်။ ယောဂီကြီးအဘဦးမြင့်စိုးကို သူက ခုမှ မြင်ဖူးရုံသာရှိ
သေးသည်။ ယောဂီကြီးမြင့်စိုးက သူ့အိမ်အခြေအနေကို လူချင်းသိရုံ
 တန်းပြောနိုင်နေသည်။ အမှန်က သားကောင်ကိုလေ့လာပြီး တစ်
ခန့် နောက်ယောင်ခံ လိုက်ကြည့်ထားခြင်းဖြစ်၏။

"အကြောင်းမသိတဲ့လူတွေအဖို့တော့ လူတစ်ယောက်ရဲ့ဝါသနာ
 ဒီလိုပဲရူးတယ်လို့ ပြောကြပေမပေါ့။ ရူးမှလည်း ထူးတာကိုးကွယ့်။
ကျိုးပေးပြည့်ချိန်တန်လို့ အဲဒီအရူးကထူးသွားရင် အရူးလို့ပြောတဲ့
တွေဟာ မင်းကို ဖူးမြော်အရိုအသေ ပေးကြရလိမ့်မယ်ကွယ့်။ 'ရူးမှ
 ထူးမှူး'ဆိုတဲ့ ရှေးစကားတောင် ရှိနေသေးတာကလား"

"ဟုတ်ပ အဘရယ်။ အဲဒီအခါကျမှ ဂမုန်းရူးခင်ဇော်အကြောင်း
သေးတာပေါ့လေ"

"အိမ်း . . . ဒါပေမဲ့ ထူးအောင်လည်း ဂမုန်းပင်ကို ရှိသေ
သမှုရှိဖို့တော့ လိုသကွယ့်။ ဂမုန်းပင်စိုက်တဲ့အချိန်မှာ ဂမုန်းဥမှာ
အဆာမရှိစေရဘူး။ ရွှေရည်ငွေရည် လပြည့်လကွယ် မနက်အရုဏ်
ချိန်မှာ အမြဲလောင်းပေးရတယ်။ လဝန်းဂမုန်းဟာ အပွင့်ပွင့်လာ
ချိန်မှာ စီးပွားလာဘ်လာဘ တိုးတက်လာတတ်တယ်"

"မှန်လိုက်လေ အဘရယ်။ ခု ကျွန်တော့်အိမ်မှာ လဝန်းဂမုန်း
 ပွင့်နေပြီလေ။ သူစပွင့်တဲ့နေ့ကစပြီး စီးပွားလည်း တော်တော်တိုး
လာတာ အမှန်ပဲအဘ"

"အေး . . . ပိုပြီးတိုးတက်ချင်ရင် လဝန်းဂမုန်း အဖိုနဲ့အမ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်အိုးစီစိုက်ပြီး အိမ်တံခါးပေါက်ဝမှာ ယှဉ်ချထားပေးရတ အဖိုပင်ကို ခေါင်းရင်းဘက်၊ အမပင်ကို ခြေရင်းဘက်ထား။ အဖို ဘက်မမှားစေနဲ့။ အဖိုကော၊ အမကော တစ်ပြိုင်တည်း ပွင့်လာ အချိန်ကျရင်တော့ အုံ့ဩလို့မကုန်အောင် စီးပွားတွေတက်လာလိမ့် ကံဇာတာတက်လာပြီး အကြံအစည်မှန်သမျှ အောင်ပဲကွ''

''လဝန်းဂမုန်း အဖိုပင်အမပင် ဘယ်လိုခွဲခြားရမလဲအဘ

''လဝန်းဂမုန်းပင်အရွက်ဝိုင်းနေရင် အမပင်၊ ရွက်ရှည် အဖိုပင်ပဲ။ အဖိုပင်က အရွက်ရှည်တော့ တချို့က မသိဘဲနေဝန်းဂ လို့တောင် ခေါ်ကြသေးတယ်။ ဘယ်လိုပဲခေါ်ခေါ် နေနဲ့လ အဖိုတ အမဓာတ်ပဲ ဓာတ်စုံတာပေါ့ကွယ်။ ဓာတ်စုံမှ လာဘ်အကုန်ရသတဲ့

''ဟာ ... ဝမ်းသာလိုက်တာအဘရယ်။ ကျွန်တော် အဘ တွေ့တာ ဘုရားမတာပဲ။ ဝါသနာပါလို့သာ ဂမုန်းပင်တွေ စိုက်ရ ဂမုန်းရူးလို့ အခေါ်ခံနေရတာ အဘလိုဂမုန်းကျွမ်းကျင်တဲ့ ဆရာကော နဲ့တွေ့ရတာ အင့်မတန်မှထူးတာပဲ။ ဂမုန်းရူးအခေါ်ခံနေရတဲ့ ခင်ဇော် တော့ ကျွတ်ချိန်တန်လို့ အဘနဲ့တွေ့ရတာ ဟန်ကျသွားတာပေါ့ခင်ဗျ

''အိုကွယ် ... အဘပြောခဲ့ပြီကော ရူးမှထူးတာပါလို့။ ဂ ပင်ဆိုတာ နတ်အင်မတန်ကြိုက်တာ။ ကိုယ့်ကို အရူးလို့ပြောတဲ့သူ မကြာခင် ပြန်ရူးသွားစေရမှာပေါ့။ ဂမုန်းနဲ့ပတ်သက်လို့ ထူးချ နည်းမှန်လမ်းမှန် ဆရာကောင်းရှာပြီး စိုက်ပျိုးရင် ဂမုန်းတစ်သက် တစ်သက်ပဲကွယ့်။ ချက်ချင်း ကြီးပွားချမ်းသာလာမှာ မုချပဲကွယ့်''

ပြောရင်း ယောဂီဦးမြင့်စိုး သူ၏ယောဂီရောင်အိတ်ကြီး ဓာတ်ဗူးကိုထုတ်၍ ခွက်တစ်ခွက်နှင့်ဓာတ်ဗူးထဲမှ အသင့်ဖျော်ပြီး ကော မစ်အရည်များကို ငှဲ့ထည့်သည်။ ပြီးတော့ နည်းနည်းမျှသောက်ပြ





မြည်းကာ ...

''အင်း ... ဆိုင်တွေက ပြီးလွယ်စီးလွယ် ဖျော်ပေးလိုက်တာ ပဲ။ အဘကလည်း ပြစ်ပြစ်နှစ်နှစ်မရှိရင် သောက်လို့ကိုမရဘူး။ ဒါ ကြောင့် ကော်ဖီမစ်ထုပ်အပိုကို ထပ်ဝယ်လာရတယ်ကွယ့်''

ပြောကာ ဓာတ်ဗူးအဖုံးခွက်ထဲကို ကော်ဖီမစ်အထုပ်ကိုဖောက် ပြီး ထည့်သည်။ ကျန်ကော်ဖီမစ်တစ်ဝက်ကို စောစောက သူမြည်း သောက်ခဲ့သော ပလတ်စတစ်ခွက်ကလေးထဲသို့ ထည့်သည်။ ခင်ဇော်ရှေ့ မှာ ထည့်လိုက်ခြင်းဖြစ်၍ ခင်ဇော်အဖို့ မယုံသင်္ကာဖြစ်နိုင်စရာအကြောင်း မရှိတော့။ ကော်ဖီမစ်ထပ်ထည့်သော ဓာတ်ဗူးအဖုံးကို ခင်ဇော်ထံထိုး ပေးရင်း ...

''ကဲ ... သောက်လိုက်ပါဦး ... ငါ့တူကြီး။ ဘဘမှာ ဂမုန်း ပေါင်းချုပ်ဋီကာတွေ မှတ်သားစုဆောင်းထားတာတွေရှိပါတယ်။ ကော်ဖီ မစ်သောက်ရင်း ဆက်ဆွေးနွေးကြတာပေါ့ကွယ်''

သူကိုယ်တိုင်ကလည်း ရှေ့မှာဖျော်ထားသော ကော်ဖီမစ်ခွက် အားယူ၍ တစ်ကျိုက်မျှ ကျိုက်ချလိုက်သည်။

ဆန်ကုန်သည်ခင်ဇော်မှာ ဂမုန်းရူးဆိုသည့်အတိုင်း ဂမုန်းနှင့် ပတ်သက်၍ အထူးဝါသနာကြီးမား သူဖြစ်ရကား ယောဂီကြီးဦးမြင့်စိုး ထံမှ သူအလိုရှိနေသော ဂမုန်းပေါင်းချုပ်ဋီကာကြီး၏ အဆိုအမိန့်များ ကို ကြားရစိမ့်သောငှာ ပို၍ရင်းနှီးမှုရအောင် ကော်ဖီမစ်ခွက်ကိုယူပြီး တစိမ့်စိမ့် သောက်လိုက်မိသည်။

ယောဂီကြီးဦးမြင့်စိုးကလည်း သူလက်ထဲမှ ကော်ဖီမစ်ကို ကုန် အောင်သောက်နေသည်မို့ မယုံကြည်နိုင်စရာ အကြောင်းမရှိပြန်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ၅

❑

အမှန်တော့ အိမ်မှာပြုပြင်လာသော ကော်ဖီမစ်ထုပ်အထက်ပိုင်းတွင် မူးယစ်ဆေးဝါးများထည့်ထားပြီး ဆန်ကုန်သည့်ခင်ဇော်အ တိုက်ရန်ပေးမည့် ဓာတ်မှုအဖုံးခွက်ထဲသို့ အရင်ထည့်ပေးကာ သူ မူးယစ်ဆေးဝါးမပါသော အောက်ပိုင်းမှ ကော်ဖီမစ်အမှုန့်တစ်ဝက် ပလ စတစ်ခွက်ထဲထည့်ပြီး တစ်ထုပ်တည်းအဖြစ် အတူတူ ကိုယ်ယောင်ဖ လိုက်ခြင်းဖြစ်၏။

ဆန်ကုန်သည် ဂမုန်းရှုခင်ဇော်မှာ သူကြားနာလိုသော ဂမုန် ပေါင်းချုပ်ဠီကာအဆိုအမိန့်များကို နားထောင်နေရင်းမှ တစ်စတစ် ငိုက်မြည်းစပြုလာသည်။





'လဝန်းဂမုန်းအရွယ်မှာ ကံ့ကော်ရွက်သဏ္ဍာန်ရှိ၍ ကံ့ကော်ရွက်ထက်ကြီးပြီး လက်တစ်ညှိုးခန့်ရှည်သည်။ ဥမှာ ကြက်သွန်ဥခန့်ရှိပြီး အမြစ်မှာ စုနေ၏။ အဆစ်တိုင်း အညွှန့်ထွက်၍ အမြစ်ပွားလည်း ထွက်၏''

'လဝန်းဂမုန်းမှာ ပင်လုံးပင်စည်မရှိပါ။ ဥမှအရွက်များထွက်လာပြီး အပွင့်ပွင့်သောအခါ ဥမှအရိုးတံလေးထွက်လာပြီး ပွင့်တတ်၏။ ဥရှိသော လဝန်းဂမုန်းသည် နွေအခါ၌ အရွက်များကြွေကျတတ်ပြီး မိုးဦးကျပြန်ရောက်လျှင် ဥမှအရွက်များ ပြန်ထွက်လာတတ်သည်'

'နွေရာသီ၌ အပင်ရှိစေလိုလျှင် ရွှေရည်ငွေရည် မှန်မှန်လောင်းပန်းအိုးကို ပြုပြင်ပေးလျှင် အရွက်များ ခြောက်သွေ့သွားခြင်းမရှိတော့ဘဲ စိမ်းစိမ်းစိုစိုရှိနေကာ စက္ကူထီးသဏ္ဍာန်အပွင့်ကလေးများ လဝန်းသဖွယ် ဆက်၍ပွင့်နေတတ်သည်။

လဝန်းဂမုန်းပွင့်နေလျှင် နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ အစောင့်အရှောက်များ ရောက်လာပြီဟု မှတ်။ အဖိုဖြစ်သော နေဝန်း ဂမုန်းပွင့်လျှင် ထို့ထက်ထို့ထက် တန်ခိုးအရှိန်အဝါကြီးမားသော အသူရိန်နတ်မင်းကြီးရောက်ပြီဟု မှတ်''

ယောဂီကြီးဦးမြင့်စိုး ကျက်မှတ်ထားသမျှ ဂမုန်းဠီကာကို ရွတ်ဆိုရင်း သူ၏သားကောင်ဖြစ်သော ဂမုန်းရူးခင်ဇော်၏ အခြေအနေမသိမသာ အကဲခတ်ကြည့်နေရသေးသည်။

ခင်ဇော်မှာ ဂမုန်းဠီကာပေါင်းချုပ် ရွတ်သံကိုမကြားတစ်ချက်ကြားတစ်ချက်ဖြစ်လာပြီး အိပ်မောကျသလို သတိတစ်ချက်လစ်လျက်ခန္ဓာကိုယ်ကြီး လဲပြိုကျတော့မည့်ကဲ့သို့ ဖြစ်သွားစဉ် ယောဂီကြီးဦးမြင့်စိုးက ခင်ဇော်၏ခန္ဓာကိုယ်ကို သူ့ကိုယ်လုံးဖြင့် ပူးကပ်မှေးနိုင်းထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ပတ်ဝန်းကျင်ကို တစ်ခဏမျှ မျက်စိကစားလိုက်ပြီး အထူးခန်းတွင် သူတို့နှစ်ဦးတည်း ရှိနေသည့်အဖြစ်။ စိတ်ချသွားကာ သူ၏လုပ်ငန်းကို မသိမသာ စလေတော့သည်။

ပထမဆုံး နှစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုး၊ နှစ်ကျပ်ငါးမူးသားခန့်ရှိ ရွှေဟန်းချိန်း၊ ငွေသိန်းငါးဆယ်ခန့်ထည့်ထားပြီး စလွယ်သိုင်းလွယ်ထားသော ဟန်းဘက်အိတ်ကို ဖြုတ်သည်။

အမှတ်မထင် ခပ်လှမ်းလှမ်းမှကြည့်လျှင် နေထိုင်မကောင်းသော တူသားတစ်ယောက်ကို ဦးလေးဘကြီးယောဂီကြီးက ရိုးရိုးသားသား ပြုစုပေးနေသည့်ပုံစံမျိုး။ ယောဂီကြီးလက်ထဲမှ ခင်ဖော်ကတော့ ယောဂီကြီးပြုသမျှ နုနေရလေပြီ။

ထိုသို့သောအခွင့်အရေးမျိုး ရစေရန် ရက်ပေါင်းများစွာ လှေ့လာပြီး သားကောင်ကို တာရှည်စွာ လှေ့လာချောင်းမြောင်းနေရသော ယောဂီကြီးဦးမြင့်စိုး ခုတော့ ရလာသည့်အခွင့်အရေးအတွက် တစ်ခုမကျန် အကုန်ရယူရန် ခင်ဖော့်လက်ထဲမှ ကျန်နေသေးသော ငါးမူးသားခန့်ရှိမည်ဖြစ်သော နဝရတ်ကိုးသွယ်လက်စွပ်ကိုပါ ချွတ်ယူနေမိသည်။

နဝရတ်ကိုး သွယ်လက်စွပ်မှာ အတော်ချည်းကျပ်နေသဖြင့် အချိန်ကြာကြာ မသိမသာ ချွတ်ယူနေရသည်။

✿ ✿ ✿

[ ၆ ]

❑

"ဟော့ . . . ဟော့ . . . ဟော့ . . . မျိုးမြင့် . . . ဟိုနှစ်ယောက်ကို မင်း သတိထားမိသလား။ ပထမ နှစ်ယောက်အတူတူထိုင်ပြီး စကားပြောရာက ဟိုယောဂီအဘိုးကြီးက ဓာတ်ဘူးထုတ်ပြီး သူနဲ့စကားပြောနေတဲ့ ဗီဒီယိုမင်းသားလေးလို နုနုငယ်ငယ်ကောင်လေးကို တစ်ခုခုတိုက်လိုက်တာ။ ကောင်လေး သူ့စကားတွေ နားထောင်နေရင်း အိပ်ပျော်သလို ဖြစ်သွားတာလေ"

"ကျွန်တော် သဘော်အဆင်းအတက်တွေကို သတိထားနေလို့ ဗိုလ်ကြီးပြတဲ့ သဘော်အထူးခန်းဘက်ကို မကြည့်မိဘူးဗိုလ်ကြီး"

အရပ်ဝတ်အရပ်စားနှင့် ခရီးသွားဟန်ပုံဖျက်ထားသော ရဲအုပ်သန်းထွန်းက သူ့တပည့်ကျော် တပ်ကြပ်မျိုးမြင့်ကို လှမ်း၍ တိုးတိုးပြောလိုက်သဖြင့် ဆရာတပည့်နှစ်ယောက် အပြန်အလှန် ပြောဆိုနေမိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်မှာ ရေလမ်း၊ ကုန်းလမ်းတွင် မကြာခဏ ဖြစ်ပွားလေ့ရှိသော ဆေးခတ်လုယက်မှုများအတွက် စုံစမ်းထောက်လှမ်းရန် ခရီးသည်များနှင့်အသွင်ပြောင်း ရောနှောနေကြခြင်းပင်။

တပ်ကြပ်မျိုးမြင့်အမြင်မှာ သိပ်ပြီး ထူးထူးခြားခြားမရှိလှ။ ထိုသို့ ပတ်ဝန်းကျင်အမြင်ဖြစ်အောင်လည်း စားနေကျကြောင်ဖားကြီး ဇီဝကဘိုးတော်က ပိပိရိရိ လုပ်ဆောင်နေသည်။

"ခရီးသွားရင်း သူ့တူအရက်မူးလို့ ပစ္စည်းတွေချွတ်ပြီး သိမ်းထားပေးတဲ့ပုံစံမျိုးပဲ ဗိုလ်ကြီး"

"အဲဒီလိုဖြစ်အောင် တမင်တကာ ပုံဖမ်းနေတာ။ မူးတဲ့သူဆိုရင် အရက်ရှိန်နဲ့ကလည်း ကလန်ကဆန် ရန်းရင်းဆန်ခတ် ဖြစ်ရမှာပေါ့။ လူက မလှုပ်နိုင်တောင်မှ ပါးစပ်က အငြိမ်နေမှာ မဟုတ်ဘူး။ မင်းလည်းအရက် မူးဖူးတာပဲ။ ခုဟာက ဆေးမိသွားတဲ့ပုံစံမျိုး ... ဟော ... ဟာ ... လက်စွပ်ကျွတ်သွားပြီကွ"

ခင်ဇော်၏လက်စွပ်ကို ချွတ်ယူပြီးသည်နှင့် ယောဂီကြီးဦးမြင့်စိုးမှာ အကြံအောင်သွားပြီမို့ ဘေးဘီကိုတစ်ချက်အကြည့် ရဲအုပ်သန်းထွန်းနှင့် တပ်ကြပ်မျိုးမြင့်တို့မှာလည်း မသိချင်ယောင်ဆောင်ကာ မျက်နှာများကို လွှဲထားနှင့်သည်။

ယောဂီကြီးဦးမြင့်စိုးမှာ မည်သူမှမမြင်ဘူးအထင်နှင့် ခင်ဇော်၏ခန္ဓာကိုယ်ကြီးကို လက်ပေါ်မှအသာချကာ ထရပ်ပြီးခပ်မှန်မှန် ကူကြေ့ မပျက် အထူးခန်းထဲမှ ထွက်လာခဲ့သည်။

သို့သော် အထူးခန်းမှထွက်၍ ခြေလှမ်းသုံးလေးလှမ်း‚လှမ်းမိသည်နှင့် ရဲအုပ်ဦးသန်းထွန်းနှင့် တပ်ကြပ်မျိုးမြင့်တို့က တစ်ဖက်တစ်ချက်ဆီမှညှပ်ကာ တစ်ယောက်က ပခုံးကိုနှင့်ထောက်ပြီး တစ်ယောက်က လက်ထိပ်ခတ်လိုက်လေသည်။





"ချောက်"

"ဘာလဲကွ ... ဘာလုပ်တာလဲ။ ငါလိုသူတော်ကောင်းကြီးကို မင်းတို့ လူမှားနေပြီ"

"ခင်ဗျားလုပ်တာတွေကို ကျုပ်တို့ အစအဆုံး မြင်နေတယ်လေ။ ခင်ဗျား ဆိပ်ကမ်းရဲစခန်းကို တပ်ကြပ်ကြီးနဲ့ ငြိမ်ငြိမ်လိုက်သွားပါ။ ရုတ်ရုတ်သဲသဲလုပ်ရင် အရှုက်ကွဲသွားမယ်။ ကျုပ်က ခင်ဗျားဆေးခတ်ပြီး လုယက်ခဲ့တဲ့ပုဂ္ဂိုလ်ကို ဆေးရုံပို့ဖို့ ဆောင်ရွက်ရဦးမယ်"

ဇီဝကဘိုးတော် ယောဂီဦးမြင့်စိုးမှာ လက်ပူးလက်ကြပ် အမိခံလိုက်ရပြီမို့ လူတွေကြားထဲမှာ အကြောက်အကန် မငြင်းဆန်ရဲတော့ဘဲ တပ်ကြပ်မျိုးမြင့်ခေါ်ဆောင်ရာသို့ လိုက်ပါသွားရတော့သည်။

ရဲအုပ်ဦးသန်းထွန်းက သတိလစ်နေသော ဆန်ကုန်သည်ခင်ဇော်ကို ဆေးရုံပို့၊ သတိရအောင်ကုသပြီး မေးမြန်းနေစဉ်ခိုက်မှာတောင် သူ၏ယောဂီကြီး ဦးမြင့်စိုး ဇီဝကဘိုးတော်အား အယုံကြည်ကြီး ယုံကြည်နေသေးသည်။

"ဒီပုဂ္ဂိုလ်ကြီးက ဒီလိုလုပ်ပါ့မလားဗျာ။ သူ့ဆီက ဂမုန်းပေါင်းချုပ်ဋီကာကျမ်းကြီးတောင်မှ ကျွန်တော့်ကို ..."

"ခင်ဗျား ဆေးကြောင်နေပြန်ပြီ။ လက်တွေ့အားဖြင့် ခင်ဗျားကိုယ်ပေါ်က ရွှေငွေလက်ဝတ်လက်စား ရတနာပစ္စည်းတွေ ပါသွား မသွား ကြည့်ပါဦး"

သည်တော့မှ ဆန်ကုန်သည် ဂမုန်းရူးခင်ဇော် သတိထားမိပြီး ...

"ဟာ ... ပါသွားပြီဗျာ။ အားလုံးပါသွားပြီ။ ကိုယ်ပေါ်မှာ ဝတ်ထားတဲ့ လက်ဝတ်ပစ္စည်းတွေတင်မကဘူး။ ဖျာပုံက ဆန်ပွဲရုံကို



www.burmeseclassic.com

www.burmeseclassic.com



ချေမယ့် ငွေသိန်းငါးဆယ်ထည့်ထားတဲ့ ဟန်းဘက်အိတ်ပါ မရှိတော့ဘူး။ ဒုက္ခပါပဲဗျာ။ ကျွန်တော့်ကို ကယ်ကြပါဦး။ ကျွန်တော့်ဘဝ ပျက်ပါပြီ''


''ကဲ . . . ခုမှ ဒုက္ခပါပဲတို့၊ ဘဝပျက်ပါပြီတို့ လုပ်မနေနဲ့တော့။ ဒီခေတ်မှာ ခရီးသွားတဲ့အခါ ကိုယ်နဲ့သိတဲ့လူမဟုတ်ရင် အရမ်းကာရော မယုံကြည်နဲ့ဗျာ။ အဲဒီ ယောဂီအယောင်ဆောင် ဓိဝကဘိုးတော်မြင့်စိုးကို ကျုပ်တို့ ဖမ်းထားလိုက်ပါပြီ။ ခင်ဗျားပစ္စည်းတွေလည်း ပြန်ရပါလိမ့်မယ်။ ခင်ဗျားကသာ တရားလိုအဖြစ် အမှုဖွင့်တိုင်ကြားဖို့ပဲ လိုပါတော့တယ်''

''အို . . . တိုင်ရမှာပေါ့ဗျာ။ ဆရာတို့ကို ကျေးဇူးတင်လိုက်တာဗျာ။ နို့မို့ရင် ကျွန်တော့်အခြေအနေ မတွေးရဲစရာပဲ။ ဆရာတို့ကို ထိုင်ရှိခိုးချင်စိတ်တောင် ပေါက်လာမိတယ်ခင်ဗျာ''

ဆန်ကုန်သည်ခင်ဇော်၏ အမှုဖွင့်တိုင်တန်းမှုကြောင့် ရဲစခန်းမှ အမှုဖွင့်စစ်ဆေးနေစဉ်အတွင်း တရားခံ၏အစကို ဆွဲထုတ်လိုက်နိုင်ပြီဖြစ်၍ အစအဆုံး မီးခိုးကြွက်လျှောက် ခြေရာခံစုံစမ်းဖော်ထုတ်လေရာ ဓိဝကဘိုးတော်လည်း တစ်ကိုယ်တည်းသော်လည်းကောင်း၊ သူ၏လက်စွဲ တပည့်များနှင့်သော်လည်းကောင်း၊ လွန်ခဲ့သောလကလည်းကျူးလွန်ခဲ့သော မီးရထားပေါ်မှ အမှုများ၊ အဝေးပြေးဘတ်စ်ကားဂိတ်မှ အမှုများကိုပါ တစ်သီကြီး ဖော်ထုတ်နိုင်လိုက်မိကြလေပြီ။

သောနုတ္တိုရ် မုဆိုးကဲ့သို့ သူတော်ကောင်းယောင်ဆောင်တတ်သည့် ဒုစရိုက်သမားများကို ရိုးသားသောခရီးသွားများ အထူးသတိထားကြရန်ပင်။

ကျော်မင်းနိုင်



www.burmeseclassic.com

| ၁ |

❑

ကျွန်တော် ပထမဆုံး ဖိုးတာနှင့် စတင်တွေ့ဆုံခဲ့ကြသည်မှာ အင်းစိန်ဗဟို အကျဉ်းထောင်ကြီးထဲတွင်ဖြစ်သည်။ သည်တုန်းက ကျွန်တော်တာဝန်ကျနေသော ဌာနမှာ ဖိနပ်ချုပ်စက်ဖြစ်သည်။ ဖိနပ်ချုပ်စက်ဌာနမှာ သားရေနှင့်ပတ်သက်သော ဖိနပ်ချုပ်လုပ်ငန်းနှင့် စပ်ဆိုင်သောပစ္စည်းများကို ထိန်းသိမ်းရသောနေရာဖြစ်သည်။

ကျွန်တော့်ရုံးခန်းကို ပစ္စည်းများသိုလှောင်ထားသည့် စတိုခန်းရှေ့မှာ ဖွင့်လှစ်ထားခဲ့သည်။ ယင်းအဆောက်အဦးကြီး တစ်ဖက်ခြမ်းမှာ ဖိနပ်ချုပ်မန်နေဂျာ ဦးကျော်သိန်း၏ ဖိနပ်ပုံလိုးဖြတ်ပေးရသော သားရေဖြတ်ပုံသွင်း လုပ်ငန်းရှိသည်။ သူနှင့်ကပ်လျက်အခန်းမှာ မန်နေဂျာ ဦးအောင်ထွန်း၏ ဆိုးပြားဖြတ်သည့် လုပ်ငန်းရှိသည်။





ကျွန်တော်၏ ရုံးခန်းထဲတွင် ထိုစဉ်က လုပ်ငန်းခိုင်းစေသော အကျဉ်းသားငါးဦး ခေါ်ထားသည်။ ၎င်းတို့မှာ အကျဉ်းသားထွန်းသွင် ဆိုသူမှာ ဘာသာပြန် စာရေးတစ်ဦးဖြစ်သည်။ နောက် စာရေးဆရာ ကိုအောင်ပြည့်နှင့် ကိုမြင့်အောင်၊ စာရေးဆရာ အယ်ဒီတာကာဠ။ သူတို့နှစ်ဦးက တစ္ဆေရေသဘင်အဖွဲ့မှ သံချပ်တိုင်သည့်ကိစ္စဖြင့် ထောင်ကျလာသူများဖြစ်သည်။

နောက်တစ်ယောက်ကတော့ စာရေးဆရာ မောင်ဖေငယ်။ သူက ရနောင်မောင်မောင်တုတ်နှင့် ဒိုင်းခင်ခင်ဝတ္ထုထဲမှ စာပေစီစစ်ရေးနှင့် ငြိစွန်းသောအကြောင်းကိစ္စဖြင့် ထောင်ကျလာခဲ့ခြင်းဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်ကလည်း စာပေရေးသားခြင်းကို စိတ်ဝင်စားနေသူဖြစ်သောကြောင့် စာရေးဆရာများ ထောင်ကျလာလျှင် သက်ဆိုင်ရာမှာ ခွင့်တောင်းပြီး ရုံးခန်းထဲမှာ ခေါ်ယူစောင့်ရှောက်ထားခဲ့သည်။ သူတို့အားလုံးနှင့် လုံးဝမသိကျွမ်းကြဘဲ စာပေသမားစိတ်ဓာတ်ဖြင့် ခေါ်ယူထားခြင်းဖြစ်သည်။

စာရေးဆရာကိုအောင်ပြည့်ကို ကျွန်တော် တက္ကသိုလ်ကျောင်းတက်နေစဉ် လှည်းတန်းထိပ်ရှိ ဦးဆောက်ပန်းစာပေမှာ မြင်ဖူးရုံရှိသည်။ နောက်ပိုင်း သူရေးသားခဲ့သော 'ပြုံမှာလားလေမိုးရယ်' ဝတ္ထုကိုဖတ်ပြီး အထင်ကြီး လေးစားခဲ့၍ဖြစ်သည်။

ထို့အတူ ကိုထွန်းသွင်ဆိုသူမှာလည်း တက္ကသိုလ်သမိုင်းဌာန၊ လက်ထောက်ကထိက ဒေါ်သိန်းဟန်၏သားမှန်း ထောင်ဝင်စာလာသူမှ သိခဲ့ရ၍ ကိုယ့်ဆရာမကြီးသားမို့ ကြည့်ရှုစောင့်ရှောက်ပေးခဲ့သည်။ ကိုဖေငယ်ကတော့ မန္တလေးသား။ လုံးဝမသိဘဲ နှစ်ကြီးထောင်



www.burmeseclassic.com

www.burmeseclassic.com



ကျလာသော စာရေးဆရာမို့ မည်သူမျှ တာဝန်မယူချင်၍ ကျွန်တော် ခေါ်ထားခဲ့သည်။ ကိုမြင့်အောင်နှင့် ကာဠုတို့နှစ်ဦးက စမ်းချောင်းအ သားများ ဖြစ်သောကြောင့် ခေါ်ထားခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်တာဝန်မှာ ဖိနပ်ချုပ်စက်ရုံအတွက် လိုအပ်သော သားရေနှင့် ဖိနပ်ချုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို မန်နေ ဦးစံထွေး၏ ခွင့်ပြုလတ်မှတ်ဖြင့် တောင်းခံတင်ပြလာလျှင် ဖိနပ်အ ပေါင်းအရေအတွက်ကို တွက်ချက်ပြီး ထုတ်ပေးနေရသည်။

ယင်းသို့ ပစ္စည်းများ ထုတ်ယူလာသောအချိန် ကျွန်တော် တာဝန်နှင့် အပြင်သွားနေလျှင် တပည့်များအား ထုတ်ခိုင်းထားသည် ယင်းတို့အား ယုံကြည်စိတ်ချ၍ တာဝန်ပေးထားခြင်းဖြစ်သည်။ ကျွ တော့်တာဝန်မှာ မြို့ထဲရှိ သားရေစက်ရုံသို့ ကုန်ကြမ်းဝယ်ယူရန် လိုက်လံဆောင်ရွက်ရသည်။

တစ်ဖန် ကျွန်တော်က စီနီယာထောင်မှူးတစ်ယောက် ဖြ သဖြင့် ဖိနပ်ချုပ်ဝင်းတစ်ခုလုံး၏ တာဝန်ခံဖြစ်သည်။ တစ်နည်း ဝင်း လေးဖြစ်သည်။ ကျွန်တော့်လို တစ်ဖက်ဝင်းထဲမှာ ထောင်မှူးဦးမြင့် က တာဝန်ခံဝင်းပိုင်ဖြစ်သည်။ အလုပ်ကြီးဘက် ဝင်းကြီးတစ်ခုလုံး ထောင်မှူးကြီး ဦးတင်ရွှေက တာဝန်ခံဖြစ်သည်။ အလုပ်ကြီးဘက် ဌာ မှူးကြီးဖြစ်သည်။

တစ်နေ့တွင် ကျွန်တော်နှင့် တပည့်ဖြစ်သူ ကိုအောင်ပြည့် ကိုမြင့်အောင်တို့သုံးဦးသည် ရုံးခန်းထဲတွင် ဖိနပ်ချုပ် လချုပ်စာ များကို ပြုစုနေရသဖြင့် အလုပ်ရှုပ်နေကြသည်။ အကျဉ်းသားထွန်း နှင့် မောင်ဖေငယ်တို့နှစ်ဦးက ရုံးအဖွဲ့သားများ နံနက်စာစားရန် ကျ





တော်မွေးထားသော ကြက်သားအုပ်မထဲမှ တစ်ကောင်ကို ချက်စားနေ သည်။ ကာဠုက စားဖိုကြီးထဲတွင် ဟင်းချက်ရန် ဆီတောင်းခိုင်းလိုက် သဖြင့် ပုံစံထမင်းဟင်းဆွဲရင်း ကျွန်တော့်လတ်မှတ်နှင့် စာယူသွားသည်။

"ဆရာ ... ဒီကောင့်ကို ရုံးတင်မလို့ပါ"

"ဘာဖြစ်လာလို့လဲကွ"

"ဒီကောင်က ... ကျွန်တော်တို့ ကုန်ကြမ်းရုံဘေးက ရွှေနီ ဘော်ပျောနိုင်ကြီး ခိုးယူသွားခဲ့လို့ပါ"

"ဟုတ်လား ... ဟေ့ကောင်"

"ကျွန်တော် မဟုတ်ရပါဘူး။ သက်သက်စွပ်စွဲတာပါ"

"ဒါနဲ့ မင်းတို့ရုံးက တာဝန်ခံထောင်မှူးအေးချို ရှိဘူးလား"

"ဆရာက တာဝန်နဲ့ မြို့ထဲကို ကုန်ကြမ်းပစ္စည်းလိုက်နေလို့ ပါ"

အမှန်မှာ ပြဿနာဖြစ်သော ကုန်ကြမ်းဌာန၏ တာဝန်ခံမှာ ထောင်မှူးဦးအေးချိုဖြစ်သည်။ ၎င်းကာပြင်သို့ တာဝန်ဖြင့် သွားနေသော ကြောင့် ကျွန်တော့်ထံ ရုံးလာတင်နေခြင်းဖြစ်သည်။ ကျွန်တော် တာဝန် ယူထားရသော ဝင်းကြီးထဲမှာ ပြဿနာဖြစ်၍ ကျွန်တော့်ထံ ခေါ်လာခဲ့ ခြင်းဖြစ်သည်။

"နေစမ်းပါဦး .. မင်းက ဘာအမှုဖြစ်ပြီး ထောင်ဘယ်လောက် ကျနေလဲ"

"ဖောက်ထွင်းမှုနဲ့ ထောင်သုံးနှစ်ကျပါတယ်"

"မင်းက အပြင်မှာ ဖောက်ထွင်းလို့အားမရတာနဲ့ ထောင်ထဲ မှာ ဖောက်စရာမရှိတော့ ခိုးယူမှုလုပ်လာပါလား"

"မဟုတ်ပါဘူး ... ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဟုတ်ရမှာလဲ။ မင်းတို့လို ဖောက်ထွင်းသမားေ... က သူခိုးပါပဲ။ အိမ်တစ်အိမ်ကို ဝင်ခိုးဖို့ အရင်ဆုံး ဖောက်ထွင်း... တာပဲ။ ဖောက်ပြီးလို့ အိမ်ထဲရောက်သွားတာနဲ့ တန်ဖိုးကြီးမားတဲ့ ပစ္စည်... တွေကို မ,သွားကြတာ ခိုးတာပဲပေါ့ကွ"

"ဟုတ်ပါတယ် ... ဆရာကြီး။ ကျွန်တော် အစကတော့ သူ... လက်သင့်ဘဝနဲ့ ထောင်ကျလာခဲ့ရင်း ဖောက်ထွင်းဝိဇ္ဇာကျော်ကြီးနဲ့ ... နီးသွားခဲ့လို့ သူ့ဆီက ဖောက်ထွင်းပညာ ရလာခဲ့တာပါ။ နောက်ပို... လူခြေတိတ်မှ အိမ်ကိုဖောက်ထွင်းဝင်ပြီး ခိုးယူခဲ့တာချည်းပါပဲ"

"မင်း ဒီအကြိမ်ပါနဲ့ဆို ဘယ်နှစ်ကြိမ်မြောက်ရှိပြီလဲ"

"ဒီအခါပါနဲ့ဆို ဆယ့်နှစ်ကြိမ်လောက်ရှိပါပြီ"

"ဟား ... ဟား ... ဒွါဒသမမြောက်ရှိခဲ့တောင်မှ အကျ... တရားမရနိုင်ဘဲ တော်တော်ဝါသနာကြီးတဲ့ကောင်ပဲ။ ထောင်ထဲမှာ... ရတာ တော်တော်ပျော်မွေ့နေပုံရတယ်"

"ပျော်တယ်လို့လည်း မဟုတ်ပါဘူး။ ကျွန်တော့်အတွက် ထော... ထဲမှာ အနေအစားချောင်တယ်။ အပြင်မှာဆို အိမ်တစ်အိမ် ဖောက်... ရတာနဲ့ ပထမဆုံးပြစ်ချက်ရှိတဲ့ ကျွန်တော်တို့ကိုပဲ ဖမ်းဆီးပြီး စစ်ဆေ... ခံရတာပဲ"

"ကဲ ... ကဲ ... မင်းကို ငါရိုက်လည်း မစစ်ချင်ဘူး။ ခြိမ်း... ခြောက်ပြီးလည်း မမေးချင်ဘူး။ ငါ့တပည့် ... မင်းကို ကိုယ်ချင်းစာ... တယ်ကွာ။ မင်းခိုးယူသွားတဲ့ ငှက်ပျောခိုင် ဘယ်မှာဝှက်ထားလဲဆို... ပြောပြစမ်းပါ"

"ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် မှားသွားပါတယ်။ မိုက်အရ... ဆာလို့ ကြံမိကြံရာ ကြံခဲ့တာပါ။ ကျွန်တော် ဝှက်ထားတဲ့နေရာ ပြ... မယ်"





"အေး ... အေး ... မင်း ဆရာနဲ့တွေ့သွားတာ သက်သာ... ယ်မှတ်။ သူ့ပိုင်ရှင်ထောင်မှူးနဲ့တွေ့ရင် အရိုက်လည်း ခံရဦးမယ်၊ ...က်ထဲရင်လည်း ရောက်မယ်။ ကဲ ... ထွန်းသွင်ရေ ... ဒီကောင် ...်ထားတဲ့နေရာက ငှက်ပျောခိုင်ကြီးကို ဒီရုံးခန်းထဲ သယ်ယူလာခိုင်း... ကွာ"

ကျွန်တော်က ရုံးနောက်ဘက်တွင် ဟင်းချက်နေသော ထွန်း...ကို ဖောက်ထွင်းဝိဇ္ဇာနှင့်အတူ လိုက်သွားခိုင်းလိုက်သည်။ မကြာမီ ...တို့နှစ်ဦး ရုံးခန်းထဲ ပြန်ရောက်လာကြသည်။ ဖောက်ထွင်းဝိဇ္ဇာက ...်ပျောခိုင်ကြီးကို ပခုံးမှာထမ်းပြီး သယ်ယူလာသည်။

ငှက်ပျောခိုင်ကြီးမှာ ရွှေနီမျိုးဖြစ်၍ အလုံးကြီးထွားပြီး တစ်ခိုင်...မှာ ဆယ့်နှစ်ဖီး ခန့်သီးနေသည်။ ယင်း ရွှေနီငှက်ပျောခိုင်ကြီးကို ...ည့်ပြီး မြင်ရသူတိုင်း သွားရည်ကျစရာကောင်းအောင် ဝင်းမှည့်လို့ ...သည်။

ကျွန်တော့်ရုံးခန်းထဲမှာ သိမ်းယူထားလိုက်လျှင် တစ်ဖက်ရုံး...မှ ထောင်မှူးဦးအေးချို့နှင့် ပြဿနာရှင်းနေရမည်။ ဒါကြောင့် ဝင်း...ကြီး အလုပ်ကြီးဘက်ဌာနမှူးကြီး ထောင်မှူးကြီးဦးတင်ရွှေထံ အလျှ...်ဖက်နှင့် မျက်နှာလုပ်ရန် သွားရောက်အပ်နှံပေးခဲ့သည်။

"ဟော့ကောင် ... စိုးဝေ ... ဘယ်မှာလဲ ငါ့ငှက်ပျောခိုင်ခိုး...သွားတဲ့ သူခိုး"

"ငါ ... ခေါ်စစ်ဆေးပြီးပြီ။ သူ့တာဝန်ကျလုပ်ရမယ့် အလုပ်...သက် ပိုပြီးခိုင်းဖို့ မန်နေဂျာဦးသောင်းရွှေရဲ့ သံချောရိုက်ဌာနမှာ ပြစ်...်ချလိုက်ပြီ"

"တောက် ... ခွေးမသားသူခိုး ... ငါသေချာစောင့်ကြည့်...ထားတဲ့ကြား ရွှေနီငှက်ပျောကြီးကိုမှ ဝင်ခိုးသွားရတယ်လို့။ ခွေး...



www.burmeseclassic.com

www.burmeseclassic.com



သား၊ ငါနဲ့မတွေ့လိုက်တာ ကံကောင်းတယ်။ နားရင်းဆယ်ချက်လော
ခပ်နာနာရိုက်ပစ်ဖို့ကောင်းတယ်။ ဒါဆို မင်းသိမ်းထားတဲ့ ငှက်ပျော
ဘယ်မှာလဲ။ ငါ့ညစ္စာ ပြန်ပေးလေကွာ''

ထောင်မှူးအေးချိုမှာ ကျွန်တော်နှင့် ထောင်မှူးသင်တန်း
အတူတူတက်လာခဲ့ကြသော သူငယ်ချင်းများဖြစ်သည်။ ကျွန်တော်
သင်တန်းဆင်းထောင်မှူးအဖွဲ့ကို အကျဉ်းဦးစီးဌာနမှာ တူးတူးအပ
စဉ်ဟု လူသိများလေသည်။ ဒါကြောင့် ကျွန်တော်က ညစ္စာခြောက်
သော ထောင်မှူးအေးချိုကို ကလိချင်သလို စချင်လိုသဖြင့် ...

''ဟ ... ငါ့ဝင်းထဲမှာဖြစ်တဲ့ ငှက်ပျောခိုင်နိုးမှုမှာ ငါသိ
ပိုင်ခွင့်ရှိတယ်''

''ဟော့ကောင် ... စိုးဝေ 'မင်း လူလည်မကျနဲ့ကွ။ ငါ့က
ကြမ်းရုံသေးနားက ရေဝိုင်နားမှာရှိနေတာ။ ငါကိုယ်တိုင် ကြည့်ရှုစော
ရှောက်လာခဲ့တာ။ မင်းက မသိမသိုင် ဘာလို့သိမ်းရမှာလဲ။ ပြန်ပေးစ
ဟော့ကောင် ...''

''ဟား ... ဟား ... ငါက ဝင်းပိုင်လေကွာ။ ဒီဝင်းထဲမှာ
နေတဲ့ပစ္စည်းအားလုံး ငါပိုင်တယ်ကွ။ မင်းကလာပြီး ညစ္စာခြောက်မ
စမ်းပါနဲ့''

ကျွန်တော့်ရင်ထဲမှာ ရယ်ချင်ပက်ကျိဖြစ်နေသည်။ ထောင်မှူး
အေးချိုတစ်ယောက် မိမိစားရခါနီးမှ ထမင်းလုတ်ကို သူများပုတ်
လိုက်ရသဖြင့် မကျေမနပ် ပူစပ်ပူလောင်ဖြစ်ကာ ရှူးရှူးရှားရှားဖြ
နေသည်။ ထောင်မှူးဦးအေးချို၏ မျက်လုံးများက ကျွန်တော့်ရုံးခ
ထဲ ကိုးကန်းတောင်းမှောက် လိုက်သံရှာဖွေကြည့်ရှုနေရင်း ...





''မင်းကွာ ... တစ်ပတ်စဉ်ထဲ သူငယ်ချင်း အရင်းချင်း ဒီလို
ကောက်မကျသင့်ပါဘူး။ ငါ့မှာ ရွှေနီငှက်ပျောခိုင်ကြီးကိုပဲ နေ့စဉ်
ခိုပ်တကြည့်ကြည့် နေခဲ့ရတာ။ ခုတော့ သူခိုးလက်က သူ့ငှက်လုခံရ
သလို ဖြစ်နေပြီပေါ့ကွာ။ မင်း ပြန်ပေးသင့်ပါတယ်''

''ဟဲ ... ဟဲ ... ကိုအေးချိုရယ် ... စောစောကတည်းက
ဒီလို ပြေပြေလည်လည်ပြောခဲ့ရင် ကောင်းတာပေါ့ဗျာ။ ခုတော့ ...''

ကျွန်တော်က ပြောလက်စကို ရပ်လိုက်ပြီးနောက် ထောင်မှူး
ဦးအေးချို၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။ သူကတော့ ကျွန်
တော် ငှက်ပျောခိုင်ကြီး ပြန်ပေးတော့မည်အထင်နှင့် ကျွန်တော့်မျက်နှာ
ကို အားတက်သရော စိုက်ကြည့်နေသည်။

''ခုတော့ ငါလည်း ဒီရွှေနီငှက်ပျောခိုင်ကြီးကို သိမ်းထားပြန်
တော့လည်း တာဝန်ကကြီးတော့ အလုပ်ကြီးဘက်တာဝန်ခံ ထောင်မှူးကြီး
ဦးတင်ရွှေရုံးကို ပို့လိုက်ပြီကွာ''

''ဟိုက် ... သေပါရောကွာ။ မင်းက ပိုင်ရှင်ဖြစ်တဲ့ ငါ့ဆီ
ပြန်မပေးဘဲ ဘာကြောင့်ထောင်မှူးကြီးဆီ သွားပို့ခဲ့ရတာလဲ။ တော်
တော်အသုံးမကျတဲ့ကောင်ပဲ''

''ဟား ... ဟား ... သူက ဝင်းပိုင်ကြီးလေကွာ။ သူ့ဆီကိုပဲ
သိမ်းရမှာပေါ့ မဟုတ်ဘူးလား''

''တော်က် ... သွားပါပြီကွာ ...''

ထောင်မှူးဦးအေးချိုတစ်ယောက် ရွှဲကုန်သည်ဖာတ်လမ်းထဲ
ကလို ရွှေခွက်ကို လိုချင်တပ်မက်စိတ်ဖြင့် ထောင်မှူးကြီး ရုံးခန်းဘက်
သို့ ခေါင်းတင်မောင်းတင် အလျင်စလို ထွက်သွားနေသည်ကို ကျွန်တော်
နောက်က အသာလိုက်ချောင်းကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ... ကျွန်တော့်ငှက်ပျောနိုင်ကြီး ဆရာကြီးယူထား တယ်ဆို"

"ဘယ်က ငှက်ပျောနိုင်ကြီးလဲဗျ"

"ဟို ... ဖိနပ်ချုပ်ဝင်းထဲက ထောင်မှူးစိုးဝေက ငှက်ပျော နိုင်ကြီးကို ဆရာ့ဆီလာအပ်ထားတယ်ဆိုလို့ ကျွန်တော့်ဟာပါ ... ဆရာရယ်။ ပြန်ပေးပါ"

"နေပါဦး ... ကိုအေးချိုရယ်။ ခင်ဗျားဟာလို့ ဘာကြောင့် အပ်ချမတ်ချ ပြောနိုင်ရတာလဲ"

"ဟာ ... ဆရာကလည်း ကျွန်တော့် ကုန်ကြမ်းစတိုဘေး နားမှာ စိုက်ထားတာ ကျွန်တော့်ဟာမပြောလို့ ဘယ်သူ့ဟာပြောရမှာ လဲ"

"နေပါဦး ... အဲဒီငှက်ပျောနိုင်ကြီး ခင်ဗျားစိုက်ခဲ့တာလား"

"ဒါတော့ ... ဆရာရယ် ... ရှေးကလူတွေစိုက်သွားကြတာ ဆိုပေမယ့် ကျွန်တော်တာဝန်ကျတဲ့ ရုံးဘေးနားမှာရှိတဲ့အပင်မို့ ကျွန် တော့်အပင်ပေါ့ဆရာ"

"ဩော် ... ဒီလိုလား။ ခင်ဗျားရုံးဘေးနားမှာရှိတဲ့အပင် ခင်ဗျား အပင်ဆိုတော့ ကျုပ်က ဒီအလုပ်ကြီးဘက်ဝင်းမှာ ဘာကောင် လဲ"

"ဟို ... ဟို ... ဆရာက အလုပ်ကြီးဘက် တာဝန်ခံဌာနမှူး ကြီးပါ"

"အေးလေဗျာ ... ဒါဆို ရှင်းနေပြီပဲ။ ခင်ဗျားပြောသလိုဆို ကျုပ်က အလုပ်ကြီးဘက်တစ်ခုလုံးရဲ့ ဝင်းပိုင်ကြီးလေဗျာ။ မဟုတ်ဘူး လား"





ထောင်မှူးကြီးက မရေမလည်ပုံစံဖြင့် သဘောမပေါက်သေး သူ ထောင်မှူးဦးအေးချိုကို ရှင်းပြနေသည်။ ထောင်မှူးဦးအေးချိုက တော့ ဖွဲ့မလျှော့သေးဘဲ ထပ်မံစောဒက တက်ကြည့်နေပြန်သည်။

"ဆရာရယ် ... ကျွန်တော့်ငှက်ပျောနိုင်ကြီးကို ပိုင်ရှင်ပြန် ပေးသင့်ပါတယ်"

"ပြောပါပြီကော ကိုအေးချိုရယ်။ ခင်ဗျားလည်း ကိုယ်တိုင် စိုက်ပျိုးခဲ့တာလည်း မဟုတ်တော့ သူများတွေ ရှေးအဆက်ဆက်စိုက် သွားခဲ့တာကို ခုမှ ခင်ဗျားက မောင်ပိုင်စီးလုပ်ချင်လို့ မရဘူးလေဗျာ။ ကျုပ်က ဝင်းပိုင်ကြီးဆိုတော့ ဒီထဲက ပစ္စည်း၊ လူအားလုံးဟာ ကျုပ် နဲ့ သက်ဆိုင်တယ်လေဗျာ။ ဒါကြောင့် ကျုပ်သိမ်းလိုက်ပြီ။ ဒါပဲ"

ထောင်မှူးဦးအေးချိုတစ်ယောက် မည်သို့မျှ စောဒကတက်မရ တော့ဘဲ ခေါင်းငိုက်စိုက်ချကာ သူ့ရုံးခန်းဆီ ပြန်သွားခဲ့ရလေတော့သည်။ ကျွန်တော့်ကြောင့် သူ့ငှက်ပျောနိုင်ကြီး ဆုံးရှုံးသွားခဲ့ရသည်ကို စိတ်ထဲ မှာ မကောင်းပေ။ အမှန်တော့ သူခိုး မှိုင်းရာဇာဖိုးတာဆိုသူ၏ လက် ဆော့ပြီး ခိုးယူခဲ့သော ငှက်ပျောနိုင်ကြောင့် အရာရှိတွေကြား ပြဿနာ ဖြစ်ပွားသွားခဲ့ရခြင်း ဖြစ်ပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂ ]

❑

ကျွန်တော် တာဝန်မှူးကျနေခဲ့သော တစ်နေ့တွင်ဖြစ်ပါသည်။ ကျွန်တော်နှင့်အတူ ဘာရာဖြစ်သူ ကာလူတို့နှစ်ဦးသည် အိပ်ဆောင်ဝင်းကြီးများ၊ စားဖိုဆောင်နှင့် တောင်ယာလုပ်ငန်းခွင်များဘက်ဆီ လှည့်လည်ကင်းစစ်ဆေးနေသည်။ ကျွန်တော်တို့နှစ်ဦး အိပ်ဆောင်အမှတ် (၁) ဝင်းထဲမှ ထွက်လာနေခဲ့စဉ် ...

"ဟာ ... ဆရာစိုးရေ ... အတော်ပဲ။ ကျုပ်တို့ မိန်းဂျေးလ်ရှာဖွေရေးက တလာစီ(ရှာဖွေရေး) နေစာန်း ခါးပိုက်ဆောင်ထဲမှာ ဝှက်ထားတဲ့ ငွေမိလို့ ခင်များပဲ ဆက်စစ်ပေးစမ်းပါဦး"

ကျွန်တော့်ကို မိန်းဂျေးလ် (MAIN JAIL) ရုံးခန်းထဲမှ ထောင်မှူးကြီးက လှမ်းခေါ်ပြီး အခြေအနေတင်ပြနေသည်။ ကျွန်တော် ရုံးခန်း





ထဲဝင်လာပြီး စားပွဲပေါ်မှာတင်ထားသော ငွေစက္ကူတစ်ရွက်ကို လှမ်းကြည့် အကဲခတ်လိုက်သည်။ ငွေကျပ်ကိုးဆယ်တန် ငွေစက္ကူမှာ ဆီအစွန်းအထင်းများဖြင့် ပေကျံနေသည်။

"မင်း ... ဒီငွေကို ဘယ်လိုလုပ် ထောင်ထဲသွင်းလာခဲ့တာလဲ"

"ကျွန်တော် ဗိုက်ဆာလို့ စားစရာမရှိတာနဲ့ ထောင်ဝင်စာထုပ်ထဲက ဘဲဥဟင်းကို ခိုးစားမိတာ အဲဒီထဲက ပါလာခဲ့တာပါ ဆရာကြီး"

"ဪ ... လက်စသတ်တော့ သူခိုးဖိုးတာဆိုတဲ့ကောင်ပါလား။ မင်းက အမြဲတန်း ပြဿနာ အစထောင်ပေးနေတဲ့ကောင်ပဲ။ ထောင်ထဲလစ်တာနဲ့ လိုက်ခိုးနေတာပဲ"

"ကျွန်တော့်အိမ်က ထောင်ဝင်စာမရှိတော့ အိပ်ဆောင်ကြီးထဲမှာ အချုပ်ဘောက်ဆင်းတစ်ယောက်ဆီက ထောင်ဝင်စာထုပ်ထဲက ပစ္စည်းကို နှိုက်ရှာခဲ့တာ။ ဘဲဥဟင်းတွေ့တာနဲ့ ငတ်နေတာကြာနေပြီဆိုတော့ စားချင်စိတ်ပေါက်လာတာနဲ့ ဘဲဥတစ်လုံး နှိုက်ယူစားခဲ့တာ"

"ဘယ်လိုဖြစ်ပြီး ဒီငွေစက္ကူက ဘဲဥထဲမှာ ပါလာရတာလဲ"

"ကျွန်တော်လည်း အစက မသိခဲ့တာပါ။ ထမင်းစားတုန်း ဘဲဥကိုကိုက်လိုက်တာ ဘဲဥထဲက မာခေါက်ခေါက်အလိပ်လေးတစ်လိပ်ထွက်လာလို့ ဖြေကြည့်လိုက်တော့ ကိုးဆယ်တန်တစ်ရွက်ဖြစ်နေတယ်။ ဒါနဲ့ ပုဆိုးခါးပုံစထဲမှာ အမြဲဝှက်သိမ်းထားမိတုန်း ဆေးရုံလူနာလိုက်ပြစဉ်မှာ မိန်းဂျေးလ်ရှာဖွေရေးက ရှာတွေ့သွားခဲ့တာပါ"

"ဒီမှာဖိုးတာ မင်းကိုယ်တိုင် အပြင်ဘက်ကနေ ငွေကိုခိုးသွင်းတာမဟုတ်ပေမယ့် ငွေကို သက်ဆိုင်ရာမှာ တရားဝင်မအပ်ဘဲ လက်ဝယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ သိမ်းဆည်းထားခြင်းဟာ ထောင်စည်းကမ်းဥပဒေကို ချိုးဖောက်ခဲ့တာပဲကွ''

''သိပါတယ်ဆရာ။ ကျွန်တော့်မှာ ငွေလိုတဲ့အခါ သုံးရအောင်လို့ သိမ်းထားခဲ့မိတာပါ''

''မင်းဆိုတဲ့ကောင်ကလည်း ထောင်ထဲမှာနေတော့လည်း ပြဿနာရှာ ခိုးစား။ ထောင်ကလွတ်တော့လည်း အပြင်ဘက်မှာ အိမ်တွေလိုက်ဖောက်နေတော့ ထောင်သံသရာလည်နေမှာပဲ။ မင်း မိဘတွေမရှိဘူးလား''

''မရှိပါဘူး ဆရာ။ ကျွန်တော်က တစ်ကောင်ကြွက်ဘဝနဲ့ ကြီးပြင်းခဲ့တာပါ''

''ခက်တော့တာပဲကွ။ မင်းလိုသူခိုးကို အိပ်ဆောင်ထဲမှာထားရင်လည်း တစ်နည်းမဟုတ်တစ်နည်း လိုက်ခိုးနေမှာပဲ။ ဒီတော့ မင်းကို တိုက်ထဲမှာ တစ်ယောက်တည်း တိုက်ပိတ်ထားမှ အေးတော့မယ်''

''မလုပ်ပါနဲ့ ဆရာရယ်။ နောက် မခိုးတော့ပါဘူးဗျာ''

''ပြောလိုက်ရင်တော့ နောက်မခိုးပါဘူးနဲ့ ဆင်ခြေပေးနေတာပဲ။ ခုပဲ ထောင်ထဲကလွတ်သွားတာ မကြာသေးဘူး ပြန်ရောက်လာခဲ့ပြန်ပြီ''

ကျွန်တော်သည် ဖောက်ထွင်းဝိဇ္ဇာဖိုးတာဆိုသူအား ပြဿနာဖြစ်တိုင်း ပြောဆိုသွန်သင်ဆုံးမပေးမယ့် ကျွဲပါးစောင်းတီးသလို ဖြစ်နေသည်။ မည်သို့ပင် ဆုံးမဆုံးမ ခွေးမြီးကောက်ကျည်တောက်စွပ်သလို သူခိုးဗီဇက မပျောက်နိုင်ပေ။

ပြစ်ဒဏ်စာအုပ်ထဲတွင် ဖိုးတာ၏လက်ထဲမှ ကိုးဆယ်တန်ငွေစက္ကူရှာဖွေတွေ့ရှိမှုဖြင့် ရုံးတင်ခဲ့ရလေတော့သည်။ ထောင်မှူးကြီးမှ





ပြစ်ဒဏ်စာအုပ်ပေါ်တွင် မှင်နီဖြင့် မှတ်ချက်ပေးလိုက်သည်မှာ တိုက်ပိတ်ပြစ်ဒဏ် (၃)ရက်ဟု ဖော်ပြထားသည်။

ကျွန်တော်ကိုယ်တိုင် တိုက်ဝင်းထဲသို့ ခေါ်ဆောင်သွားခဲ့ပြီး တိုက်တာဝန်ခံထောင်မှူးကြီးထံ ပြစ်ဒဏ်စာအုပ်နှင့်အတူ လူပါအပ်နှံရန်ဖြစ်သည်။ တိုက်တာဝန်ခံထောင်မှူးကြီးမှာ ကြိုးသမားများ ရေချိုးထုတ်နေသဖြင့် ရုံးခန်းထဲမှာ ထိုင်စောင့်နေရသည်။

''ဖိုးတာ . . . မင်းဟာ ဒီမကောင်းမှုဒုစရိုက်လုပ်ငန်းတွေကိုပဲ တစိုက်မတ်မတ် လုပ်နေခဲ့တာပဲ။ မင်းဘဝသက်တမ်း တစ်ဝက်နီးပါးဟာ ထောင်ထဲမှာပဲ အချိန်ကုန်နေခဲ့ရတာပဲ မဟုတ်လား''

''ဟုတ်ပါတယ် ဆရာ။ ကျွန်တော့်မှာ မိဘမရှိ၊ ဆွေမရှိမျိုးမရှိဆိုတော့ ပြောဆိုဆုံးမမယ့်သူမရှိဘဲ အပေါင်းအသင်းတွေနဲ့ ပေါင်းပြီးတော့ လူပေါင်းမှားနေရတာပါ''

''ဒါဆို မင်းဘဝဖြစ်စဉ်လေး ပြောပြစမ်းပါကွာ''

''ဟုတ်ကဲ့ . . . ဒီလိုပါဆရာ''

ဟုအစချီလျက် သူ့ဘဝဇာတ်ကြောင်းလေးကို ကျွန်တော့်အား ခရေစေ့တွင်းကျ ပြောပြနေခဲ့လေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

ကျွန်တော့်နာမည် . . . ဖိုးတာလို့ ခေါ်ပါတယ်။ ကျွန်တော်က တစ်ကောင်ကြွက်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော် ဆယ်နှစ်သား အရွယ်လောက်မှာ မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားခဲ့လို့ လောကအလယ်မှာ တစ်ကောင်ကြွက်ဘဝနဲ့ပဲ ကြီးပြင်းလာခဲ့ရတယ်။

ရွာမှာရှိတဲ့ ဆွေမျိုးတွေက သနားလို့ခေါ်ယူ ကျွေးမွေးစောင့်ရှောက်ထားခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ သူတို့မိသားစု အခက်အခဲဖြစ်နေခဲ့တာကြောင့် တစ်ရွာမပြောင်း သူကောင်းမဖြစ်ထုံး နှလုံးမူပြီး ရန်ကုန်ကို တက်လာခဲ့တယ်။

အစကနဦး ရန်ကုန်မှာ နေရတာ၊ စားရတာကအစ အဆင်မပြေခဲ့ဘူး။ ကျွန်တော် ဘာအလုပ်မှ မလုပ်တတ်၊ မကိုင်တတ်တော့





သင်္ဘောဆိပ်မှာပဲ ယောင်လည်လည်ဖြစ်နေတယ်။ ကျွန်တော့်လို ဘဝတူ လူငယ်လေးတွေလည်း တွေ့မြင်ခဲ့ရတော့ သူတို့ထံ ချဉ်းကပ်ပေါင်းသင်းရတယ်။ ဒီတော့မှ သူတို့နေထိုင်ကျင်လည်နေတဲ့ ဆိပ်ကမ်းနားက ဂိုဒေါင်ကြီးတွေမှာ အိပ်စရာနေရာရှိမှန်း သဘောပေါက်လာတယ်။ သူတို့ကျွေးမွေးတဲ့ ထမင်းကိုစားပြီး ရင်းနှီးခင်မင်သွားတယ်။

အမှန်တော့ ဒီပတ်ဝန်းကျင်မှာရှိကြတဲ့ အရွယ်မရောက်သေးတဲ့ လူငယ်လေးတွေအားလုံးဟာ အိမ်ပြေးလေးတွေများတယ်။ ကိုယ့်ဘဝကို ကိုယ့်ခြေထောက်ပေါ်မှာ ရပ်တည်နိုင်ဖို့ လှုပ်ရှားရုန်းကန်နေကြရတယ်။ ဆိပ်ကမ်းပတ်ဝန်းကျင်မှာရှိတဲ့ ကလေးတွေဟာ ခရီးသည်တွေ ကျန်ရစ်ခဲ့တဲ့ပစ္စည်းကို အလစ်သုတ်တာတို့၊ ခိုးစားတာတို့ လုပ်စားကြတာများတယ်။

ကျွန်တော်လည်း သူတို့နဲ့ အတူတူနေနေတော့ သူတို့ကျွေးမွေးတဲ့ ထမင်းစားပြီး သူတို့ခိုင်းတာ လုပ်ရတယ်။ များသောအားဖြင့် ဘေးလူတွေကို စောင့်ကြည့်ခိုင်းထားပြီး လူလစ်တာနဲ့ ပစ္စည်းဆွဲလစ်တော့တာပဲ။

နောက်တော့ ကျွန်တော်လည်း သူတို့ထံက လက်ဝေခံဘဝနဲ့ ရှင်းစားနေရတာကို မကြိုက်တော့ ကိုယ့်ဘာသာကိုယ် စွန့်စားကြိုးစားကြည့်ခဲ့တယ်။ တစ်ခါနှစ်ခါလောက် လုပ်ကြည့်တာ အဆင်ပြေသွားတော့ နောက်ပိုင်း ရဲတင်းလာခဲ့တယ်။

ကျွန်တော်တို့အုပ်စုအပေါ် ခေါင်းပုံဖြတ်စားနေတာက တရုတ်သိန်းစားကြီးပဲ။ သူက ကျွန်တော်တို့တွေ ခိုးဝှက်ယူလာသမျှ သူ့ကို ဝေစုတစ်စုခွဲမပေးရင် ရဲကိုတိုင်မယ် သတင်းပေးမယ်လို့ ခြိမ်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်းတော့ နုတ်ပိတ်ခအဖြစ် ပေးနေရတယ်။ တော်ကြာ ရဲကိုတိုင်လို့ ပြဿနာဖြစ်ရင် ကျွန်တော်တို့ နေရာတုံ ပျောက်သွားမယ်လေ။

ဒီတော့ ကျွန်တော်တို့အားလုံး သူနဲ့အဆင်ပြေအောင်ပဲ ပေါင်းသင်းနေရတယ်။ သူ့ကို ကျွန်တော်တို့ ပစ္စည်းတွေစောင့်ကြည့်ဖို့ တာဝန်ပေးထားတော့ ဝေစုပေးရတာလည်း ကောင်းတယ်။ အစကတော့ သားသမီး ကျောထောက်နောက်ခံမရှိတော့ ဆိပ်ကမ်းမှာ တောင်းရမ်းစားနေခဲ့တယ်။ ကျွန်တော်တို့အဖွဲ့အဆင်ပြေလာတော့ သူလည်း တောင်းစရာမလိုတော့ဘဲ ကျွန်တော်တို့ဆီက ဝေစုကိုရလို့ အဆင်ပြေသွားတယ်။

ကျွန်တော်တို့ကလေးတွေနဲ့ ရောပြီး ဂိုဒေါင်ကြီးရဲ့ဘေးမှာပဲ အတူတူအိပ်ကြတယ်။ ကျွန်တော် ရောက်စတုန်းအချိန်ကဆို ဘယ်လိုနေလို့ ဘယ်လိုစားရမယ် မသိခဲ့ဘူး။ သူက ကျွန်တော့်ဘဝ ရပ်တည်နိုင်လာအောင် သွန်သင်ညွှန်ပြပေးခဲ့တယ်။

အဲဒါကတော့ ဆိပ်ကမ်းက ခရီးသည်တွေကြားမှာ ပစ္စည်းတွေကူသယ်ပေးသလိုလိုနဲ့ ကိုယ်ရောင်ဖျောက်လစ်တတ်အောင် အကြံဉာဏ်ပေးခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သင်္ဘောဆိပ်ကို ဆင်းလာတဲ့ခရီးသည်တွေဟာ ပစ္စည်းတွေကို သုံးဘီးကားပေါ်က ချပြီးတာနဲ့ သင်္ဘောရှိရာ ဆိပ်ခံဖောတံတားကို ဆင်းကြတဲ့အခါ ပစ္စည်းတွေ မနိုင်မနင်းနဲ့ဆိုတော့ ကျွန်တော်တို့ ချာတိတ်လေးတွေကို မုန့်ဖိုးပဲဖိုးလောက်ပေးပြီး ကူသယ်ခိုင်းတတ်ကြတယ်။

တစ်ခါတစ်ရံ သူတို့ပစ္စည်းတွေ စောင့်ကြည့်ခိုင်းထားတုန်းအချိန်မှာ ပစ္စည်းတွေကို အလစ်သုတ်သွားတော့ လိုက်ရှာဖို့ အချိန်မရတော့ဘူးလေ။ သူတို့တွေက အချိန်လုပြီး သင်္ဘောနဲ့ ခရီးသွားနေရတာ။





ဒီအခါမှာ ကျွန်တော်တို့တစ်တွေဟာ ရလာတဲ့အဝတ်အိတ် ...ကာ ပစ္စည်းတွေကိုထုတ်ပြီး အဝတ်အစားနဲ့ ပစ္စည်းဟောင်းကောက် ...ယ်တဲ့ ကုလားသင်္ဘောဆိပ်နားက အဟောင်းတန်းမှာ သွားထုခွဲရောင်း ...စ်ခဲ့တယ်။ အဲဒီအခါကျမှ ကျွန်တော်တို့ သုံးဖို့စွဲဖို့ ငွေကြေးပြေ ...ည်လာခဲ့တယ်။

ဒီလိုနဲ့ ကျွန်တော့်ဘဝကို ရပ်တည်လာခဲ့ရတာ အသက်အရွယ် ...ယ့်သုံးနှစ်ကျော်ထိပေါ့။ နောက်တော့ ဆိပ်ကမ်းနယ်မြေမှာ စီမံချက် ... အဖမ်းအဆီးများလာတော့ ဆိပ်ကမ်းဂိုဒေါင်နားမှာ အိပ်ရနေရ ...ျောင်လည်တော့ဘူး။ ဒီအခါမှာ ဘဝပြောင်းရတော့တယ်။ ရန်ကုန် ...ဘာကြီးစကြိမှာ၊ ဘုရားစောင်းတန်းမှာ၊ ကြုံသလို အိပ်ကြရတယ်။ ...ကုန်ဘူတာကြီးမှာလည်း အထုပ်ကူဆွဲ၊ အလစ်သုတ်တာနဲ့ ကျင် ...ည်နေခဲ့ရပြန်တယ်။

နောက်ဆုံး စီမံချက်နဲ့ဖမ်းခံရပြီး ကျွန်တော်တို့လူငယ်တွေကို ...က်ဘော်စတယ်ပို့ခဲ့တယ်။ အဲဒီ လူငယ်အကျင့်စာရိတ္တ ပြုပြင်ရေး ...ျောင်းမှာ သုံးနှစ်လောက် ကြာခဲ့တယ်။ သင်တန်းကထွက်လာတော့ ...န်တော့်အသက် ဆယ့်ခြောက်နှစ်ကျော်နေပြီ။ ကျွန်တော်နဲ့အတူတူ ...င်တန်းတက်ခဲ့ရတဲ့ ဆိုးပေနဲ့ခင်မင်ရင်းနှီးပြီး ဗဟန်းဘုန်းကြီးကျောင်း ... သူနဲ့လိုက်နေတယ်။

နောက်တော့ ဈေးကြီးပတ်ဝန်းကျင်မှာ ကျင်လည်ကျက်စား ...ခဲ့ကြတယ်။ ဈေးကြီးထဲမှာ ဝယ်သူတွေနဲ့ အလုပ်ရှုပ်နေတဲ့ ဈေးဆိုင် ...ွားမှာ မယောင်မလည်သွားနေပြီး လစ်တာနဲ့ အထည်အုပ်တွေ ...ာစ်သုတ်ပြီး ထွက်လာခဲ့တယ်။ တဖြည်းဖြည်းနဲ့ အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျက်လာတော့ နေ့ဘက်မှာ နိုးရဂုက်ရတာ မလွယ်ဘူး။ လူမြင် [illegible] မြင်ချည်းမှာ လုပ်စားရတာ မလွတ်လပ်ဘူး။ ဒီတော့ ညဘက်မှ လူ [illegible] တိတ်ချိန်လောက် ပွဲခင်းရှိတဲ့နေရာမှာ အချိန်သွားဖြုန်းပြီး အပြန် [illegible] တော့ လူလစ်တဲ့အိမ် ဝင်နိုးခဲ့ကြတာပဲ။

ခုလို ကျွန်တော် ညမင်းသားတစ်ယောက်လို ဘဝကိုခံယူ [illegible] နိုးလို့ရမယ့်အိမ် အခြေအနေသိအောင် နေ့ဘက်မှာ ဂက်စ်ထည့်သ [illegible] ပစ္စည်းဟောင်းဝယ်သလို အသွင်ဆောင်ပြီး နိုးလို့လွယ်မယ့် အိမ် [illegible] ကို လိုက်ကြည့်ရှာဖွေတယ်။ များသောအားဖြင့် သော့ခတ်ပိတ်ထ [illegible] တတ်တဲ့အခန်းတို့၊ အိမ်တို့ကို သတိထားစောင့်ကြည့်ခဲ့တယ်။

အထူးသဖြင့် မိုးသည်းညတွေဆိုတာ ကျွန်တော်တို့အတွ [illegible] အခွင့်အခါကောင်းပဲလေ။ လူဆိုတာ မိုးတွေ သည်းသည်းမဲမဲ ရွာသွ [illegible] နေချိန်မှာဆို အိပ်ရာထဲမှာ စောင်ခြုံလို့ ကွေးကောင်းနေကြတာ။ ကျွ [illegible] တော်တို့လို ညမင်းသားတွေအတွက် မိုးရွာမရှောင်၊ နေပူမရှောင် ရာ [illegible] မရွေးဘဲ ဥတုသုံးပါးစလုံး လှုပ်ရှားနေနိုင်မှ ဘဝရပ်တည်နိုင်ကြမှာ [illegible] တော့ ကြုံသလို နိုးနေကြရတာပေါ့။

ဒါပေမယ့်ဗျာ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆို [illegible] ဆောင်ပုဒ်လိုပေါ့။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့တွေအနေနဲ့ မိုးရာသီရော [illegible] ပြီဆိုတာနဲ့ သူနိုးပူတတ်လွန်းလို့ စီမံချက်တွေချမှတ်ပြီး မှုခင်းတာ [illegible] ရေးတွေ လုပ်လာခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ သူနိုးအုပ်စု [illegible] ညဘက်မှာ လှုပ်ရှားရတာ မလွယ်တော့ဘူး။

ရဲ ပတ္တရောင်လှည့်ကင်းတွေ ရန်ကလွတ်အောင် မနည်းရှေ [illegible] နေရတယ်။ ဒီကြားထဲ အိမ်တွေဝင်နိုးနေတုန်း အိမ်ရှင်နိုးသွားတ [illegible] ကြုံရင် အော်ဟစ်အကူအညီတောင်းလို့ ရပ်ကွက်လူထုနဲ့ ဝိုင်းဖမ်း [illegible]





[illegible] တ်သွားပေမယ့် အိမ်ထဲကနိုးပြီးလို့ အပြင်ထွက်လာချိန် လမ်းပေါ် [illegible] ရဲပတ္တရောင်လှည့်ကင်းနဲ့ ပက်ပင်းတိုးလို့ အဖမ်းခံရတာများတယ်။ [illegible] ရဲတွေဘက်ကလည်း မှုခင်းကြိုတင်ကာကွယ်တားဆီးနိုင်ဖို့ စီမံ [illegible] က်တွေချပြီး ကင်းလှည့်ခြင်း၊ ကင်းပုန်းဝပ်ခြင်း၊ ရပ်ကွက်အတွင်း [illegible] တင်းရယူခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လာခဲ့တယ်။ ကျွန် [illegible] တ် ပထမဆုံးအဖမ်းခံခဲ့ရချိန်မှာ ရပ်ကွက်ထဲက နှစ်ထပ်အိမ်ကြီး [illegible] အိမ်ပေါ်ကို ဝရံတာပေါ်ကနေကျော်တက်ပြီး နိုးပြီးလို့ ဟင်းနံဘက် [illegible] ထဲ ပစ္စည်းတွေထည့် အိမ်ထဲကထွက်လာတာ ခြံပြင်ရောက်တာနဲ့ [illegible] ပတ္တရောင်အဖွဲ့ စက်ဘီးကင်းလှည့်လာတုန်း ပက်ပင်းတိုးပြီး အဖမ်းခံ [illegible] တယ်။

"ဒါဆို မင်း ပထမဆုံး ထောင်ထဲကိုရောက်လာခဲ့တာ အဲဒီနိုးမှု [illegible] ပေါ့"

"ဟုတ်ပါတယ် ... ဆရာ"

"နောက် ထောင်ကလွတ်သွားတော့ ဘာဆက်လုပ်နေလဲ"

"ဆရာရယ် ... သူနိုးထောင်ကထွက်ရင် သူနိုးပဲဆက်လုပ် [illegible] တာပေါ့"

"မင်း ထောင်ထဲကိုရောက်လာတာပဲ နောင်မကြဉ်သွားဘူး [illegible]"

"ဘယ်နောင်ကြဉ်လိမ့်မလဲဆရာ။ ထောင်ထဲမှာ ပညာစုံတတ် [illegible] တွေချည်း စုဝေးနေတဲ့နေရာဆိုတော့ ကျွန်တော်တို့လို သူနိုးလက် [illegible] လေးတွေဟာ ပမ္မာအဆင့်ပဲရှိတယ်။ ထောင်ထဲမှာ ဖောက်ထွင်း [illegible] ခါးပိုက်နှိုက်၊ လုယက်စတဲ့ ထိပ်သီးဒုစရိုက်သမားတွေနဲ့ တွေ့ [illegible] ခင်းနိုးခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီက လုပ်နည်းလုပ်ဟန်တွေ လက်ဆင့်သင်ကြား တယ်။ ကျွန်တော့်လက်ဦးဆရာ ဖောက်ထွင်းကျော်ကြီးဆီက ဖော ထွင်းပညာရခဲ့သလို သူခိုးကြီးမိုးမှောင်ဆီက မှိုင်းတိုက်ပြီးခိုးယူတဲ့ ပ ရလာတော့ ပိုအဆင်ပြေသွားတယ်''

''ဘယ်လိုလဲကွ ... မှိုင်းတိုက်တယ်ဆိုတာ''

''အဲဒါက မစင်နဲ့ မှိုင်းတိုက်ခဲ့တာပါ။ မစင်နဲ့ မှိုင်းတိုက်ပြီး နဲ့ အဲဒီအိမ်ထဲက ပစ္စည်းတွေကို စိတ်ကြိုက်အေးအေးဆေးဆေး ဝ ယူလို့ရတယ်။ အိမ်ရှင်တွေဆို အိပ်နေလိုက်တာ ဆင်အော်လို့တော မနိုးဘူး။ ဒီပညာရပ်ကို ရလာခဲ့ပြီးနောက်မှာ ကျွန်တော့်အတွက် တာ ပိုလွယ်လာတယ်။

တော်ရုံတန်ရုံသဲလွန်စ မကျန်ပေမယ့် အိမ်ပေါက်ဝကဲ မ ကြီးကတော့ ထီးတည်းကျန်ခဲ့တာပဲ။ အမှုကွင်းဆက်လိုက်ဖို့ မလွ ဘူး။ ဒါကြောင့် ကျွန်တော်တို့ လောကသားတွေထဲမှာတော့ ကျွန်တေ နာမည် မှိုင်းရာဇာဖိုးတာဆိုပြီး နာမည်ကျော်ကြားနေခဲ့တယ်။

ဒါပေမဲ့ ဆရာရယ် ... ဘယ်လောက်ပဲ ပညာတွေ တစ် ကမ်းခတ်တတ်နေပါစေ ရာဇဝတ်ဘေးဆိုတာ ပြေးလွတ်ရိုးထုံးစံ မ ဘူး။ နောက်ဆုံးမှာတော့ အဖမ်းခံရပြီး ထောင်ကျလာခဲ့ရတာပါပဲ''

''ဒါနဲ့ နေစမ်းပါဦး။ အိမ်ထဲခိုးဝင်ခါနီးမှာ ချက်ချင်းဝင် လို့ရအောင် ဘယ်လိုလုပ် ကြိုတင်ပြင်ဆင်ခဲ့တာလဲ''

''ဒါကလည်း ကိုယ် ဒီအိမ်ကိုဝင်ခိုးတော့မယ် ဆိုကတည် အိမ်ရဲ့အခြေအနေကို ကြိုတင်လေ့လာပြီးမှ အစီအစဉ်ချလုပ်ခဲ့ရတ အဲဒါကတော့ ....''

ကျွန်တော်တို့ လုပ်မယ့်အိမ်ကို ရွေးချယ်တဲ့နေရာမှာ သောအားဖြင့် အိမ်ကြီးအိမ်ကောင်းတွေကို လေ့လာကြည့်ရှုထားရတ





ထူးသဖြင့် ချမ်းသာမယ်ထင်တဲ့ အိမ်မျိုးကို ရွေးချယ်ရတယ်။ အဲဒီ ချိန်မတိုင်ခင်လောက်မှာ ကျွန်တော်ဝင်ခိုးမယ့်အိမ်ကို လေ့လာခဲ့ပြီး ကျွန်တော်အသုံးပြုနေတဲ့ မာစတာကီးတွေကို လိုအပ်တာပြုပြင်နိုင် သော့ဝိဇ္ဇာအပ္ပနားဆီမှာ အပ်ထားခဲ့တယ်။

ပထမစကြည့်တုန်းက အိမ်ကြီးက ခြံဝင်းကြီးထဲမှာ တည် ဆောက်ထားခဲ့တာ။ နှစ်ထပ်ဆင်ဝင်အိမ်ကြီး ဆရာ။ ခြံစည်းရိုးကလည်း တစ်ရပ်ကျော်မြင့်တယ်။ ညဘက်ခြံထဲမှာ အယ်လ်စေးရှင်းခွေးကြီး လွှတ်ကျောင်းထားတယ်။ ဒါပေမဲ့ ခြံထောင့်မှာ ပိတောက်ပင်အို တစ်ပင်က ခြံစည်းရိုးစပ်မှာရှိနေတော့ အဆင်ပြေသွားတယ်။ အဲဒီ ပိတောက်ပင်ပေါ်တက်နိုင်ရင် ခြံထဲကို အလွယ်တကူဝင်လို့ရပြီဆိုတာ သဘောပေါက်ခဲ့တယ်။

ခက်နေတာက ပိတောက်ပင်ပေါ်ကနေတက်ပြီးတော့ ခြံထဲကို အကိုင်းခိုစီးပြီး ဝင်လို့ရပေမယ့် ခြံထဲမှာလွှတ်ထားတဲ့ ခွေးတွေကို ကိုက်ဖို့ မလွယ်ဘူးလေ။ ဖြစ်ချင်တော့ ဆရာရေ ... ကျွန်တော် ကြီးအခြေအနေကိုသိဖို့ နေ့လယ်ဘက်က သော့အပ်ထားစဉ်မှာ မျက် ညှိုင်းနဲ့ ကြုံခဲ့တယ်။ သော့ပြင်တာစောင့်နေရင်း ဘေးနားက မျက် ညှိုင်းထဲ ဝင်ကြည့်ခဲ့တယ်။

အဲဒီမှာ မျက်လှည့်ဆရာက ကျားဆီအသုံးဝင်ပုံကို အာဘောင် ရှင်းသန်သန်နဲ့ မျက်လှည့်မပြခင်မှာ ရောင်းနေခဲ့တာကိုး။ ဒီအချိန် ကျွန်တော့်ဦးနှောက်ထဲမှာ စိတ်ကူးပေါ်လာတာနဲ့ ကျားဆီနှစ်ပုလင်း ဝယ်လိုက်တယ်။

အဲဒါ ဘာလဲဆိုတော့ မျက်လှည့်ဆရာရဲ့ အကြံအဖန်စကား ယုံကြည်ပြီး ဝယ်ယူခဲ့တဲ့သဘောပဲ။ လူတွေကတော့ ကျွန်တော့်ကို



www.burmeseclassic.com

ကြည့် ပြီး မျက်လှည့်ဆရာရဲ့ အလံရှူးလို့ ထင်နေကြမယ်။ ကျား
နှစ်ပုလင်းကြီး ဝယ်ယူလို့ အံ့သြနေခဲ့တယ်။

ဟဲ . . . ဟဲ . . . သိတယ်မဟုတ်လား။ ခရုမှာလည်း အ
လူမှာလည်း အကြံနဲ့ ဆိုတဲ့စကားလို ဒီကျားဆီဟာ ကျွန်တော့်လုပ်
မှာ အသုံးချနိုင်ဖို့ သေရေးရှင်ရေး အရေးကြီးနေတဲ့ ပစ္စည်းဖြစ်နေ
ကိုး။

ဒါကြောင့် ကျွန်တော်ဝယ်လာခဲ့တဲ့ ကျားဆီနဲ့ အိမ်နား
တဲ့ ခွေးဆိုးတစ်ကောင်ကို ခဲနဲ့ပေါက်ရန်စကြည့်ပြီး ကျွန်တော့်နော
ကို လိုက်ဆွဲမယ့်အချိန်မှာ ကျွန်တော်က ကျားဆီပုလင်းထဲကအနံ့
ခွေးရှေ့နား ပက်ဖြန်းပစ်လိုက်တယ်။

ခွေးဆိုးဟာ ကျွန်တော့်နောက်ကနေ ပြေးဆွဲဟပ်မယ်ပြင်တု
ကျားဆီအနံ့လည်းရသွားရော အမြီးကုတ်ပြီး တစ်ချိုးတည်း နော
ကြောင်းပြန် လှည့်ပြေးတော့တာပဲ။ ကျွန်တော့်အဖို့ ပွဲမဝင်ခင် အ
ကကျင်းပဆိုသလို အစစအရာရာ ကြိုတင်ပြင်ဆင်ပြီးမှ အလုပ်လု
အချိန်စောင့်နေခဲ့တယ်။

ကျွန်တော် အလုပ်လုပ်တဲ့အချိန်မှာ သဘာဝကလည်
အန္တရာယ်ကို အကာအကွယ်ပေးခဲ့ပါတယ်။ ဒါကတော့ မိုးကလေးတ
ရွာချလာနေတယ်။ ဒီတော့ ခြံကြီးထဲကို အလွယ်တကူဝင်လို့ရအေ
ခြံစည်းရိုးထောင့်နားက ပိတောက်ပင်ကြီးပေါ်ကို တွယ်တက်ခဲ့တ
ကျွန်တော့်တစ်ကိုယ်လုံး အနက်ရောင်ဝင်ဆင်ထားတယ်။

အားလုံးစီစဉ်ပြီးမှ ပိတောက်ပင်ပေါ်ကနေ သစ်ကိုင်းများ
ကို အလျားလိုက် ဝမ်းလျားမှောက်သွားခဲ့တယ်။ မကြာပါဘူး လူ
ယောက် ခန္ဓာကိုယ်အလေးချိန်နဲ့ ခြံထဲကို သစ်ကိုင်းညွှတ်ကျလာ
တော့ အဖျားပိုင်းကိုဆွဲပြီး ခြံထဲကို တွဲလွဲခုန်ချခဲ့တယ်။





"ဝုတ် . . . ဝုတ် . . ."

မိုးလေးက တဖွဲဖွဲရွာသွန်းနေရာက သည်းသည်းမဲမဲကြီးကို
ရွာသွန်းလာနေတယ်။ ခွေးဟောင်သံဟာ မိုးသံလေသံကြားမှာ သိပ်
ကျယ်လောင်တော့ အိမ်ထဲကလူတွေ နိုးမှာမပူရဘူး။ အယ်လ်ဖေးရှင်း
ခွေးနှစ်ကောင်ဟာ ပြေးလာနေရာက ကျွန်တော့်ကိုယ်ပေါ်မှာ သုတ်
သိမ်းထားတဲ့ ကျားဆီနံ့ရသွားပြီး ချက်ချင်းဆိုသလို နောက်ပြန်လှည့်
ပြေးသွားတယ်။ နောက်အိမ်ကြီးဘေးနားက ကားဂိုဒေါင်ထဲမှာ ခွေနေ
ခဲ့တော့တယ်။

စောစောက ခွေးဟောင်သံကြောင့်များ အိမ်ထဲကအိမ်ရှင်တွေ
နေမလား စိုးရိမ်စိတ်နဲ့ ပြတင်းပေါက်နားကပ်ပြီး နားစွင့်နေမိတယ်။
သံလေသံနဲ့ အိပ်ကောင်းနေကြလို့ထင်တယ် တုတ်တုတ်တောင်မလှုပ်
ကြဘူး။ ဒီတော့ အိမ်ဘေးနား ရေတံလျှောက်ကကျလာနေတဲ့ မိုးရေကို
ဝပ်နဲ့ဟပြီး အဝသောက်နေခဲ့တယ်။

ကျွန်တော် အိမ်ကထွက်လာကတည်းက အိမ်မှာသောက်ခဲ့လာ
တဲ့ မိုးပြုံးချိုဝမ်းနုတ်ဆေးဟာ ရေတစ်ဝသောက်လိုက်လို့ထင်တယ် ဗိုက်
ထဲမှာ တဖြည်းဖြည်း ရစ်နာလာနေရာက ဗိုက်ထဲမှာ သံစုံတီးဝိုင်းဖြစ်
နေပြီ။

ကျွန်တော့်ဗိုက်ထဲမှာ တဖြည်းဖြည်းရစ်ပြီး ဗိုက်နာလာသလို
ဖြစ်နေတယ်။ ဒီလိုဗိုက်နာလာပြီး ဝမ်းသွားချင်စိတ်ပေါက်လာနေတော့
မှ အိမ်ပေါက်ဝတည့်တည့်နေရာမှာ အကျအနထိုင်ပြီး ဝမ်းသွားပစ်
လိုက်တယ်။ တကယ်ဗျာ ကိုယ့်အနံ့ကိုယ်တောင် မခံနိုင်ဘူး။ အိမ်ရှင်
တွေက အိမ်ထဲမှာ မစင်နံ့မရသေးဘူး။ ကိုယ့်မှာ နံလွန်းလို့ အန်ချင်
စိတ်တောင်ပေါက်တယ်။

www.burmeseclassic.com



ဒီလို မစင်မှိုင်းတိုက်ပြီး ပိုသေချာသွားအောင် အိမ်သော ပြတင်းပေါက်ကနေ အထဲကို သေသေချာချာ ချောင်းကြည့်ပြီး စိတ် သွားမှ အိမ်ရှေ့ဝင်ပေါက်ကြီးနဲ့ တံခါးကျက်နေရာကို လွှန်ပူနဲ့ ဖော ဖွင့်လိုက်တယ်။

တံခါးဖွင့်ပြီး အိမ်ထဲဝင်သွားတဲ့အခါ မစင်နံ့တွေက အိမ် ထိ ထောင်းထောင်းထနေတယ်။ ကျွန်တော့် ပစ္စည်းကိရိယာထည့် လွယ်တဲ့ လွယ်အိတ်ထဲက လက်နှိပ်ဓာတ်မီးအသေးလေးကိုထုတ် အသ မီးထိုးကြည့်ပြီး အိပ်ခန်းထဲဝင်သွားတယ်။

အိပ်ရာပေါ်မှာ အိမ်ရှင်လင်မယားနှစ်ယောက် မစင်နံ့ကြော လားတော့မသိဘူး။ အိပ်နေလိုက်တာများ တုတ်တုတ်တောင်မလှုပ်တ မစင်နံ့တွေကတော့ အခန်းထဲမှာ လှိုင်နေတာပဲ။ အခန်းထောင့်မှာရှိ မီးခံသေတ္တာထဲက ပစ္စည်းတွေကို ယူဆောင်ဖို့ သော့ဝိဇ္ဇာတွဲထဲကသေ နဲ့ အသာလှည့်ဖွင့်ခဲ့တယ်။ ကလစ်ဆိုတဲ့အသံနဲ့အတူ မီးခံသေတ္တာပွ သွားတယ်။ ကျွန်တော်လည်း အခန်းထဲမှာရှိတဲ့ နာရီ၊ ကက်ဆက် အဝတ်အထည်အားလုံးနဲ့ မီးခံသေတ္တာထဲက ရွှေငွေတွေအကုန်ကျုံးထည့် ပြီး လစ်ထွက်လာခဲ့တယ်။

ဒါပေမယ့် ဆရာရယ် အိမ်ဖောက်ဝင်ပြီးခိုးနေတုန်း ဖမ်းမိ ခဲ့တဲ့ပစ္စည်းတွေကို ထုခွဲရောင်းချတော့မှပဲ ရဲတပ်ဖွဲ့တွေက မသင်္ကာလို့ စစ်ဆေးခဲ့ရာက အိမ်ဖောက်ထွင်းဝင်ရောက်ခိုးခဲ့တာပါလို့ ဝန်ခံလိုက် ရတယ်။ အဲဒီအမှုနဲ့ဆက်စပ်ပြီး ရဲတပ်ဖွဲ့ဝင်တွေ စစ်မေးနေရာက အခြ မြို့နယ်ပေါင်းစုံက အမှုတွေပါ တသီတတန်းကြီး ထုတ်ဖော်ဝန်ခံလိုက် ရတယ်။

စိတ်ကူးသစ်စာပေ



အဲဒီမြို့နယ်ပေါင်းစုံက အမှုအားလုံးမှာ မစင်မှိုင်းတိုက်ပြီး ခိုး သွားခဲ့တာချည်းဆိုတော့ ကျွန်တော့်လက်ရာတွေဖြစ်မှန်း သဘောပေါက် သွားတယ်။ စုစုပေါင်း မြို့နယ်ငါးမြို့နယ်က အမှုတစ်ခုစီနဲ့ ထောင်ဒဏ် အမိန့်ချမှတ်ခဲ့တယ်။ တစ်မှုကို ထောင်ဒဏ်နှစ်နှစ်စီ သီးခြားကျခံစေ ခဲ့တာကြောင့် ထောင်ဒဏ်ဆယ်နှစ် ပြစ်ဒဏ်ခံနေရတာယ်။ တကယ်တော့ တရားသူကြီးထံမှာ အားလုံးတစ်ပေါင်းတည်း ကျခံစေဖို့ အသနားခံ တာ ခွင့်မပြုခဲ့ပါဘူး။

“ဒါဆို မင်း ဒီအမှုတွေအားလုံးနဲ့ ထောင်ဒဏ်ဆယ်နှစ်တောင် ကျခဲ့တော့ အပြင်မှာ သူခိုးကိစ္စ ငြိမ်သွားမှာပဲကွ”

“ဟုတ်ပါတယ် ဆရာ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ထောင်ဆိုတာ ကလည်း ကျွန်တော်တို့ ဒုစရိုက်သမားတွေအတွက်တော့ အမှန်တကယ် နိဗ္ဗာန်ဈေး ဘူမိနက်သန်နေရာပါပဲ”

ကျွန်တော်နှင့် မှိုင်းရာဇာဖိုးတာတို့နှစ်ဦး တိုက်ရုံးခန်းလေး ထဲမှာ စကားပြောနေကြစဉ် တိုက်တာဝန်ခံထောင်မှူးကြီး ရောက်လာ သဖြင့် ပြစ်ဒဏ်စာအုပ်ကိုတင်ပြပြီး ထောင်မှူးကြီးအတည်ပြုပေးလိုက် သော တိုက်ပိတ်ပြစ်ဒဏ်သုံးရက်ကို လက်ခံစေခဲ့သည်။ တိုက်တာဝန်ခံ ထောင်မှူးကြီးက အကျဉ်းသားကို လက်ခံရရှိကြောင်း လက်မှတ်ထိုး ပေးပြီး မှိုင်းရာဇာဖိုးတာကို တိုက်ခန်းထဲသို့ထည့်ကာ သော့ခတ်ပိတ် ထားလိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

နောက်တစ်ပတ်ခန့်အကြာတွင်ဖြစ်သည်။ ကျွန်တော် တာဝန်ဖြင့် မြို့ထဲသားရေစက်ရုံသို့ သွားရောက်ခဲ့ပြီး ဖိနပ်ချုပ်စက်ရုံသို့ ပြန်ရောက်လာခဲ့သည်။ အပြင်မှပြန်လာခဲ့ပြီး မောမောနှင့် ရုံးစားပွဲမှာထိုင်ရေနွေးသောက်နေစဉ် စက်ရုံမှ သားရေပစ္စည်းများထုတ်ယူရန် မန်နေဂျာဦးသောင်းရွှေ ရောက်လာခဲ့သည်။

သားရေကိုဒေါင်ခတ်သည့် သော့ခလောက်အား တပည့်များထံမှာ ခါတိုင်းလိုထားခဲ့သည်ထင်ပြီး သော့ရှာဖွေရာ မတွေ့ဘဲဖြစ်နေသည်။ ဘီရိုအံဆွဲသော့များပါ ပါဝင်နေသောကြောင့် ကျွန်တော့်ရုံးစားပွဲအံဆွဲထဲမှာ မေ့ထည့်ထားမိပြီး အပြင်မှ သော့ခလောက်ကို နှိပ်ပိတ်မိခဲ့ကြောင်း စဉ်းစားမိသွားသည်။





ယင်းသော့ခလောက်အား ပြန်လည်ဖွင့်နိုင်မှသာ အထဲမှာရှိနေသော သော့တွဲများကို ပြန်လည်ရရှိနိုင်ပေမည်။ သော့ခလောက်ကို တူနှင့်ရိုက်ဖွင့်ရန် စဉ်းစားရင်း မှိုင်းရာဇာဗိုးတာကို သတိရသွားခဲ့သည်။ ဒါကြောင့် သော့ခလောက်ဖွင့်နိုင်မည့် ဖောက်ထွင်းဝိဇ္ဇာဗိုးတာကို စေလွှတ်ခေါ်ခိုင်းလိုက်သည်။ ဗိုးတာမှာ တိုက်ပြစ်ဒဏ်မှထွက်လာပြီး အလုပ်ကြီးဘက် ရက်ကန်းဌာနမှာ အလုပ်ခိုင်းစေရန် လေဘာချထားခြင်းခံရ၍ ဗာရာကာဂျူကို သွားခေါ်ခိုင်းခဲ့သည်။

မကြာမီ အကျဉ်းသားဗိုးတာကို ရုံးခန်းထဲသို့ ဗာရာကာဂျူက ခေါ်လာခဲ့သည်။ မှိုင်းရာဇာဗိုးတာတစ်ယောက် ထောင်ထဲတွင် အနေအစားမချောင်ဘဲ တိုက်ပိတ်ခံခဲ့ရသောကြောင့် အရင်လို ဝဝဖြိုးဖြိုးမဟုတ်ဘဲ ပိန်သွားလေသည်။

"ဗိုးတာ ... မင်း ရက်ကန်းမှာလုပ်ရတာ အဆင်ပြေလားကွ"

"မပြေပါဘူး ... ဆရာရယ်။ တစ်နေ့တစ်နေ့ ချည်တွေကို ရက်ကန်းဆေးဆိုးနေရတာ ပင်ပန်းလွန်းလို့ ထွက်ပြေးချင်စိတ်တောင် ပေါက်တယ်"

"အံမယ် ... မင်းက ထောင်ထဲကနေများ ဘယ်လိုထွက်ပြေးချင်စိတ် ပေါက်နေခဲ့ရတာလဲ။ ဒီလောက် သော့တွေအတန်တန် ခတ်ထားပြီး အုတ်ရိုးကြီးခြားနေတာ ဘယ်လိုပြေးလို့ လွတ်ပါ့မလဲကွ"

"ဒါကတော့ ဆရာရယ်။ လူကြံရင် ထရံတောင် တုတ်ချောင်းဖြစ်သေးတာပဲ"

"ကဲ ... ကဲ ... တော်ပါတော့ ဗိုးတာရယ်။ မင်းတို့လို ခေါက်ကြောမတင်းတဲ့ သူခိုးတွေက အလုပ်ပင်ပန်းလာပြီဆို ကြံမိကြံရာ ကြံ



www.burmeseclassic.com

www.burmeseclassic.com



စည်ချင်တော့တာပဲ။ ဒီမှာက ငါ့ကိုဒေါင်နဲ့ ရုံးခန်းဖွင့်တဲ့သော့တွဲကြီး ဒီ စားပွဲအံဆွဲထဲမှာ မေ့ပြီးတော့ ထည့်ပိတ်မိလို့ အခက်တွေ့နေတယ်ကွ။ သော့ခလောက်ကြီးဖြစ်နေတော့ ရိုက်ဖျက်ပစ်ရမှာ နှမြောစရာကြီးကွာ အဲဒါများ မင်းဖွင့်ပေးနိုင်မလားလို့ ခေါ်လိုက်တာပါ''

''ဟား ...ဟား ...ဟား ...ဆရာကလည်း ကျွန်တော့်ကို အထင်သေးရန်ကော။ ဘယ်အာမခံ သော့ခလောက်ဖြစ်နေပါစေ ကျွန်တော်တို့လို ဖောက်ထွင်းသမားတွေအတွက် အေးအေးဆေးဆေး အလွယ်တကူ ဖွင့်နိုင်ပါတယ်''

''အေးကွာ ...ဒါဆို ကူညီစမ်းပါဦး။ ဒီမှာ ဖိနပ်စက်ရုံထဲက အရေးတကြီး အော်ဒါရှိနေလို့ ပစ္စည်းလာထုတ်နေတာ သော့ဖွင့်မရလို့ အခက်တွေ့နေတယ်''

''ဆရာ ...ကျွန်တော့်ကို နှစ်လက်မခွဲ၊ သုံးလက်မလောက် သံလေးတစ်ချောင်းပဲ ရှာပေးပါ''

''ဟာ ...ရမယ်၊ ကာဗွန်ရေ လောလောဆယ် ဟောဟို ပြက္ခဒိန်ချိတ်ထားတဲ့ သံချောင်းလေး ရိုက်ဖြုတ်ယူပေးလိုက်စမ်းကွာ''

ကျွန်တော်က ဗာရာကာဗွန်ကို သံချောင်းတစ်ချောင်း ရှာရန် ပြက္ခဒိန်ချိတ်ထားသော သံချောင်းအား တူနှင့် ရိုက်ဖြုတ်ခိုင်းလိုက်သည်။ ယင်းသံချောင်းကို မိုးတာကယူပြီး ဖိနပ်စက်ရုံထဲရှိ သံခွဲရိုက်သော အခန်းဘက်သွားပြီး သံပေတုံးပေါ် တူဖြင့်ထုနက်နေသည်။

ထို့နောက် မိုးတာတစ်ယောက် သူပြုပြင်လို့ပြီးသွားသည့် သံချောင်းလေးကိုယူဆောင်ပြီး ရုံးခန်းထဲပြန်ရောက်လာသည်။ စားပွဲအံဆွဲမှာ သော့ခတ်ထားသော ဂလုပ်သော့ခလောက်ကို ကိုင်ဖွင့်ကြည့်သည်။





သံချောင်းလေးတစ်ချောင်းဖြင့် ဟိုကလိလိုက် ဒီကလိလိုက်နှင့် အလုပ်ရှုပ်နေခဲ့သည်။ မကြာမီ ...

''ဂျလောက် ...''

''ရပါပြီ ဆရာ။ သော့ပွင့်သွားပါပြီ''

''ဟာ ...တယ်တော်တဲ့ကောင်ပဲကွ။ မင်းတို့ ဖောက်ထွင်းဝိဇ္ဇာတွေကတော့ သော့ဖွင့်တဲ့နေရာမှာတော့ လက်ဖျားခါလောက်တယ်ကွာ''

''ဟဲ ...ဟဲ ...ဆရာရယ် ဘယ်လိုနိုင်မာပါတယ်၊ လုံခြုံပါတယ်ဆိုတဲ့ သော့ခလောက်ပဲဖြစ်နေပါစေ ကျွန်တော်တို့အတွက်တော့ သံချောင်းတစ်ချောင်းရှိနေရင် အလွယ်တကူဖွင့်လို့ ရပါတယ်ဆရာ''

''ဟား ...ဟား ...သိပ်လက်စွမ်းထက်တဲ့ ဖောက်ထွင်းဝိဇ္ဇာပဲကွ။ ဒါပေမဲ့ ငါတို့ထောင်ရဲ့ လုံခြုံရေးစည်းကျိုးပေါက်အောင် အိပ်ဆောင်မှာပိတ်ခတ်ထားတဲ့ အာမခံဂလုပ်သော့ခလောက်တွေ မင်းတို့လို ဖောက်ထွင်းဝိဇ္ဇာတွေရှိနေရင် ဘယ်စိတ်ချရပါ့မလဲ''

''ဒါတော့ ဆရာရယ်၊ ကျွန်တော်တို့က သမ္မာအာဇီဝလုပ်ငန်း အနေနဲ့ အပြင်လောကမှာသာ ကိုယ့်ပညာကိုသုံးပြီး လုပ်စားရုံပါ။ ထောင်ထဲမှာတော့ ဘယ်ပြဿနာတက်အောင် ကြံစည်ဝံ့ပါ့မလဲ ဆရာရယ်''

''တော်ပါ ...မိုးတာ။ မင်းကို ငါတို့က ယုံကြည်လို့ရအောင် ဘယ်လိုပေတံနဲ့ တိုင်းထွာမလဲ။ လူဆိုတာ အနေချောင်နေတုန်း ဘာမှမလုပ်ပေမဲ့ အနေကျပ်လာရင်တော့ ကြံမိကြံရာ ကြံကြမှာပဲ၊ ဒီတော့ မင်းလက်တွေ့လုပ်ပြသွားတဲ့ သော့ဖွင့်ပညာကိုတော့ ငါတို့အကျဉ်းထောင်ဝန်ထမ်းတွေက ယုံကြည်လက်ခံလို့မရဘူး။ ဒီတော့ မင်းကို ထောင်လုံ



www.burmeseclassic.com

www.burmeseclassic.com



ခြုံရေးအတွက် စိတ်ချလက်ချရှိအောင် တိုက်ထဲမှာထည့်ထားမှပဲ သေချာမယ်ကွ''

''ဟုတ် ... သေပြီဆရာ''

ဖောက်ထွင်းဝိဇ္ဇာဖိုးတာတစ်ယောက် မိမိပညာစွမ်းတွေကို လက်ကုန်ထုတ်ပြမိခဲ့သည့်အတွက် နောင်တအခါခါ ရခဲ့လေသည်။ ကျွန်တော်ကတော့ ဖောက်ထွင်းဝိဇ္ဇာဖိုးတာ၏ ပညာစွမ်းကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပြီးပြီမို့ သက်ဆိုင်ရာတာဝန်ရှိသူတွေထံ သတင်းပို့ထားပြီး အချိန်မီ တားဆီးကာကွယ်နိုင်ရန် လုံခြုံစိတ်ချရသော တိုက်ခန်းထဲတွင် သော့ဖွင့်မရအောင် သော့ခတ်ပိတ်ထားနိုင်မှသာလျှင် ပိုကောင်းမည်ဟု ဆုံးဖြတ်ခဲ့လေတော့သည်။

မိုးဝေ



www.burmeseclassic.com

[ ၁ ]

မန္တလေးမြို့ ...။

လှစည်ကားသော ရပ်ကွက်တစ်ခုရှိ တစ်ထပ်တိုက်ပုပုလေးဆီသို့ ဒီနေ့မနက် လူတစ်ယောက်က လိပ်စာမေးရင်း ရောက်လာခဲ့သည်။

"ဒါ ကိုရွှမ်းလရောင်နဲ့ ဒေါ်သော်တာနိုင်တို့ အိမ်လားခင်ဗျာ"

"ဟုတ်ပါတယ်ရှင် ကျွန်မက သော်တာနိုင်ပါပဲ"

"ဩော် ... ဟုတ်ကဲ့။ ကျုပ်က မေမြို့က ဆင်းလာတာပါ။ ဝက်ပါစံအိမ်ကြီးက မသော်တာလှိုင်က ဒီစာလေးပေးလိုက်လို့ ကျုပ်လာပို့တာပါ"

"ဩော် ... ဒါဆို အိမ်ထဲကိုဝင်ပါဦးလားရှင်"





"မဝင်တော့ပါဘူး။ ကျုပ်က ကိစ္စတစ်ခုနဲ့လာတာမို့ တခြားစ်နေရာကို သွားရဦးမှာမို့ပါ"

"ဩော် ... ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်နော်"

စကားဆုံးတော့ စာလာပို့လေသောထိုသူမှ ထွက်ခွာသွားသည်။ န်းလရောင် မျက်နှာသစ်ရန် အိမ်ရှေ့သို့ ထွက်လာ၏။ လှမ်းထွက်းသောလူကို မြင်ရသည်။ နိုင့်ကိုမေးလိုက်သည်။

"နိုင် ... ခုနခြံထဲကထွက်သွားတာ ဘယ်သူလဲကွ"

"ဩော် ... ဝက်ပါစံအိမ်က မမလှိုင်စာပေးလိုက်လို့ လိုက်ာပို့တဲ့သူပါ"

စကားဆုံးတော့ စာကို ဖြန့်၍ဖတ်လိုက်သည်။

"စာထဲမှာ ဘာတွေရေးထားသလဲ နိုင်"

"အင်း ... မမလှိုင်က နိုင့်ကို ဝက်ပါစံအိမ်ကို ပြန်လာခဲ့ဖို့တဲ့စာပါမောင်"

"ဘာ ... ဝက်ပါစံအိမ်ကို ပြန်လာခဲ့ဖို့ ခေါ်တဲ့စာ ... ဟုတ်"

"ဟုတ်တယ် မောင်။ မေမေလည်း တော်တော်နေမကောင်းနေပြီး အိပ်ရာပေါ် လဲနေတယ်တဲ့။ နိုင့်ကိုလည်း တွေ့ချင်တယ်လို့ကြာမကြာ ပြောနေတယ်တဲ့လေ။ ခုနေသာ မပြောကောင်းမဆိုကောင်းခုခုဖြစ်သွားရင် နိုင် ရင်ကျိုးရမှာမောင်။ နိုင်တော့ ဝက်ပါစံအိမ် သွားမှဖြစ်မယ်ထင်တယ်"

"မောင်ကတော့ နိုင့်ကို မသွားစေချင်ဘူးနိုင်ရယ်"

"မောင်ကလည်းကွာ ဖေဖေမေမေတို့က နိုင်လုပ်ခဲ့သမျှအပြစ်ကိုလည်း ခွင့်လွှတ်တယ်တဲ့လေ။ နိုင် မောင်နဲ့လိုက်ခဲ့ပြီးကတည်း



www.burmeseclassic.com

www.burmeseclassic.com



က မိဘတွေဆီကို တစ်ခေါက်မှ ပြန်ခဲ့တာမဟုတ်ဘူး။ မေမေအိပ်ရာ ပေါ်လဲနေတော့ မမလှိုင်ပဲ ပြုစုနေရတာ။ နိုင်လာနိုင်ရင် ပိုပြီးအဆင် ပြေတယ်တဲ့လေ''

''ဘာပဲပြောပြော မောင့်ရဲ့သဘောကတော့ နိုင့်ကို မသွားစေ ချင်ဘူးနိုင်ရယ်။ ဝက်ပါစံအိမ်ဟာ အရှုပ်အထွေးတွေ အများကြီးနဲ့ ပြဿနာတွေ၊ အဖြစ်ဆိုးတွေလည်း တစ်ခုပြီးတစ်ခုကြုံနေရတာ မောင် တို့ ကြားနေရတယ်လေ။ မောင်တော့ နိုင့်ကို စိတ်မချဘူး။

တကယ်လို့ နိုင် တစ်ခုခုဖြစ်သွားရင် မောင်ရင်ကျိုးရမှာ နိုင် ခုကြည့်လေ . . . မင်းတို့ညီအစ်မ (၅) ယောက်ရှိတာ လှိုင်ရယ်၊ မင်း ရယ်ပဲ ရှိကြတော့တယ်။ တခြားသူတွေဆိုရင် အဖြစ်ပျက်ဆိုးတွေနဲ့ တစ် ယောက်ပြီးတစ်ယောက် သေဆုံးကုန်ကြတာပဲ မဟုတ်လား''

''အို . . . ဒါတော့ သူတို့သေဆုံးကုန်ကြတယ်ဆိုတာ သူတို့ ကံကြမ္မာတွေနဲ့ သူတို့ပါ။ မောင် အဲဒီလောက်တော့ အယူမသည်းသင့် ဘူး''

''မောင်အယူသည်းတာ မဟုတ်ဘူးနိုင်။ မောင် တကယ်အဖြစ် မှန်တွေကို ပြောနေတာ။ နိုင့်မိဘတွေကလည်း အစွဲလမ်းကို ကြီးလွန်း ပါတယ်လေ။ ဒီလောက် ဒုက္ခအသွယ်သွယ်ကျရောက်ရင်း မကောင်းမှု တွေပေးနေတဲ့ ဒီဝက်ပါစံအိမ်ကြီးကိုမှ စိတ်မနာနိုင်ဘဲ ရွှေးရှူးသွပ်သွပ် ဖက်တွယ်လွန်းတယ်''

''မောင် နိုင့်မိဘတွေကိုတော့ အပြစ်မတင်ပါနဲ့။ မောင်မလိုက် နိုင်ရင်လည်း နေ။ နိုင်ကတော့ ကိုယ့်မိဘတစ်ယောက်လုံး နေထိုင် မကောင်းဖြစ်နေတာကိုသိရက်နဲ့ မသွားဘူးဆိုရင် ဒီဘဝမှာ လူလို့သတ် မှတ်ဖို့တောင် မကောင်းတော့ဘူး။ မောင့်ကိုချစ်လို့ မောင့်ကိုယုံပြီး မိဘ





တွေကိုမငဲ့ မောင့်နောက် နိုးရာလိုက်ပြေးခဲ့တာကိုလည်း မောင်ပြန်တွေး ရင်း စဉ်းစားကြည့်ဦးလေ။ မောင် အဲဒီလောက် အတ္တကြီးမနေနဲ့။ နိုင် ကတော့ မောင်သဘောမတူလည်း သွားမှာပဲ''

''ကဲ . . . ကဲ . . . ဒီလောက်အထိ ပြောပြမရရင်လည်း သွား ပါကွာ . . . သွားပါ။ ဒါပေမဲ့ နိုင် မောင်တစ်ခုတော့ ပြောပြထားမယ်။ ခု တော့ နိုင်နဲ့အတူ မောင်မလိုက်သေးဘူး။ ဝက်ပါစံအိမ်ကိုရောက်ရင် လည်း အကျိုးအကြောင်း အမြဲတမ်း မောင့်ဆီကို ဖုန်းဆက်ပါ။ အေး နိုင် မဆက်သွယ်ဘူး၊ အကြောင်းမကြားဘူးဆိုရင်တော့ မောင်ကပြော လို့ရတာ မဟုတ်ဘူးနော်။ ချက်ခြင်းထပြီး လိုက်ချင်လိုက်လာမှာ''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

တကယ်တော့လည်း ပြောလို့သာ ပြောရလေသည်။ ရှမ်းလ ရောင်၏ အပြစ်တစ်စုံတစ်ရာ မရှိပါလေ။ ဝက်ပါစံအိမ်ကြီး၏ အိပ်မက် ဆန်သော အဖြစ်အပျက်များက ကြားရလေသူတိုင်း ဘဝင်နွမ်းစရာ အိပ်မက်ဆိုးညများသာ ဖြစ်ခဲ့၏။

ဤမန္တလေးမြို့ကြီး၏ မြို့စွန်တစ်နေရာတွင် တစ်ချိန်သော အခါက ခန့်ညားထည်ဝါပြီး အေးချမ်းသာယာလေသော ဝက်ပါစံအိမ် ကြီး ရှိခဲ့လေသည်။ ဝက်ပါစံအိမ်၏ အရှင်သခင်များသည် ဦးဘုန်း သော်တာနှင့် ဒေါ်မျိုးမမတို့သာ ဖြစ်လေ၏။

ဦးဘုန်းသော်တာသည် သာမန်လူတန်းစားတစ်ခုမှ လူကုံထံ တစ်ဦးဖြစ်လေသည်။ ဒေါ်မျိုးမမသည်ကတော့ ရှမ်းအနွယ်ဝင် မျိုးရိုး





ကြီးသော စော်ဘွားမျိုးနွယ်မှ ဆင်းသက်လာခဲ့သူတစ်ယောက် ဖြစ် လေသည်။

ဒေါ်မျိုးမမပိုင်ဆိုင်ခဲ့သော အမွေအနှစ်တွေက သားစဉ်မြေး ဆက် စားမကုန်နိုင်အောင် များပြားသည်ဟု သိရသည်။ မြို့စွန်တစ်နေ ရာတွင် ထီးထီးမားမားတည်ထားခဲ့သော ဝက်ပါစံအိမ်ကြီးက သာ တောင်းသာယာမှုတွေ အေးချမ်းဆိတ်ငြိမ်ခြင်းတွေနဲ့ ထည်ဝါခဲ့သည်။

ဦးဘုန်းသော်တာနှင့် ဒေါ်မျိုးမမတို့၏ အိမ်ထောင်မှုဘဝခရီး တွင် သားသမီး (၅)ယောက် ပွားစည်းခဲ့ကြ၏။ သို့သော် ယောကျ်ား လေးဟူ၍ တစ်ယောက်မှမပါ။ သမီးမိန်းခလေးများသာ ဖြစ်ကြသည်။ သော်တာဝင်၊ သော်တာလင်း၊ သော်တာသင်း၊ သော်တာလှိုင်နှင့် သော် တာနိုင်ဟူ၍ ဖြစ်ကြလေသည်။

သမီးမိန်းကလေးများသာ မွေးဖွားခဲ့သည်မို့ အားကိုးအားထား ဟူ၍ ဖြစ်ဖြစ်မြောက်မြောက်မရ။ ထို့ကြောင့် သားချင်းတစ်စမကာင်း လေသော ဦးယက္ခဟူသော တစ်ကိုယ်ရေတစ်ကာယသမားတစ်ယောက် ကို ဦးဘုန်းသော်တာက ခေါ်ထားခဲ့လေသည်။

ဦးယက္ခသည် သမီးများငယ်စဉ်ကပင် နေထိုင်လာခဲ့သူဖြစ်၍ ဝက်ပါစံအိမ်ကြီး၏ မိသားစုတစ်ယောက်ပမာ ဖြစ်လာသလို၊ ဦးဘုန်း သော်တာ အားကိုးအားထားပြုရသည့် လူယုံတော်တစ်ဦးလည်း ဖြစ် လေသည်။ သို့သော် သူတော်ချင်းချင်း သတင်းလွှင့်လွှင့်ဟူသောစကား အရ ဝက်ပါစံအိမ်ကြီး၏ လျှို့ဝှက်ချက်၊ ဝက်ပါစံအိမ်ကြီး၏ ကြွယ်ဝမှု အစုစုကို စေ့စေ့ငုငုစုဆောင်းရင်း လှေလာနေခဲ့ကြသော မသမာသူ အချို့က ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်ပါစံအိမ်ကြီးသို့ ဝင်ထွက်သွားလာခွင့် ရနေသူအချို့နှင့် ဆက်သွယ်၍ သတင်းယူ၏။ အခွင့်အခါကြုံလေလျှင် ကြုံသလို သူခိုးတစ်ပြဲ အမည်နာမမျိုးစုံဖြင့် ဒုက္ခပေးကာ ပိုင်ဆိုင်မှုပစ္စည်းများကို ရယူရန် ကြိုးစားတတ်သည်။ သို့သော် မအောင်မြင်ခဲ့ပါ။

အစစအရာရာပင် တာဝန်ကျေ၊ သတိကြီးစွာ စောင့်ရှောက်တတ်သော လူယုံကြီးဦးယက္ခ၏ ဝီရိယ၊ အမြော်အမြင်ကြီးစွာ အိမ်ကြီးတွင် ပိုင်ဆိုင်မှုပစ္စည်းများကို မထားသိုဘဲ ခြံဝင်းအတွင်း မထင်မှတ်သော နေရာတို့တွင် လုံလုံခြုံခြုံ မြှုပ်နှံသိုဝှက်ထားတတ်သော ဦးဘုန်းသော်တာနှင့် ဒေါ်မျိုးမမတို့၏ သတိဝီရိယကြီးမှုတို့ကြောင့် ဝက်ပါစံအိမ်၏ ကြွယ်ဝမှုသည် တစိုးတစိမျှထိပါးရန် မရနိုင်ခဲ့ပေ။

ထို့ကြောင့် မသမာသူအချို့က မစားရသည့်အမဲ သဲနဲ့ပက်ဆိုသလို ဝက်ပါစံအိမ်ကြီးကို မီးရှို့ဖျက်ဆီးကြရန် ကြိုးစားခဲ့ကြသည်။ ဤမှ ဝက်ပါစံအိမ်ကြီးသည် တစ်ခုသောညတစ်ညဲ့ မီးလောင်ခဲ့၏။ သို့သော် . . .

ပြာလုံးလုံးကျသွားသည်အထိတော့ မဖြစ်ခဲ့ပါ။ မြို့ပြလူထုနှင့်အမြဲမလပ် သတိကြီးစွာနေသော ဝက်ပါစံအိမ်ကြီး၏ မိသားစုများကြောင့် အိမ်ကြီးမှာ တချို့တစ်ဝက်သာ မီးစွဲလောင်ကျွမ်းခံရလေသည်။ ဦးဘုန်းသော်တာနှင့် သမီးများသည် တစ်ခြမ်းမီးလောင်ကျွမ်းသွားသော ဝက်ပါစံအိမ်ကြီးကို ဆက်၍မနေလို။ နိမိတ်မရှိဟူ၍ ယူဆရင်း မိမိတို့၏ အကြောင်းများကို မသိလေသော နေရာဒေသတစ်ခုခုသို့ ပြောင်းရွှေ့နေထိုင်ကြရန် စဉ်းစားကြသည်။

ထိုအခါ ပြဿနာက ရှိလာသည်။ ဒေါ်မျိုးမမသာဖြစ်လေ၏။ မိသားစုအားလုံး ထိုနေရာမှ ခွန့်ခွာလိုကြသော်လည်း ဒေါ်မျိုးမမမှာ





ဤနေရာ အထူးသဖြင့် ဤစံအိမ်ကြီးမှ မခွာလို။ ဘိုးဘွားပိုင်အမွေအနှစ်တစ်ခုဖြစ်သည့်အပြင် မိဘဘိုးဘွားများ ခေါင်းချခဲ့ရာ နေရာဒေသဖြစ်သည်မို့လည်း ဤနေရာကို မစွန့်ခွာလို။

ဒေါ်မျိုးမမနှင့် မိသားစုအားလုံး အငြင်းပွားလွန်ဆွဲမှုတစ်ခု စတင်ခဲ့၏။ ထိုအချိန်ကာလတွင် ဒေါ်မျိုးမမ အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။ အရာအားလုံးက မိုးမှောင်ကြီးတစ်ခုကျနေသလို ပိတ်ပိတ်ပိန်းပိန်းမှောင်နေ၏။

ဒေါ်မျိုးမမတစ်ယောက်တည်း လမ်းလျှောက်နေမိသည်။ ကိုယ်မှာ လေထဲမြောက်နေသလို ပေါ့ပါးနေ၏။ မိမိသွားနေသောအရပ်သည် ဘယ်သို့မသိ။ သို့သော် တစ်ဦးတစ်ယောက်ယောက်က လမ်းညွှန်စေခိုင်းနေသည်သို့ ခံစားနေရသည်။

"ရှေ့တည့်တည့်ဆက်သွား၊ မဝေးတော့ဘူးသမီး ရောက်တော့မှာပါ"

ဆိုသည့် စကားသံသဲ့သဲ့ကလည်း နိုးတစ်ဝက်အိပ်မက်တစ်ခုသို ကြားတစ်ချက် မကြားတစ်ချက် နားထဲမှာ ထပ်ချည်းတလဲလဲပေါ်ဘာလာနေသည်။ ရှေ့သို့ တည့်တည့်ဆက်၍လျှောက်သည်။ ထိုအချိန်တွင် အားကြီးမားသော မီးလုံးကြီးတစ်လုံးကို ထွန်းညှိလိုက်သလို မှောင်နေသော အရာအားလုံးက လင်းထိန်သွားသည်။ အမှောင့်ကြောင့် မမြင်ရသော ပတ်ဝန်းကျင်အရာများက ထင်ထင်ရှားရှားပေါ်လာသည်။

နေရာဒေသမှာ ဒေါ်မျိုးမမအတွေးတွင် မြန်မာပြည်အထက်ပိုင်း ဒေသတစ်ခုဟု ထင်မိသည်။ တောင်ကုန်းတောင်တန်းတွေက တစ်ခုပြီးတစ်ခု ဆက်ကာရှိနေသည်။ တွေ့မြင်ရသော သစ်ပင်သစ်တောများ



www.burmeseclassic.com

www.burmeseclassic.com



က အောက်အရပ်တွင်ပေါက်သော အပင်များမဟုတ်။ ဆက်၍ရှော
လာသည်။

ဤတွင် မမျှော်လင့်စရာ ပေါ်နန်းလိုလို၊ ရဲတိုက်တစ်ခုလို
ကြီးမားခန့်ထည်သော အိမ်ကြီးတစ်လုံးက တောင်ကုန်းမြင့်တစ်ခု
တွင် ဆီးကြိုနေလေသည်။ အံ့အားသင့်စွာ ဒေါ်မျိုးမမ ထိုအိမ်ကြီး
ငေးငေးမောမော ကြည့်နေမိသည်။ ထိုမှ အသံတစ်ခုကြားလာရသည်

"ဟဲ့ ... သမီး ဘာတွေအံ့သြနေတာလဲ။ အဲဒီအိမ်ဟာ
သမီးရဲ့ ဝက်ပါစံအိမ်ပဲ။ အဲဒီအိမ်ဟာ ငါ့သမီးရဲ့ဘဝ၊ ငါ့သမီးရဲ့အတိ
အမိအဖ အဘိုးအဘွား အမျိုးနွယ်တစ်ခုလုံးရဲ့ ဘူမိနက်သန်ပဲသမီး
ဒါကြောင့် ဒီဝက်ပါစံအိမ်ကြီးကို သမီးအသက်ရှင်နေသမျှ ကာလပ
လုံး အသက်သွေးနဲ့ထပ်တူ စောင့်ရှောက်ကာကွယ်ထိန်းသိမ်းရမယ်"

စကားဆုံးတော့ ဒေါ်မျိုးမမ အိပ်မက်မှ လန့်၍နိုးသွားသည်
နောက်တစ်နေ့တွင်တော့ ခင်ပွန်းဖြစ်သူ ဦးဘုန်းသော်တာနှင့် သမီးမျ
ကို သူမမက်ခဲ့သော အိပ်မက်အား ပြောပြလိုက်၏။

"မင်း သွေးလေချောက်ချားပြီး မက်တာများလား မျိုးရာ"

"အို ... မဟုတ်ပါဘူးရှင်။ ကျုပ်စိတ်ထဲမှာလည်း ထင်နေ
တယ်။ ကျုပ်အိမ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ ဝက်ပါစံအိမ်ဟာ မြန်မာပြည်
အထက်ပိုင်းဒေသတစ်ခုခုမှာ တကယ်ရှိနေတယ်လို့။ ဒါကြောင့် ကျွန်
ဝက်ပါစံအိမ်ကို ရှာချင်တယ် ဦးဘုန်းသော်တာ။ တွေ့တဲ့နေ့ ဒီအိမ်
ကြီးကနေ ပြောင်းကြမယ်"

✿ ✿ ✿

| ၃ |

❏

ဒေါ်မျိုးမမ၏ဆန္ဒအတိုင်း အယူသည်း အစွဲလမ်းကြီးသော အိပ်မက်ထဲမှ ဝက်ပါစံအိမ်ကြီးကို ရှာဖွေရန် သူဌေးကြီးဦးဘုန်းသော်တာ၊ ဒေါ်မျိုးမမနှင့် ဦးယက္ခတို့သုံးယောက် မြန်မာပြည်အထက်ပိုင်းဒေသများသို့ ထွက်ခဲ့ကြသည်။ ဒေါ်မျိုးမမ အိပ်မက်သည်လည်း မြန်မာပြည်အထက်ပိုင်းဒေသတစ်ခုတွင် ဖြစ်သည်ဟု ဆိုသောကြောင့်ဖြစ်၏။

နောက်ဆုံး တောင်ကုန်းတောင်တန်းတို့ အလှအပများဝေစည်ရာ လှိုမြောင်ကုန်းပြင်မြင့်တို့ဖြန့်ကျက်ရာ မေမြို့၏ မြို့စွန်တစ်နေရာရှိ ကုန်းပြင်မြင့်ပေါ်တွင် ထူးဆန်းအံ့သြစွာ တွေ့ရတော့သည်။ မေမြို့သို့ ရောက်ရင်း တည်းခိုခန်းတွင် ဝင်ရောက်တည်းခိုရာမှ သတင်းရခဲ့ခြင်းလည်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါဈေးရောင်းလိုက်တာ ဦးဘုန်းသော်တာရယ်။ ဒီအိမ်ကြီးဟာ ကျုပ်အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ အိမ်ကြီးအတိုင်းပဲ"

သို့သော် အိမ်ကြီးမှာ ဝက်ဘာအိမ်တော့မဟုတ်။ အိမ်မက်စံအိမ်ဟု အမည်ပေးထားသည်။ ဦးဘုန်းသော်တာသည်လည်း ထိုအိမ်ကြီးကို မြင်မြင်ချင်းဆိုသလိုပင် သဘောကျလေသည်။ ထို့ကြောင့် အိမ်ကြီးကို စုံစမ်းကြည့်သည်။ အိမ်ရှင်များမှာ မရှိကြတော့ပေ။

ဝယ်သူရှိပါက ရောင်းချမည်ဖြစ်ကြောင်း မှာကြားထားရင်း မန္တလေးသို့ ပြောင်းရွှေ့သွားကြသည်ဟု သိရသည်။ မိမိတို့စီးလာသောကားကို ရပ်၏။ ထို့နောက် ကုန်းမို့မို့လေးပေါ်တွင် ရှိနေလေသော အိမ်မက်စံအိမ်ကြီးကိုလည်း လှည့်ပတ်အကဲ ခတ်ကြည့်ရှုကြသည်။

မြို့စွန်တစ်နေရာနှင့် အတန်ငယ်မျှဝေးကွာလေပြီး တစ်အိမ်တည်း ထီးထီးရှိနေလေသည်။ အိမ်ကြီး၏တစ်ဖက်တွင် နက်ရှိုင်းသော လျှိုကြီးတစ်ခုက အသည်းယားဖွယ်လိလိ ရှိနေ၏။

ပတ်ဝန်းကျင်သည် လေကောင်းလေသန့်နှင့် ရှုမ်းအလှအပလေးများက နေချင့်စဖွယ်ထက် သာယာနေသည်။ အနီးအနားတွင် လူနေအိမ်ဟူ၍မရှိ။ ကိုယ်ပိုင်စိုက်ခင်း ခြံကွက်ကြီးများသာရှိလေပြီး အတန်ငယ်မျှဝေးလေသော နေရာတွင်တော့ ပြတ်တောက်ပြတ်တောက်အိမ်လေးများက စိကာရိကာ ရှိနေသည်။

"ဦးဘုန်းသော်တာ ဘယ်လိုလဲ၊ သဘောကျရဲ့လား။ ကျွန်မတော့ ဒီအိမ်ကြီးကို အရမ်းသဘောကျတယ်ရှင့်။ ပတ်ဝန်းကျင် ရှုခင်းမြင်ကွင်းတွေနဲ့ စိမ်းလန်းစိုပြေလှပပြီး လေကောင်းလေသန့်ရလို့ ကျန်းမာရေးအတွက်လည်း ကောင်းတယ်"





"ကိုယ်လည်း သဘောကျပါတယ်ကွာ"

"ဒါ . . . ဒါဆို ဒီအိမ်ကို ကျွန်မတို့ဝယ်မယ်နော်"

"ဝယ်လေ။ နေဦး . . .။ ဒါနဲ့ ပိုင်ရှင်က မန္တလေးကိုပြောင်းသွားပြီတဲ့"

"ဒါဆို ကျွန်မတို့က ဘယ်သူ့ဆီမှာ စုံစမ်းရမှာလဲဟင်"

"ကိုယ်တို့ မေမြို့ကတည်းခိုခန်းမှာ တည်းခဲ့ကြတုန်းက သတင်းရလာခဲ့တာမဟုတ်လား။ အဲဒီမှာ စုံစမ်းရင်ရနိုင်မယ်ထင်တယ်"

"ကဲ . . . ဒါဆိုလည်း အဲဒီတည်းခိုခန်းကို စုံစမ်းဖို့သွားကြမယ်"

စကားဆုံးတော့ ဦးယက္ခက ကားကိုမောင်းရင်း မေမြို့ရှိမိမိတို့တည်းခိုခဲ့ရာ တည်းခိုခန်းသို့ ထွက်လာခဲ့ကြလေသည်။

"မြို့စွန်တစ်နေရာက အိမ်မက်စံအိမ်ကြီးနဲ့ပတ်သက်လို့ စုံစမ်းကြည့်ချင်လို့ပါခင်ဗျာ"

"ဪ . . . ဟုတ်ကဲ့ မေးပါ။ ကျုပ်တို့သိသမျှ ပြောပြပါ့မယ်။ ဒီအိမ်ကြီးကို ဝယ်သူရှိရင်လည်း ရောင်းချဖို့။ ကျုပ်တို့ကို အပ်ထားတာပါ"

"ဒီအိမ်ကြီးရဲ့ ပိုင်ရှင်တွေက ဘယ်မှာနေကြသလဲခင်ဗျာ"

"အင်း . . . ခုတော့ မန္တလေးကို ပြောင်းသွားကြပါတယ်။ ဒါပေမဲ့ ဆက်သွယ်ဖို့ ကျုပ်တို့ကို ဖုန်းနံပါတ်ပေးထားပါတယ်။ ပြဿနာမရှိပါဘူး"

"ဒါနဲ့ သူတို့က ဒီအိမ်ကြီးကို ဘာကြောင့် ရောင်းချင်ရတာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ကျုပ်သိသမျှ ပြောရရင်တော့ ဒီအိမ်မှာနေတဲ့ သူဌေးမိသားစု ဦးထွန်းမြတ်တို့မှာ စန္ဒကူးဆိုတဲ့ သမီးလေးတစ်ယောက် နဲ့ မြင့်ထူးအောင်ဆိုတဲ့ သားလေးတစ်ယောက်ရှိပါတယ်။ သူ့သားလေး မြင့်ထူးအောင် ဆယ်တန်းအောင်တဲ့နှစ်တစ်နှစ်မှာ သူဌေးဦးထွန်းမြတ် နဲ့ သူဌေးကတော် ဒေါ်မြင့်သီဂီတို့ဟာ ခရီးတစ်ခု ထွက်နေကြပါတယ်။ အဲဒီအချိန်မှာ အိပ်မက်စံအိမ်ကြီးမှာ ခြံစောင့်ကြီး ဦးထွန်းဖေတို့ လင် မယားနဲ့ မြင့်ထူးအောင်တို့မောင်နှမ ကျန်ခဲ့ကြတယ်"

"ညတစ်ညမှာတော့ အိမ်မက်စံအိမ်ကြီးကို လူဆိုးဓားပြတွေ ဝင်ရောက်ခဲ့ကြပြီး သမီးလေးစန္ဒကူးကိုလည်း ဖျက်ဆီးပြီး အိမ်စေ့ လင်မယားနှစ်ယောက်နဲ့အတူ သတ်ကာ ပစ္စည်းတွေကို ယူသွားခဲ့ကြ တယ်။ မြင့်ထူးအောင်ကိုတော့ ပါးစပ်ပိတ် လက်ပြန်ကြိုးတုပ်ပြီး ထားခဲ့ ကြတယ်။

အဲဒီနောက်ပိုင်းကစလို့ မြင့်ထူးအောင်ဟာ ကြောက်မက်ဖွယ် ရာ အိမ်မက်ဆိုးတွေ၊ ကြုံလိုက်ရတဲ့ မြင်ကွင်းတွေပဲ အမြဲလိုလိုမြင်ရင်း စိတ်ရောဂါရလာတယ်။ မိဘတွေက စိတ်ကျန်းမာရေးဆေးရုံမှာ တက် ရောက်ကုသနေရင်းကနေ မြင့်ထူးအောင်ဟာ ဆေးရုံပေါ်ကနေ ပျောက် သွားခဲ့တာ ဒီနေ့အထိပဲ။ စုံစမ်းပေမဲ့လည်း ဒီနေ့အထိတော့ မြင့်ထူး အောင်ဟာ သေသလား၊ ရှင်သလားဆိုတာ သတင်းအစအနတော် မရခဲ့ဘူး။

"ဒါကြောင့် မိဘများဖြစ်ကြတဲ့ သူဌေးကြီး ဦးမြတ်ထွန်းနဲ့ သူဌေးကတော် ဒေါ်မြင့်သီဂီတို့ဟာ ဒီအိမ်ကြီးကို စိတ်နာပြီး ရောင်းချဖို့ စီစဉ်ခဲ့ကြတာပါ"

---

စိတ်ကူးသစ်စာပေ



"ဪ ...ဒီလိုလား။ ဟုတ်ပါပြီလေ။ ဒါဆို ဒီအိမ်ကြီးကို ကျုပ်တို့ဝယ်ချင်လို့ ခင်ဗျားကပဲ ပိုင်ရှင်တွေကို ဆက်သွယ်ပေးပါနော်"

"ဟုတ်ကဲ့ ကောင်းပါပြီခင်ဗျာ"

ထိုမှ အိမ်မက်စံအိမ်ကြီးကို ဦးဘုန်းသော်တာတို့ ဝယ်ယူရင်း အိမ်မက်စံအိမ်ကြီးကိုလည်း ဝက်ပါစံအိမ်ကြီးဟု အမည်ပြောင်းလဲမှည့် ခေါ်ကာ အိမ်ကြီးကိုလည်း လိုအပ်သည့်နေရာများအား ပြင်ဆင်မွမ်းမံ၍ အားလုံးနေသားတကျရှိလေမှ ဇနီးသည်နှင့် မိသားစုများကိုခေါ်ယူ၍ နေရန် စီစဉ်ခဲ့တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# | ၄ |

❑

ဝက်ပါစံအိမ်ကြီးမှာ ပြင်ဆင်ပြီးသွားခဲ့၏။ ထို့ကြောင့် ဦးဘုန်းသော်တာမှ ဇနီးနှင့်သမီးများကို ခေါ်ယူလိုက်၏။ သို့သော် ချက်ခြင်းမိသားစုအားလုံး မသွားနိုင်ခဲ့ကြချေ။ လောလောဆယ် လိုအပ်သည့်ပစ္စည်းပစ္စယများကို ကားနှင့်တင်ဆောင်ကာ ဝက်ပါစံအိမ်သို့ သော်တာလင်းထွက်လာခဲ့သည်။

ထိုနေ့က မန္တလေးမှအထွက်တွင် သာယာနေသော်လည်း မမျှော်လင့်ပဲ ရာသီဥတုက ဖောက်ပြန်လာသည်။ အချိန်အခါမဲ့ မိုးရွာသွန်းခဲ့၏။ မိုးနဲ့လေများကြောင့် သော်တာလင်း ကားကို သတိကြီးစွာ မောင်းနှင်ခဲ့ရသည်။ ခရီးသည် ဝေးလှသည်တော့မဟုတ်။ သို့သော် အချိန်နောက်ကျမှ ထွက်လာခဲ့သည်ဖြစ်၍ မေမြို့သို့ချင်းနင်းဝင်မိသည့်တွင် အချိန်က ညနေစောင်းစပြုနေ၏။

မိုးသည် အတန်ငယ်တန့်သွားသော်လည်း အကြွင်းအကျန်လေပြင်းတချို့က တောင်ကုန်းတောင်တန်းများပေါ်တွင် ကြမ်းရမ်းနေသည်။ သော်တာလင်း ကားကို တဖြည်းဖြည်းချင်းသာ မောင်းလာခဲ့





သည်။ အလင်းစတွေက သိသိသာသာ ဆုတ်ခွာနှင့်ပြီဖြစ်လေ၏။ အမှောင်သည် နိဒါန်းပျိုးစပြုပြီ။

မြို့တွင်းကို ကျော်လွန်ရင်း မြို့စွန်ကို ကျော်စပြုလာ၏။ အားပျော့နေသော ဆည်းဆာအောက်တွင်တော့ ထီးထီးမားမား တောင်ကုန်းထက်တွင် အိမ်ကြီးတစ်လုံးက ဆီးကြိုနေလေသည်။ သော်တာလင်း ကားကို စက်ရှိန်လျှော့ရင်း ရှေ့သို့ တစ်ချက်ကြည့်လိုက်သည်။

"သြော် . . . ဟောဟိုက ထီးထီးမားမားနဲ့ အိမ်ကြီးဟာ ဝက်ပါစံအိမ်ပဲ ဖြစ်ရမယ်"

အပြုံးရိပ်တွေက ဝေစည်သွားသည်။ နွမ်းနယ်မှုစိတ်ခွန်အားတချို့က အားဖြည့်အချိုရည်တစ်ဘူးကို သောက်လိုက်သူလို ကြည်လင်လန်းဆန်းသွားသည်။ ရောက်တော့မည်ဟူသော အတွေးကြောင့်လည်း တက်တက်ကြွကြွ ဖြစ်နေခဲ့သည်။ ထိုစဉ်တစ်လမ်းလုံး တစ်စုံတစ်ရာ ထစ်ထစ်ငေါ့ငေါ့မရှိဘဲ မောင်းလာခဲ့လေသော ကားလေးက တဖွတ်ဖွတ်မြည်ကာ ထိုးရပ်သွားတော့သည်။

"အလို . . . အဲဒါမှ ဒုက္ခပဲ။ ကားက ဘာဖြစ်သွားတာလဲမသိဘူး"

သော်တာလင်း ကားပေါ်မှဆင်းလိုက်သည်။ ကားရှေ့တည့်တည့်လာ၏။ ချွတ်ယွင်းမှုကိုသိရန် ကားစက်ဖုံးကို ဖွင့်လိုက်စဉ်မှာပင် . . .

"ဒုတ်"

ဟူသော မြည်သံတစ်ခုက ထွက်ပေါ်လာသည်။ သော်တာလင်းခွေ၍ လဲကျသွား၏။ ထို့နောက် ဘာတစ်ခုမှမသိလေတော့။ လောကကြီး အမည်းရောင်ပြည့်ဖုံးကားကြီးတစ်ခု လွှမ်းခြုံပိတ်ဆီးချလိုက်၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဩော် ... မေမေနေကောင်းပါတယ်။ နေဦး ... ဖေဖေ၊ မနေ့ကပဲ မမသော်တာလင်း ကားနဲ့ ပစ္စည်းတချို့တင်ရင်း ဖေဖေတို့ဆီ လိုက်သွားတယ်။ ရောက်မလာသေးဘူးလား"

သော်တာလင်းတစ်ယောက် ရောက်မလာ၍ ဦးဘုန်းသော်တာတို့ စုံစမ်းကြသည်။ မတွေ့။ ထိုနေ့ညနေဖက်တွင် ဝက်ပါစံအိမ်နှင့် ဝေးလှသော အုန်းအနားတောင်ကုန်းထက်တွင် စီးလာသောကားမှာ ပြုံလျက်တွေ့ရပြီး သော်တာလင်းကိုမူ မတွေ့ရလေဘဲ ပျောက်ဆုံးနေလေ၏။

နောက်ဆုံး ရဲခန်းကို လူပျောက်မှုဖွင့်၍ တိုင်တန်းထားကြသည်။ ရဲများကလည်း တတ်နိုင်သမျှ နယ်မြေဒေသပေါင်းစုံကို စုံစမ်းကြလေ၏။ သို့တိုင် သော်တာလင်းမှာ ပျောက်ခြင်းမလှ အစပျောက်၍သာ နေလေ၏။

✿ ✿ ✿

[ ၅ ]

"ကလင် ... ကလင် ... ကလင် ..."

ဖုန်းမြည်သံကြောင့် သော်တာဝင်း ဖုန်းကိုကိုင်လိုက်သည်။

"ဟဲလို ... ဘယ်သူလဲ၊ ပြောပါရှင်"

"သမီး ... ဖေဖေပါ"

"ဩော် ... ဖေဖေလား။ သမီး သော်တာဝင်းလေ။ ဖေဖေ ဘာကိစ္စရှိလို့လဲ။ ပြော ..."

"သမီးတို့ မေမြို့ကိုလိုက်လာကြဖို့ ဖေဖေ ဖုန်းဆက်ထားတယ်လေ။ ဘာလို့ လိုက်မလာကြသေးတာလဲ။ ညည်းတို့မေမေရော နေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ဝက်ပါစံအိမ်သို့ လိုက်သွားသည်။

သော်တာလင်းတစ်ယောက် ဝက်ပါစံအိမ်သို့ မရောက်မှီ
ဝက်ပါစံအိမ်နဲ့မနီးမဝေး တောင်ကုန်းတစ်ခုနံဘေးတွင် စီးသွားသော
ကားကိုသာတွေ့ရပြီး လူမှာပျောက်ဆုံးနေ၏။ ထို့ကြောင့် ဦးဘုန်းသော်
တာတို့မိသားစု သောကအလီလီနှင့် ဖြစ်နေကြ၏။

ထိုသို့သောကိစ္စများ ရင်ဆိုင်နေရချိန်တွင် သမီးအငယ်ဆုံး
ဖြစ်လေသူ သော်တာနိုင်မှာ ကျောင်းကိစ္စများပြီး၍ အလုပ်တစ်ခုခုလုပ်
ကိုင်နိုင်ရန် ကွန်ပျူတာသင်တန်းတစ်ခု တက်နေသည်။ ၎င်းတွင်
တက္ကသိုလ်တုန်းက ချစ်ကြိုက်ခဲ့ကြလေသူ ချစ်သူရွှမ်းလရောင်နှင့်ဆုံ
တွေ့ကာ ..





"နိုင်လည်း ကျောင်းပြီးသွားပြီမို့ မောင်တို့ လက်ထပ်ကြစို့
ကွာ"

"အိုကွာ ... မောင်ကလည်း နိုင် အလုပ်ကလေးတစ်ခုခု
တော့ လုပ်ချင်သေးတယ်။ အလုပ်ရပြီးမှ လက်ထပ်ကြတာပေါ့"

"ကိုယ်နဲ့လက်ထပ်ပြီးရင် အလုပ်လုပ်စရာ မလိုပါဘူးနိုင်ရယ်။
ကိုယ်က တစ်ဦးတည်းသောသား။ ကိုယ့်မိဘတွေက ဥစ္စာပစ္စည်း ပြည့်စုံ
ပြီးသားမို့ နိုင်ကအိမ်မှာ ဖေဖေမေမေတို့နဲ့ဝိုင်းကူပြီး တတ်နိုင်သမျှ လုပ်
ကိုင်ပေးရင် ရပြီ"

"မောင်ပြောတာ မှန်ပါတယ်လေ။ ဒါပေမဲ့ နိုင်သင်ထားတဲ့
ပညာတွေကိုတော့ အလမသားတုံး မလုပ်ချင်ဘူးမောင်။ နိုင်အလုပ်တစ်ခုခု
တော့ လုပ်ချင်သေးတယ်"

နိုင့်ကွန်ပျူတာသင်တန်းရှိရာသို့ ရွှမ်းလရောင် မကြာခဏ
ရောက်လာ၍ ကြိုရင်း တစ်ခါတလေကျ သင်တန်းစော၍ပြီးလျှင် စား
သောက်ဆိုင်တစ်ခုခု (သို့) တစ်နေရာရာသို့သွား၍ ဘဝရေးရေး ဆွေးနွေး
တိုင်ပင်ဖြစ်ခဲ့ကြသည်။

"ကိုယ်တို့ လက်ထပ်ချင်ပြီ နိုင်ရယ်"

"ခက်တာပဲ မောင်ရယ်။ နိုင်နဲ့တွေ့တိုင်းလည်း မောင်က ဒီ
စကားတွေပဲ အမြဲပြောနေတယ်။ နိုင် စိတ်ညစ်လာပြီ။ နိုင်တို့အိမ်မှာ
ပြဿနာတွေက တစ်ထွေးကြီး။ မမသော်တာလင်းကိစ္စလည်း မောင်
ကြားသိနေသားနဲ့။ ဒီလို မိသားစုတွေ ပြဿနာကြုံနေချိန်မှာ နိုင်က
တစ်ကိုယ်ကောင်းဆန်ပြီး လုပ်သွားရင် ဘယ်ကောင်းပါ့မလဲ။ နည်းနည်း
လေးပဲ စောင့်ပါမောင်ရယ် နော်။ မောင်က လိမ္မာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က နိုင့်ကိုချစ်လွန်းလို့ပြောတာပါနိုင်။ ခုလို ရှုပ်ထွေးပွေလီနေတဲ့ မိသားစုဘဝထဲကနိုင့်ကို မောင် ဆွဲထုတ်ချင်ခဲ့တာပါ။ ဒါကလည်း မောင့်အတွက်မဟုတ်ဘူး။ နိုင့်ရှေ့ရေးအတွက်ပါ"

ဒီလိုနဲ့ ကံကြမ္မာက မောင့်အတွက်သာယာလို့ မောင့်အပေါ် မျက်နှာသာပေးခဲ့သည်လား မပြောတတ်။ အတန်တန် ငြင်းဆိုနေခဲ့ သော နိုင်တစ်ယောက် အိမ်ထောင်ပြုဖို့ အစီအစဉ်မရှိပါသေးဘဲ မမျှော်လင့်ဘဲ ကံကြမ္မာ၏ဖန်တီးမှုအောက်မှာ ရွှမ်းလရောင်နောက်သို့ပါကာ အိမ်ထောင်ပြုခဲ့ရလေတော့သည်။

မိဘများ အစ်မအတွက် သောကတွေပြည့်နေချိန်တွင် နိုးရာ လိုက်ပြေးခဲ့သူမို့ ကိုယ့်အပြစ်နဲ့ကိုယ် ဝက်ပါစံအိမ်သို့ မသွားဝံ့တော့ပေ။ မိဘများက အမွေမဖြတ်သော်လည်း တစ်ကိုယ်ကောင်းဆန်ခဲ့လေသူ သမီးမိုက်အား အဆက်အသွယ်ဖြတ်ကာ နေတော့သည်။ ထို့ကြောင့် နိုင်တစ်ယောက် ဝက်ပါစံအိမ်ကြီးနဲ့ ဝေးကွာခဲ့ရလေသည်။

✿ ✿ ✿

[ ၇ ]

❑

ဦးဘုန်းသော်တာတို့မိသားစု ဤဝက်ပါစံအိမ်ကြီးသို့ ရောက်ရှိခဲ့သည်မှာ မကြာသေး။ တစ်နှစ်ခန့်သာလျှင် ရှိသေးသည်။ ထိုညက မိုးတွေ သဲသဲမည်းမည်းရွာနေ၏။ လေပြင်းများပင် ပါလာ၏။ မိုးလေ တချို့ ငြိမ်သက်မှုအစတွင် အိမ်ကြီး၏တောင်ဖက်ဖျားရှိ သော်တာသင်း နေသောအခန်းမှ အော်သံတစ်ခု ကြားရတော့၏။

"အမယ်လေး . . . လေး . . . လာ . . . လာကြပါဦး။ ဒီ . . ဒီမှာအရိပ်မည်းမည်းကြီးတစ်ခု အခန်းနားကို ကပ်လာလို့"

အော်သံကြောင့် ဦးဘုန်းသော်တာနှင့် သမီး သော်တာလှိုင် အခန်းဆီသို့ ပြေးကြ၏။ သော်တာသင်းမှာ ခုတင်ပေါ်တွင်ထိုင်လျက် တွေ့ရ၏။ ချွေးများပြန်နေသည်။ ဦးဘုန်းသော်တာနှင့် သော်တာလှိုင်တို့ အသံပြုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . သမီး . . . ဘာ . . . ဘာဖြစ်လို့လဲ။ တံခါးဖွင့်စမ်း။ တံခါးဖွင့်စမ်း"

"ညီမလေး . . . သင်း တံခါးဖွင့်။ တံခါးဖွင့် ဘာဖြစ်လို့လဲ"

စကားဆုံးတော့ သော်တာသင်း တုန်တုန်ရီရီဖြင့် တံခါးကို ဖွင့်ပေးလိုက်၏။ ဦးဘုန်းသော်တာတို့ အခန်းထဲ ဝင်လာကြသည်။

"သမီး . . . ဘာဖြစ်လို့လဲ"

"ညီမလေး . . . ဘာဖြစ်လို့လဲဟင်"

"မိုးလေတွေ တအားကြမ်းလာလို့ မီးထအဖွင့်မှာ သမီးအခန်းဘေးကို အရိပ်မည်းကြီးတစ်ခု ကပ်လာလို့ ဖေဖေ"

"ဟုတ်ရဲ့လား သမီးရယ်။ ငါ့သမီး အိပ်မက်ဆိုးတွေများ မက်တာလား"

"အိပ်မက်တာ မဟုတ်ဘူးဖေဖေ။ မီးထဖွင့်တော့ မီးရောင်အောက်မှာ အရိပ်မည်းတစ်ခုကို တကယ့်ကို သမီးမြင်လိုက်ရတာ။ သမီးအော်တော့ အဲဒီအရိပ်မည်းကြီးက ပျောက်သွားတယ်"

ထိုအရိပ်မည်းသည် တကယ်ပဲလား။ ဝိုးတဝါးစိတ်တွင် ထင်ဟပ်ခြင်းလား။ ထိုနေ့မှစ၍ သော်တာသင်းတစ်ယောက် မှိုင်မှိုင်တွေတွေဖြစ်လာ၏။ ထမင်းဟင်းများကိုလည်း မစားသည်က များလာသည်။ ထို့မှ တောင်တောင်အီအီစကားများ ပြောလာ၏။ တစ်နေ့ ခြံထဲရှိ ထိုင်ခုံလေးတွင်ထိုင်နေသော သော်တာသင်းအား ဦးဘုန်းသော်တာမှ . . .

"ဟဲ့ . . . သမီး တစ်ယောက်တည်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

ဦးဘုန်းသော်တာအမေးကြောင့် သော်တာသင်းတစ်ယောက် မော့ကြည့်၏။





"သြော် . . . ဘယ်သူလဲလို့၊ ဖေဖေဦးထွန်းမြင့်ပဲ။ သမီး ဖေဖေ့ကို သိပ်ကျေနပ်တာ မဟုတ်ဘူးနော်။ ဒါပေမဲ့ မိဘမို့လို့ မပြောတာ။ သမီးမောင်လေး သေရတာဟာ ဖေဖေမေမေတို့ ခရီးထွက်နေကြလို့ သေရတာ။ ဖေဖေနဲ့မေမေရဲ့ အပြစ်လည်းပါတယ်"

"ဟဲ့ . . . သမီး ဘာတွေပြောနေတာလဲ။ သမီးနာမည်က သင်းလေ။ ဖေဖေကလည်း ဦးထွန်းမြင့်မဟုတ်ဘူး။ ဦးဘုန်းသော်တာလေ"

"အို . . . သမီးနာမည်က သော်တာသင်းမဟုတ်ဘူး စန္ဒကူး။ သမီးမောင်လေး မြင့်ထူးအောင်သေရတာဟာ ဖေဖေတို့ကြောင့်ပဲ"

"အို . . . သမီးရယ် ခက်လိုက်တာ"

ထို့မှ သားသမီးများနှင့်တိုင်ပင်ရန် သော်တာသင်းကို ဆရာဝန်နှင့် ပြကြည့်၏။ သော်တာသင်းမှာ စိတ္တဇဝေဒနာ ခံစားနေရပြီရယ်ဟု သိရလေသည်။ ထိုနေ့မှစ၍ သော်တာသင်းမှာ သူ့ကိုယ်သူ သော်တာသင်းဟု မပြောဆိုတော့ဘဲ စန္ဒကူးဟူ၍သာ ထင်နေသည်။

စိတ်ဝေဒနာခံစားနေရသော သော်တာသင်းကို စောင့်ရှောက်ရန် သော်တာဝင်းကို တာဝန်ပေးထား၏။ သော်တာဝင်းမှာ သင်းကို အချိန် မလပ်ပြုစုရသလို ဘေးအန္တရာယ်ရှိမည့်ကိစ္စများ မပြုလုပ်နိုင်ရန်လည်း စောင့်ကြပ်ကြည့်ရှုပေးရသည်။ တစ်နေ့သော်တာသင်း လမ်းလျှောက်ချင်သည်ဆို၍ သော်တာဝင်းမှ ခြံဝင်းထဲတွင် လမ်းလျှောက်ပေးရင်း အတူရှိနေသည်။ သော်တာသင်းမှ စကားစ၍လာသည်။

"မမဝင်း . . . ညည်းကိုငါ တစ်ခုပြောဦးမယ်။ ညည်း ဘယ်သူ့ကိုမှ ပြန်မပြောရဘူးနော်။ ပြန်မပြောဘူးလို့ ညည်းကတိပေးရင် ငါပြောပြမယ်။ မပေးရင်တော့ ငါမပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... သင်းရယ် ညည်းစကားက ဘာစကားမို့လဲ"

"အို ... ဘာစကားရမှာလဲ။ သိချင်ရင် ကတိပေးပေါ့"

သော်တာဝင်းတစ်ယောက် စိတ်မမှန်ရှာလေသော ညီမဖြစ်သူကို ထင်ရာမြင်ရာတွေပြောနေသည်ဟု သိနေသော်လည်း ကြာတော့ ထိုစကားအပေါ် သံသယဖြစ်လာသည်။ သိလည်းသိချင်လာသည်။ ထို့ကြောင့် ...

"ဟဲ့ ... မမဝင်း ညက ငါ့ဆီကို လူနှစ်ယောက်ရောက်လာတယ် သိလား။ အဲဒါ သူတို့က နင်နဲ့လည်း တွေ့ချင်လို့တဲ့"

"ဟဲ့ ... ဘယ်သူတွေလဲ။ ပေါက်ကရစကားတွေ မပြောရဘူး သင်း"

"တကယ်ပြောတာ ... မမဝင်းရဲ့။ အဲဒီလူနှစ်ယောက်ဆိုတာ တစ်ယောက်က မမဝင်းနဲ့ ကျွန်မတို့ရဲ့မောင်လေး မြင့်ထူးအောင်ရယ်၊ နောက်တစ်ယောက်ကတော့ ညီမရဲ့ဟိုဘဝက အစ်ကိုကြီးရယ်"

"ဟဲ့ ... သင်းရယ် ... တော် ... တော် ... ပေါက်ကရစကားတွေ ရပ်တော့ ... ရပ်တော့"

"တကယ်ပြောနေတာ မမဝင်းရဲ့"

မဟုတ်မှန်းသိပေမယ့် ကြာတော့ ဟုတ်လေမလားဟူသည့် အထင်သံသယတစ်စုံသည် ရင်မှာ တစ်စတစ်စ စွဲချင်သလိုလိုဖြစ်လာ၏။ စိတ်ဝေဒနာရှင်နဲ့ နေရသူမို့လားမပြောတတ်။ သင်း၏ တောင်တောင်မြောက်မြောက် ပြောစကားများနှင့် ထင်ယောင်ထင်မှား အတွေးများကြားတွင် ဝင်းသည်လည်း စိတ်ခံစားမှုတို့က တစ်မျိုးဖြစ်လာ၏။

တစ်နေ့ ...





"မမဝင်း ... သင်းတောင်းတဲ့အဖြေကို ပေးမှာလား"

စိတ်ရှုပ်လာသည်မို့ ...

"ပေးမယ်။ ညည်းပြောမယ့်စကားတွေ ငါဘယ်သူ့ကိုမှလည်း မပြောဘူးလို့ ကတိပေးတယ်"

"သေချာတယ်နော်"

"အေးပါဟယ် ... ငါ ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး"

"ကဲ ... ဒါဆိုပြောမယ်"

"ဒီလို ... မမဝင်းရေ။ မိုးသည်းညတွေဆိုရင် ဟောဟိုအိမ်ကြီးရဲ့ တောင်ဖက်ကနေ လူနှစ်ယောက် ရောက်ရောက်လာတယ်။ အဲဒါကို ဒီအိမ်ကလူတွေ ဘယ်သူမှမသိကြဘူး။ အဲဒါကတော့ မောင်လေး မြင့်ထူးအောင်နဲ့ အစ်ကိုကြီးတစ်ယောက်ပဲဖြစ်တယ်။

သူတို့ကပြောတယ်။ ဒီအိမ်ကြီးကလူတွေဟာ နင်တို့နဲ့ ဘာမှမတော်ဘူး။ သူစိမ်းတွေတဲ့။ ငါတို့ကသာ နောင်ဘဝက မောင်နှမတွေ တော်ခဲ့ကြတာတဲ့လေ။ ဒါကြောင့် ငါတို့နဲ့လိုက်နေတဲ့။ အဲဒါ မိုးသည်းတဲ့ညတိုင်း ရောက်ရောက်လာပြီး ခေါ်တယ်။ မမဝင်းကိုလည်း တွေ့ချင်တယ်တဲ့။ အဲဒါ မမဝင်း ညီမလေးသင်းသွားရင် လိုက်မယ်မဟုတ်လား"

ဝင်းသည်လည်း စိတ်ဝေဒနာ အစပျိုးခံစားနေရသူမို့ အမှားအမှန် မခွဲခြားနိုင်။ ထို့ကြောင့် ...

"အေး ... လိုက်မယ်။ ဒါနဲ့ ဘယ်ကိုသွားရမှာလဲ"

"ဟောဟိုခြံကြီးတောင်ဖက်က လှိုဏ်ကြီးဘက်ကိုပါ"

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီး မကြာလေသောကာလ ရှတ်တရက် မိုးသည်းညတစ်ညတွင်ဖြစ်၏။ မိုးလေများ သည်းမည်းနေသော



www.burmeseclassic.com

www.burmeseclassic.com



ကြားတွင် သင်းနှဲဝင်းတို့နှစ်ယောက် တိတ်တဆိတ် ဝက်ပါစီအိမ်ကြီးမှ ထွက်ခဲ့ကြရင်း အိမ်ကြီး၏တောင်ဖက် လှိုဏ်ကြီးရှိရာဆီသို့ ထွက်ခဲ့ကြသည်။ မနက်မိုးလင်းလေသည့်အခါ ဝင်းနှဲသင်းတို့နှစ်ယောက်ပျောက်၍ ရှာကြ၏။ ထိုအခါ လှိုဏ်ကြီးအောက်တွင်ကျ၍ သေဆုံးနေသူ ညီအစ်မနှစ်ယောက်၏ အလောင်းများကို တွေ့ရ၏။

"အမယ်လေး . . အဖြစ်ဆိုးလှချည်လား သမီးလေးတို့ရယ်"

✿ ✿ ✿

[ ၈ ]

❑

သော်တာဝင်းနှဲ သော်တာသင်းတို့၏ အနိဋ္ဌာရုံအဖြစ်ဆိုးများကြောင့် မိသားစုများ နှလုံးစိတ်ဝမ်း မချမ်းမြေ့ကြ။ အဆိုးဆုံးမှာ ဒေါ်မျိုးမမသာဖြစ်လေသည်။

"ကိုဘုန်းသော်တာရယ် . . . ဒီအိမ်ကြီးရောက်ကတည်းက အဖြစ်ဆိုးတွေ တစ်ခုပြီးတစ်ခုကြုံရင်း ကျုပ်သမီးလေးတွေလည်း သေဆုံးခဲ့ရတယ်။ ဒီအိမ်ကြီးဟာ ကျွန်မတို့မိသားစုတွေကို ခိုက်များခိုက်နေတာလား မသိဘူးရှင့်"

သံသယတစ်စုံဖြင့်တည်လာသော စကားတို့ကို ပြောလာလေသော ဒေါ်မျိုးမမကိုတော့ . . .

"ဒီလိုလည်း တစ်ထစ်ချယူဆလို့တော့ မရသေးဘူး ဒေါ်မျိုးမမ။ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာလည်း တစ်မျိုးကြီးဖြစ်နေတယ်။ ကဲပါ



www.burmeseclassic.com

www.burmeseclassic.com



လေ . . . ကံ,ကံ ၏ အကျိုးတရားတဲ့။ အရာရာဟာ ကံတရားရဲ့ စီမံမှုတွေပါပဲလေ''

သော်တာဝင်းနဲ့ သော်တာသင်းတို့ ဆုံးပါးသွားလေသည်မို့ အိမ်တွင်ရှိနေသည့် သမီးဖြစ်သူ သော်တာလှိုင်သည်လည်း မင်းရာဇာဟူသော သဘော်သားတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ပြီး ယခုထိတိုင် သားသမီးဟူလည်း တစ်ဦးတစ်ယောက်မှ မရှိခဲ့သေးပေ။

မင်းရာဇာမှာ အိမ်တွင်နေရသည်ထက် သဘော်ထွက်နေသည်ကသာ များလေသည်။ မင်းရာဇာမှာ လောဘသက္ကယကြီးသူတစ်ယောက်ဖြစ်သည်။ နှစ်ဖက်မိဘများပြည့်စုံကြ၍ နေနိုင်စားနိုင်သော အဆင့်ရှိပါလျက် လောဘတက်ကာ ကျားစီးဖားစီး စီးပွားရှာလျက်ရှိတော့သည်။

''ကိုမင်းရာဇာရယ် . . . ဒီတစ်ခေါက်ပြန်လာရင် သဘော်မလိုက်ပါနဲ့တော့။ မေမေလည်း ကျန်းမာရေးမကောင်းတာမို့ ပြုစုဖို့ဆိုတာ လှိုင်တစ်ယောက်တည်းရှိတာ။ ကိုမင်းရှိတော့ လှိုင်သက်သာတာပေါ့။ ကိုယ့်မှာ စားမဲ့သောက်မဲ့ သားသမီးဆိုတာလည်း ရှိတာမှမဟုတ်တာ''

''အိုကွာ . . . မင်းတို့မိန်းမတွေ ဒီလိုလောဘသက္ကယနည်းလို့ ဒီလိုနေကြရတာ။ မိဘပိုင်တာ ကိုယ်နဲ့ဘာဆိုင်လို့လဲ။ ကိုယ်ကိုယ်တိုင် ရှာလို့ရတဲ့ပစ္စည်းမှ ကိုယ့်ပစ္စည်းကွ။ ရှင်းရှင်းပြောရရင် ဒီဝက်ပါစံအိမ်ကြီးမှာ ကိုယ်လိုက်နေတယ်ဆိုတာ လှိုင့်ကြောင့်ပဲ။ ကိုယ့်မှာ ပြည့်စုံတဲ့တစ်နေ့ ဒီအိမ်ကြီးမှာ မနေဘူး''

✿ ✿ ✿

| ၄ |

❑

ဒေါ်မျိုးမမသည်ကတော့ ဝက်ပါစံအိမ်ကြီး၏ ကြောက်မက်ဖွယ် အိပ်မက်ဆိုးညများကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ . . မသောက်မစားဘဲနေရင်း အားအင်ချိနဲ့ကာ အိပ်ရာပေါ်သို့ လဲလေတော့သည်။

''သမီး . . .''

''ရှင် မေမေ''

''သမီးမေမေ့ကို ဆေးတိုက်ပြီးပြီလား။ အစာရော ဘာတွေစားသေးလဲသမီး''

''ဆန်ပြုတ်လေး သုံးလေးဇွန်းတောင် မနည်းတိုက်ရတာမေမေ့ ဘာမှမစားချင်ဘူးတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းသာဆိုရင်တော့ ကြာရင် သမီးမေမေဟာ လုံးပါး ပါးလိမ့်မယ်ကွယ်"

ဒီနေ့ နေ့လယ်ခင်း၌ သော်တာလှိုင် မန္တလေးရှိ ညီမဖြစ်သူ သော်တာခိုင်ဆီသို့ ဖုန်းဆက်၏။ သော်တာခိုင်နဲ့ တွေ့ရ၏။ ထိုမှ မေမေ နေမကောင်း၍ အိပ်ရာပေါ်လဲသောအကြောင်းများကို မမလှိုင်က ဖုန်းဆက်၍ ပြောကြားလာသည်။

ဝက်ပါစံအိမ်ဟူသော အတွေးတစ်စဝင်လာသည်နှင့် ခိုင်တစ်ယောက် ဝက်ပါစံအိမ်၏ ပိုးချည်မျှင်ကဲ့သို့ ရှုပ်ထွေးပွေလီခဲ့သော နောက်ကြောင်းများကို ပြန်တွေးနေခဲ့မိလေသည်။ ရုတ်တရက် အတွေးဝင်လာ၏။ ထိုမှ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ပြတ်ပြတ်သားသား ချလိုက်တော့သည်။

"ဟုတ်တယ် ...ဝက်ပါစံအိမ်ကို ငါသွားကို သွားရမယ်။ မသွားလို့မဖြစ်ဘူး"

✿ ✿ ✿

| ၁၀ |

❑

သော်တာခိုင်မှာ ဝက်ပါစံအိမ်သို့ ပြန်လာခဲ့သည်။ သော်တာလှိုင်နှင့် တွေ့၏။

"မမလှိုင် ..."

"ဟယ် ...ညီမလေးခိုင်။ မေမေရေ ...ဒီမှာ ညီမလေးခိုင် ပြန်လာတယ်"

လှိုင့်အသံကြောင့် ဒေါ်မျိုးမမ ခေါင်းကိုထူဖို့ ကြိုးစားကြည့်၏။ သို့သော် မရ။ ခန္ဓာကိုယ်ကို သယ်ပိုးနိုင်ဖို့ အင်အားများစွာတို့က ကုန်ခမ်းနေကြလေသည်။ သော်တာခိုင် မေမေရှိနေသော အခန်းထဲဝင်လာ၏။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးရယ် ... မိုက်လိုက်တာ။ ခုမှပဲ ညည်းပြန်လာသတဲ့လား"

"သမီးလာချင်ပါတယ် မေမေရယ်။ ဒါပေမဲ့ သမီးက အပြစ်လုပ်ထားတဲ့သူမို့ ကိုယ့်အပြစ်နဲ့ကိုယ် မလာရဲလို့ပါ"

"တော်သေးတာပေါ့ကွယ်။ မေမေတော့ ဒီဘဝ ငါ့သမီးလေးကို တွေ့ရတော့မှာ မဟုတ်ဘူးလို့ ထင်နေခဲ့တာ"

"ဩော် ... မေမေရယ်"

ဒေါ်မျိုးမမ ရင်ခွင်ထဲမျက်နှာအပ်ပြီး နိုင် ငိုချလိုက်တော့ ဒေါ်မျိုးမမလည်း မျက်ရည်အသွယ်သွယ်က စီးဆင်းကျလာရလေသည်။ နိုင့်ကျောပြင်လေးကို ပွတ်သပ်ပေးနေလေသော မေမေ့လက်ဖဝါးအစုံက အရင်ကလို မနူးညံ့မသွဲ့ပြောင်းတော့မှန်း နိုင် သိလိုက်လေသည်။ နိုင် ဝက်ပါစံအိမ်ကြီးကို ပြန်ရောက်ပြီး နောက်တစ်နေ့မှာတော့ ဖေဖေဦးဘုန်းသော်တာမှ မေမေ့အလစ်တွင် နိုင်နှင့်လှိုင်ကို ခြံကြီးတစ်နေရာသို့ ခေါ်ထုတ်သွားရင်း စကားဆိုလာသည်။

"သမီးနိုင်နဲ့လှိုင် သမီးတို့ကို ဖေဖေတစ်ခုပြောမယ်။ သမီးတို့မေမေရဲ့အခြေအနေဟာ မတိုးတက်ဘဲ တစ်နေ့တခြား ဆုတ်ယုတ်လာတယ်။ သမီးမေမေကို ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်တော့ဘူး။ မန္တလေးကိုခေါ်သွားပြီး ဆေးကုဖို့လုပ်ရမယ်။ အဲဒီကိစ္စ သမီးတို့နှစ်ယောက်ကလည်း သမီးတို့မေမေကို ဝိုင်းပြီး နားချပေးကြပါ။

သူဟာ ဒီဝက်ပါစံအိမ်ကြီးကို သိပ်အစွဲအလမ်းကြီးနေတယ်။ သူ့ဘိုးဘွားပိုင်အိမ်ကြီးအဖြစ်နဲ့ သူ့အသက်နဲ့အမျှ ကာကွယ်ရမယ်လို့လည်း တွေးနေတယ်။ မန္တလေးကို ဆေးကုသွားဖို့ဖေဖေပြောတိုင်း လက်မခံဘူး။

---

**စိတ်ကူးသစ်စာပေ**



တစ်ခါတလေ လိုက်ချင်သလိုရှိပေမယ့် သမီးတို့ကို ထားခဲ့ရကိုလည်း သူစိတ်မချဘူးဖြစ်နေတယ်။ ရှင်းရှင်းပြောရရင် သင်းနဲ့င်းလို အဖြစ်ဆိုးတွေ သူမရှိတုန်း ကြုံမှာစိုးရိမ်နေတယ်"

"အို ... ဖေဖေရယ်၊ ဒီလောက်လည်း အယူသည်းမနေပါ သမီးတို့ ဘာမှမဖြစ်ပါဘူး"

"ဟုတ်ပါပြီလေ။ သမီးတို့မေမေကို ဆေးကုဖို့ခေါ်သွားတုန်း မီးတို့နှစ်ယောက် ဒီစံအိမ်ကြီးမှာ သတိဝီရိယနဲ့ နေကြပါ။ အကြောင်းင့် ချက်ချင်း ဖေဖေ့ဆီကို ဖုန်းဆက်ပါ။ ဖေဖေ ဦးယက္ခကို အဖော်ဖြစ်ထားခဲ့မယ်"

"ဦးယက္ခကတော့ သမီးတို့ကို ငယ်စဉ်ကတည်းက ထိန်းကျောင်းခဲ့ရသူမို့ ဖေဖေသူ့ကိုတော့ ယုံကြည်တယ်"

"စိတ်ချပါဖေဖေ။ သမီးတို့အတွက် ဘာမှမပူပါနဲ့။ မေမေ့ကို ဆေးကုဖို့အတွက်သာ အမြန်ဆုံးစီစဉ်ပါ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

ဦးဘုန်းသော်တာတို့ ဆေးကုရန်သွားသော ညကဖြစ်လေ၏
မိုးများက သည်းသည်းမည်းမည်း ရွာသွန်းနေလေသည်။ ဝက်ပါစံအိမ်
ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်လျက်ရှိလေသည်။

မိုးသံလေသံများက နာနာဘာဝကောင်များ နိုးထရှင်သန်လာ
သည့်အလား ဆူညံမြည်ဟီးလျက် ရှိနေကြသည်။ မိုးနဲ့လေများ၏ အသံ
များကြောင့် နိုင်တစ်ယောက် အိပ်ရာမှနိုးလာသည်။ မိုးက အနည်းငယ်
ငြိမ်သက်၍သွားသည်။ ထိုမှ ခြေသံတစ်ခုလျှောက်လာသလိုလို ကြား
လိုက်ရ၏။

"ဖျောက် . . . ဖျတ် . . . ဖျတ် . . ."

အစကနဦးတွင် မိမိတို့အခန်းထဲရှိ တိုင်ကပ်နာရီမှ နာရီသံ
ဟု နိုင်ထင်မိ၏။ သို့သော် သေသေချာချာ နားထောင်ကြည့်သည့်အခါ





လှမ်းလာနေသော ခြေသံတစ်ခုဖြစ်ကြောင်း သတိထားမိတော့၏။ ခြေသံ
မှာ ပျောက်သွားလိုက်၊ ပေါ်လိုက်လိုက်။ တဖြည်းဖြည်း မိမိတို့အခန်းနားသို့
နီးလာလေသည်။ ခြေရင်းဖက်ရှိ အခန်းမီးခလုတ်ကို ထ၍ဖွင့်လိုက်သည်။
ဦးတော့ ခြင်ထောင်ထဲမှ ကြည့်နေမိသည်။

"ဖျောက် . . . ဖျတ် . . . ဖျတ် . . ."

ခြေသံသည် မိမိတို့အခန်းဝနားတွင် ရပ်တန့်သွားတော့၏။
နိုင်ပိတ်ထားသော မှန်တံခါးဆီသို့ စူးစိုက်ကြည့်လိုက်သည်။ ဟင် . . .
လူ . . . လူတစ်ယောက် ရပ်နေပါလား။ အခန်းအပြင် ကော်ရစ်တာ
တွင်လည်း မီးများလင်းနေသည်မို့ ရပ်နေသော အရိပ်သဏ္ဌာန်က ပီပီ
ပြင်ပြင် မြင်နေရသည်။ အရပ်ထောင်ထောင်မောင်းမောင်း ဆံပင်တွေ
က ဖွာလန်ကြဲလျက်ရှိနေသော လူတစ်ယောက်ဖြစ်၏။

"အလို . . . အဲဒီလူဟာ ဘယ်သူပါလိမ့်။ ဦးယက္ခများလား
ဦးယက္ခဆိုရင်တော့ ငါတို့ကို နှိုးမှာပဲပေါ့။ မနိုးပဲနေပုံထောက်ရင် ဦးယက္ခ
လည်း မဖြစ်နိုင်ဘူး။ ဒီအိမ်ကြီးမှာ ငါနဲ့ မမလှိုင်၊ လူယုံကြီးဦးယက္ခ ဒီ
(၃)ယောက် ပဲရှိကြတာ။ တခြားဘယ်သူမှ ရှိတာမဟုတ်ဘူး။

မမလှိုင်ယောက်ျား ကိုမင်းရာဇာကလည်း သဘောထွက်နေ
တယ်။ အလို . . . ငါတို့အခန်းနားကို ကပ်ပြီး ကြည့်နေပြီ။ ဘာလုပ်
ရမလဲ။ သူက ဘယ်သူလဲ။ မဖြစ်ဘူး . . . မဖြစ်ဘူး မမလှိုင်ကို နိုးမှ
ဖြစ်တော့မယ်။

"မမလှိုင် . . . မမလှိုင် . . . ထ . . . ထပါဦးမမ။ ဟို . . .
ဟိုမှာ . . . နိုင်တို့အခန်းဝမှာ အရိပ်တစ်ခုရပ်နေသလိုလို တွေ့လို့။ ထပါ
ဦး မမ"



www.burmeseclassic.com

www.burmeseclassic.com



နိုင့်ရဲ့ အလန့်တကြားနိုးသံကြောင့် လှိုင်တစ်ယောက် နိုးလာလေသည်။

"ဟဲ့ . . . ဘယ်မှာလဲ။ ညီမလေး ဘယ်မှာလဲ"

"ဟို . . . ဟိုအခန်းဝမှာ"

ညီအမနှစ်ယောက် ပြိုင်တူထလိုက်သည်။ ခုတင်နံဘေးရှိ ပြ နေသော ခြင်ထောင်ဒေါက်တိုင် (၂)ခုကို ကိုယ်စီယူရင်း အခန်းဝဆီသို့ တလှမ်းချင်း ကပ်လာကြသည်။ မှန်ပြင်မှနေ၍ အပြင်သို့ကြည့်၏။ ခ စောစောကတွေ့နေရသော လူရိပ်သည် မတွေ့မိလေတော့။ တံခါးချက်ကို ဆွဲ၍ဖွင့်လိုက်သည်။

"ဂျောက် . . ."

ထို့နောက် ပြိုင်တူ ခေါင်းပြူကြည့်ကြ၏။ လေများက အခန်း တွင်းသို့ ဝင်လာသည်။ လူရိပ်ကိုမူ လုံးဝမတွေ့ရလေပါ။ ကော်ရစ်တာ တစ်လျှောက် ညီအစ်မနှစ်ယောက် သတိကြီးစွာ ထွက်လာကြစဉ်မှာ ပင် မိုးလေများက သည်းသည်းမည်းမည်း ရွာလာပြန်လေသည်။

အိမ်ကြီးအောက်ထပ်သို့ လှေကားအတိုင်း ဆင်းလာခဲ့ကြသည်။ လှေကားအဆုံးတစ်ဖက်သို့ ချိုးကွေ့မည်အပြု ရိပ်ခနဲတွေ့လိုက်ရသော လူရိပ်တစ်ခုကြောင့် လှိုင်မှ အသံပြု၏။

"ဟေ့ . . . ဘယ်သူလဲ။ မေးနေတယ် ပြောလေ"

လူရိပ်မှာ ထွက်မပြေး။ ရပ်၍နေ၏။ ထိုမှ အသံထွက်လာသည်။

"ကျုပ် . . . ကျုပ်ပါ မမလေး။ ဦးယက္ခပါ"

"ဦးယက္ခ ရှင်အချိန်မတော်ကြီး ဘာလုပ်တာလဲ။ ခုန ကျွန် တို့အခန်းဝမှာ လာရပ်တာ ဦးယက္ခလား။ လူရိပ်တစ်ခု ကျမတို့အခန်း မှာ လာရပ်လို့ ကျွန်မတို့ လိုက်ရှာတာပါ"





"ကျုပ် . . . ကျုပ်မဟုတ်ပါဘူး မမလေး။ မမလေးတို့အခန်း က မီးလင်းနေတာတွေ့လို့ ကျုပ်လာပြီးမေးမလို့ ခုမှလာခဲ့တာပါ"

"ဒါ . . . ဒါဆို . . . ကျွန်မတို့အခန်းဝမှာလာရပ်ပြီး အခန်း ထဲကို ကြည့်နေတာဟာ ဘယ်သူလဲ။ ဒီအိမ်ကြီးမှာ ကျွန်မတို့နှစ်ယောက် နဲ့ ဦးယက္ခပဲရှိကြတာ"

သော်တာလှိုင်အမေးစကားကြောင့် ဦးယက္ခ မျက်နှာကွက်ခနဲ ပျက်၍သွားသည်။ နိုင်နှင့်လှိုင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့် မိကြသည်။ ဦးယက္ခ စကားဆိုလာသည်။

"ကဲ . . . ကဲ . . . လာ . . . မမလေးတို့အခန်းကို ကျုပ်လိုက် ပို့မယ်။ ပြီးတော့ ခြံထဲကိုလည်း တစ်ပတ်ပတ်ပြီး လိုက်ကြည့်ပါဦးမယ်။ ဒီည မိုးလေတွေကြမ်းရမ်းတာမို့ နည်းနည်းတော့ နိုးနိုးကြားကြားနဲ့ အိပ်ကြပါ"

စကားဆုံးတော့ သုံးဦးသား အခန်းဆီသို့ ထွက်လာကြ၏။ ဦးယက္ခထွက်သွားတော့ အခန်းတံခါးကို ပိတ်လိုက်၏။ နိုင်မှ စကားစ လာသည်။

"မမလှိုင် . . . နိုင်တော့ ဦးယက္ခကို သိပ်ဘဝင်မကျချင်ဘူး။ သူ့မျက်လုံးတွေကြည့်ရတာလည်း တစ်မျိုးပဲလေ။ အင်းပါ . . . ဘာပဲ ဖြစ်ဖြစ် ဖေဖေမေမေတို့ ပြန်မလာခင်တော့ အစစအရာရာ သတိဝီရိယ နဲ့ နေမှဖြစ်မယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၂ ]

❑

တစ်နေ့ သော်တာလှိုင်နှင့် သော်တာနိုင်တို့နှစ်ယောက် ခြံကြီးထဲသို့ လမ်းလျှောက်ကြရင်း . . .

"နိုင် . . ."

"ဘာလဲ မမလှိုင်"

"ဟောဟိုမှာ လှမ်းမြင်နေရတဲ့ တောင်ကုန်းမို့မို့လေးကို တွေ့လား"

"တွေ့ပါတယ်။ ဘာဖြစ်လို့လဲ မမလှိုင်"

လှိုင့်ကိုကြည့်တော့ မျက်ရည်တွေဝဲနေသည်။

"အဲဒီနေရာလေးကနေ သင်းနှဲ့ဝင်းတို့ ခုန်ချခဲ့ကြတာပဲလေ"

"သူတို့တွေမှာ ဘာဒဏ်ရာတွေ တွေ့သေးလဲ မမလှိုင်"

"အင်း . . . သူတို့နှစ်ယောက်ရဲ့ လည်ပင်းတွေမှာတော့ တစ်စုံတစ်ဦးက ညှစ်ထားသလို ညိုမည်းနေတဲ့ဒဏ်ရာတွေတော့ တွေ့ခဲ့ရ





တယ်။ မမအထင်တော့ တစ်စုံတစ်ဦးက လုပ်ကြံခဲ့တာလို့ပဲ ထင်တယ်။ ဒါပေမဲ့လည်း ခက်တာက သင်းနှဲ့ဝင်းဟာ စိတ္တဇဝေဒနာခံစားနေရတဲ့ သူတွေမို့ အတိအကျပြောလို့တော့ မရဘူး"

"သူတို့မဆုံးခင်တစ်နေ့ကပဲ သင်းနဲ့မမ စကားများကြတယ်။ သင်းကပြောတယ် သင်းနဲ့ဝင်းဟာ မမလှိုင်တို့နဲ့ ဘာဆွေမျိုးမှ မတော်ကြဘူးတဲ့။ နောက်ဆို မမလှိုင် သင်းနဲ့ဝင်းအတွက် စိတ်သောက မရောက်ရတော့ပါဘူးတဲ့။ ဒီနေ့ နောက်ဆုံးပါလို့ ပြောသွားတယ်။

အဲဒီညက မိုးလေတွေ တအားသည်းနေတယ်။ မနက်ကျ သင်းနဲ့ဝင်းပျောက်လို့ ရှာကြရင်း ဒီချောက်ကြီးအောက်မှာ သူတို့နှစ်ယောက်ရဲ့အလောင်းတွေကို တွေ့ခဲ့ကြရတာပါပဲကွယ်"

"နိုင့်အထင်ပြောရမယ်ဆိုရင်တော့ ဒီဝက်ပါစံအိမ်ကြီးမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေပြီဆိုတာတော့ သေချာတယ်။ ဒီလောက်လူတွေ တစ်ယောက်ပြီးတစ်ယောက် သေနေတာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး မမလှိုင်။ နိုင်တော့ ဦးယက္ခကို မသင်္ကာဘူး။ လူသတ်တရားခံဟာ တခြားတစ်မိမ်းတရံစာထက် အတွင်းလူတစ်ယောက်ယောက်ဖြစ်ဖို့က ပိုပြီးများတယ်။ ဖေဖေကတော့ ဦးယက္ခကို ယုံကြည်နေတုန်းပဲလေ"

"အဲဒီလိုတော့ အတိအကျပြောလို့တော့ မရသေးဘူး ညီမလေးနိုင်။ ဘာမှ တိတိကျကျမသိခင်မှာ ဘာမှ စွပ်စွပ်စွဲစွဲမပြုတာဟာ အကောင်းဆုံးပဲ။ အင်း . . . ဒါပေမဲ့ ဖေဖေမေမေတို့မရှိခင်မှာ အစ်မတို့ သတိမလစ်ဖို့တော့ အထူးဂရုစိုက်နေကြရမယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၃ |

ဝက်ပါစံအိမ်ကြီးသည် ရှေးဟောင်းအဆောက်အအုံ တိုက်ကြီးတစ်ခုဆိုသော်လည်း လက်ရာများက သိပ်ပြီးရှေးမဆန်။ ခေတ်မီပုံသဏ္ဌာန်များနှင့် တည်ဆောက်ထားသော အဆောက်အဦတစ်ခုဖြစ်သည်။ အိမ်ကြီးအတွင်းမှာတော့ လှေကားကြီး(၃)စင်း ရှိလေသည်။ လှေကားကြီး (၂)ခုက အိမ်ကြီး၏ မျက်နှာတစ်ခုလုံးကို (၈)ယော့ံသဏ္ဌာန် ရစ်ခွေလှည့်ပတ်တည်ဆောက်ထားသည်။

နောက်တစ်ခုမှာ မြေအောက်ခန်းသို့ဆင်းရာ လှေကားဖြစ်၏။ အိမ်ကြီးတစ်ခုလုံးကိုတော့ အစိမ်းရောင် ကတ္တီပါကော်ဇောများဖြင့် နေရာမလပ် ခင်းကျင်းထားသည်။ မြေအောက်ခန်းသို့မဆင်းမီ





လှေကားရင်း၌ အခန်းတစ်ခုရှိလေသည်။ ထိုအခန်းသို့ မင်းရာဇာတစ်ယောက် သော့ဖွင့်၍ ဝင်လာခဲ့သည်။

အခန်းမှာ နှစ်ကာလများစွာ ပိတ်ထားခဲ့၍ ဖုန်မှုန့်များ၊ ပင့်ကူအိမ်များက အလိပ်လိပ်တက်နေသည်။ တံခါးဖွင့်၍ ဝင်လိုက်စဉ်မှာပင် စားပွဲပေါ်တွင်တင်ထားသည့် လောကနတ်ရုပ်ထုလေးတစ်ခုက အသင့်ဆီးကြိုနေသည်။

သလွန်ညောင်စောင်းကြီးများ၊ မိချောင်းပုံသဏ္ဌာန် ပတ္တလားများ၊ ခြူးပန်းခြူးနွယ် ကနုတ်ပန်းများဖြင့် ဆင်ယင်ထုလုပ်ထားသော ပန်းပုရုပ်များက ရှေးဟောင်းအနုပညာလက်ရာများအဖြစ် ဖော်ပြနေလေသည်။ ကြေးဝါ၊ ကြေးနီများဖြင့် ပြုလုပ်ထားသော ပစ္စည်းအချို့ကိုလည်း တွေ့ရသည်။ ငွေရောင်မှားတစ်လက်က ကျောက်စီတားအိမ်ကြီးတစ်ခုတွင်ထည့်၍ တင့်တယ်သပ္ပာယ်စွာ ချိတ်ဆွဲထားသည်။

မင်းရာဇာတစ်ယောက် ပစ္စည်းများကို လိုက်၍ကြည့်ရင်း ကိုင်တွယ်၍လည်း ကြည့်နေမိ၏။ အသက်ရှူဖို့ပင် သတိမရနိုင်ခဲ့။ ဗီဒိုလေးတစ်လုံးပေါ်မှ ရှေးလက်ရာဖြင့်ပြုလုပ်ထားသော ယမင်းရုပ်လေးတစ်ရုပ်ကို ကိုင်တွယ်ကြည့်ရှုရန် လက်လှမ်းလိုက်စဉ်မှာပင် အသံတစ်ခုကို ကြားလိုက်ရ၏။

"ဒီအခန်းထဲကို ဘယ်သူ့ခွင့်ပြုချက်နဲ့ ဝင်လာခဲ့တာလဲ ကိုမင်းရာဇာ"

အသံမှာ ခြံစောင့်ကြီး ဦးယက္ခအသံဖြစ်လေသည်။ ကိုမင်းရာဇာ နောက်သို့ပြန်၍ လှည့်ကြည့်လိုက်သည်။ ဦးယက္ခကို တွေ့ရ၏။

"ကျုပ်က ဒီအခန်းထဲကိုဝင်ဖို့ ဘယ်သူ့ရဲ့ခွင့်ပြုချက် ရယူရမှာလဲ ဦးယက္ခ။ ဒီအိမ်ဟာ ကျုပ်မိန်းမရဲ့ အိမ်ဖြစ်သလို ကျုပ်ရဲ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်တယ်။ ဒါကြောင့် ကျုပ် အိမ်ကိုလျှောက်ကြည့်တာ ခင်ဗျား ဘာပြောချင်လို့လဲ''

''ဒီအိမ်ဟာ ခင်ဗျားမိန်းမရဲ့အိမ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သူ့ဖွားကြီးဟာ ဒီအိမ်ကြီးကို ဘယ်သူ့ကိုမှ လွှဲပြောင်းမပေးသေးတာမို့ သူပဲပိုင်ပြီး သူ့ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ ဘယ်သူမှ ဒီအခန်းထဲမဝင်ဖို့ ကျုပ်ကိုမှာထားပါတယ်။ ကျုပ်မှာ တာဝန်ရှိပါတယ် ကိုမင်းရာဇာ''

ထိုအခိုက် အခန်းဝသို့ လှိုင်နှင့်ခိုင် ရောက်လာကြသည်။

''ဘာဘနဲ့ ကိုမင်းရာဇာတို့ ဘာတွေဖြစ်နေကြတာလဲရှင်''

''ဩော် ...ဒီအခန်းထဲကို ကိုမင်းရာဇာ တံခါးဖွင့်ဝင်ပြီး ကြည့်နေလို့ ပြောပြနေတာပါလှိုင်''

''ဟုတ်သားပဲ ...ကိုယ်က ဒီအခန်းထဲကို ဘာလို့ဝင်တာလဲ။ သော့ကရော ဘယ်ကရတာလဲ''

''သော့က မင်းဆီက ကိုယ်ယူလာခဲ့တာပါ''

''ကိုယ် မဟုတ်တာတွေ ပြောမနေပါနဲ့။ ဒီသော့တွေဟာ လှိုင့်မှာမရှိဘူး။ ဘဘဦးယက္ခတစ်ယောက်တည်းပဲ ကိုင်ဖို့ ဖေဖေက အပ်ထားခဲ့တာ''

''ကဲ ...သမီးလှိုင် သမီးယောက်ျားကို ပြန်ခေါ်သွားလိုက်ပါ။ နောက်ကိုလည်း ဒီအခန်းထဲကိုမဝင်ဖို့ ပြောထားပေးပါ။ ဒီကိစ္စ သခင်ကြီးသာသိရင် ကျုပ်လည်း လွယ်မှာမဟုတ်သလို၊ ဘယ်သူမှလည်း လွယ်မှာမဟုတ်ဘူး''

''ဟုတ်ကဲ့ ...။ သမီးယောက်ျားကိစ္စ သမီးတောင်းပန်ပါတယ်ဘဘ။ ဒါနဲ့ သူက ဒီသော့ကို ဘယ်လိုရသွားတာလဲဘဘ''





''အဲဒါ ဘဘအပြစ်ပါပဲကွယ်။ ဘဘရေချိုးနေတုန်း သူ သော့ကို ခိုးဖြုတ်သွားခဲ့တာပါ။ ဘဘ နည်းနည်းသတိလစ်သွားတယ်''

ဦးယက္ခ အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ လှိုင် ကိုမင်းရာဇာကိုခေါ်၍ ပြန်လာ၏။

''လှိုင် ...ဒီအခန်းထဲမှာ ဘာတွေရှိနေလို့ ဒီအခန်းကို တစ်သက်လုံး ပိတ်ထားရတာလဲ''

''ဖေဖေပြောပြဖူးတာကတော့ ရှေးဟောင်းအမွေအနှစ် ရတနာတွေရှိတယ်လို့ ပြောတယ်။ ဒါကြောင့် လှိုင်တို့နေလာခဲ့တာ ဘယ်သူ့ကိုမှ ဒီအခန်းထဲကို ဝင်ခွင့်မပြုခဲ့ဘူး။ ဖေဖေက တားမြစ်ထားတယ်။ အိမ်သားတွေတောင် သူ့ခွင့်ပြုချက်မရဘဲ ဒီအခန်းကိုမဝင်ဖို့ မှာထားတယ်လေ''

''ဩော် ...ရတနာတွေရှိတယ် ...ဟုတ်လား''

မမျှော်လင့်သော မင်းရာဇာစကားကြောင့် လှိုင် အံ့ဩကြီး အံ့ဩသွား၏။

''ဘယ် ...ဘယ်လို ...မောင် ...မောင် ဘယ်လိုပြောလိုက်တာလဲ''

''အဲဒီရတနာတွေကိုယူပြီး မောင်နဲ့လှိုင် ဒီဝက်ပါစံအိမ်ကြီးက ထွက်ပြေးကြရအောင် လှိုင်ရယ်''

''မောင် ...ဘယ်လိုပြောလိုက်တာလဲ။ မောင့်ပါးစပ်က ဒီစကားမျိုးပြောတာ လှိုင် အရမ်းအံ့ဩတယ်။ အမေက လူမမာသည်၊ ဒီလိုဒုက္ခတွေ ကြုံနေရတဲ့အချိန်မှာ သားသမီးက ဒီလိုလုပ်သွားမယ်ဆိုရင် လူကြားလို့မှမကောင်း။ မိဘတွေမရှိရင် လှိုင်နဲ့ခိုင်ပဲရမှာပဲလေ။ ဒါကို မောင်ဘာတွေ လောဘတက်နေတာလဲ။ ခုလည်း လှိုင်တို့ဘဝက



www.burmeseclassic.com

www.burmeseclassic.com



စားရမှဲသောက်ရမဲ့ဘဝမှ မဟုတ်တာပဲ၊ မောင်လည်း သဘောလိုက်နေတာပဲမဟုတ်လား''

''အို ... မလိုချင်ဘူး။ မောင်ကတော့ ဒီဝက်ပါစံအိမ်မှာရှိတဲ့ ပစ္စည်းတွေအားလုံးကို ကိုယ်တစ်ယောက်တည်းပဲ ပိုင်ချင်တယ်ကွာ။ ကိုယ့်ဇနီးမို့ ဖွင့်တိုင်ပင်တာ မင်းသဘောမတူလည်း ကိုယ်ကတော့ ကိုယ်လုပ်မဲ့ကိစ္စကို နောက်မဆုတ်ဘူး။ ဆက်လုပ်မှာပဲ လှိုင်၊

အေး ... ပြီးတော့ မင်းကို နောက်တစ်ခု မှာထားဦးမယ်၊ ဒီလိုလုပ်မယ့်ကိစ္စတွေ ခိုင်နဲ့ဦးယကွကို မသိစေနဲ့။ သိရင် မင်းကိုလည်း ကိုယ်ခွင့်လွှတ်မှာမဟုတ်ဘူး ဒါပဲ''

စကားဆုံးတော့ မင်းရာဇာအခန်းထဲသို့ ပြန်ဝင်သွားတော့၏။ လှိုင် သက်ပြင်းကို ချလိုက်သည်။

''ဟင်း ...''

မင်းသားလေးထင်၍ ကိုးကွယ်ခဲ့မိသော ဘီလူးတစ်ကောင်က ခုတော့ အစွယ်ငေါငေါနဲ့ အသားကိုစားဖို့ တောင်းဆိုလာပြီလေ၊ လှိုင် ဘယ်လိုလုပ်ရပါ့မလဲ။

✿ ✿ ✿

[ ၁၄ ]

❏

ရွှမ်းလရောင်မှာ ခိုင်နှင့် အဆက်အသွယ်မရ၍ စိတ်ပူကာ မန္တလေးမှတစ်ဆင့် မေမြို့သို့ ဆိုင်ကယ်နှင့်ဆင်းလာ၏။ ဝက်ပါစံအိမ်နှင့် အတန်ငယ်ဝေးလေသည့် ရွာငယ်လေးတစ်ရွာအထွက်တွင် ထမင်းဆိုင်လေးတစ်ခုကို တွေ့ရ၏။ ဆိုင်ကယ်ကို ရပ်လိုက်၏။ ရွှမ်းလရောင် ထမင်းဝင်ကာ စားလေသည်။ ထိုမှ ရွှမ်းလရောင် ထမင်းဆိုင်ပိုင်ရှင် အဘိုးကြီးအား ဝက်ပါစံအိမ်ကြီး၏အကြောင်းကို မေးမြန်းစုံစမ်းကြည့်မိ၏။

''အဘ ... ဝက်ဘာစံအိမ်ကြီးကို သိတယ်မဟုတ်လား''

''ဟော် ...''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှမ်းလရောင်အမေးစကားကြောင့် ထမင်းဆိုင်ပိုင်ရှင် အဘိုးကြီး မျက်နှာမှာပျက်၍သွားသည်။ ထို့နောက်မှ . . .

"ဟော့ . . . ဘာဖြစ်လို့လဲ . . . လူကလေးရဲ့၊ ဩော် . . . ဩော် . . . မရဏစံအိမ် ပိုင်ရှင်သစ်တွေကို မောင်ရင်မေးတာထင်တယ်"

"ဩော် . . . ဟုတ် . . . ဟုတ်ပါတယ် ဘဘ။ ဒါဆို ဘဘက ဝက်ပါစံအိမ်ကို သိတာပေါ့နော်"

"အင်း . . . ဆိုပါတော့ကွယ်။ ဒါနဲ့ မောင်ရင်က မရဏစံအိမ် ဩော် . . . မှားလို့ . . . မှားလို့ . . .၊ ဝက်ပါစံအိမ်ကို ဘာသွားလုပ်မလို့လဲကွယ့်"

"ဩော် . . . ကျွန်တော်က ဝက်ပါစံအိမ်ရဲ့ သခင်မလေး သော်တာနိုင်ဟာ ကျွန်တော့်ရဲ့ဇနီးပါ။ သူ့မိဘတွေဆီ အလည်သွားရင်း သတင်းလည်း မကြား၊ ပြန်လည်းမလာတာမို့ စိတ်ပူပြီး လိုက်လာတာပါ။ ခရီးက ဝေးသေးလားအဘ။ ဝေးရင်လည်း အဘရဲ့ထမင်းဆိုင်မှာ ဒီတစ်ညတည်းခိုပြီး မနက်ကြမှဆက်သွားမယ်။ ဒါမှမဟုတ် သိပ်မဝေးတော့ဘူးဆိုရင် ခု ထမင်းစားပြီးတာနဲ့ ကျွန်တော် ဆက်သွားမယ်"

"နေဦး . . . မောင်ရင်လေး။ ခရီးက နည်းနည်းဝေးသေးလို့ မင်း ဝက်ပါစံအိမ်ကိုမရောက်ခင်ဘဲ မှောင်သွားမှာ သေချာတယ်။ ဒါကြောင့် အရဲမကိုးသင့်ဘူး မောင်ရင်လေး"

"ဘာဖြစ်လို့လဲ အဘ"

"ဟိုး . . . လွန်ခဲ့တဲ့ တစ်လနှစ်လလောက်က ဝက်ပါစံအိမ်ကြီးကို မိန်းကလေးတစ်ယောက် မိုးတွေညို့နေတုန်း တက်သွားလိုက်တာ နောက်တစ်နေ့မှာတော့ သတင်းဆိုးတစ်ခု ကြားရတာပါပဲကွယ်။ ကားချည်းကျန်ခဲ့ပြီး လူကပျောက်နေတယ်"

---

စိတ်ကူးသစ်စာပေ



"ဟုတ်ပါတယ်။ အဲဒီမိန်းကလေးဟာ ကျွန်တော်ရဲ့မရီး သော်တာလင်းပါ အဘ"

"အင်း . . . အဘတို့ ကြားသိရသလောက်ဆိုရင်တော့ မရဏစံအိမ်ကြီးမှာနေတဲ့သူတွေဟာ အဖြစ်ဆိုးတစ်ခုမဟုတ်တစ်ခုနဲ့ ကြုံရပြီး နောက်ဆုံးတော့ အိမ်ကြီးကို စွန့်သွားကြရတာပဲလေ။ အဘတစ်ခုပြောချင်တာက မရဏစံအိမ်ကြီးမှာ သေဆုံးသွားကြတဲ့သူတွေဟာ မကျွတ်မလွတ် ဝိညာဉ်တွေဖြစ်ပြီး အိမ်ကြီးမှာရှိနေတဲ့သူတွေကို ဒုက္ခအမျိုးမျိုးတွေ ပေးနေကြတယ်လို့ ကြားရတာပဲလေ"

"အဲဒီအိမ်မှာ အရင်တုန်းကနေသွားတဲ့ မိသားစုတွေဆိုလည်း အဖြစ်ဆိုးတွေ အမျိုးမျိုးကြုံပြီး မရဏစံအိမ်ရဲ့ သခင်လေးဆိုရင်လည်း စိတ္တဇဝေဒနာသည်ဖြစ်သွားရင်း ဆေးရုံတင်လိုက်ရတယ်။ နောက်ဆုံးတော့ ဆေးရုံကနေပျောက်သွားပြီး သေသလိုလို ကြားရတာပဲကွယ်။

တချို့လည်း မရဏစံအိမ်ဟာ ကျိန်စာသင့်နေတဲ့ ရှေးဟောင်းအိမ်ကြီးတစ်လုံးလို့ ပြောနေကြတယ်။ အဘအမြင်ကတော့ အဲသလိုမထင်ဘူး။ မောင်ရင်လေး စဉ်းစားကြည့်ပေါ့ကွယ်။ မရဏစံအိမ်ဟာ ပျောက်သွားတယ်ဆိုတဲ့ စိတ္တဇဝေဒနာသခင်လေးရဲ့ လောင်းရိပ်တစ်ခုခုအောက်မှာ ရှိနေတယ်လို့ပဲ စိတ်ကထင်နေမိတယ်"

ရွှမ်းလရောင်သည်ကတော့ အဘိုးအိုပြောပြသမျှ မရဏစံအိမ်နှင့် ပတ်သက်နေသည်တို့ကို နားထောင်နေမိသည်။ စကားဆုံးတော့–

"ဒါဆို အဘ ကျွန်တော့်ကို သွားခွင့်ပြုပါ။ ခုလို မရဏစံအိမ်နဲ့ပတ်သက်ပြီး သိသမျှ ရှင်းပြပေးလို့ ကျေးဇူးတင်ပါတယ်"

"အေး . . . အေး . . . ကျန်းမာချမ်းသာပြီး ဘေးရန်အန္တရာယ်အသွယ်သွယ်လည်း ကင်းပါစေကွယ်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးတော့ အဘိုးကြီးကိုနှုတ်ဆက်၍ ထွက်လာခဲ့သည်။ လမ်းမှာ တောင်ကုန်းမြင့်မြင့်တစ်ခုဆီသို့သွားရာ အထက်လမ်းတစ်ခု ဖြစ်လေသည်။ မှောင်ရိပ်ကြောင့် လမ်းကို သည်းကွဲစွာမမြင်ရ၊ ဆိုင်ကယ် မီးကို အဆက်မပြတ်ထိုးရင်း မောင်းလာခဲ့သည်။

လမ်းများက ပြေလျောသွားလိုက် ကုန်းကမူများ ထူပြောလာလိုက်နှင့် ဘေးဘီဝဲယာတွင်တော့ ခါးလယ်သာသာရှိ ချုံတော၊ ချုံပင်များ ကသာ ထူထူပြောပြော ရှိနေကြလေသည်။

✿ ✿ ✿

[ ၁၅ ]

❑

"အားလုံး အသင့်ဖြစ်နေပြီလှိုင်"

ဆိုသည့် မင်းရာဇာစကားကြောင့် သော်တာလှိုင် တော်တော် အံ့သြသွားသည်။

"ကို . . . ကိုမင်းရာဇာ . . . ရှင် . . . ရှင်ဘာတွေ . . လျှောက် လုပ်နေတာလဲရှင်"

"မင်းဘာမှ စကားကြောရှည်မနေနဲ့။ မင်း ဒီပစ္စည်းတွေယူ ပြီး ငါနဲ့လိုက်မလား၊ မလိုက်ဘူးလား။ ဒါပဲပြော"

"မေမေ . . . ကျန်းမာရေးမကောင်းလို့ ဆေးကုသွားနေတဲ့ အချိန်မှာ ကျွန်မတို့က အခွင့်ကောင်းယူပြီး ဒီလိုလုပ်သွားရင် ကျွန်မ လောက်မိုက်တဲ့သူ ရှိပါဦးမလား ကိုမင်းရာဇာရယ်"

---



www.burmeseclassic.com

www.burmeseclassic.com



"အို ... အဲဒါတွေ ငါတစ်ခုမှမသိဘူး။ မြန်မြန်ပြောပါ။ မင်းလိုက်မလား၊ မလိုက်ဘူးလားဆိုတာသာ။ ငါ ဦးယက္ခကိုလည်း ရှင်းပစ်ခဲ့ပြီးပြီ"

"ဘာရှင့် ... ရှင် ... ဘာဘဦးယက္ခကို သတ်ပစ်လိုက်ပြီ ဟုတ်လား"

"ဟုတ်တယ် ... ရှင်းပစ်ခဲ့ပြီ။ ဒါကြောင့် ဒီဝက်ပါစံအိမ်ကြီးက အမြန်ဆုံးသွားကြမယ်"

"ရှင် တော်တော်ရက်စက်ပြီး ယုတ်မာတဲ့သူပါလားရှင်။ ရှင် အဲဒီလောက် ချမ်းသာချင်နေရင် အဲဒီပစ္စည်းတွေ ကြိုက်သလောက်သာ ယူသွား။ ကျုပ်ကတော့ ရှင်နဲ့အတူ မလိုက်နိုင်ဘူး။ ဒီလိုပြဿနာတွေ ရှုပ်ထွေးပွေလီနေတဲ့ ဒီစံအိမ်ကြီးမှာ ကျွန်မညီမလေး နိုင်ကိုထားပြီး ကျွန်မ မသွားနိုင်ဘူး"

လှိုင်တစ်ယောက် မင်းရာဇာအပါးမှ ထွက်မည်အပြု လှိုင့်လက်ကို မင်းရာဇာ ဆွဲယူလိုက်သည်။

"မင်း မလိုက်ဘူးလား၊ လိုက်မလား။ မလိုက်ဘူးဆိုရင်တော့ လိုက်အောင် ငါခေါ်ရမှာပဲ လှိုင်"

မင်းရာဇာအခြေအနေသည် မည်သို့ပြောပြော ရလေမည်မဟုတ်။ သူလုပ်မည်ဟု ဆုံးဖြတ်ထားပါက မဖြစ်ဖြစ်အောင် လုပ်တတ်လေသော မင်းရာဇာအကြောင်း လှိုင်တစ်ယောက်သိနေလေသည်မို့ သူ ထည့်ရန်ယူလာသော ပစ္စည်းထုပ်ကို ငုံ့၍ကောက်အယူ လှိုင်တစ်ယောက် အနီးရှိစားပွဲပေါ်မှ ပန်းအိုးလွတ်တစ်လုံးကို လှမ်း၍ယူလိုက်ကာ မင်းရာဇာခေါင်းကို ရိုက်ချလိုက်လေတော့သည်။





"ခွမ်း ..."

"အား ..."

မင်းရာဇာ ခေါင်းမှသွေးများ ဖြာထွက်သွားသည်။ မင်းရာဇာ လဲကျသွားသည်။ မင်းရာဇာလဲအကျ သော်တာလှိုင်မှာလည်း ညီမဖြစ်သူ သော်တာနိုင်ရှိရာဆီသို့ တစ်ချိုးတည်း ပြေးလာခဲ့လေတော့သည်။ နိုင်ရှိရာအခန်းဆီသို့ ရောက်၏။

"နိုင်ရေ ... ညီမလေး ... သော်တာနိုင်၊ သော်တာနိုင်"

"ဟင် ... ဒါ ... ဒါ ... မမသော်တာလှိုင်ရဲ့အသံပဲ။ မမလှိုင် ... ဘာဖြစ်လို့လဲ ... မမလှိုင် ... မမလှိုင်"

"တံခါးမြန်မြန်ဖွင့်စမ်း ညီမလေး။ တံခါးဖွင့်စမ်း"

နိုင်တစ်ယောက် တံခါးကို ဖွင့်ပေးလိုက်၏။ သော်တာလှိုင် အခန်းထဲသို့ ဝင်လာသည်။

"နိုင် ... မမတို့တော့ ဒုက္ခရောက်ကုန်ပြီ ညီမလေး"

"ဘာ ... ဘာတွေဖြစ်လို့လဲ မမလှိုင်"

လှိုင်က ငိုရင်း ပြောပြလိုက်လေသည်။

"ဘာ ... ဘာဘဦးယက္ခကို သတ်ပစ်လိုက်ပြီ ဟုတ်လား"

"ဟုတ်တယ်။ ဘာဘဦးယက္ခကိုသတ်ပြီး ပစ္စည်းတွေယူလာတယ်။ ပြီးတော့ မမလှိုင်ကို ဒီစံအိမ်ကြီးက ထွက်ပြေးကြဖို့ အတင်းခေါ်တယ်။ မမ မလိုက်နိုင်ဘူး။ သူယုတ်မာပေမဲ့ မမကတော့ မယုတ်မာနိုင်ဘူး။ ဒါကြောင့် မမ သူ့ကို ပန်းအိုးတစ်လုံးနဲ့ ရိုက်ပစ်ခဲ့တယ်။ သူ မေ့ပြီးလဲနေတုန်း မမလည်း နိုင့်ဆီကို အတင်းပြေးလာခဲ့တာပဲ ... ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ . . . မမလှိုင်ရယ်။ နိုင်တို့ ဘာတွေလုပ်ကြမလဲ ဟင်"

"ဩော် . . . နေဦး . . . နေဦး။ မမ သူ့ကို ရိုက်ပစ်ခဲ့တာ သူ မေ့နေတယ်။ သူပြန်သတိရလာရင် လှိုင်နဲ့နိုင်ကို ဒုက္ခပေးမှာ သေချာ တယ်။ ဒါကြောင့် မမလှိုင် သူရှိနေတဲ့အခန်းတံခါးကို သွားပိတ်လိုက် ဦးမယ်"

"ဒါဆို ညီမလေးလည်း လိုက်ခဲ့မယ်လေ"

"နိုင် မလိုက်နဲ့။ သူက မမသွားတဲ့အချိန်ဆိုရင် သတိပြန်ရ ချင် ရနေတော့မှာ။ မမတို့က လင်မယားတွေမို့ သူ့ကိုအချုပ်သပ်ပြီး မီး စင်ကြည့်ကမယ်။ နိုင်မလိုက်နဲ့။ ဒီအခန်းထဲကပဲ စောင့်နေ။ တံခါးကို ဘယ်သူလာဖွင့်ခိုင်းဖွင့်ခိုင်း ဖွင့်မပေးနဲ့။ မမလှိုင်ပြန်လာပြီးခါမှ ဖွင့် နော်။ ကြားလား"

"ဖြစ်ပါ့မလား . . . မမလှိုင်ရယ်။ မမလှိုင်ကို နိုင်စိတ်မချ ဘူး"

"နိုင် ဘာမှစိတ်မပူနဲ့ မမတစ်ယောက်တည်း သွားမယ်။ ရ တယ်။ မမလှိုင်ပြောထားသလိုသာလုပ်။ ကြားလား"

စကားဆုံးတော့ နိုင့်အခန်းဆီမှ လှိုင်တစ်ယောက် ပြန်လာခဲ့ သည်။ မင်းရာဇာ မေ့နေသောနေရာသို့ ဖြစ်လေ၏။ လှိုင်ရောက်သွား လေတော့ မင်းရာဇာမှာ ခေါင်းမှသွေးများနှင့် သတိမေ့လဲနေဆဲသာဖြစ် လေ၏။

"ဟင် . . . ခုထိ သတိမရသေးပါလား။ ငါရိုက်လိုက်တာ လက် များလွန်သွားပြီလားမသိဘူး။ သေသွားရင် အခက်။ အို . . . မတတ် နိုင်ဘူးလေ။ ဒီလိုမလုပ်လို့လည်း ရမှမရတာ"

စိတ်ကူးသစ်စာပေ



စကားဆုံးတော့ လှိုင် အခန်းတံခါးကို ဆွဲ၍ပိတ်လိုက်သည်။ ထို့နောက် သော့ကိုခတ်လိုက်သည်။ အခန်းမှပြန်အထွက် နှအောက်ထပ် လှေကားနံဘေး ဦးယက္ခအခန်းဆီမှ ရိပ်ခနဲအရာတစ်ခုကို တွေ့လိုက် ရသလိုရှိ၏။

"ဟင် . . . အရိပ်တစ်ခု တွေ့လိုက်ရသလိုပဲ။ ဦးယက္ခများ သတိရနေတာလား။ သွားကြည့်ရင်ကောင်းမယ်။ တကယ်လို့ ဦးယက္ခ သတိပြန်ရရင်လည်း ဆေးရုံပို့သင့် ပို့ရမယ်လေ"

စကားဆုံးတော့ သော်တာလှိုင်တစ်ယောက် လှေကားနံဘေး အောက်ထပ်ရှိ ဦးယက္ခအခန်းဆီသို့ ဆင်းလာခဲ့တော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၆ |

❑

သော်တာနိုင်အခန်းဆီမှ လှိုင်တစ်ယောက်ထွက်သွားသည်မှာ နာရီဝက်ခန့်ပင် ရှိနေလေပြီ။ ခုထိ ပြန်၍မလာသေး။ နိုင်တစ်ယောက် စိတ်ပူလာ၏။

"မမလှိုင်သွားတာ ကြာလိုက်တာ။ အဆင်မှပြေရဲ့လားမသိ ဘူး။ ငါလိုက်သွားရင် ကောင်းမလား။ အို ... ဒါလည်း မဖြစ်သေးပါ ဘူးလေ။ မမလှိုင်က အခန်းထဲမှာပဲစောင့်နေဖို့ ငါ့ကိုမှာခဲ့တာ"

နိုင်မှာ ပူပင်သောကတစ်စုံဖြင့် ထလိုက်ထိုင်လိုက် ဗျာရောဗျာရက်ဖြစ်ကာ နေလေ၏။ သို့တိုင် လှိုင်မှာ ပြန်ရောက်မလာသေး။ ခုတင်ပေါ် ပြန်၍ထိုင်နေလိုက်၏။ မိမိရသမျှ ဘုရားစာလေးများကို ရှုတ်





ခတ်နေမိလေသည်။ ထိုအချိန်တွင် လေးတိလေးပင် ဒရွတ်ဆွဲလျှောက်လာနေသော ခြေသံတစ်စုံကို နိုင်တစ်ယောက် ကြားလိုက်ရတော့၏။

"ဟော ... ဒါ ... ဒါ ... လူတစ်ယောက် လျှောက်လာနေတဲ့ ခြေသံတစ်ခုပဲ။ မမလှိုင်များ ပြန်လာတာလား။ မမလှိုင်ပဲဖြစ်ပါစေ။ ဘုရား ... ဘုရား"

ကြားနေရသောအသံသည် မသွက်လက်။ တစ်ချက်ခြင်း ကြားနေရခြင်းသာဖြစ်လေသည်။ နိုင်တစ်ယောက် တွေးလိုက်သည်။ မမလှိုင်ဆိုလျှင် ခပ်သွက်သွက် ပြေးလာနေပေမည်။ ခု မိမိကြားနေရသည့် ခြေသံက တစ်လှမ်းခြင်းဖြစ်လေ၏။ မမလှိုင်မှ ဟုတ်ပါလေစ။ အတွေးပေါင်း ကုဋေကဋာသည် မရေရာမှုများစွာဖြင့် လွန်ဆွဲ၍သာ နေတော့၏

လှမ်းလာနေသောခြေလှမ်းက အခန်းဝအရောက်တွင် ရပ်၍သွား၏။ နိုင်သည်ပင်လျှင် ခုတင်ပေါ်မှဆင်း၍ ရပ်လျက်အနေအထားဖြစ်သွား၏။ သို့သော် လှုပ်ရှားမှုအစုစုသည် ငြိမ်သက်၍နေ၏။ ထိုမှ တံခါးရွက်ကို မှီလိုက်သည့်အသံမျိုး ကြားလိုက်ရသည်။ နိုင်ပင်လျှင် တံခါးဖွင့်ရန် အနားသို့ ရောက်ရှိသွား၏။ တံခါးကို ကြည့်၏။ ထိုအခါ တံခါးရွက်တစ်လျှောက် တစ်စက်စက်ကျလာနေလေသော သွေးစက်များကို မြင်လိုက်ရတော့သည်။

"ဟင် ... သွေး ... သွေးတွေပါလား။ ဒါ ... ဒါ ... ဘယ်သူ့ရဲ့ သွေးတွေလဲ"

ရုတ်တရက် မဆင်မခြင်ထွက်သွားမိသော မိမိ၏အသံကိုပင် အမြန်ဆုံး ပြန်ပိတ်လိုက်ရ၏။ မျက်လုံးများ ပြာဝေသွားသည်။ ကိုယ်သည် ယိုင်နဲ့သွား၏။ ပြန်၍ တည့်မတ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . . ဘုရား . . . မမလှိုင်များ တစ်ခုခုဖြစ်လာပြီလား။ အို . . . ငါ . . . ဘာတွေတွေးနေပါလိမ့်။ ဖွဟဲ့ . . . မဟုတ်မဟတ်ပါစေနဲ့"

ကြောက်စိတ်စိုးရိမ်စိတ်များဖြင့် နောက်ဆုံး တံခါးရွက်ပေါ်က လက်ကိုင်ဘုကို အားယူကိုင်လိုက်ရင်း လှည့်ချလိုက်သည်။ တံခါးကြီးက လူတစ်ယောက်တွန်းဖွင့်လိုက်သလို ပွင့်၍သွား၏။

"ဘုတ်"

ပွင့်သွားသော တံခါးရွက်နဲ့အတူ လဲကျလာသောအရာမှာ လူတစ်ယောက်၏ သက်မဲ့ခန္ဓာအလောင်းကြီးတစ်ခုသာ ဖြစ်နေ၏။ နိုင် အံ့အံ့သြသြဖြင့် ငုံ့ကြည့်လိုက်သည်။

"ဟင် . . . မမ . . . လှိုင် . . . လှိုင်"

လှိုင်မှာ သွေးများပေလူးနေပြီး မှောက်ရက်လဲကျနေ၏။ ကျောတွင်တော့ တစ်ထွာခန့်သာသာအရှည်ရှိသော ဓားကြီးတစ်ချောင်းက စိုက်ဝင်ရင်း ထိုးထွက်နေ၏။

"မမလှိုင်ရယ် . . . ဘယ်လို . . . ဘယ်လိုဖြစ်ရတာလဲ"

သွေးရူးသွေးတန်းဖြင့် နိုင်တစ်ယောက် လဲကျနေလေသော လှိုင့်ကို တွဲပွေ့ထူလိုက်သည်။ လှိုင်ကတော့ မလှုပ်။

"အမယ်လေး . . . အဖြစ်ဆိုးလှချည်လား မမလှိုင်ရယ်"

လှိုင်မျက်နှာပေါ် ပါးအပ်ရင်း နိုင်တစ်ယောက် မျက်ရည်များက တလိမ့်လိမ့် ကျဆင်းလာ၏။ မျက်နှာကိုပြန်အမော့ မိမိအားစိုးမိုး၍ ကြည့်နေသော အရိပ်တစ်ခုကြောင့် နိုင် ဆတ်ခနဲ ထရပ်လိုက်သည်။ သို့သော် လူကိုမတွေ့ရ။





အခန်းတွင်းမှ မီးရောင်ကြောင့် ထိုးကျနေသော အရိပ်ဖြစ်လေ၏။ နိုင် သတိထားလိုက်သည်။ အနီးရှိ မီးရာတစ်ခုခုကို ဆွဲယူလိုက်၏။ လက်ထဲပါလာသည်မှာ ဖန်ဖြင့်ပြုလုပ်ထားသော ပန်းအိုးတစ်လုံးဖြစ်လေသည်။ အရိပ်သည် အခန်းဝဆီသို့ လျှောက်လာနေ၏။

"ဒါ . . . ဒါ . . . မင်း . . . မင်းရာဇာပဲဖြစ်ရမယ်။ ငါ့အစ်မကိုသတ်တဲ့ . . . လူယုတ်မာရယ်။ နင့်ကို ငါကိုယ်တိုင်ပြန်ပြီး လက်စားချေမယ်"

ထိုအခိုက် အရိပ်ပိုင်ရှင် လူသတ်ကောင်သည် အခန်းဝသို့ ရောက်လာ၏။ နိုင်တစ်ယောက် တိုင်တစ်ခု၏ဘေးသို့ ကပ်လိုက်၏။ သို့သော် လူသတ်ကောင်ကို ထင်ထင်ရှားရှား မြင်နေရသည်။ မင်းရာဇာတော့မဟုတ်။ ရှုပ်ရှုပ်ထွေးထွေးဆံပင်များနှင့် လူတစ်ယောက်သာ ဖြစ်လေ၏။

လူသတ်ကောင် အခန်းထဲသို့ဝင်ရန် ခြေတစ်လှမ်း လှမ်းလိုက်စဉ်မှာပင် နိုင်တစ်ယောက် လက်ထဲကိုင်ထားသော ပန်းအိုးဖြင့် ခေါင်းကို အားကုန်လွှဲ၍ ရိုက်ချလိုက်တော့သည်။

"ခွမ်း . . . ဂလွမ်း . . . ဂလွမ်း"

"အား . . ."

လူသတ်ကောင်မှာ ရှေ့သို့ငိုက်သွားသည်မှအပ လဲကျမသွားခဲ့ပေ။ ခေါင်းကို ပြန်မတ်လာ၏။ နိုင့်ကိုကြည့်သည်။ နိုင်တစ်ယောက် အခန်းထဲမှထွက်ကာ ပြေးလေတော့သည်။

"ဟဲ့ကောင်မ . . . မပြေးနဲ့ . . . မပြေးနဲ့။ သတ်ဖို့လူ နင်တစ်ယောက်ပဲ ကျန်တော့တယ်။ ဟား . . . ဟား . . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာ နောက်ကိုလှည့်မကြည့်တော့ဘဲ အားကုန်ပြေးလေတော့သည်။ ထို့နောက် အိမ်အောက်ထပ်သို့ဆင်းရာ လှေကားကြီးအတိုင်း ပြေး၍ ဆင်းလာခဲ့တော့သည်။ လူသတ်ကောင်သည်လည်း နောက်မှ ပြေးကာ လိုက်လာနေဆဲဖြစ်တော့သည်။

ဤစံအိမ်ကြီးတွင် နိုင်နှင့်လူသတ်ကောင် (၂)ဦးသာ ရှိလေသည်။ ကူညီမည့်သူဟူ၍ တစ်ယောက်မျှမရှိ။ ပြေး၍သာ နေပါသော်လည်း လူသတ်ကောင်၏လက်မှ နိုင်တစ်ယောက်လွတ်ဖို့ဆိုသည် မလွယ်သောက်စွ။

ထိုအခိုက် . . .

"ဝရော . . . ဝရော . . . ဝရော . . ."

ဟူသော ဆိုင်ကယ်တစ်စီး၏စက်သံကြောင့် နိုင်တစ်ယောက် ပြေးနေလေသော ခြေလှမ်းတို့ကို တစ်ချက်တွန့်ခနဲ ရပ်လိုက်မိသည်။ ဆိုင်ကယ်မှာ မီးထိုး၍ စံအိမ်ကြီးထဲသို့ မောင်းဝင်လာ၏။ နိုင် နောက်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ ဆံပင်စုတ်တိစုတ်ဖွားနှင့် လူသတ်ကောင်မှာ လှေကားရင်းသို့ပင် ရောက်လာနေလေ၏။

ထိုအခိုက် ဆိုင်ကယ်မှာ ရပ်၍သွားသည်။ လူတစ်ယောက်က ဆင်း၍လာနေသည်။ ထိုမှ အသံတစ်စုံတစ်ခု ပြုလိုက်၏။

"နိုင်ရေ . . . နိုင် . . . နိုင် . . ."

"ဟင် . . . ဒါ . . . ဒါ . . . မောင့်ရဲ့အသံပဲ။ မောင်လိုက်လာတယ်။ မောင်ရေ . . . မောင်ရေ . . . နိုင်ဒီမှာ"

ရှမ်းလရောင်၏ အသံကြားရာဖက်ဆီသို့ နိုင်တစ်ယောက်စွတ်၍ ပြေးတော့သည်။

"မောင်ရေ . . . နိုင် ဒီမှာ။ နိုင့်ကိုကယ်ပါဦး"





"နိုင် . . . ဘာဖြစ်လို့လဲ။ မောင်လာနေပြီ။ နိုင် . . . ဘာမှ မကြောက်နဲ့။ မောင်လာနေပြီ"

လူသတ်ကောင်မှာ မဝေးလေတော့။ မကြာမီတွင် မီလာလေတော့မည်။ မိမိကိုမြင်တော့ လူသတ်ကောင်နှင့် ရှမ်းလရောင်တို့သည် မျက်နှာချင်းဆိုင်အနေအထားဖြင့် ပြေးနေခြင်းဖြစ်၏။ နိုင်မှာ ပြေးနေ၏။ သို့သော် တံခါးကြီးတစ်ခုက ပိတ်ဆီး၍ထားရင်း ကြီးမားသောသော့ခလောက်ကြီးတစ်ခုကိုပင် ချိတ်ဆွဲ၍ ထားပြန်လေသည်။ နိုင်တစ်ယောက် နှလုံးသွေးတို့ရပ်မတတ် အမောဆို့၍သွား၏။

"အမယ်လေး . . . အဲဒါမှ ဒုက္ခပဲ . . . မောင်ရေ့။ နိုင့်ကို လူတစ်ယောက် လိုက်သတ်နေလို့ နိုင့်ကိုကယ်ပါဦး"

လူသတ်ကောင်မှာ သွေးစွန်းနေသော ဓားတစ်လက်ကိုကိုင်ရင်း နောက်မှ ပြေး၍လိုက်နေ၏။ နိုင် ဘာလုပ်ရမည်နည်း။ ထိုအခိုက်–

"ခွမ်း"

ဟူသော မြည်သံတစ်ခုကို ကြားလိုက်ရ၏။ ရှမ်းလရောင်မှာ နိုင်၏အော်သံကြောင့် ပိတ်ဆီးကာ၍ နေပါလေသော မှန်တံခါးကို ရိုက်ခွဲလိုက်ရင်း အခန်းထဲသို့ ပြေးဝင်လာ၏။ ထို့နောက် မိမိနှင့် မျက်နှာချင်းဆိုင်ပြေးလာနေသော လူသတ်ကောင်ကို သစ်သားပိုင်းတစ်ခုဖြင့် ပစ်ပေါက်ထည့်လိုက်သည်။

"ခွမ်း"

"အား"

လူသတ်ကောင်၏ မျက်နှာတည့်တည့်သို့ မှန်၍သွား၏။ နဖူးမှသွေးများက ဖျာခနဲ လွင့်စင်သွားသည်။ မှောက်လျက်လဲအကျ လက်ထဲ တွင်ကိုင်လာသော ဓားက သူ့ကိုယ်သူ ပြန်ထိုးမိကာ ကြောက်စက်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် အော်သံနက်ကြီးတစ်ခုက ဝက်ဘာစံအိမ်ကြီးတစ်ခုလုံးသို့ ဖုံးလွှမ်းသွားလေတော့သည်။

"အား ..."

နိုင်မှာ ရွှမ်းလရောင်၏ရင်ခွင်ထဲသို့ ရောက်ရှိနေလေတော့၏။

"ဘာလဲ ... မောင် ... မောင်သိလို့ နိုင်နောက်ကို လိုက်လာတာလားဟင်"

"မောင် သိလို့တော့ မဟုတ်ဘူး။ နိုင့်ဆီက ဘာတစ်ခုမှ သတင်းမရလို့ စိတ်ပူပြီး လိုက်လာခဲ့တာ။ ဒါ ... ဒါ ... မောင့်ကို ကိုယ်စောင့်နတ်က နှိုးဆော်တာပဲ။ တော်သေးတာပေါ့ကွာ။ အချိန်မီလို့သာပေါ့။ နို့မဟုတ်ရင် ဒီဘဝ မောင် နိုင့်ကို တွေ့ရတော့မှာမဟုတ်ဘူး။ လာ ... လာ ... မောင်တို့ ဒီစံအိမ်ကြီးက အမြန်ဆုံးထွက်ရမယ်။ ပြီးတော့ ရဲစခန်းကို အကြောင်းကြားမယ်"

စကားဆုံးတော့ ရွှမ်းလရောင်ဆိုင်ကယ်ပေါ်သို့ ခွလိုက်သည်။ စက်ကိုနှိုး၏။ လီဘာကို လှည့်တင်လိုက်သည့်ခဏမှာတော့ ဆိုင်ကယ်လေးက ပြေးထွက်သွားသည်။ ဆိုင်ကယ်နောက်ကျောဖက်တွင် နိုင်က ရွှမ်းလရောင်ခါးကိုဖက်ရင်း လိုက်ပါလျက်။

✿ ✿ ✿

| ၁၇ |

ဝက်ပါစံအိမ်ကြီးတွင် ဖြစ်လေသည်။ ရွှမ်းလရောင်နှင့် သော်တာနိုင်တို့၏ ဖုန်းဆက်အကြောင်းကြားမှုကြောင့် တာဝန်ရှိပြည်သူ့ရဲများက အချိန်မီ ရောက်ရှိလာကြသည်။ စိတ်ဝေဒနာရှင် လူသတ်သမားမှာ မသေ။ ဓားဒဏ်ရာဖြင့် မေ့နေ၏။ ထို့ကြောင့် လက်ရဖမ်းဆီးနိုင်ခဲ့လေသည်။

ဦးဘုန်းသော်တာပင် နိုင်၏အကြောင်းကြားမှုနှင့် ရောက်လာ၏။ သေဆုံးသွားသူ သော်တာလှိုင်၏ခင်ပွန်း မင်းရာဇာမှာတော့ ခေါင်းတွင် ပတ်တီးနှင့်ဖြစ်၏။ ဦးဘုန်းသော်တာ အားလုံးကို ကြည့်လိုက်သည်။ ပြီးတော့ စကားတစ်ခွန်း ဆိုလာ၏။

"ကဲ ... ကိုယ်က ... ဘယ်လိုတွေဖြစ်ကြတာလဲဗျာ။ ကျွန်ုပ်ကိုလည်း ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း မပြောတတ်တော့ပါဘူး . . . သခင်ကြီးရယ်။ မမလေးသော်တာခိုင်ကိုသာ မေးကြည့်ပါတော့"

စကားဆုံးတော့ ဦးဘုန်းသော်တာ ခိုင့်အား တစ်ချက်ကြည့်လိုက်သည်။ ခိုင်တစ်ယောက် ရှင်းပြမည်အလုပ် မင်းရာဇာမှ စကားစလိုက်သည်။

"ကျွန်တော်ပဲ ရှင်းပြပါရစေတော့ဗျာ။ တကယ်တော့ အပြစ်ရှိသူတွေထဲမှာ ကျွန်တော်လည်း ပါ,ပါတယ်။ ကျွန်တော့်ကို ခွင့်မလွှတ်ကြပါနဲ့။ ကျွန်တော့်ကိုလည်း ထိုက်တန်တဲ့အပြစ်တစ်ခုခု ပေးကြပါဗျာ"

ယောက္ခမဖြစ်သူဒေါ်မျိုးမမ ကျန်းမာရေးမကောင်းလို့ မန္တလေးကို ဆေးသွားကုနေတုန်းမှာ ဒီအိမ်ကြီးမှာ ကျွန်တော့်ဇနီးလှိုင်နဲ့ ညီမလေးသော်တာခိုင် ဦးယက္ခတို့ပဲ ရှိကြပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး မကြံကောင်းမစည်ရာ မတော်လောဘတွေနဲ့ မိဘယောက္ခမတွေပိုင်တဲ့ ပစ္စည်းတွေကို တစ်ယောက်တည်း အပိုင်စီးဖို့ လူမဆန်တဲ့လုပ်ရပ်တွေ ကျွန်တော် ကြံစည်လုပ်ကိုင်ခဲ့မိပါတယ်။

လူယုံကြီးဦးယက္ခကို အိပ်ဆေးတွေခပ်ပြီး တိုက်ခဲ့သလို ဇနီးလှိုင်ကိုလည်း ပစ္စည်းတွေယူပြီး ထွက်ပြေးကြဖို့ စည်းရုံးမိပါတယ်။ ဒါပေမဲ့ လှိုင်ဟာ ဇနီးကောင်းတစ်ဦးပါ။ လက်မခံခဲ့ပါဘူး။ ကျွန်တော်က အတန်တန်ခြိမ်းခြောက်တာမို့ ကျွန်တော့်အလစ်မှာ ခေါင်းကို ပန်းအိုးတစ်လုံးနဲ့ရိုက်ခဲ့လို့ ကျွန်တော် မေ့သွားခဲ့တယ်။ ဘာမှ မသိတော့ပါဘူး။

ကျုပ်သတိရလာတဲ့အချိန်မှာ လှိုင်ဟာ ဓားဒဏ်ရာနဲ့ သေဆုံးနေခဲ့ပါပြီလေ။ တကယ်တော့ ကျွန်တော့်ရဲ့မိုက်ပြစ်၊ လူမဆန်တဲ့ လုပ်ရပ်တွေကြောင့် ကျုပ်ဇနီး သေဆုံးခဲ့ရတာပါ။ ကျုပ်ကိုပါ အပြစ်ပေးကြပါတော့ဗျာ"

စိတ်ကူးသစ်စာပေ



မင်းရာဇာစကားဆုံးတော့ အားလုံးက ရှုံ့ရှာမုန်းတီးစက်ဆုပ်သည့်အကြည့်ကိုယ်စီဖြင့် တူတူညီညီ ကြည့်လိုက်ကြသည်။ ဦးဘုန်းသော်တာ တံတွေးတစ်ချက်ကို မျိုချလိုက်၏။ ထို့နောက် စကားတစ်ခွန်းပြောလာ၏။

"ငါ လူကဲခတ် တော်တော်မှားသွားတယ် မင်းရာဇာ။ မင်းဟာ တော်ပုံတော်ပါး သနားကမားနဲ့ တော်တော်လည်း ကောက်ကျစ်ယုတ်မာတဲ့ကောင်ပဲ။ ငါ့သမီးလေး လှိုင်ရဲ့ဘဝကလည်း ဆိုးပါတယ်လေ။ ဒီအချိန်ကစပြီးတော့ မင်းမျက်နှာလည်း ငါမကြည့်ချင်ဘူး။ ငါ့သမီးလည်း မရှိတော့ဘူးဆိုတော့ ခုချက်ချင်းပဲ မင်း ဒီဝက်ပါစံအိမ်က ထွက်သွားပါတော့ကွာ"

"ဒါဆို မမလှိုင်ကိုသတ်တဲ့ လူသတ်သမားက . . ."

သော်တာခိုင်အမေးကိုတော့ ရဲချုပ်ကြီးတစ်ဦးက . . .

"ဒီလိုပါသမီး . . .။ စိတ္တဇလူသတ်ကောင်ဟာ တခြားမဟုတ်ပါဘူး။ ဒီ ဝက်ဘာစံအိမ်ကြီးမဖြစ်ခင် အိပ်မက်စံအိမ်ကြီးကို ပိုင်ဆိုင်ခဲ့တဲ့ သူဌေးကြီးရဲ့ သားတစ်ဦးဖြစ်တဲ့ မြင့်ထူးအောင်ဆိုတဲ့သူပါ။ သူတို့မိသားစုဟာ သူဆယ်တန်းအောင်တဲ့ နှစ်တစ်နှစ်မှာပဲ သူ့အစ်မ စန္ဒကူးဟာ အစော်ကားခံ သေဆုံးခဲ့ရသလို သူ့ကို ထိန်းကျောင်းနေခဲ့ကြတဲ့ အထိန်းတော်နှစ်ဦးဟာလည်း ဒီစံအိမ်ကြီးမှာပဲ အသတ်ခံခဲ့ရတယ်။

ဒါကြောင့် မြင့်ထူးအောင်ဟာ စိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်သွားပြီး စိတ်ရောဂါကုဆေးရုံတစ်ခုမှာ တက်ရောက်ကုသနေရတယ်။ အဲသလို ကုသနေရင်းကပဲ ဆေးရုံပေါ်ကနေ ပျောက်သွားလိုက်တာ ခုမှ လူသတ်တရားခံဘဝနဲ့ ပြန်ပေါ်လာတော့တာလို့ ဆိုရတော့မှာပါပဲ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို မမသော်တာလင်း သေရတာဟာ ..."

"ဟုတ်ပါတယ်။ မသော်တာလင်း၊ မသော်တာသင်း၊ မသော်တာဝင်းတို့ကို သတ်တဲ့ တရားခံဟာ သူပါပဲ။ အဲဒီ စိတ္တဇဝေဒနာရှင်ဟာ ဒီစံအိမ်ကြီးကို အစွဲအလမ်းကြီး စွဲလမ်းနေပြီး သူ့စိတ်ထဲမှာလည်း သူ့အစ်မနဲ့ သူ့အထိန်းတော်တွေကို သတ်သွားကြတဲ့သူတွေဟာ ဒီအိမ်ကြီးကို ရောက်လာကြတဲ့သူတွေလို့ သတ်မှတ်ထားပုံရပါတယ်။ ဒါကြောင့်မို့ ဆေးရုံကနေ ဒီအိမ်ကြီးကို တိတ်တဆိတ်ပြန်လာခဲ့ပြီး အိမ်ကြီးရဲ့ မြေအောက်ခန်းထဲမှာ ပုန်းအောင်းနေရင်း အမျိုးမျိုး ဒုက္ခတွေပေးခဲ့တာပါ"

"သြော် ... ဒီလိုကိုး"

စကားဆုံးတော့ ...

"ခုလို အစစအရာရာ ကူညီပေးတဲ့ ပြည်သူ့ဝန်ထမ်းရဲမှူးကြီးနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျား"

"သြော် ... ရပါတယ်၊ ဦးဘုန်းသော်တာရယ်"

"ကဲ ... သမီးနိုင် ဖေဖေ မန္တလေးကိုပြန်ရမယ်။ တော်ကြာ သမီးမေမေ စိတ်ပူနေလိမ့်မယ်။ သူ့ကိုတော့ ဒီအကြောင်းကိစ္စတွေကို ကျန်းမာရေး မကောင်းမချင်း ကာလတစ်ခုအထိ အသိပေးလို့ မဖြစ်သေးဘူးလေ။ ဘယ်သူမှလည်း မပြောကြဖို့ မှာပါရစေ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ကဲ ... မောင်ရွှမ်းလရောင် ... ဖေဖေ ပြန်ပါဦးမယ်နော်။ ဖေဖေတို့ရဲ့မျိုးဆက် သမီးလေးနိုင်ကို အသက်ပေးစောင့်ရှောက် ကာကွယ်ပေးခဲ့တဲ့ မင်းကို ကျေးဇူးတင်လို့မဆုံးပါဘူး။ ဖေဖေ၊ မေမေတို့





ရှိရင်လည်း ဒီအမွေပစ္စည်းတွေနဲ့ ဝက်ပါစံအိမ်ကို မင်းတို့ဇနီးမောင်နှံဘဲ တစ်ဦးတည်း ပိုင်ဆိုင်ကြမှာပါကွယ်။ ကဲ ... ကိုယ်ကျ သားနဲ့သမီးကို ဆက်ပြီး စောင့်ရှောက်ပေးပါဦးနော်"

"ဟုတ် ... ဟုတ်ကဲ့ ... စိတ်ချပါ သခင်ကြီး"

စကားဆုံးတော့ ဦးဘုန်းသော်တာ ဝက်ပါစံအိမ်မှ ထွက်ခဲ့တော့သည်။ ရွှမ်းလရောင် သော်တာနိုင်ကို တစ်ချက်ကြည့်လိုက်၏။

"ကဲ ... နိုင် သွားကြစို့"

"နိုင် ... ကြောက်တယ် ရွှမ်းရယ်"

"နိုင်က ဘာကိုကြောက်နေတာလဲ။ ဒီဝက်ပါစံအိမ်ကြီးမှာ မကောင်းမှု အန္တရာယ်ဆိုးတွေမှန်သမျှ ဘာတစ်ခုမှမရှိတော့ပါဘူး နိုင်ရယ်"

"ဒါတော့ ... ဒါပေါ့ ရွှမ်းရယ်။ ဒါပေမဲ့ နိုင့်ရင်ထဲမှာ တွေ့ကြုံခဲ့ရတဲ့ အဖြစ်တွေဟာ ပူပူနွေးနွေးနဲ့ အရိပ်တစ်ခုလို လွှမ်းမိုးနေတယ်။ ဖျောက်မရသေးဘူး။ ရင်ထဲမှာ တမျိုးကြီး ခံစားနေရတယ်"

"ဒါတော့လည်း ဟုတ်ပါတယ်လေ။ ဒါပေမဲ့ ဝက်ပါစံအိမ်ဟာ ဟိုတုန်းကလို ဝက်ပါလိုကျွေ့ကောက်တဲ့ အဖြစ်အပျက်ဆိုးတွေနဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့စံအိမ် မဟုတ်တော့ပါဘူး။ ခုချိန်ကစလို့ ချိုလွင်တဲ့ မွှေးရနံ့တွေ၊ သာယာကြည်နူးမှုတွေနဲ့ ကိုယ်တို့နှစ်ယောက်အတွက် ပျော်ရွှင်စရာကောင်းတဲ့ အချစ်စံအိမ်လေးတစ်ခုဖြစ်သွားပြီ နိုင် ..."

"ဟွန်း ... အပြောကတော့ စာရေးဆရာ ရှုံးလောက်တယ်"

စကားဆုံးတော့ နိုင့်လက်လေးကို ဆွဲလိုက်သည်။

"မောင် မကဲနဲ့နော်။ ဟိုမှာ ဦးယက္ခကြီး မြင်သွားဦးမယ်။ တွေ့လား"



www.burmeseclassic.com


www.burmeseclassic.com



"မြင်မြင်ပေါ့ . . ."

စကားဆုံးတော့ သွယ်လျှနုဖတ်သော ခိုင့်ကိုယ်လုံးလေးကို ဆွဲယူလိုက်သည်။ ခန္ဓာကိုယ်နှစ်ခုက ပူးကပ်၍သွား၏။ အပြုံးရောင် ငွေလွှာ သော်တာလမင်းကြီးကတော့ ဝက်ပါစံအိမ်ကြီးပေါ်သို့ နွဲ့နွဲ့လျလျ ထွန်းပကျရောက်ရင်း သာနေဆဲသာဖြစ်တော့သည်။

မင်းအောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

## | ၁ |

မိန်းမသားတွေဟာ စိတ်နုနယ်ပြီး လိပ်ပြာလှကြတယ်လို့ နတ်ဝင်သည်တွေက ပြောဆိုကြ၏။ လိပ်ပြာလှသူတွေကို ပရလောကသားတွေက ဝင်ပူးဝင်စီးနိုင်သည်ဟုလည်း ဆိုကြပြန်၏။

လိပ်ပြာလှသူတွေထဲမှာ လိပ်ပြာလှတာ လွန်တဲ့သူကတော့ နီနီတိုးပေါ့။ ထစ်ခနဲရှိ ဟိုဟာဝင်ပူး၊ ဒီဟာဝင်ပူးနဲ့။ ပူးလည်း ပူးနိုင်လွန်းတယ်။ နတ်ပူးတဲ့ နတ်ကတော်တွေတောင်မှ လက်လန်ဆုတ်သွားခဲ့ရတဲ့ နီနီတိုးပေါ့။

နာမည်အရင်းက နီနီ။ ဖခင်အမည်တွေ နောက်ကလိုက်မှည့်တာ ခေတ်စားတော့ ခေတ်နဲ့အညီ ဖခင်နာမည်ကို ထည့်လိုက်တယ်။ ဖခင်အမည်က ဦးတိုး။ နီနီတိုးပေါ့။ သူများတွေက ဖခင်အမည်တွဲလိုက်လို့ လှသွားတယ်။ ဥပမာဆိုရရင် ...





အိန္ဒြာကျော်ဇင် ...

မိုမိုမြင့်အောင်ပေါ့။ နာမည်က မိုမို၊ အဖေက ဦးမြင့်အောင်။ မိုမိုမြင့်အောင်ဆိုတော့ လှပဆန်းသစ်သွားတယ်။ နီနီကျတော့ နီနီတိုးတဲ့။ ရှိသေးတယ် ... နာမည်က သန္တာ၊ ဖအေနာမည်က ဦးမှဲ့။

သန္တာမှဲ့တဲ့ ...။ ကိုယ်နဲ့ လိုက်ဖက်တယ်၊ မလိုက်ဖက်တယ်ဆိုဘူး။ စွတ်မှည့်ပစ်လိုက်ကြတာပဲ။ နီနီတိုးက သိတတ်စအရွယ်ကတည်းက ဘယ်ဆရာ၊ ဘယ်လိုတွက်ပြီး ဘယ်လိုဟောလိုက်သလဲ မသိဘူး။

"ညည်းက သိုက်ဆက်၊ သိုက်ကလာတဲ့ သိုက်နန်းရှင်တဲ့။ သိုက်နန်းမှာ ညည်းရဲ့မောင်တော် ကျန်ရစ်ခဲ့တယ်။ ညည်းကို အသက် (၂၀)ရောက်ရင် သိုက်နန်းကို ပြန်ခေါ်လိမ့်မယ်"

အဲဒီအဟောမှာတင် နီနီတိုး ကြွေသွား၊ ကျွတ်သွားပါလေရော။ ဖြစ်ချင်တော့ သိုက်သမိုင်းကားတွေ ပြန်လည်ဆန်းသစ်ပြီး ရိုက်ထားတဲ့ ဇာတ်ကားကလည်း ကြည့်ထားပြီးသား။

သိုက်နန်းရှင်တွေက ချောမောလှပကြတယ်။ နန်းဝတ်နန်းစားတွေ ဝတ်ဆင်ပြီး နှယ်ကြိုးဒန်းတွေပေါ်မှာ ပန်းတွေဝေအောင်ပန်ပြီး စီးနေရတာ။ ရွှေ ငွေ၊ ကျောက်သံပတ္တမြား၊ နီလာ ကြိုက်တာဝတ်ဆင်လို့ရတယ်။ ရတနာစိန်ကျောက်ကို ဇယ်တောက်တန်း ကစားနေတယ်ပေါ့။

စားချင်တာဆိုလည်း စိတ်ထဲက တ,လိုက်တာနဲ့ တန်းရောက်လာတာ။ ပြီးရင် မောင်တော်တွေနဲ့ ချစ်တင်းနှောပြီး ပန်းဥယျာဉ်ကြီးထဲမှာ သစ်သီးဝလံ ပေါကြွယ်စွာနဲ့ ကခုန်တီးမှုတ်သီဆိုတာတွေကိုလည်း ခံစားလို့ရသေးတယ်။ လူတွေ အားကျတပ်မက်လာအောင် ရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သိုက်နန်းရှင်ကားကိုကြည့်ပြီး ဥစ္စာစောင့်ဖြစ်ချင်တဲ့ ဆိုက်ကိုဝင်သွားတော့တာပဲ။

လပြည့်ညတွေဆို ဆံပင်ရှည်ကြီး ဖားလျားချတယ်။ ပန်းတွေကို ဝေနေအောင်ပန်တယ်။ ကြိုလုပ်ထားတဲ့ ဒန်းပေါ်တက်ပြီး တအိအိနဲ့စီးတယ်။ ဘယ်သူဘယ်ဝါတွေမှန်း မတွေ့ရ၊ မကြားရတာတွေ သူတွေ့ရ၊ ကြားရပြီး စကားတွေဖောင်အောင် ပြောတော့တာပဲ။ သူ့စကားတွေက သိုက်စကားတွေလား မသိဘူး။ မြန်မာလိုမဟုတ်ဘူး။ ဗန်းစကားကို ကုလားလိုပြောနေသလိုပဲ။

သူ့အဖေ ဦးတိုးကြီးဆိုတာ သူ့သမီးသိုက်နန်းရှင် စိတ်ဝင်သွားတာ နောက်မှသိလိုက်ရတယ်။ နီနီက နန်းဝတ်နန်းစားတွေ ကြိုဝယ်ချုပ်ထားတယ်။ ပန်းတွေလည်း ကြိုဝယ်ထားတယ်။ ဒန်းကိုလည်း ရေထမ်းတဲ့ သက်ပိုင်ဦးကိုခေါ်ပြီး ဆင်နိုင်းထားတယ်။ လပြည့်ညမှာ အကျအနစီးတယ်။

လပြည့်ကျော် (၁) ရက် အချိန်မတော်ကြီးကျမှ အသံဗလံတွေကြားလို့ ဦးတိုးကြီးနိုးလာပြီး သူ့အိမ်ဘေးဖက်ကို ပြတင်းပေါက်ဖွင့်ကြည့်လိုက်မှ လန့်တောင်သွားရဲ့။ သေချာကြည့်ပြီးမှ သူ့နှဖူးသူရိုက်ပြီး 'ဟိုက်'ခနဲ ဖြစ်သွားပါလေရော။ အချိန်က သန်းခေါင်ကျော်နေပြီ။ လရောင်အောက်မှာ မကြောက်မရွံ့ တစ်ယောက်တည်း အပျိုဖော်ဝင်နေသည့် သမီးငယ်လေး မသမာသူနဲ့တိုးရင် ကိုယ်ကျိုးနည်းမှာစိုးတာနဲ့ အိမ်ပေါ်က ကပျာကသီဆင်းပြီး ...

''သမီး ... ဟဲ့ ... သမီး ... နင် ... ဒါ ... ဒါ ဘာလုပ်နေတာလဲ။ ဟဲ့ ... ငါမေးနေတာ ကြားကောကြားရဲ့လား''

''ခမည်းတော်ကြီး အသာနေစမ်းပါ။ သိုက်နန်းက မောင်





တော်နဲ့ စကားပြောနေတယ်။ သွားပါ ... ကိုယ့်ဘာသာ သွားအိပ်နေ။ သိုက်နန်းရှင်မလေးကို လာမရှုပ်ပါနဲ့''

''မြတ်စွာဘုရား ... ဘယ်မှာလဲ မောင်တော်။ ဘာသိုက်နန်းရှင်လဲ။ ဒီမှာမနေနဲ့။ ပုခက်စီးချင်ရင် အိမ်ပေါ်မှာ အဖေ ပုခက်ဆင်ပေးမယ်။ ဘယ့်နှယ့် ... မကြောက်မလန့်ကွာ''

''ခမည်းတော်ကြီး ... မနှောင့်ယှက်နဲ့။ ဟိုမှာ မောင်တော် စိတ်ဆိုးသွားပြီ''

ဦးတိုး ကြက်သီးဖြန်းခနဲထပြီး နောက်လှည့်ကြည့်၏။ ဘယ်သူမှမရှိ။ သမီးဖြစ်သူ စိတ်ဖောက်ပြန်သွားတာလားဆိုပြီး ချော့မော့ကာ အတော်ခေါ်ယူလိုက်ရ၏။ ချော့၍မရသောအခါ ခြောက်လှန့်မာန်မဲရ၏။ ဒီတော့မှ ခြေဆောင့်ပြီး ဝုန်းဒိုင်းကျဲကာ အိမ်ပေါ်ပြန်တက်သွားသည်။

''တောက် ... ဘယ်သူက မြှောက်ပေးလိုက်သလဲမသိဘူး။ ဒီကောင် ကျောက်ရှူးမလှတင်ရဲ့ လက်ချက်ပဲဖြစ်ရမယ်။ ဒင်းက စုန်းလိုလို၊ နတ်လိုလိုနဲ့ ငါ့သမီးလိပ်ပြာကို ဖမ်းချုပ်လိုက်တာဖြစ်ရမယ်။ တွေ့ကြသေးတာပေါ့ကွာ။ ငတိုးကို လူအိုပြီဆိုပြီး အထင်သေးနေကြတာပေါ့လေ''

ဦးတိုး ညတွင်းချင်းပင် ဘေးအိမ်က မလှတင်ကို အတင်းအော်ခေါ်နိုး၏။ မလှတင်နဲ့ သူ့လင် ဦးပုံဆိုးတို့ ပုဆိုးမနိုင်၊ ပဝါမနိုင်နှင့် ထလာကြ၏။ လှတင်က ဦးတိုးရဲ့ မယားပါတူမ တော်၏။ ဦးတိုးရဲ့မယား မက်ပိုရဲ့ တူမပေါ့။ မက်ပိုက သမီးငယ်နီနီ ငါးနှစ်အရွယ်ကတည်းက ဆုံးသွားပြီ။

''ဦးလေးတိုး .... ဘာဖြစ်လို့လဲတော်။ အိပ်ကောင်းနေမှ လာနိုးရတယ်လို့။ ဗိုး ...''



www.burmeseclassic.com

www.burmeseclassic.com



"ဒါ့သမီးနီနီကို နင်ပြောက်ပေးလိုက်တာ မဟုတ်တာ။ ဒါ
မဟုတ် နင့်ခါတ်နဲ့ ချုပ်ထားလိုက်တာမဟုတ်လား။ မသိယောင်ဆောင်
ပြီး ဘူးခံမယ် မစဉ်းစားနဲ့။

ဝေါ်းကလေ လူသာဒိုတယ် ဓားမဒိုသေးဘူး။ နင့်အားကို
တဲ့ နင့်ယောက်ျားပုံဆိုးကိုပါ နုတ်နုတ်စင်းပြီး ကောက်ညှင်းထုပ်လို
စားပစ်မယ် ဘာမှတ်နေသလဲ။ (ထိုခေတ်အခါက ဝက်သားကောက်ညှင်း
ထုပ်ဆိုတာပဲ တွင်ကျယ်သေး၏။ ဒီဘက်ခေတ်မှာဆို လူသားပေါက်စီ
လုပ်စားပစ်မယ်ဟု သုံးနှုန်းချင် သုံးနှုန်းပေလိမ့်မည်)

လူတင်တို့လင်မယား ပြူးပြူးပြာပြာနဲ့ အကြောက်အကန်ငြင်း
ဆန်ကြ၏။ နီနီကို သွားမေးကြည့်နိုင်း၏။

"နီနီက ကာယကံရှင်ပါ။ မေးကြည့်ပါ။ မပြောက်ပေးရပါဘူး
ပြောက်ပေးဖို့နေနေသာသာ ဒီမှာ ကလေးအငယ်မ နေမကောင်းလို့
အိနေတာကို ချော့နေရတာနဲ့ ခုနလေးတင်မှ အိပ်ပြစ်သွားတာပါရှင်
ဘုရားဖူးပေးပေ။ ကျမ်းပေးပေး သစ္စာဆိုဝံ့ပါတယ်"

မလှက ဂျပိုးကို လိပ်ဖြစ်အောင် ငြင်းနိုင်စွမ်းရှိသူ။ မလှတင်
ယောက်ျား ပုံဆိုးကျော်စိန်ဆိုရင် ကုပ်နေတာပဲ။ ဒီလူကျော်စိန်ကလည်း
အလုပ်မရှိ၊ အကိုင်မရှိ။ မိန်းမလုပ်စာ ထိုင်စားသူဆိုတော့ အားအားရှိ
ဟိုဆရာနဲ့ပေါင်း၊ ဒီဆရာနဲ့ပေါင်းပြီး အောက်လမ်းလိုလို၊ အထက်လမ်း
လိုလို မတောက်တခေါက်ကလေး သင်ထားတတ်ထားလိုက်သေးတယ်။

သူမကျေနပ်တဲ့လူဆို ပညာနဲ့ခေါ်သတဲ့။ သူမကျေနပ်တဲ့လူ
ခလုတ်တိုက်ပြီဆိုရင် သူ့ပညာစွမ်းတယ်ပေါ့။ ခလုတ်တိုက် မလဲဘူး
ဘာမှမဖြစ်ဘူးဆိုရင် သူလုပ်တဲ့လူ ကံမြင့်နေလို့ တောက်တခေါက်ခေါက်
နဲ့ပေါ့။





မိနီရဲ့ရောဂါက စွဲကပ်သွားပြီး ဥစ္စာစောင့်ဆိုတဲ့ ပယောဂက
ပူးဝင်သွားပြီ။ သူ့အဖေကို မကျေနပ်တာရှိရင် ဝုန်းဒိုင်းကျဲပြီး တစ်ကိုယ်
လုံး ဆတ်ဆတ်တုန်လာရော။ မျက်ထောင့်နီကြီးနဲ့ လေသံတွေတုန်
တက်ပြီး ...

"ခမည်းတော်ကြီး ... လိပ်ပြာရှင် ကျုပ်နှမတော်ကို ဘာလို့
ပါတိတ်ဝမ်းဆက် ဝယ်မပေးရတာလဲ။ ကျုပ်နှမတော်လေး စိတ်ဆင်း
ရဲနေရတာ ကျုပ် မကြည့်ရက်ဘူး။ ဝယ်ပေးလိုက်စမ်း"

ဦးတိုးက မယုံဘူး။ ဖိနပ်ပဲကောက်ခြောက်ထုတ်တာပေါ့။

"ဘာဝင်ပူးတာလဲ ငါ ကြိမ်နဲ့ရိုက်ထုတ်ပစ်မယ်၊ ဘာမှတ်
နေသလဲ။ နာချင်လို့လား"

"ရိုက်လေ ... ရိုက်စမ်းပါ။ ခမည်းတော်ကြီးရဲ့ သမီးကိုပဲ
ထိမှာ။ ကျုပ်ကတော့ ဘာမှမဖြစ်ဘူး။ ဟင်း ... ဟင်း ... ဟင်း"

ကြမ်းလို့မရတာနဲ့ ချော့ရပြန်၏။

"ကိုယ်တော်ကြီးရယ် ... ပါတိတ်ဈေးကြီးက နှစ်သောင်းခွဲ
လောက်ရှိတယ်၊ ခမည်းတော်ကြီး မတတ်နိုင်သေးလို့ပါ။ ကိုယ်တော်
ကြီးက စွမ်းတာပဲ။ ဝယ်ပေးလိုက်ပါလား"

"အေး ... အဲဒါဆို ဝယ်ပေးမယ်။ မကြာခင် ငွေထုပ်ပို့လိုက်
မယ်"

ဝင်ပူးရာကနေ ပြန်ခွာသွား၏။ မိနီက သူမဟုတ်သလို ပြန်
ဖြစ်သွား၏။ အိုက်တင်ကတော့ အကယ်ဒမီနဲ့တင် မလုံလောက်။ အော်
စကာဆယ်ဆုလောက်တောင် ရလောက်၏။ သိပ်မကြာပါဘူး ခြံထဲကို
ခွေးတစ်ကောင်က တစ်ခုခုကိုက်ချီပြီး ပြေးဝင်လာ၏။ ဦးတိုးက ခြံထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွေတွေ၊ ကြက်တွေဝင်တာ မကြိုက်။ လေးခွနှင့် လောက်လေးကို ယူပြီး ခွေးကို တရစပ်လိုက်ပစ်၏။

"ဂိန် ... အိန်း ... အိန် ..."

ခွေးရဲ့နံရိုးကို တစ်ချက်ထိပြီး ခွေးပါးစပ်ထဲက ကိုက်ချီလာသောအထုပ်လေး ပြုတ်ကျကျန်ခဲ့၏။ အထုပ်က ကျွတ်ကျွတ်အိတ်အနက်လေးနှင့် ထုပ်ထား၏။ ဦးတိုးက သေချာသွားပြီး အထုပ်ကို ဖြေကြည့်လိုက်၏။ အထုပ်ထဲမှာ ငါးခြောက်ကြော်ထုပ်နှင့်အတူ ငါးရာတန်လေးတွေ အထပ်လိုက် သားရေကွင်းနှင့် ပတ်စည်းထားတာ တွေ့ရသည်။ အံ့သြသွား၏။ ငွေတွေကို ရေတွက်ကြည့်လိုက်တော့ ...

"ဟိုက် ... နှစ် ... နှစ်သောင်းခွဲ ကွက်တိပါလား"

ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလိုများ ဖြစ်နေပြီလား။ ကိုယ်တော်ကြီး ပြောပြီးသိပ်မကြာခင်မှာ ငွေနှစ်သောင်းခွဲက တိုက်ဆိုင်စွာ လက်ထဲရောက်လာပြီလေ။ မိနိုသိသွားတော့ ပျော်လွန်းလို့ ကိုယ်တော်ကြီးကို ရွှေမေတ္တာတွေ ပို့သလိုက်တာ။ ပိုက်ဆံယူပြီး ဈေးကို အမြန်သွားကာ ဓားကြီးပါတိတ် ဝယ်လာလေသည်။

ဝမ်းဆက်ကလေးနဲ့ လမ်းပေါ်ထွက်ပြီး သလားပစ်လိုက်ဦးမယ်ဆိုတာမျိုး ရယ်လိုက်သေးရဲ့။ သက်မွန်မြင့်စတိုင်(လ်)နဲ့လေ။ သက်မွန်မြင့်က အရပ်ရှည်ရှည်၊ မိနိုက ပုတက်တက်။ ဘာ ... ဘာ ... ဘာမှကိုမဆိုင်။ မိနိုကတော့ သိုက်နန်းနဲ့ သက်ဆိုင်နေပြီဆိုတာ လုံးဝယုံသွား။ ဦးတိုးကတော့ ဖဝေဖဝါ။ တိုက်ဆိုင်မှုကရှိတော့ ဆင်ခြင်တုံတရားတွေ အူကြောင်ကျား ဖြစ်ကုန်ရောပေါ့။

✿ ✿ ✿

[ ၂ ]

❑

"ဖြန်း ... ဖြန်း ... ဖြန်း ..."

ကြမ်းပြင်ကို လက်နှင့်ရိုက်ရင်း မိနိုတစ်ယောက် တစ်ကိုယ်လုံး တုန်ဆတ်နေ၏။ ဦးတိုး သိလိုက်ပြီ။

"ဟဲ့ ... ဝင်ပူးပြန်ပြီ"

"မကျေနပ်ဘူးဟေ့ ... မကျေနပ်ဘူး"

"ဘာကို မကျေနပ်တာလဲ"

"ဝါထွက်နေပြီလေ ဘာလို့ သိုက်ပွဲမထိုးပေးသေးတာလဲ။ ဒီအိမ်မှာ သိုက်ပွဲက ရိုက်ကိုရိုက်ရမယ်"

"သိုက်ပွဲထိုးပေးဆိုလည်း ပေးမယ်။ ပိုက်ဆံပေးမှ ထိုးပေးလို့ရမှာပေါ့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့သိုက်နန်းကို မယုံဘူးပေါ့။ ချက်ချင်းပေးမယ်။ စောင့်ကြည့်"

မိနီ 'ဝုန်း'ခနဲ ခုန်ထလိုက်၏။ အိမ်ပါ သွက်သွက်လှုပ်သွားပြီး အိမ်ပေါ်ထုပ်တန်းကနေ 'ဘုတ်'ခနဲ အထုပ်တစ်ထုပ် ပြုတ်ကျ၏။ အချိန်က ည(၈)နာရီကျော်။ ဦးတိုးအံ့ဩပြီး အထုပ်ကိုဖွင့်ကြည့်လိုက်၏။ ဦးတိုးဝမ်းသာပြီး ဂွမ်းပစ်ထိုးထိမတတ် ဖြစ်သွား၏။

"လောဘနည်းရင် ရတနာ၊ လောဘများရင် ရဲ့တနာ ဖြစ်သွားမယ်ဟေ့။ ဒါပဲ"

ပူးနေတာ ပြန်ထွက်သွားပြန်၏။ ဦးတိုးက အိမ်တံခါးကို ပြေးပိတ်လိုက်၏။ မိနီက ဘာဖြစ်သွားမှန်းမသိသလို သမ်းဝေပြီး ဦးတိုးကို ကြည့်လာ၏။ ဦးတိုးက ဝမ်းသာအားရ မိနီကို ပြောလိုက်၏။ မိနီလည်း အံ့ဩတကြီးနဲ့ပေါ့။

နောက်နေ့မှာ သိုက်ပွဲထိုးပေးလိုက်၏။ သိုက်ဆရာတွေကိုလည်း ကျွေးမွေးလိုက်တာပေါ့။ ကျော်စိန်က လာကပ်ပြီး ပညာသင်နေသေးတယ်။ ဦးတိုးပိတ်ငေါက်၍ နောက်ဆုတ်ပြီး ပွစိပွစိရုပ်နေ၏။ ဦးတိုးကို အတော်ကြီးမုန်းတီးသွား၏။

"ဟင်း ... နေနှင့်ဦးပေါ့ကွာ။ တစ်နေ့ ကျော်စိန့်အကြောင်း သိစေရမယ်ကွ"

ဦးတိုးက ကြားသွားပြီး ...

"ဟေ့ကောင် ... မင်း ငါ့ကို ကြိမ်းဝါးတာလား"

"မ ... မဟုတ်ရပါဘူး။ ကျွန်တော်ဆိုလိုတာက ဒီလိုပါ။ ကျွန်တော့်အကြောင်းရေးထားတဲ့ ဒိုင်ယာရီရှိတယ်။ အဲဒီစာအုပ်ကို ဦးလေး





ဖျင်းတဲ့အခါ ဖတ်နိုင်းမလို့ပါ။ အဲဒါဆို ကျွန်တော့်အကြောင်းတွေ သိရတာပေါ့လို့ မဟုတ်ဘူးလား။ အဟဲ ..."

မျက်နှာချိုသွေးပြီး လေပြည်အေးအေးလေးနှင့် ပြန်ကြောက်အမှန်းကို သကာဖုံးထားသော မျက်နှာဖြင့်။ ဦးတိုးတစ်ယောက် ရတနာထုပ်ရပြီးကတည်းက တိုက်ဆောက်မယ်။ ဖိမ်ခံကားနဲ့ ဖိမ်ခံပစ္စည်းတွေ ဝယ်မယ်ဆိုပြီး အားခဲထား၏။ မိနီက ...

"လောဘမကြီးနဲ့ အဖေ။ ရတနာကနေ ရဲ့တနာတွေ ဖြစ်ကုန်ဦးမယ်နော်"

"အသာနေစမ်းပါ သမီးရယ်"

ဦးတိုးတစ်ယောက် ယုံကြည်ရသော ကျောက်အကြောင်းနားလည်သူကို သွားပြမှ ကျောက်သမားက ...

"ဦးလေးဟာက အတုတွေဗျ။ ဒီမှာကြည့် ..."

ကျောက်တစ်လုံးချင်း တူနှင့် ထုခွဲပြလိုက်၏။ မှုန်မှုန်ညက်ညက်ကို ကြေလို့။ ဦးတိုးခမျာ ခေါင်းငိုက်စိုက်ချပြီး အိမ်ပြန်ရောက်လာ၏။

"ဘယ့်နှယ့်ကြောင့် သိုက်နန်းရှင်တွေက အတုတွေပေးရတာလဲ"

"အဖေကလည်း ရရင် လှူမယ်တန်းမယ်လို့ အဖေစိတ်ကူးလို့လား။ ကိုယ့်ဖို့ပဲ လောဘတက်လိုက်တော့ ရတနာကနေ ရဲ့တနာတွေ ဖြစ်ကုန်တော့တာပေါ့"

"ဒါလည်း ဟုတ်တာပဲ"

သိုက်နန်းက ပေးတယ်ဆိုတာကို ဦးတိုးလည်း ခုနစ်ဆယ့်ငါး



www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်းလောက် ယုံသွားပြီ။ နောက်တစ်ခါပေးလာရင် ဘုရားတည် ကျောင်းဆောက်ဖို့ ဦးစွာပထမ ရည်ရွယ်ဖို့ စိတ်ထဲတေးထားလိုက်၏။

နောက်နေ့ သိုက်ပွဲရှေ့မှာ ကုန်းကုန်းကြီး ထိုင်ကန်တော့ပြီး နောက်ထပ်ပေးစေလိုကြောင်း ဆုတောင်းလိုမ့်တောင်းနေသော ဦးတိုးကို တွေ့ရပါလိမ့်မည်။ စျေးသွားပြီး ဆေးဆိုင်လေးတောင် မထွက်နိုင်ရှာ။ မိနီဆီကနေ သိုက်ဓာတ်တွေ ကူးစက်ကုန်တာလေ။

✿ ✿ ✿

[ ၃ ]

❑

ဦးတိုးတို့ ထီတစ်သိန်းဆုပေါက်၏။ နည်းပေမယ့် သိုက်က ပေးနေတာမို့ ရတာယူနေရ၏။ မိနီ အိပ်မက်ထဲမှာလာပေးသည့် ဂဏန်းကို သွားထိုးထားခြင်းဖြစ်၏။ ဦးတိုး လုံးဝယုံကြည်သွား၏။ သူ့သမီးကို သိုက်နန်းနဲ့ ပတ်သက်သမျှ ဘာမှမတားမြစ်တော့။ မိနီကလည်း ပိုဆိုးလာ၏။ အိမ်မှာတင်မက ကျောင်းမှာလည်း ထပူးချင် ပူးနေ၏။ အဆိုးဆုံးဖြစ်သွားတာကတော့ ကျောင်းမှာ စာမေးပွဲဖြေနေရင်း ထ. ပူးခြင်းဖြစ်၏။

"မကျေနပ်ဘူးဟော့ ... မကျေနပ်ဘူး"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်တွေလှိုက်ဖိုပြီး ဒေါသနှင့် ခုံကိုလက်နှင့်ရိုက်ကာ ထအော်လိုက်သဖြင့် အခန်းစောင့်ဆရာမ ပြေးလာပြီး . . .

''ဟဲ့ . . . နီနီ . . . အဲလိုမလုပ်နဲ့လေ။ ဘေးမှာ စာမေးပွဲဖြေနေတဲ့သူတွေနဲ့။ ဘာထဖြစ်ရတာလဲ ဘာကို မကျေနပ်တာလဲ''

''ငါ . . . နီနီမဟုတ်ဘူး။ နီနီရဲ့လိပ်ပြာကို ဝင်စီးထားတဲ့ သိုက်နန်းရှင်ကွ . . . သိပြီလား''

''ဘာသိုက်နန်းရှင်လဲ။ ဒီလို ဆက်မရစ်နဲ့''

''ရစ်မှာပဲ။ နင်တို့မေးခွန်းတွေက အခက်တွေချည်းပဲ။ ငါ့ရဲ့လိပ်ပြာရှင် နီနီကျက်ထားတာတွေ တစ်ခုမှမပါဘူး။ အဲဒါကို မကျေနပ်ဘူး''

''အစိုးရကမေးတာ။ တို့တွေလည်း မေးတာမဟုတ်ဘူး။ နှစ်စကတည်းက အားလုံးကျက်ထားလို့ပြောတာ ရွေးချယ်တော့ မတိုးတာဖြစ်ရောပေါ့။ ကိုယ်ညံ့လို့မဖြေနိုင်တာ မသောင်းကျန်းနဲ့လေ။ မိန်းကလေးဖြစ်ပြီးတော့ အရှက်မရှိဘူးလား။ ဘေးမှာ ဖြေနေတဲ့လူတွေကို အနှောင့်အယှက်ဖြစ်တယ်''

မိနီ ဝုန်းဒိုင်းကျဲပြီး ခုံပေါ်ကိုတက်ပြီး ထမီကို တိုတိုဝတ်၍ ဆံပင်ဖားလျားဖြေချပြီး တွေ့ရာလူကို ပတ်ရမ်းတော့၏။

''ငါကိုယ်တော်ကို စမ်းတာလား။ ငါကိုယ်တော် ကြမ်းပြမယ်ပေါ့။ ငါ့ကို ပမာမခန့်လုပ်ရင် အကုန်သတ်ပစ်မယ်''

ဆရာမလည်း ဘေးအခန်းက ဆရာတွေခေါ်ရ၏။ ကျောင်းအုပ်ကြီးနှင့် လုံခြုံရေးတွေရောက်လာပြီး မိနီကို အတင်းဆွဲခေါ်ထုတ်သွားရ၏။ အခန်းထဲက စာဖြေသူတွေ နာရီဝက်လောက် စိတ်ညစ်သွားရ၏။ မိနီကို ဒုရဲအုပ်က နှောင့်ယှက်မှုဖြင့် လက်ထိတ်ခတ်မည်





လုပ်ရ၏။ ကျောင်းအုပ်ကြီးက ဦးတိုးနှင့်သိနေသူ။ ဦးတိုးက အကြောင်းရှိဖြင့် အပ်နှံထား၍ . . .

''ပယောဂနှောင့်ယှက်ခံနေရတဲ့ ကလေးမပါ။ သွေးရိုးသားရိုးဖြစ်စဉ်မဟုတ်ဘူး။ သူ့မိဘဆီပဲ ပြန်ပို့ပေးလိုက်ပါ''

ဦးတိုးအိမ်ကို ပြန်ပို့ပေးလိုက်ကြ၏။ အိမ်ရောက်တော့ ပရိတ်ရေတွေပက်ဖြန်းပြီး အိပ်ရာပေါ် အတင်းလှဲအိပ်လိုက်ရ၏။ အိပ်ပျော်သွားတော့လည်း သူမ ဘာမှမလုပ်ခဲ့သည့်အတိုင်း။ အဲဒီကတည်းက မိနီ ကျောင်းဆက်မတက်တော့။ ပညာရေးကို ကျောနိုင်းလိုက်ရတော့၏။ ဦးတိုးရဲ့ဆိုင်မှာ ကူရောင်းသာလုပ်တော့၏။

အိမ်နှင့် ဆိုင်ကလွဲလျှင် တော်တန်ရုံ ဘယ်မှမသွား။ ဘာပွဲလမ်းသဘင်မှလည်း မရောက်။ လူတောသူတောထဲလည်း မတိုးတော့။ အိမ်တွင်းပုန်း၊ ဆိုင်သာထွက်သည့်လူ လုပ်နေတော့၏။

တစ်ခုတော့ရှိ၏။ သိုက်ဆရာဆိုလျှင်တော့ ဘယ်နေရာမှာရှိရှိ ချက်ချင်းရောက်သွားကြ၏။ အသက်နှစ်ဆယ်က ပြည့်ခါနီးပြီကို။ သိုက်ကြီးကြိုက်နိုင်မှ ဖြစ်မည်။ မဖြတ်နိုင်လျှင် ချက်ချင်းသေတော့မည့်အတိုင်း။ မှုတာတွေကလည်း အကြိမ်အရေအတွက် စိပ်လာ၏။ တစ်ခါတလေ အိမ်သာတက်ရင်းလည်း ဝင်ပူးနေတတ်ပြန်၏။ နောက်တဲ့သူတွေကတော့ . . .

''ကေနွ . . . အီးတုံးနှစ်တုံးပါရမှာကို သုံးတုံးထွက်သွားလို့ မကျေနပ်တာနဲ့ ဝင်ပူးတာပဲဖြစ်ရမယ်။ ဟီး . . . ဟီး . . . ဟီး . . .''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

မိနီက နတ်ကန္နားပေးချင်တယ်ဆိုပြီး သူ့ဘာသာ နတ်တွေ ဝင်ပူးတယ်။ ဘေးကလူတွေက ထိဂဏန်းတောင်းကြတာပေါ့။ အဲဒီ ဂဏန်းထိုးလိုက်တာ ဆုလာဘ်တစ်ခုပေါက်ပြန်ရော။

ကန္နားပွဲပြီးတော့ သိုက်ပွဲဆက်တယ်ဆိုပြီး မိနီတစ်ယောက် ကလိုက်တာများ ရပ်ကွက်ထဲက ကောင်မလေးတွေကိုတောင် ညီအစ်မ ခုနစ်ယောက်ဆိုပြီး သိုက်ပွဲမှာ ဝင်ကခိုင်းရော။ ကလိုက်ကြတာ ဒန်းတွေ စီး၊ ခုန်ပျံလွှားနဲ့ နတ်ကတော်တွေတောင် အတင်းပြောကုန်ရတဲ့အထိ။

"အဲဒီမိနီက ဒီက နတ်သွင်းရုံရှိသေးတယ် ဒီက မပူးရသေး။ သူက ဝင်ပူးနေပြီ။ ဘာနတ်ဖြစ်ဖြစ် သူ့ချည်းဝင်ပူးပြီး က,နေတယ်။ သွင်းတိုင်းဝင်နေတာ နတ်မဟုတ်ဘူး။ သရဲတစ္ဆေတွေပဲ ဖြစ်လိမ့်မယ်"





မိနီကတော့ အရေးမစိုက်ဘူး။ သူ့နတ်ပွဲမှာ သူချည်း က,ပစ် လိုက်တယ်။ နတ်ပွဲလည်းပြီးရော မိနီရဲ့ အပူးရောဂါက ရင့်သွားပြီ။ သုံးမစားရုံတမည်ပဲ။ ဦးတိုးကတော့ သမီးစိတ်ချမ်းသာရင် ပြီးရော။ ကျားစင်ရဲ့ ဘေးပတ်လည်မှာ နတ်စင်တွေသီးနေတာပဲ။

ကွင်းပိုင်မောင်နှမတောင် ပ, သထားတယ်။ မိနီ အဲ့လောက် ဖြစ်နေတဲ့ကာလမှာ ဦးတိုးကြီးတစ်ယောက် သူ့ခြံထဲက သစ်ပင်ကြီးကို ခုတ်တယ်။ သစ်ပင်ကြီးက ပုဆိန်မတိုးဘူး။ လွှမပြတ်ဘူး။ ညကျ တော့ အိပ်မက်ပေးတယ်။

"ကျုပ်နေတဲ့နေရာကို မဖျက်ဆီးပါနဲ့။ ဖျက်ဆီးရင် ခွင့်မလွှတ် ဘူး"

"အိုး . . . ကျုပ်ခြံဗျ။ ကျုပ်ပိုင်တဲ့အပင် ကျုပ်ခုတ်တာ ဘာ ဖြစ်လဲ။ နေ့တိုင်း အရွက်တွေကြွေနေတာ ကျုပ်မှာ နေ့တိုင်း တံမြက် စည်းလှဲနေရတယ်။ ကြာတော့ မတတ်နိုင်ဘူး"

"မင်းကွာ . . . သဘာဝအလျောက် ကြွေတာပဲ။ မကြွေအောင် လည်း မတတ်နိုင်ဘူး"

"မတတ်နိုင်ရင် ဘာမှမပြောနဲ့။ ခုတ်မှာပဲ"

"ပြောမရရင်လည်း ခုတ်ပေါ့။ မင်းလုပ်တဲ့ပြစ်ဒဏ် မင်းပြန်ခံ ရလိမ့်မယ်"

ဦးတိုးက နောက်နေ့ရောက်တော့ လွှသမားတွေခေါ်ပြီး အပင် ကိုလှဲ့ပစ်လိုက်တယ်။ အဲ့ဒီမှာတင် သစ်ကိုင်းစတစ်စက စင်ထွက်ပြီး ဦးတိုးရဲ့ ဘယ်မျက်လုံးကို လာထိမှန်တယ်။

"အား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုး အော်ဟစ်နာကျင်ပြီး မျက်လုံးကို လက်နှင့်ပွတ်သပ်၏။ ဘေးလူတွေက ရေနှင့် လာဆေးကြောပေး၏။ မရတော့။

"အောင့်တယ် မျက်လုံးကအောင့်တယ်"

ဦးတိုးကို ဆေးခန်းခေါ်သွား၏။ မျက်ကြည်လွှာ ထိခိုက်သွား၏။ ဆေးထည့်ပေးပြီး သက်သာသည့်ဆေးတွေ ပေးလိုက်၏။ နောက်နေ့တွေမှာလဲ မသက်သာ။ မျက်လုံးကြီးက ယောင်ကိုင်းပြီး ဆူထွက်လာသည်။ ရိုးရိုးဆေး ကုသကြည့်၏။ တစ်ပတ်အထိလည်း မပျောက်။ ဦးတိုးခမျာ ညဖက် မျက်လုံးကိုက်၍ အော်ဟစ်နေရ၏။ တစ်လကြာတော့ ဦးတိုးမျက်လုံးကြီးက ထွက်ကျမတတ်ကို ပြူးထွက်နေ၏။ ဘာဆေးလိမ်းလိမ်း၊ သောက်သောက် မရ။

"မရိုးတော့ဘူး အဖေ။ သစ်ပင်စောင့်ရုက္ခစိုးက လုပ်လွှတ်လိုက်တာဖြစ်မယ်။ သမီးရဲ့အစောင့်အရှောက်တွေကို မေးကြည့်မယ်"

မိနီပူးတော့၏။ ပူးတဲ့နတ်တွေကလည်း ရုက္ခစိုးလက်ချက်ပါသာ ပြောကြ၏။ သူတို့ရဲ့ရေစင်ဆိုတာတွေကို ခပ်နိုင်းတယ်။ မသက်သာ။ မျက်မှန်တစ်လို့ပင် မရ။ ပြူးထွက်နေ၏။ လူအမြင်ပင် မတော်တယ်တော့။ ရန်ကုန်က အမျိုးတွေဆီပို့ပေးပြီး မျက်စိအထူးကု ပါရဂူကြီးတွေနှင့် ပြသကြည့်၏။ ပါရဂူကြီးတွေက ...

"လူနာမှာ ဆီးချိုလည်းရှိတယ်။ ဒေါ်ရာက ပြန်ကျက်မလွယ်ဘူး။ အသက်တင် ခုနစ်ဆယ်ကျော်ပြီ။ အာရုံကြောမလွတ်ဘူး။ မျက်လုံးကို ခွဲထုတ်လိုက်ရင် အာရုံကြော ထိသွားနိုင်တယ်။ မခွဲဘဲ အတိုင်းထားတာ ပိုကောင်းတယ်။ သက်သာတဲ့ ဆေးပေးလိုက်မယ်"

ဦးတိုးတို့ သားအဖလည်း လက်လျှော့ပြီး ပြန်လာရ၏။ မိနီတစ်ယောက်ကတော့ ရုက္ခစိုးကိုမကျေနပ်။ သူ့နတ်တွေရော သိုက်တွေ





ရော ဝင်ပူးပြီး ဆေးမျိုးစုံ တောင်းခံတယ်။ နောက်ဆုံး ဒုံရင်းက ဒုံရင်းအတိုင်းသာ။ နောက်ဆုံး တိုင်းရင်းဆေးဆရာတွေနှင့် ကုကြည့်၏။

"ပျောက်သွားမှာပဲ။ ဘာဆေးမြစ်လိုတယ်။ ချင်းတောင်ကနေ လှမ်းမှာရမှာ။ ဆေးဖိုးမယူပါဘူး။ သွားလာရှာဖွေခပဲ ပေးလိုက်ပါ"

ရှားပါးဆေးမြစ်အဆီတွေနှင့် ကုသလည်း မထူးမခြားနား။ အထက်ကိုဏ်းဆရာနှင့် ကုသပြန်၏။ ဆရာရောက်ပြီး ဆန်တွေကို ကြယ်ပွင့်ပုံစံ ပုံရုံရှိသေး၏။

"ဘုန်း ... ဘုန်း ... ဘုန်း ..."

ကြမ်းပြင်ကို လက်ဝါးနှင့် တအားရိုက်လိုက်သူက မိနီ။ မိနီ ဝင်ပူးနေပြီ တစ်ကိုယ်လုံး တုန်ဆတ်ပြီး ...

"မကျေနပ်ဘူးဟေ့ ... မကျေနပ်ဘူး"

ဆရာက မျက်လုံးလှန်ကြည့်ပြီး ဆန်ကို ဆက်ပုံနေရာကနေ ...

"ဘာကိုမကျေနပ်တာလဲ ပြောလေ"

"ငါနေတဲ့နေရာကို ဖျက်ဆီးတယ်။ ဖျက်ဆီးဖို့ လုပ်တယ်။ ဘာလို့ ငါ့ကိုခေါ်ရတာလဲ"

"ဘုရားကို ဦးတိုက်လိုက်။ ဦးတိုက်"

"တိုက်မယ်"

မိနီက ဘုရားကို ဦးတိုက်၏။ ပြီးနောက် တုန်တုန်မတ်မတ်ဖြင့် ...

"ငါ့ကို ဘာလုပ်ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်လုပ်ထားတဲ့ခါတ်တွေ နင်ပြန်ရုပ်သွား။ မသွားရင် နင့်ကို ခွင့်မလွှတ်ဘူး"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . ."

"နင့်ခါတ်တွေ နင်ပြန်ရုပ်သွား။ လူနာကို မိမွေးတိုင်း ဖမွေးတိုင်းထားခဲ့။ ကြားလား"

"အင်း . . . ဟင်း . . . ဟင်း . . ."

"နင်က တင်းခံနေတယ်ပေါ့၊ ဆင်နဲ့နင်းစမ်း အစောင့်အရှောက်တွေ၊ တိုက်ဆင်နဲ့ နင်းထား။ ငါ့ကို ဘာမှတ်နေလဲ။ လောင်မီးကျသွားမယ်။ ငါ ဘယ်လောက်စွမ်းသလဲ ဆန်နဲ့စမတောင် မချရသေးဘူး။ နင် ရောက်လာရပြီမဟုတ်လား"

"အံ့ား . . . နာတယ် . . . နာတယ် . . ."

မိနီက သူ့အပေါ် တက်နင်းခံရသလို အော်နေ၏။ ဘေးက လူတွေအမြင်မှာတော့ ဘာမှတက်နင်းထားတာ မတွေ့ရပါ။

"ကြောက်ပြီလား . . . နောက်လုပ်ဦးမလား။ ခုနစ်ရက်သားသမီး ဒုက္ခရောက်အောင် လုပ်ဦးမလား"

"အီး . . . ဟီး . . . ဟီး . . . မလုပ်တော့ပါဘူး"

"နင့်ဟာတွေနင် ပြန်ယူသွားမလား"

"အေး . . ."

"တစိုးတစိတောင် မကျန်စေနဲ့နော်"

"အေး . . ."

မိနီ ပြန်ထွက်သွား၏။ ဆရာက သူ့မှာပါလာသော ဓားလေးဖြင့် လူနာရဲ့ပါးတွေ လည်ပင်းတွေကို အသာရွှရွှကလေး လိုက်ခုတ်၏။ ဦးတိုးခမျာ ထွန့်ထွန့်လူးနေရှာ၏။





"ဘာဖြစ်လို့လဲ။ ဒါလေးလုပ်တာကိုပဲ။ ဒီမှာကြည့်"

ဘေးက ထိုင်ကြည့်နေသူတွေကို ဓားလေးနှင့် မနာ့တနာလေး လိုက်ခုတ်ပြ၏။

"နာလား"

"မနာဘူး ဆရာကြီး"

"အဲ့ဒါ ပယောဂမရှိလို့ မနာတာ။ ပယောဂရှိတဲ့ ဦးတိုးကျတော့ မြင်တဲ့အတိုင်းပဲ။ ထွန့်ထွန့်လူးနေတာပဲ။ ဒါကို ဆေးဓားလို့ခေါ်တယ်"

ဆရာက ဆေးဓားလေးနှင့် တစ်ကိုယ်လုံးကို ဖွဖွလေးလိုက်ခုတ်ပေး၏။ ဦးတိုးခမျာ မခံချိမခံသာအောင် ဖြစ်နေရရှာ၏။ မိနီ ပြန်ထွက်သွားပြီ။ ဆေးကုသခနှင့် စရိတ်စကတွေ ဆရာ့ကိုပေးလိုက်ရ၏။ နောက်နေ့လည်းမပျောက်။ ဆရာ့ဆီသွားပြောတော့ . . .

"စောင့်ကြည့်ပါ။ တစ်ပတ်လောက်ဆို အရှင်းပျောက်သွားလိမ့်မယ်"

တစ်ပတ်ပြည့်သော်လည်း မပျောက်။ မိနီက ဆရာ့ကိုသွားပြော။ ဆရာက ပွဲထိုးခိုင်းပြီး ဆက်ကုသသော် ပျောက်နိုးနိုးနှင့် ပိုသာဆိုးလာလေတော့၏။ ဦးတိုးဘဝ ဆရာများ သားသေဆိုသလို ဖြစ်ခဲ့ရပြန်၏။ မိနီ၏ အစောင့်အရှောက်တွေလည်း မကာယ်နိုင်တော့။

အထက်ဂိုဏ်းဆရာကြီး အလွန်အစွမ်းထက်တာနှင့် နောက်ဆုံး ကုသကြည့်၏။ ဆရာကြီးက ဗိုက်ကြီးသည်ဗိုက်ထဲက ကလေး ကျားလား၊ မလားဆိုတာကိုပင် အတပ်ပြောနိုင်သတဲ့။ သူ ကုပေးလိုက်တာ မပျောက်တာမရှိဘူးဟု သတင်းကြီးနေ၏။ ဆရာကြီးကို အိမ်ပင့်



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဆရာကြီးက အိမ်ပေါ်မှာ ကြိမ်လုံးနှင့် ထောက်ခါရှိသေး၏ လိပ်ပြာလှသူကြီး မိနီက ဝင်ပူးနေပြန်ပြီ။

"လာပြန်ပြီလား နောက်ဆရာတစ်ယောက်။ ငါ့ကို ဘာလုပ်ကြဦးမှာလဲ။ ငါ့ခါတ်တွေ ထုတ်ပြီးသွားပြီ။ အခုလုပ်ထားတာ ဦးတိုးနဲ့မတည့်တဲ့လူက လုပ်ထားတာ။ သူက ပညာသည်ပဲ။ ဒီအိမ်ရဲ့ အနောက်မြောက်ထောင့်မှာ နေတယ်။ သူက ဦးတိုးရဲ့သမီး လိပ်ပြာရှင်ကို ကြိုက်နေတာ။ ရွှေလှဆိုတဲ့လူ"

"ဟာ ..."

"ဟင် ..."

"ဟယ် ..."

ဘေးကလာကြည့်သူတွေ အံ့အားသင့်ကုန်ကြ၏။ ဦးရွှေလှနှင့် ဦးတိုးက သက်တူရွယ်တူတွေ။ မိနီပူးလဲတာ တစ်ခုခုဖြစ်တာဆို ဦးရွှေလှက လာကုပေးနေကျ။ ဗိုက်ကို နှိပ်ပေးတယ်။ အဲဒီလိုကုရာက မုဆိုးဖို ဦးရွှေလှက မိနီကို ကြိုက်သွားရော။ အဲ့ဒါကို ဦးတိုးသိသွားတော့ လှမ်းနဲ့လိုက်လို့ ဦးရွှေလှထွက်ပြေးရတယ်လေ။ အဲ့ဒီကိစ္စကို မကျေနပ်လို့ ဦးရွှေလှက ပြန်လုပ်ထားတာ။ သူမွေးထားတဲ့အကောင်နဲ့ တိုက်တာ။ ဝင်ပူးတဲ့လူက သဘောလောက်ပဲ ပြောသွားတာ။

ဦးတိုးတို့သားအဖနဲ့ ဘေးလူတွေက ရွှေလှလက်ချက်ဆိုတာ ထစ်ထစ်ချ ယုံသွားတယ်။ ဆရာကြီးက ရွှေလှကို ထပ်ခေါ်တာပေါ့။ ရွှေလှရောက်မရောက်တော့ မသိဘူး။ မိနီကိုပဲ ဝင်ပူးစီးနေတော့တာပဲ။ လိပ်ပြာလှတဲ့သူဆိုတော့လေ။

"ငါ ဘာလုပ်ထို့လဲ"





"တိတ်စမ်း။ မင်းလုပ်လို့ ဒီမှာ ဦးတိုး မျက်လုံးကျွတ်တော့မယ်။ ငါဆရာရောက်ရင် မင်းရဲ့ဓာတ်တွေ၊ အာဏာတွေ၊ အားလုံး ငါသိမ်းလိုက်ပြီ။ မင်းအတတ်နဲ့ လုပ်ထားတာတွေ အကုန်ပြန်နုတ်သွား"

"ဟား ... ဟား ... ဟား ... မနုတ်ဘူး"

"ဘာ ... မင်းက ငါ့ဆရာကို အာခံတာပေါ့"

ဆရာကြီးက မိနီကို ကြိမ်လုံးနှင့် ထရိုက်တော့၏။

"ဖြန်း ... ဖြန်း ... အောင်မလေး ... သေပါပြီတော့ ... အဲလေ ... ဗျ ..."

"မှတ်ပြီလား။ ကြောက်ပြီလား"

"ကြောက်ပါပြီ၊ မှတ်ပါပြီ။ နောက်မလုပ်တော့ပါဘူး။ ပြန်နုတ်သွားပါ့မယ်။ အီး ... ဟီး ... ဟီး ... ဟီး ..."

ဦးတိုးက သူ့သမီးကိုရိုက်လို့ ဆရာကြီးကို စိတ်ဆိုးနေသေးတယ်။ ဆရာကြီးက ...

"ဒီလိပ်ပြာရှင် ခံရတာမဟုတ်ဘူး။ လုပ်ထားတဲ့ကောင်၊ ဝင်စီးတဲ့ကောင် ခံရတာ။ သူပြန်ထွက်ရင် အဲ့ဒီနာကျင်တာတွေ သူ့ဘာသာသူ ပြန်ယူသွားလိမ့်မယ်။ လိပ်ပြာရှင် အကောင်းအတိုင်း ကျန်ခဲ့လိမ့်မယ်"

ဒီလိုပြောလို့သာ ငြိမ်နေလိုက်ရတာပေါ့။ ပူးကပ်နေတာ ပြန်ထွက်သွားတော့ မိနီကို ဝိုင်းမေးကြတယ်။ နာလား ဘာလားပေါ့။ မိနီကလည်း ဟန်ဆောင်ကောင်းတယ်။

"မနာဘူး ဘာမှမဖြစ်ဘူး"

ကျောမှာတော့ ကြိမ်ရိုက်ရာကြီးနှစ်ချက်က အထင်းသားကြီး ကျန်ရစ်ခဲ့၏။ ဘေးပယောဂ အမှောင့်ကျန်နေတာကြောင့် ဦးတိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်လုံးရောဂါ မပျောက်သေးတာပေါ့။ ခုတော့ ဆရာကြီးစစ်လိုက်လို့ ဘေးပယောဂ ပေါ်သွားပြီ။ ပြန်ကောင်းလာတော့မှာ သေချာပြီပေါ့။ ဆရာကြီးကို ကန်တော့လိုက်ရတဲ့ငွေတွေ။

ဆရာကြီးက နယ်လှည့်ကုသဖို့ ခရီးထွက်သွားပြီ။ တစ်ရက်ပျောက်နိုး၊ နှစ်ရက်သက်သာနိုး၊ သုံးရက် အရှင်းပျောက်နိုးနဲ့ နေလာလိုက်တာ တစ်ပတ်ပြည့်တဲ့အထိ နဂိုအတိုင်းရယ်သာ။ မိနီရော။ ဦးတိုးပါ စိတ်ဓာတ်အကြီးအကျယ် ကျကုန်တယ်။ နောက်တစ်လလောက်မှာ ဆရာကြီးကုသခဲ့တဲ့ဆေးစွမ်းဟာ အစွမ်းကုန် ပြသလေပြီ။

ဦးတိုးကြီးရောဂါ အရှင်းပျောက်သွား၏။ ရောဂါပျောက်မှာပေါ့ အသက်ပါ ပါသွားတာကိုး။ အသက်ပါသွားတော့ ရောဂါလည်း ပါသွားပြီပေါ့။ ဦးတိုးကြီး မျက်လုံးရောဂါနှင့် ဆုံးသွား၏။ မိနီဆိုတာ ငိုလိုက်ရတာ ဖတ်ဖတ်မော။ ပိုက်ဆံတွေလည်းကုန်၊ ကြိမ်နဲ့လည်း အရိုက်ခံရ၊ ဖအေလည်းဆုံး၊ ရက္ခစိုးကိုလည်း နေ့တိုင်း မေတ္တာပို့နှင့် လိပ်ခဲတည်းလည်းကြီး ကျန်ရစ်ခဲ့ရရှာ၏။

ဆရာပေါင်းစုံနှင့် ကုသလိုက်ရတာ ရှိတာလည်း ပြောင်နေပြီ။ အိမ်ခွံကြီးသာ ကျန်တော့၏။ အဲဒါတွေကြောင့် မိနီတစ်ယောက် စိတ်အနာကြီးနာပြီး သိုက်ပွဲတွေ၊ နတ်ပွဲတွေ၊ အထက်ဆရာဂိုဏ်း၊ အောက်ဆရာဂိုဏ်းတွေ ဥပေက္ခာပြုပစ်လိုက်ပြီ ထင်မှတ်ကြပါလိမ့်မည်။

ထိုအထင် တက်တက်စင်အောင် လွဲသွားပါလိမ့်မည်။ သိုက်နန်းရှင်၊ ကန္တာစီးကြီးမဖြစ်ရုံတမည် ဘာပွဲတွေ့တွေ့ ဝင်ပူးပြီး ဆိုင်းသံဗုံသံကြားလျှင် ကခုန်ချင်နေသော လိပ်ပြာလုသူမိနီကို ယနေ့ထက်တိုင် ရောဝတီတိုင်းဒေသကြီးရဲ့ မြို့လေးတစ်မြို့မှာ တွေ့နိုင်ပါသေး၏။





အမှန်တော့ ဦးတိုးရဲ့မျက်လုံးရောဂါမှာ ကံနာဝဋ်နာကြောင့်ရယ်သာ။ ဘေးဘီထင်ရာမြင်ရာ လိုက်ဥပါဒ်ရာက ဥပါဒါန်ဖြစ်ပြီး ပိုဆိုးကာ အသက်ဆုံးခဲ့ရ၏။ အကယ်၍သာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုသာ ယုံကြည်သဒ္ဓါ အထူးပြုပူဇော်ခဲ့ပါလျှင် . . . ။

ညြိမ်း